
www.burmeseclassic.com



# ရှား

အမုန်းမြစ်ကမ်းပါး

www.burmeseclassic.com

www.burmeseclassic.com

# ရှား

## အမုန်းမြစ်ကမ်းပါး

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၈၁၀၅၀၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၄၁၉၀၅၀၄

၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/တ၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

BURMESE CLASSIC

စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# အမုန်းမြစ်ကမ်းပါး



# ရှား

www.burmeseclassic.com

www.burmeseclassic.com

## တို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



အမုန်းဆိုတာ မြစ်တစ်စင်းလို လှုပ်ရှား စီးဆင်းနေတယ် ...

ဒါပေမဲ့ ...

အမုန်းမြစ်ရဲ့ တစ်ဖက်တစ်ချက် ကမ်းပါးတွေမှာတော့ အချစ်တွေနဲ့ ပြည့်နေလေရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



သမင်မလေးတစ်ကောင်လို ဝိုင်းလည်တောက်ပသော မျက်လုံးလေးတစ်စုံသည် အံ့ဩခြင်း ဇဝေဇဝါဖြစ်ခြင်း၊ နားမလည်နိုင်ခြင်းများဖြင့် အငှရဲ့မျက်နှာကို မော်ကြည့်လာခဲ့သည်။ နှင်းဆီဖူးငုံကို နှုတ်ခမ်းလွှာလေးတွေက ညင်သာလွန်းသော လေပြေမှာ ပွင့်ဖက်လွှာလေးတွေ လှုပ်ရှားသလို တဖြည်းဖြည်း ပွင့်ဟလာခဲ့သည်။

"စာချုပ် ... ဟုတ်လား ..."

"အင်းလေ ..."

"ဘာ စာချုပ်လဲ ..."

"ကွာရှင်းစာချုပ်ပေါ့ ..."

"ရှင် ..."





"မင်းနဲ့ငါ ကွာရှင်းတဲ့စာချုပ်လေ ..."

"အို ..."

ဝိုင်းသောမျက်လုံးလေးတစ်စုံက မျက်ရည်များကြောင့် ဝိုပြီး စိုလဲ့တောက်ပလာသည်။

ကြည့်စမ်း ...

ဘယ်လောက်လှပလိုက်သလဲ ...

ဘယ်လောက် စွဲမက်ဖို့ ကောင်းလိုက်သလဲ ...

သူမသည် အငှရဲ့ အသစ်စက်စက် ဇနီးလေးဖြစ်သည်။ မနေ့ကမှ လက်ထပ်မင်္ဂလာပြုခဲ့သော ဇနီးဖြစ်သည်။

သည်နေ့ နံနက်မှာတော့ မျက်ရည်ပုလဲစက်များသည် နံနက်ခင်းနှင်းစက်နှင့် နေရောင်ခြည်ခပ်ပါးပါးအရှင်တန်းအောက်မှာ လှပစွာ ဖူးပွင့်လာခဲ့ကြသည်။

အဲသည်လိုအဖြစ်ကို ကျေနပ်နေခဲ့သူက အငှထင်ကျော်ဖြစ်ပါသည်။

"မင်းကို ငါပိုင်ဆိုင်ခွင့်ရခဲ့ပြီလေ ... တစ်ချိန်တုန်းက မင်းကိုယ်တိုင် ပြောခဲ့ဖူးတယ် မဟုတ်လား ... မင်းရဲ့ ချစ်သူက

www.burmeseclassic.com



လွဲပြီး မင်းကိုဘယ်သူမှ ပိုင်ဆိုင်ခွင့်မရှိနိုင်ဘူးဆို ... သိပ်ပြီး သွေးကြီး မွေးကြီးနိုင်တဲ့ ငွေပိုးအိမ်လေးပါလား ... ငါက လည်း အဲဒီလို အပြောကြီးတဲ့ မိန်းကလေးမျိုးကိုမှ သဘော ကျမိတယ် ... ခုတော့ ... မင်းကို ပိုင်ရတဲ့သူက မင်းချစ်သူ မဟုတ်ဘဲ ... အဂ္ဂထင်ကျော်ဆိုတဲ့ ငါဖြစ်နေတယ် ... မင်း မနေမျောဘူးလား ... ကိုယ့်ကိုယ်ကိုယ် မနေမြောဘူးလား ... ဒါပေမဲ့ ... မင်း သိပ်ဝမ်းမနည်းပါနဲ့ ... မင်း ချစ်သူရဲ့လက်ထဲ ကို ငါပြန်အပ်မှာပါ ... အခု ... မင်းကို ငါ မလိုတော့ဘူး လေ ...

အဆိပ်ရှိန်းလျှံသော မျက်လုံးများထဲမှ စီးဆင်းနေ သော မျက်ရည်များသည် သူမ၏မျက်နှာနှင့် ဆန့်ကျင်ဘက်ဖြစ်နေ၏။ ပြင်းထန်သော စကားလုံးများစွာနှင့် နောက်ထပ်ပစ်ပေါက် သော်လည်း အဂ္ဂနှင့် ငွေပိုးအိမ်ကြားမှာ နောက်ထပ်ပြောင်းလဲစရာ မရှိ။ သည်နေ့ရက်ကိုရောက်ဖို့ အဂ္ဂထင်ကျော်သည် နှစ်နှင့်ချီပြီး စောင့်ခဲ့ရသည်။ ငွေကြေးခြောက်မြားစွာ ရင်းနှီးခဲ့ရသည်။ ပေါက်ကွဲ ထွက်ချင်သော ခံစားချက်များစွာကို မျိုသိပ်ခဲ့ရသည်။ အဂ္ဂထင် ကျော်ရဲ့ စိတ်အာရုံအားလုံးကို သည်နေ့ရက်အတွက် စုပုံပြီး ဘောင် ခတ်ထားခဲ့ရသည်။

ဤ ... ဘယ်လောက်ကြီးမားသည့် အရင်းအနှီးလဲ။





အဲသည့်အရင်းနှီးက မိန်းကလေးတစ်ယောက်ထံမှ မျက်ရည်နှင့် သိမ်ငယ်မှုကို ရဖို့အတွက် မိုက်မဲသည့်ဆိုချင်ဆိုပါစေ ... သည်ထက်ပိုပြီး ပေးဆပ်ရင်းနှီးရမည်ဆိုလျှင်တောင် ထိုက်တန်သည်ဟု အဂ္ဂက ထင်သည်။

"ရှင် ... တော်တော် အမှတ်အတေးကြီးတဲ့သူပါလား ... "

"ဟုတ်တယ် ... "

သူမ မျက်နှာပေါ်က မီးတောက်တွေကို အရသာခံ ကြည့်ရင် ပြောလိုက်သည်။

"ငါက အမှတ်အတေးကြီးတယ် ... မင်း ငါ့ကို ပေးခဲ့တဲ့ ဒဏ်ရာကလည်းကြီးတာကိုး ... အဂ္ဂထင်ကျော်ဟာ ဘယ် သူ့ကိုမှ မရှုံးဖူးသေးဘူး ... အထူးသဖြင့် ဘယ်မိန်းကလေး တစ်ယောက်ကိုမှ မရှုံးခဲ့ဖူးသေးဘူး ... ဒါပေမဲ့ ... မင်းက ငါ့ကို အရှက်ရစေတယ် ... အသိုက်အဝန်းကြားထဲမှာ သိမ် ငယ်စေခဲ့တယ် ... "

"မင်း မှတ်မိသေးလား ... မင်းက ငါ့ကို ငြင်းခဲ့တယ်လေ"

သူမရဲ့ လည်တိုင်က ဆန့်ခနဲမတ်သွားသည်။

"ဒါပေမဲ့ ... အဲဒီမတိုင်ခင်ကတော့ မင်းကိုငါ သိပ်ချစ်ခဲ့ပါ တယ် ... ကိုယ် သိပ်ချစ်ခဲ့တဲ့သူတစ်ယောက်အပေါ် ခါးခါး သီးသီး မုန်းခဲ့ရတော့ ... အဲဒီအမုန်းက အရာအားလုံးထက်



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ပြင်းထန်နေတယ် … ငါ့ဘဝတစ်ခုလုံးကိုတောင် မျိုပစ်နိုင်တဲ့အထိပဲ … ငါ ဖန်တီးခဲ့တဲ့ ငါရင်းနှီးခဲ့တဲ့ ဟောဒီ အရင်းအနှီးအားလုံးက အဲဒီအမုန်းအတွက်ပဲ … ငါ့ဘာမှ ပြန်မရချင်နေ … မင်းဘဝမှာတော့ ဆုံးရှုံးရမယ် … တစ်ခုခုကို အကြီးအကျယ် ဆုံးရှုံးရမယ် … "

သူမမျက်နှာပေါ်က နာကျင်ရိပ်သည် တစ်စထက်တစ်စ ပိုပြင်းထန်လာပြီး အဲသည်မျက်နှာပေါ်က သွေးကြောတွေ အားလုံး လှုပ်ရှားကခုန်နေသလို စိတ်မှာထင်လာသည်။ လှပနုနယ်သော မျက်နှာတစ်ခုက အကျည်းတန်လောက်အောင် စိတ်ခံစားမှု ပြင်းထန်လာတော့ နှုတ်ခမ်းတွေ တရှုရှုတုန်လှုပ်လာပြီး ဆတ်ခနဲ တွန့်တက်လာသည်ကိုပင် သူက အားရပါးရ ရယ်ချင်နေမိသည်။

တစ်ချိန်က သူဘယ်လိုခံစားခဲ့ရသည်ဆိုတာကောင်းကောင်းကိုယ်ချင်းစာနိုင်ပြီပေါ့ ငွေမိုးအိမ်။ သိပ်မကြာခင်မှာ လူတစ်ယောက်ရောက်လာလိမ့်မည်။

သူမရဲ့ ချစ်သူပေါ့။

သူစိမ်းတွေထက် ချစ်သူရဲ့ရှေ့မှာ ရှုံးနိမ့်မှုက သူမကို ပိုပြီး ယူကျုံးမရဖြစ်စေမှာ မဟုတ်လား။ အင်္ဂလိပ်ထင်ကျော်ရဲ့ခန္ဓာကိုယ်ထဲမှာ အမုန်းမြစ်တစ်စင်းက အရှိန်ပြင်းစွာ စီးဆင်းလို့နေသည်။





# အမုန်းမြစ်ကမ်းပါး





www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂထင်ကျော်ရဲ့ စိတ်နှလုံးမှာ မိန်းကလေးတစ်ယောက်ကို ဖြင်းဖြင်းပူပူ ပိုင်ဆိုင်လိုချင်မိသည်ဆိုသည့် ခံစားချက်မျိုး ဖြစ်ပေါ်လာစေသည့် ငွေပိုးအိမ်ဆိုသည့် မိန်းကလေးတစ်ယောက်ကို ပထမဆုံး မြင်ရသည့်နေ့က ကိုယ့်ကိုယ်ကိုယ် အံ့တော်အံ့သြခဲ့ရသည်။ အဂ္ဂရဲ့ မေမေ ဒေါ်ခင်မျိုးမြင့်နှင့်အတူ သောက်တော်ပြည်သာယာထဲက အိမ်တစ်အိမ်သို့ အလိုတော်ပြည့်ဘုရားဆင်းတုကို ဖူးမြော်ဖို့ရောက်ရှိခဲ့သည့် ညနေခင်းတစ်ခု ဖြစ်ပါသည်။ မေမေကတော့ အဂ္ဂကို ဘုရားဖူးခေါ်ရသည့် ရည်ရွယ်ချက်ကို ခပ်ရှင်းရှင်းပင် ပြောပြထားခဲ့သည်။

"ကလေးမလေးကို မေမေတော့ တွေ့ပြီးပြီ … မေမေ သဘောကျတယ် … ချွေးမတော်ချင်တယ်သားရေ … ရှိစီတို့ကိုလည်း ပြောပြီးပြီ … လူကြီးချင်းကတော့ အိုကေပဲ



www.burmeseclassic.com

www.burmeseclassic.com



သားတို့ချင်းအဆင်ပြေတယ်ဆိုရင် ... သားအတွက် မေမေ စိတ်အေးပြီ ... ”

“ခုရော ... သားအတွက် မေမေဘာတွေများ စိတ်ပူနေရလို့လဲ နှမမေရယ် ... ”

“သား ... အိမ်ထောင်မတူမချင်း ဘယ်လိုမိန်းကလေးမျိုးနဲ့ များ ရမလဲဆိုတာ တွေးပြီး ... မေမေရင်ပူရတာပဲ သားရဲ့၊ သားက ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးမှာ အောင်မြင်နေတဲ့ သူလေ ... သွားလာလည်ပတ်ရင်းနဲ့ လည်လွန်းတဲ့ ... ”

“တော်ပါတော့ မေမေရယ် ... တော်ပါတော့ ... ”

အထိတ်တလန့် တားမြစ်လိုက်တော့ မေမေက ဟက်ဟက်ပက်ပက်ရယ်သည်။

မိခင်တွေများ သောကကို ကန်ထရိုက်ဆွဲထားသလားလို့ပင် အဂ္ဂထင်ချင်သည်။ မေမေ့ကြောင့်ကြစိတ်တွေကို ဘယ်လိုများ ချေဖျက်ရမည်ဆိုတာ အဂ္ဂတို့မောင်နှမနှစ်ယောက်လုံး တွေးမရပါ။ အဂ္ဂရဲ့ ညီမလေးဝတ်ရည်ကိုတော့ အသက်ကလေးငယ်သေးသည်မို့၊ နုနယ်သည့် မိန်းကလေးမို့ စိတ်မချပြန်ဘူးတဲ့။ အဂ္ဂကိုကျတော့ ငယ်ငယ်ရွယ်ရွယ်နှင့်အောင်မြင်ပြီး ချောမောသည့် သားကြီးမို့ စိုးရိမ်ပြန်သည်တဲ့ ...။ သည်လိုဆိုတော့ အသက်အရွယ်အရ ရင့်ကျက်ပြီး သူမအပေါ် လည်း လွှမ်းမိုးစိုးပိုင်နိုင်သည့် ဖေဖေ့ကိုကျတော့ရော ...





အသောက်အစားမဖက် အပျော်အပါးလည်း မမက်သည့် ဖေဖေ့ကိုလည်း မေမေက စိတ်ချလက်ချ ရှိသည်မဟုတ်ချေ။

အသက်နှစ်ဆယ့်ခုနစ်နှစ်ရှိပြီဆိုတော့ အဂ္ဂကို အိမ်ထောင်ကျသင့်ပြီလို့ မေမေက ထင်သည်။ ချွေးမ ရှာပုံတော်ဖွင့်နေတာလည်း သုံးလေးယောက်ရှိနေပြီ။ မေမေ ရှာတွေ့လိုက် အဂ္ဂက ငြင်းလိုက်။ အိမ်ထောင်ပြုဖို့ကို ရှူးချင်ပေါက်ဆောင်နေလိုက် သည့်လိုနှင့်ပဲ အဂ္ဂအတွက် မငြင်းနိုင်သည့် မငြင်းချင်သည့် နေ့တစ်နေ့ ရောက်ခဲ့သည် ဆိုပါတော့။

ဖွင့်ထားသည့် ခြံဝင်းတံခါး၏ အတွင်းဖက်မှာ ကားတွေအပြည့်ရှိနေသည်မို့ ခြံအပြင်ဘက်လမ်းနဘေးမှာ ကားကိုရပ်ခဲ့ရသည်ကပဲ အဆင်မပြေမှုစတင်ခဲ့သည်ဆိုရမလား။ သို့ပေမဲ့ ခြံထဲလမ်းလျှောက်ဝင်ခဲ့ရခြင်းအတွက် ဘယ်လိုမှ စိတ်အနှောင့်အယှက်မဖြစ်ခဲ့။ အိမ်အတွင်းဘက်မှာတော့ ဧည့်သည်သိပ်မများလှပါ။ အိမ်တံခါးဝမှာ အဂ္ဂတို့သားအမိကို ဆီးကြိုဧည့်ခံသည့် အမျိုးသမီးကြီးကို တစ်ကြိမ်တစ်ခါမှ မမြင်ဘူးခဲ့တာ သေချာပါသည်။ ဘုရားဖူးဖို့ အိမ်အပေါ်ထပ်သို့ တက်ခဲ့ရသည်။ အိမ်အတွင်းပိုင်း အလှဆင်သည့် ဘာသာရပ်ကို စိတ်ဝင်တစား လေ့လာခဲ့သူမို့ အိမ်တစ်အိမ်ရောက်လျှင် အိမ်ရဲ့ဖွဲ့စည်းပုံကို လိုက်ပြီး ဘယ်လိုပြင်ဆင်သင့်သည်ဆိုတာကိုသာ အဂ္ဂက ဦးစားပေးပြီး ကြည့်ဖြစ်သည်။ ထို့ကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဘုံးမှားခန်းထဲမှာ တံခွန်ကုက္ကားနှ ပန်းနုံသင်၊ သစ်သီးများဖြင့် ပုံဖော်ထားသည့် ရုပ်ဖွားတော်ထက် ပို၍ ပလာစတာကောနှစ် မျက်နှာကြက်များဖြင့် တန်ဆာဆင်ထားသည့် အိမ်ရဲ့အပေါ်ထပ်ကို အငွေကစိတ်ဝင်စားနေခဲ့ပါသည်။

အဲသည်လို အချိန်မှာ ညှို့သည့်မျက်ဝန်းတွေကြား ချိုမြကြည်လင်သော မျက်နှာနှင့် သူမကို စတင်သတိထားမိခဲ့တာမဟုတ်ပါ။

ငွေပိုးအိမ် ဆိုသည့်အမည်နာမကို မသိသေးဘဲ။

မေမေရှည်ညွန်းသည့် မိန်းကလေးဆိုတာကို မသိသေးဘဲ။

ပန်းနုရောင်လေးလိုသာ တိတ်တခိုး အမည်ပေးမြစ်ခဲ့သည်။ အငွေထင်ကျော်အတွက် အိမ်အတွင်းပိုင်း အလှဆင်ဒီဇိုင်းပညာရပ်ထက် ပို၍ စိတ်ဝင်စားစရာကောင်းသည့် တစ်စုံတစ်ရာကို စတင်တွေ့ရှိရခြင်းပင် ဖြစ်သည်။





အလှအပအတွက်ဆို သက်မဲ့ပစ္စည်းတွေလိုပင် သက်ရှိမိန်းကလေးတွေကိုလည်း တန်ဖိုးဖြတ်သတ်မှတ်တတ်သော အငွေအတွက် သည်မိန်းကလေးကတော့ သီးခြားဖြစ်နေခဲ့သည်။ သတွေများ ထူးဆန်းနေလို့လဲ။

သည်မေးခွန်းကို ကိုယ့်ဘာသာမေးမိသည်။

သည်မိန်းကလေးကိုမှ မျက်လုံးဖြင့်မကြည့်ဘဲ နှလုံးသားနှင့်ကြည့်မိသည်မို့လား မပြောတတ်ပါ။ သူမသည် ပန်းနုရောင် အခက်ခံများများပါသော ငွေမှင်လက်လက်များဖြင့် အခက်အနွယ်ကြိုင်းရှင်းရှင်းဖော်ထားသည့် ချည်ထိုးထဘီနှင့် ပန်းနုရောင် မျော့အိပြီး ခန္ဓာကိုယ်ပေါ်မှာပင် လွင့်နေသလိုထင်ရသည့် ရယ်ဒီမိတ် အင်္ကျီအတိုရှည်ကို ဝတ်ထားသည်။ ပလက်တီနမ်နှင့်ရွှေ ရောထားသည့် ကြိုးမျှင်မျှင်လေးနှင့် စိန်တစ်ပွင့်သာ ဝါဝင်သော လော့ကက်သေးသေးကိုသာ ဆင်ယင်ထားသည့် လည်တိုင်သည် ရှင်းလင်းလှပနေပြီး ဖြောင့်စင်းသော ဆံပင်များတို့ ခပ်ရှိုးရှိုးပင် လည်တိုင်နောက်မှာ ပန်းနုရောင် ဖဲတံစကြည်ကြည်ကွင်းတစ်ခုဖြင့် စည်းနှောင်ထားသည်။

မျက်မှုံးနှစ်ဖက်က မထူမပါးနှင့်ခပ်တန်းတန်းပင်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတွေက ဝိုင်းသယောင်ရှိပြီး အရည်လဲ့နေသည့် ပုလဲလုံးတွေလို တောက်ပစိုရွှန်းသည်။ နှာတံသေးသေးကော့ကော့နှင့် နှုတ်ခမ်းတွေကတော့ အပေါ်အောက် အထူအပါးညီပြီး ကကြီးပုံခပ်ကွေးကွေးရှိသည့် နှုတ်ခမ်းမျိုးပင်။

စံပြမယ် စင်ဒီကရောဖို့ရဲ့ နှုတ်ခမ်းမျိုးနှင့် ဆင်ဆင်တူရဲ့။

နုနယ်သလောက် သိပ်သည်းလေးနက်ဟန်ရှိသည့် အဲသည်မျက်နှာသည် အဂ္ဂကို ကောင်းစွာဆွဲဆောင်နိုင်သည်မှန်သော်လည်း ဘယ်အရာက ဘာကြောင့် ဘယ်လိုဆိုတာတော့ ပြောဖို့ခက်လှသည်။

ရင်ခုန်ရလောက်အောင်လည်း သည်မိန်းကလေးနှင့် အဂ္ဂသည် မျက်လုံးချင်း တစ်ကြိမ်တစ်ခါမျှ မဆုံခဲ့ရပါ။ ပြီးတော့ ဧည့်သည်တွေ အများကြီးကြားမှ သူမသည် အဂ္ဂကို အရေးတယူ သတိထားမိဟန် မရှိ။ လူကြီးတွေက အဂ္ဂတို့နှစ်ယောက်ကို တမင် ထိပ်တိုက်ဆုံစေပြီး မိတ်ဆက်ပေးတော့မှသာ သူမက မျက်လုံးဝိုင်းများဖြင့် အဂ္ဂကို အသိအမှတ်ပြုဖော်ရလေသည်။ ချိုမြသော အပြုံးရိပ်ကလည်း ဘယ်သူ့ကိုမဆို လိုက်လိုက်လိုလှဲ ပြုံးပြတတ်သည့် အပြုံးမျိုးပင် ...

တစိမ့်စိမ့်တွေးတော့မှ သူမမျက်နှာပေါ်မှာ ပကတိ ရိုးသားကြည်လင်သော ဟန်ဆောင်မှုမရှိသော စိတ်အရင်းခံကို





မြင်တွေ့ရလာသည်။ အဲသည် ဖြူစင်လင်းမှုကပဲ အဂ္ဂကို ဖျည်းနှောင်လိုက်တာလား။

မဟုတ်နိုင်ဘူး ထင်ပါရဲ့ ...

ဒါဟာ မိန်းကလေးတစ်ယောက်ကို စွဲလမ်းစေဖို့အတွက် အရေးပါတဲ့ အချက်မဟုတ်နိုင်ပါဘူး။ ငွေပိုးအိမ်ဆိုသည့် နာမည်လေးကို သိလိုက်ရတော့ ရင်ခုန်စရာကို စတင်ရှာတွေ့သည်။ အကယ်ကို လိုက်ဖက်သည့် အမည်လေးပါတဲ့။

"သမီးတစ်ယောက်တည်းဆိုပေမဲ့ ... တစ်ယောက်ဆိုတစ်ယောက် ... သိပ်အားကိုးရတာမျိုး ... မီးဖိုချောင်မှာဆိုလည်း သူကြီးတော်ရဲ့ လက်စွဲပေါ့ ... အဖိုးကြီးက သူ့ပညာကုန် တူမကို ပေးထားတာလေ ..."

လူကြီးတွေရဲ့ စကားဝိုင်းမှာ အနေမခက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ချွှာကတော့ ရွှေတောင်ခေါက်ခွဲကိုသာ (မကြိုက်ပေမဲ့) မှိတ်ကြိတ်စားနေလိုက်သည်။ အဂ္ဂရဲ့ မျက်စောင်းထိုးလောက်မှာ ထိုင်နေသည့် မိန်းကလေးကတော့ သူမရဲ့ လိုက်လှဲအေးဆေးသည့် အပြုံးလေးက ဘယ်တော့မှ ပျောက်ကွယ်မသွားတော့ဘူးလား ထင်ရလောက်အောင်ပင် လူကြီးတွေရဲ့ကြားမှာ ခပ်ပြုံးပြုံးလေး ထိုင်နေနိုင်သည်။

အရုပ်ကလေး တစ်ရုပ်လိုပါပဲ။

အချိန်အတော်ကြာပြီး အိမ်ပြန်ချိန်အထိ စကားတစ်ခွန်းမှ မဆိုနိုင်ရ။ အသိအမှတ်ပြုသည့် စကားလေးတစ်ခွန်း၊ အပြုံးကလေးတစ်ဝင့်ဖြင့် ရင်ထဲမှာ မချင့်မရဲဖြစ်ခဲ့ရသည်။ သို့ပေမဲ့ အဂ္ဂအတွက် ဘာကိုမဆို ကြောင့်ကြစိတ်မရှိတတ်သည်မို့ အရှုံးဆိုတာကိုလည်း ကြိုတင်တွေးမထားခဲ့။ အဂ္ဂထင်ကျော်အတွက် ဘာကိုမှ ပင်ပင်ပမ်းပမ်း ကြိုးစားရယူဖို့ မလိုအပ်ချေ။ ငယ်စဉ်ကတည်းက ပြီးပြည့်စုံမှုဖြင့် စတင်ခဲ့သော ဘဝတစ်ခုမို့ အတွေးအမြင်က မရှင်ကျက်နိုင်ခဲ့တာလား၊ လိုချင်သမျှအားလုံးကို ရနိုင်သည်လို့ပဲ ထင်ခဲ့သည်။

“မြန်မယ်နော် ...”

လို့ နှုတ်ဆက်သည့်အခါမှ ...

“ဟုတ်ကဲ့ ...”

လို့ ခပ်တိုးတိုးဆိုလိုက်သည့် သူမရဲ့အသံအေးစက်





စက်နှင့် ခပ်သြသြလေးကို သတိထားမိသည်။ ရင်ဘတ်ထဲကနေ ထွက်လာသည့် အသံမျိုး ...

“သားရေ ... နောက်လည်း အားတဲ့ရက်လာလည်ဦးနော်၊ အေးအေးဆေးဆေး ထမင်းစားသောက်ရင်းပေါ့ ... ဒီနေ့တော့ ... ဧည့်သည်တွေများလို့ အေးအေးဆေးဆေး ဧည့်မခံလိုက်ရဘူး ...”

“ဟုတ်ကဲ့ ... ကျွန်တော်အားရင် လာလည်ပါ့မယ်ခင်ဗျာ”

“တို့ကတော့ အားအားမအားအား လာမှာပဲနော် ...”

အဂ္ဂနဘေးဆီက မေမေ အရွှန်းဖောက်သည်ကိုလည်း သူမကတော့ မပြောင်းလဲသည့် အပြုံးကလေးဖြင့်သာ အသိအမှတ်ပြုဖော်ရသည်။

တကယ်တော့ အဂ္ဂသည် မိန်းကလေးတွေရဲ့ အကြွင်းမဲ့နောကို နားလည်သည် မဟုတ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးခြင်းသက်သက်ဖြင့်သာ ငွေပိုးအိမ်ဆိုသည့် မိန်းကလေးကို ပိုင်ရပြီဟု စိတ်ချနေခဲ့သည်။

ပိုင်ဆိုင်လိုချင်မိသည်မှာ သေချာရဲ့လားဆိုတာကိုတော့ သေချာမဆန်းစစ်မိ။

အိမ်အပြန်လမ်းမှာ မေမေက ...

“ဘယ်လိုလဲ ...”



www.burmeseclassic.com

www.burmeseclassic.com



ဟု အရိပ်အမြွက်မေးတော့ အရင်အကြိမ်တွေကလို ခါးခါးသီးသီး မငြင်းမိဘဲ ပြုံးရုံသာ ပြုံးနေမိသည်။ မေမေကလည်း သားရဲ့ အရိပ်အကဲကို နားလည်ပြီး ဖြစ်မှာပါ။

ငွေပိုးအိမ်ဆိုသော မိန်းကလေးသည်အဂ္ဂထင်ကျော်နှင့် ဘယ်တုန်းကမှ မနီးကပ်ခဲ့ဘူးဆိုတာကို နားမလည်နိုင်တာတော့ အဂ္ဂထင်ကျော်ရဲ့ ညံ့ဖျင်းမှုပင် ဖြစ်သည်။

ထို့နောက်မှာတော့ ငွေပိုးအိမ်နှင့်ရင်းနှီးမှုရဖို့အတွက် မေမေက အကြောင်းအမျိုးမျိုးရှာပြီး မကြာခဏ ခိုင်းတတ်သည်။ သည်လို ကိစ္စမျိုးကိုတော့ သိမ်မွေ့ယဉ်ကျေးသည်ထင်သော၊ ယောကျ်ား တစ်ယောက်၏ ဂုဏ်သိက္ခာကို အပွန်းပဲ့မခံလိုသော အဂ္ဂက သိပ် မလိုလားခဲ့ချေ။ သည်တော့လည်း ငွေပိုးအိမ်ဟူသော မိန်းကလေး တစ်ယောက်ကို နားလည်ဖို့အတွက် အချိန်တွေ နှောင့်နှေးခဲ့ရသည်





ဟု ဆိုနိုင်ပါသည်။

ငွေပိုးအိမ်ရဲ့ ဧည့်ခန်းမှာ ဧည့်သည်တစ်ယောက် အဖြစ် ထိုင်ဖြစ်ခဲ့သော အကြိမ်ဟူ သုံးကြိမ်ထက် မပိုဘူးဟု မှတ်မိ နေသည်။ သည့်နောက်မှာတော့ မိန်းကလေးတစ်ယောက်ကို ပိုး ပန်းဖို့ စိတ်မရှည်တတ်သည့် အဂ္ဂသည် များပြားလှသော အလုပ် တာဝန်တွေ ဖိစီးသည်ကို အကြောင်းပြပြီး ငွေပိုးအိမ်ဆီ မရောက် ဖြစ်ပြန်ချေ။ ခဏ ခဏသွားရသည်ကို မျက်နှာပူမိတာလည်း အမှန် ပင်။ မိဘတွေရဲ့ သဘောထားကို သူမလည်း သိပြီးဖြစ်မှာပေါ့။ သည့်အတွက် မိန်းကလေးကို ဖွင့်ဟမေးဖို့ မလိုအပ်ဘူးဆိုတာ ယောက်တော့ အဂ္ဂ သိနေသည်။

သို့ပေမဲ့ ...

ထူးထူးဆန်းဆန်းပင် အဂ္ဂလွမ်းတတ်နေသည်။

အဲသည့် အလွမ်းဆိုတာကို ခံစားကြည့်နေရင်းပင် သူမကို တစ်နေ့နေ့မှာ ပိုင်ဆိုင်ရမည်ဟူသော ယုံကြည်မှုသည် တဖြည်းဖြည်း ရင့်သန်ခိုင်မာလာခဲ့၏။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီး တတ်သော အဂ္ဂ၏ အဲသည့်ယုံကြည်မှုကပဲ အဂ္ဂကို ပြန်ပြီးခုက္ခပေး ခြင်း ဖြစ်သည်။

ဆောင်းဦးပေါက် ညနေခင်းတစ်ခုမှာ စတင်ဆုံတွေ့ ခဲ့ရသည့် မိန်းကလေးတစ်ယောက်နှင့် အတော်အတန်ရင်းနှီးလာဖို့

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းရာသီ တစ်လျှောက်လုံး နွေရာသီတစ်လျှောက်လုံး ကြားမှာ အချိန်ကာလတွေ ကြာမြင့်ခဲ့ရသည်။ အဲသည် အချိန်တွေမှာ အဌ ရှင်ထဲ သည်မိန်းကလေးအပေါ် စွဲလမ်းမှုကို ဘယ်သူမှ မသိနိုင်ခဲ့ကြပါ။ အဌကိုယ်တိုင်ပင် မသေမချာ ရှိနေခဲ့သည်။

ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော အလုပ်ပိတ်ရက် တစ်ရက်မှာတော့ အဌရဲ့ အိမ်ထောင်ရေးနှင့်ပတ်သက်၍ မေမေက စကားစတင်ခဲ့ပါသည်။

ညီမလေးဝတ်ရည်နှင့် မေမေ စိတ်တူသဘောတူ သော ဝါသနာတစ်ခုကတော့ ပန်းပင်တွေကို အရိပ်တကြည့်ကြည့် နေခြင်းပင်။ ဒါတောင် မေမေက သစ်ခွပန်းကို နှစ်သက်ပြီး ဝတ်ရည် ကတော့ နှင်းဆီပန်းတွေ အရောင်စုံအောင် စုဆောင်းရသည့် ဝါသနာပါသည်။ မီးဖိုချောင်ကိစ္စကိုတော့ နှစ်ယောက်စလုံး စိတ် စားလှသည် မဟုတ်ချေ။ ရှားပါးလှသော နံနက်ခင်း၏ နွေးထွေး

သော နေရောင်ခြည်သည် သစ်ခွနှင့်သဇင်ပန်းပင်များကို မိုးထားသည့် ပလတ်စတစ် ဆန်ကာအမိုးကို ဖြတ်သန်းလျှက် အနီအပြာ အုတ်ဘလောက်တုံးတွေ စီခင်းထားသည့် အိမ်ရှေ့လမ်းကလေး ပေါ်သို့ ကျရောက်နေ၏။ အလုပ်ပိတ်ရက်မှာလည်း အကျင့်ပါပြီး စောစောနိုးနေတတ်သည့် မျက်စိတွေကို အဌကျိန်ဆဲနေမိသည်။

"သားတို့ကိစ္စကိုတော့ ... ဒီသင်္ကြန်မှာ မေမေစီစဉ် ချင်ပြီ ..."

"ဗျာ ..."

မျက်နှာသုတ်ပဝါကို နှုတ်ခမ်းပေါ်အုပ်ထားဆဲမို့ အာမေဍိတ်သံက ပလုံးပထွေးထွက်သွားသည်။

"သားနဲ့ ကောင်မလေးအခြေအနေက ဘယ်လိုလဲ ..."

"ဟာ ... ဘာများလဲလို့ မေမေကလည်း ..."

"မေးနေရသေးလား မေမေရယ် ... အဌထင်ကျော်ပါဆိုမှ ဦးထင်ကျော်ရဲ့သားပဲဟာ ..."

"သူ့ဘာသာမိန်းမပိုးတာ ကျုပ်ယောက်ျားကို ဆွဲထည့်ရ သလား ..."

"ဒါတော့ ... မေမေ ဘယ်လောက်စွံတယ်ဆိုတာ မေမေ အသိဆုံးမို့ ... လိုရင်းကို အမြန်ဆုံးသဘောပေါက်အောင် အထိရောက်ဆုံးနည်းနဲ့ ပြောရတာပေါ့ ..."

www.burmeseclassic.com



"အမယ်လေး ... မြန်မာစာကထိကရယ် တော်ပါတော့"

သားအမိနှစ်ယောက်ရဲ့ ပဋိပက္ခကြောင့် လိုရင်းက ပျောက်သွားတော့မလိုပင်။ သည်သားအမိ မျက်နှာချင်းဆိုင်မိလျှင် သည်လို ငြင်းခုန်စရာ တစ်ခုမဟုတ် တစ်ခုရှိနေမြဲပင်။

"ကဲ ... ဆိုစမ်းပါဦး ..."

"ဘာကိုလဲ ..."

"မင်းနဲ့ ငွေပိုးအိမ်ရဲ့အခြေအနေ ..."

"ဒီလိုပဲ ..."

"ဒီလိုပဲ ဆိုတာက ဘာလဲ ... မင်းနဲ့ အဆင်ပြေသလား မပြေသလား ... ကောင်မလေးက မင်းအပေါ် ဘယ်လိုရှိသလဲ ... ဒါကို မေးတာ ... အ,ချင်ယောင်ဆောင်နေပြန်ပြီ ..."

"သား ... မိန်းမသွားပိုးတာမှ မဟုတ်တာ ... မေမေခိုင်းလို့ သာသွားတာ ... ကျန်တာ မေမေတို့ကိစ္စပဲ ... အဲဒါ မေမေ ဘာသာ စီစဉ်နေတာ မဟုတ်လား ... ကျွန်တော်က ဘယ်လို လုပ်သိနိုင်မှာလဲ ..."

"တကယ်ပါပဲဟယ် ... ငါ သေသာသေလိုက်ချင်တယ် ... ငါ စီစဉ်မှပဲ မင်းက မိန်းမယူတော့မှာလား ... ကိုယ့်ဘာသာ ရော အားမထုတ်တော့ဘူးလား ..."





"ဘာကို အားထုတ်ရမှာလဲ ..."

ဝတ်ရည်ထံက ဟီခနဲ အသံထွက်လာသည်။

"အလကားပါ ... မေမေ့သား ပဲများနေတာ ... သူသာ မကြိုက်လို့ကတော့ ... သူများသားသမီးကို မှိုချိုး မျှစ်ချိုး ပြောနေကြ မဟုတ်လား ..."

"အဲဒါကြောင့်မို့လည်း မေးနေတာပေါ့ ... ကောင်မလေး မိဘတွေကလည်း သဘောတူထားပြီ ဆိုပေမဲ့ ... သမီး သဘောအတိုင်းပါပဲတဲ့ ... သူတို့သမီးသာ ခေါင်းညိတ်မယ် ဆိုရင် ... အားလုံးပြီးပြီပေါ့ ... ဒါပေမဲ့ ... ခက်တာက သူတို့နှစ်ယောက်က ဟိုလိုလို ဒီလိုလိုနဲ့ ... အိမ်ကကောင် ကလည်း မလှုပ်မယှက် ... မပွင့်မလင်းနဲ့ ... နီးစပ်အောင် ဖန်တီးပေးထားရက်နဲ့ ..."

"မေမေက သားညံ့တယ်လို့ ပြောချင်တာလား ... အင်တာ နက် ခေတ်နော် မေမေ ..."

"မိန်းကလေးတစ်ယောက်တောင် ... စွဲအောင်မပိုးနိုင်တဲ့ နဲ့ ..."

"မလိုဘူးလေ ... ခေတ်ကိုက မိန်းကလေးက စရတဲ့ခေတ်"

"အံမယ်မယ် ..."

ဝတ်ရည်သည် နှင်းဆီပင်တွေကြားက ဝရော်သုန်း



www.burmeseclassic.com

www.burmeseclassic.com



ထား ထွက်လာပြီး အရှကို ရန်လိုစွာကြည့်သည်။

"ယောက်ျားမရှုချင်လည်း နေပါစေ ... ဝတ်ရည်တို့က တော့ လုံးဝပဲ ..."

ပြီးတော့ လက်ဖဝါးက သဲတွေမှုန်တွေကို ခါရင်း ခြေဆောင့်လျှက် အိမ်ထဲဝင်သွားသည်။

"အေးလေ ... မိန်းကလေးက ... မသိဟန်ဆောင်နေ တယ် ဆိုလည်း ... ဒါဟာ ... မငြင်းဘူးဆိုတဲ့ ... သဘော ပေါ့ ..."

မေမေကလည်း သည်လိုပဲ မှတ်ချက်ချခဲ့သည်။

အရှကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိတာ လွန်သည် မထင်ပါ။

အရှအတွက် ငွေစာရင်းရှင်းတမ်းတွေ ရှုပ်ထွေးနေ တတ်သော လက်ုနိပိုင်းတစ်ရက်မှာ ဝတ်ရည်က အိမ်ကို စောစော





ပြေးခဲ့ဖို့ ဖုန်းဆက်လာသည်။

"ကိုကို ယောက္ခမလောင်းတွေကို ထမင်းစားဖိတ်ထားလို့ တဲ့ ..."

"ဘယ်သူ ..."

"ရွှေချင်ဟန်ဆောင်နေမြန်ပြီ ..."

အေးစက်လှသူဟု ကိုယ့်ကိုယ်ကိုယ် မလိမ်ညာချင် ပါ။ အပြင်လူတွေကို ဘယ်လိုပင် ဟန်ဆောင်ဖုံးကွယ်နိုင်ပေမဲ့ အရှ သည် ကိုယ့်ကိုယ်ကိုယ် လိမ်ညာဖို့တော့ ဝန်လေးလှသည်။

"ငွေပိုးအိမ်တို့ မိသားစုတွေပေါ့ ..."

"အသံမကြား ဘာမကြားနဲ့ ..."

"မေမေရေ ... သိတဲ့အတိုင်းပဲ ... သူ့အစ်ကိုကြီးလည်း ရောက်လာလို့ ... ချွေးမလောင်းကို ... ခေါ်ကြွားတာနေ မှာ ..."

"ဟုတ်လား ... ဦးလေးရန်နိုင် ရောက်နေတာလား ..."

"အသေအချာပေါ့ ... တစ်ခွေလုံး တစ်မျိုးလုံးပဲ ..."

မေမေတို့မှာ မောင်နှမနှစ်ယောက်တည်းရှိသည်။ မေမေ့အစ်ကိုကြီး ဦးရန်နိုင်မျိုးမြင့်သည် မန္တလေးဆေးရုံအုပ်ကြီးဖြစ် ပြီး သမီးချည်း သုံးယောက်ရှိသည်။ အဆွေအမျိုးကျဲပါးသည်မို့လား မသိ၊ မေမေတို့ မောင်နှမနှစ်ယောက်ရဲ့ တွယ်တာမှုကတော့

www.burmeseclassic.com



တကယ့်ကို စာဖွဲ့လောက်သည်။ အဂ္ဂတို့မောင်နှမကတော့ ဝမ်းကွဲ အစ်မ ညီမတွေကို သိပ်ပြီး လိုလားသည်မဟုတ်ချေ။ ဦးလေးရန်နိုင်ရဲ့ ဓနီးအန်တီမိကိုတော့ အဂ္ဂနှင့် ဝတ်ရည်က ကွယ်ရာမှာ ဒေါ်စိန်ခင်ဟု အမည်ပေးထားသည်။

"ငါ ... ဒီမှာ လချုပ်တွေ အကြွေးစာရင်းတွေနဲ့ ... "

"မလာဘူးလား ... "

"လာမှာပါဟာ ... ဒါပေမဲ့ ... သိပ်အစောကြီးတော့ ရောက်မှာ မဟုတ်ဘူး ... "

"ဒါတော့ မသိဘူး ... ဘယ်လောက်အရေးပါတဲ့ဆိုတာ ကိုယ့်ဘာသာ ချင့်ချိန်ပေါ့ ... "

အဂ္ဂက သွားကျစ်သံဖြင့် ဝတ်ရည်ကို ခပ်တိုးတိုး ကျိန်ဆဲပစ်လိုက်သည်။

❀

အဲသည့် ညနေစဝိုင်းဟာ အဂ္ဂရဲ့ တစ်သက်တာမှာ အထိခိုက်စေနိုင်ဆုံးဖြစ်ခဲ့မည်ဆိုတာကိုများ ကြိုတင်သိနေခဲ့လျှင်





အဂ္ဂသည် ရုံးခန်းထဲမှာ ကွန်ပျူတာ တစ်လုံးဖြင့် ခေါင်းမဖော်တမ်း ထိုင်နေလိုက်မည်။

ခုတော့ ...

အဂ္ဂ ရင်များပင် ခုန်နေမိသေးရဲ့။

❀

တံစက်မြိတ်ရှိလောက်ကြာအောင် ရေကိုစိမ်ချိုးပစ်လိုက်ပြီး သန့်ပြန့်ချောမွေ့လှသည်ဟု မိန်းကလေးတိုင်း အသိအမှတ်ပြုရသည့် အရေပြားကို သဘာဝဖြင့် အထပ်ထပ်အခါခါ မှန်ထဲကြည့်ပြီး သန့်ပြန့်ခြင်းကို ပိုပြီးအရောင်တောက်စေမည့် အဝတ်အဆင်မျိုးကို ရွေးချယ်မိသည်မှာ အဂ္ဂအတွက် ပုံမှန်ထက် ပိုသည့်စိတ်လှုပ်ရှားခြင်းနှင့် အလေးအနက်ထားခြင်းပင် ဖြစ်ပါသည်။

နုးညံ့သော ချည်သားအိအိဖြင့် ချုပ်ထားသည့် သမင်ရေအရောင်ဖျော့ဖျော့ ရှပ်အင်္ကျီနှင့် ပိုးတွဲပုဆိုးဆီးရောင်ကို ဝတ်ဆင်ပြီး ဆံပင်တိုတိုကို ရှေ့ဘက်မှာ ဂျယ်လ်ဖြင့် အနည်းငယ်သပ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်ရှေ့ခြံဝင်းတံခါးဖွင့်သံနှင့် ရယ်မောနှုတ်ဆက်သံတွေကို ကြားတော့ အိပ်ခန်းဝရန်တာလေးသို့ထွက်ပြီး အိမ်ရှေ့ဘက်ဆီ ငုံ့ကြည့်လိုက်မိသေးသည်။ ငွေမိုးအိမ်ဆိုသည့် မိန်းကလေးသည် ခင်မွန်းလောင်းဖြစ်သူ၏ ရှေ့မျက်သို့ ဘယ်လို ဣန္ဒြေမျိုးဖြင့် ရောက်လာမည်လဲ ... ။

ရင်မဆိုင်ရဲသလိုလို စိုးထိတ်ချင်သည့် ရင်ဘတ်ထဲက နှလုံးခုန်သံက အဂ္ဂကိုပြန်ပြီး သတိပေးနေသည်။ အိပ်ခန်းထဲကနေ ထွက်ပြီး ဧည့်သည်တွေကို ကြိုဖို့အတွက် အဂ္ဂထင်ကျော်ရဲ့မျက်နှာက ပုံမှန်အနေအထား ဖြစ်ရမည်။ မိမိအိမ်သို့ ညနေစာစားဖို့ ကြွရောက်လာသည့် ဧည့်သည်တွေအပေါ် လိုက်လျောပျူငှာခြင်းသာ ရှိရမည်။

"ဟဲ့ ... မင်းသားရေ ပြင်ဆင်လို့ မပြီးသေးဘူးလား ..."

အခန်းတံခါးအပြင်မှအသံက လှုပ်နှိုးလိုက်သလို ဖြစ်ခဲ့သည်။ ဦးလေးရန်နိုင်ရဲ့ သမီးလတ်ဖြစ်သော အဂ္ဂနှင့်အသက်ဆယ်လသာကွာသည့် သဉ္ဇာဆင့်သည် အဂ္ဂရဲ့အိပ်ခန်းတံခါးဝမှာ ရပ်လျက်ရှိ၏။

"ဘယ်လိုလဲ ... သတို့သမီးလောင်း ရောက်လာလို့ ဒူးတွေ တုန်နေပြီလား ..."

"နားစမ်းပါဟာ ... ရဲဝေဝင်မရှိဘူး ... ဒါ မေမေတို့ကဖွာပါ"



"အံမယ် ... သူက မကြိုက်တာကျနေတာပဲ ..."

"လေ့လာရဦးမှာပေါ့ ... အချိန်တွေအများကြီး ရှိပါသေးတယ် ... ငါတို့ ယောကျ်ားလေးတွေအတွက်က အိပ်စပိုင်ယာဆိုတာ မရှိဘူး ... နင်တို့ မိန်းကလေးတွေမှာသာ အိပ်စပိုင်ယာ ဖြစ်မှာ ကြောက်ရတာမဟုတ်လား ..."

"အံမယ်လေးလေး ..."

သဉ္ဇာမျက်နှာရှုံ့မဲ့သွားပုံက အတော်ရယ်စရာကောင်းပါသည်။ အညာမှ အနေကြာခဲ့ပြီမို့ သဉ္ဇာလည်း ဘယ်လောက်ပဲ အလှမက်မက် အသားညိုလေးနှင့် ဖြစ်နေပြီ။ တစ်ကိုယ်လုံးမှာ စိန်တွေညွတ်နေအောင် ဆင်ထားမေမဲ့ အဂ္ဂစိတ်ထဲမှာတော့ ဆော်ညည်လောက် မလှပနိုင်ဘူးထင်မိသည်။

"မုန်းစရာကောင်းလိုက်တာ ... နင့်ကိုများတော့ အဲဒါတွေကြောင့် အမြင်ကတ်တာ ... စကားကိုက လေတစ်လုံးမိုးတစ်လုံးနဲ့ ..."

တစ်ခန်းလုံးပြည့်လျှံသွားအောင် မျက်စောင်းအကြီးကြီးဖြင့် ကြည့်လျက် သဉ္ဇာလှည့်ထွက်သွားသည်။ အဂ္ဂတို့မောင်နှမရဲ့ အဲသည်လို အပြောတွေကို သူတို့ညီအစ်မတွေကလည်း နည်းနည်းမှ သည်းခံမရ။ တအုပ်ကြီးတွေအတိုင်း မညာတော်ပြီး အရောဝင်ခွဲ့ရမှသာ လှုရာဝင်သည်ထင်သော ဦးလေးရဲ့သမီးတွေက

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂတို့လို ငွေကြေးဖြင့် စက်လျက်နိုင်ငံခြားမှာယူရသည့် ဒီပလိုမာမျိုးကို အထင်မကြီးချေ။

(မိုက်ဆံရှိရင် နိုင်ငံခြားသွားသင်လို့ရပါတယ်) လို့ ဆိုတတ်သည်။ သူတို့လို ဆရာဝန်၊ ဆေးကျောင်းသူ မဖြစ်သည်ကိုဘဲ သနားသလိုလို။

စိတ်ပျက်စရာ ကောင်းလှသည်။

သူတို့ရှေ့မှာ ငွေမိုးအိမ်ရဲ့ MA.(English) ဆိုသည့် ဘွဲ့ကလည်း အထင်ကြီးစရာ မဟုတ်လောက်ဘူးထင်ပါရဲ့။

ဒါပေမဲ့ ...

အဂ္ဂစနီးလောင်းရဲ့ အလှကို သည်ညမှာ သူတို့ငေးမောခ်စားရမည်။

✽✽✽

သုံးလေးသောင်းကျော်တန်ဖိုးရှိသည့် ပြည်တွင်းဖြစ်ပိုးသားကို အနောက်တိုင်း ဒီဇိုင်းနဲ့တွဲဖက်ပြီး သည်လို ကျက်သရေရှိအောင် ဆင်ယင်နိုင်သည်ဆိုတာကို မိန်းကလေးချင်းပင် အံ့ဩငေး





မောရလိမ့်မည်ဟု အဂ္ဂ သေချာသိနေသည်။ အဂ္ဂ သိပ်သဘောကျလည့် လည်တိုင်ရှင်းရှင်းလေးမှာတော့ အရည်ပြည့်သည့် ပုလဲလုံးလော့ကတ်နှင့် တွဲထားသည့် ပလက်တီနမ်နှင့်ရွှေရောသည့် မုန့်ကြိုးလိမ်ကွင်း ...။ အဂ္ဂရဲ့ အာရုံထဲမှာ ရှိုးရှိုးယဉ်ယဉ် ဆင်ထားသည့် မိန်းကလေးတစ်ယောက်ရဲ့ အထက်တန်းကျသည့် အလှကမျောက်ဖျက်မရနိုင်အောင် စွဲထင်နေတော့သည်။

သည်လို လှပသည့် မိန်းကလေးကို မိမိနဘေးမှာထားပြီး ဇနီးအဖြစ် ဂုဏ်ယူနိုင်လိမ့်မည်ဟု အတွေးထဲမှာ ကျေနပ်ခဲ့မှာပဲ တစ်ခန်းရပ် ပြဇာတ်တစ်ပုဒ်ရဲ့ နောက်ဆုံးပြကွက်ကလျှင်မြန်စွာ ရောက်လာခဲ့သည်။

"ကလေးတွေကိစ္စလည်း ... ဒီလိုညမျိုးမှာ ပြောရတာအကောင်းဆုံးပဲ ... ကျွန်မကတော့ ဝါကျွတ်ပြီးရင် စီစဉ်လို့ရအောင် သေချာတဲ့ သဘောတူညီမှုတစ်ခု လိုချင်တယ် ... သားရဲ့ ဖေဖေကတော့ ... ဒီကိစ္စမှာ အားမကိုးရဘူး ... သူက သားရှင်ဆိုပေမဲ့ ... သူများသမီးကို တောင်းရမှာအားနာနေတယ် ရှိစီရဲ့ ... "

မေမေက ရယ်ရယ်မောမောပြောနေသည့် အချိန်အထိ အေးအေးဆေးဆေးပင်။ ဖခင်နှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။ အမျိုးသမီး အင်အားက အများစု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည့် ညစာဝိုင်းမှာ ဓမ်းကွဲအစ်မ ညီမတွေက ငွေပိုးအိမ်ကို ရှင်းနှီးမှုဖြင့် ကျီစယ်သည့် ရယ်သံတွေက ဖုံးလွှမ်းသည်။

"မှတ်ပါတယ် မျိုးရယ် ... ရိုစီလည်း မျိုးကမေးတိုင်း ခေါင်း ညိတ်ချင်ပါတယ် ... ဒါပေမဲ့ ... အိမ်က မရွှေချောက အိမ် ထောင်မပြုချင်ဘူးလို့ချည်း ငြင်းနေတာယ် ... ဒီနေ့တော့ ချည်ပြီးတုပ်ပြီး လုပ်ရမယ်ထင်တယ် ... တစ်ယောက်နဲ့တစ် ယောက်လည်း ရင်းနှီးနေကြပြီပဲဟာနော် ... သမီး"

"ဟောဗျာ ... မိန်းမရယ် ... ကိုယ့်သမီးကိုယ် လူတွေကြား ထဲ မေးရသလား ..."

"သူစိမ်းတွေမှ မဟုတ်ဘဲ ... ဒီမှာ ဆွေမျိုးတွေချည်းပဲဟာ၊ ကိုယ်တို့ကတော့ ... ဒါ ကြွေးသိက္ခာနဲ့ဆိုင်တယ်လို့ မထင် ပါဘူးနော် ... သမီးရဲ့ သဘောကို သိချင်တာပဲဟာ ..."

"ကိုယ့် မိန်းမကတော့ကွာ ..."

ငွေပိုးအိမ်ရဲ့ မိဘနှစ်ပါးက အချီအချစကားဆိုနေစဉ် မှာ တာမင်ကျီစယ်နေသလို နားလည်သဘောပေါက်ပြီး အားလုံးက ရယ်မောနေပေမဲ့ မျက်နှာထားတည်တည်နှင့် မျက်လွှာချထားသူက ငွေပိုးအိမ်ပင် ဖြစ်သည်။ သူမကို တစ်ချိန်လုံး အရိပ်လို စောင့်ကြည့် နေမိသလားဆိုတာ ကိုယ့်ကိုယ်ကိုယ် မဆန်းစစ်နိုင်ခင်မှာပဲ သူမရဲ့ မျက်ခုံးလေးတွန့်သွားတာကအစ နှုတ်ခမ်းလေးတစ်ဖက်ကွေးသွား





တာကအစ သတိထားမိနေသည်။ ထမင်းဝိုင်းက တချို့အဆုံးသတ် နေပြီ။ သစ်သီး အချိုပွဲတွေလည်း တချို့ရောက်လာပြီ။ ငွေပိုးအိမ် ကတော့ ခပ်စောစောပင် စားသောက်ပြီးနေပြီ။ လူမှုရေးအရ တက် ရောက်ရသည့် ပွဲတွေမှာ မိန်းကလေးငယ်ငယ်တွေက သည်လိုပဲ အလှပြုရးရှေ့ကျ၍ အလှမပျက်ရဲ့ စားသောက်တတ်ကြတာက ယဉ် ကျေးမှုတစ်ရပ်လို ဖြစ်နေပြီ ထင်ပါရဲ့။

"သမီးလေးကလည်း သမီးရဲ့ဆန္ဒကိုပြောပါဦး ... မရှက်ပါနဲ့ သမီးရယ် ... အန်တီမျိုးတို့ကို ပွင့်ပွင့်လင်းလင်းပြောပါ ... အားလည်းမနာပါနဲ့ ... အန်တီကတော့ သမီးကိုစပြီး မြင် ကတည်းက သမီးလေးလို ချစ်ပြီး ... တို့မိသားစုဝင်ဖြစ်ရင် ကောင်းမှာပဲလို့ တောင့်တမိတာ တကယ်ပဲ ... တကယ်ပဲ"

မေမေက တဖက်သား အနေမခက်အောင် ဖေးမ သည့် စကားမျိုးဆိုတတ်သည့်နေရာမှာတော့ မတူအောင်ပင်။

အဖွားမျက်တောင်မခတ်မိဘဲ ငွေပိုးအိမ်ရဲ့ ဝင်းပလဲ့စို သည့် မျက်နှာလေးကိုသာ ငေးမောဖြစ်သည်။ တကယ်ကို သတိ ထင်လွှတ်ပါပဲ။

"သမီးဘက်က တကယ်မဖြစ်နိုင်လို့ပါအန်တီ ..."



www.burmeseclassic.com

www.burmeseclassic.com



သည်စကားကို သူမရဲ့ လှပတဲ့ နှုတ်ခမ်းဖူးလေးက ပြောထွက်လိုက်တာလား။

ကြည့်စမ်း ...

ဒါ ... အဂ္ဂကို ငြင်းပယ်လိုက်တာပေါ့။

အမျိုးအဆွေအသိုက်အဝန်းရဲ့ကြားထဲမှာ ယတိပြတ် ငြင်းပယ်လိုက်တာပေါ့ ...။ သည်ပွဲမှာ အညံ့ဖျင်းဆုံး သရုပ်ဆောင်နိုင်သူဟာ အဂ္ဂထင်ကျော်ပဲ ဖြစ်မှာ ...

❀

"ရည်ရွယ်ထားတာ ရှိနေလို့လား ..."

"အိမ်ထောင်ပြုဖို့ အဆင်သင့်မဖြစ်သေးလို့ပါ ... ဝိအိတ်ချ





ဒီယူပြီးရင်လည်း နိုင်ငံခြားသွားပြီး ... ဒီပလိုမာ တစ်ခုတော့ ယူချင်သေးတယ် ... ပြီးတော့ ... ရွေးချယ်ရမယ်ဆိုရင်လည်း သမီးချစ်တဲ့သူကိုပဲ ဦးစားပေးရွေးဖြစ်မှာပါ ..."

"တန်းစီထွားလို့တောင် မရဘူးဆိုတဲ့သဘောပေါ့နော် ... စိတ်မကောင်းလိုက်တာဟယ် ..."

"မဂ္ဂဇင်းအင်တာဗျူးလုပ်နေသလိုပဲနော် ..."

လှလှပပလေးမဟုတ်ပေမဲ့ သိပ်တော့ အကျည်းတန်မသွားအောင် အားလုံးက ဝိုင်းပြီးဖေးမထိန်းသိမ်းခဲ့ပါသည်။ အန်တီရှိစ်ရဲ့ ရယ်သံတွေ သိသိသာသာ တိတ်ဆိတ်သွားခဲ့ပေမဲ့ သည်ပွဲမှာ အားလုံး သရုပ်ဆောင်မှု ပီပြင်နိုင်နင်းသည်ရယ်လို့ ဆိုရမည်။

အကယ်ဒမီမင်းသမီးကတော့အဂ္ဂရဲ့ငွေပိုးအိမ်ပဲပေါ့။

❀

(ရွေးချယ်ရမယ်ဆိုရင်လည်း သမီးချစ်တဲ့သူကိုပဲ ဦးစားပေး ရွေးဖြစ်မှာပါ)



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ရဲ့ ငြင်းပယ်မှုကြောင့် ရှက်ပြီး အခန်းအောင်းနေမည့် လူတွေကို မျက်နှာ မပြရဲဖြစ်နေမည့် ယောကျ်ားမျိုးဟာ အဌမဟုတ်သည့် တခြားတစ်ယောက်ဖြစ်ခဲ့လျှင် လည်း ကောင်းကောင်းကြီးကွဲရဲ့ မိမှာပဲ။ အဌသည် ရင်ထဲမှာ တင်းကျပ် ပူလောင်နေသည့် အမုန်းတွေကို မျိုချနေရင်း လူတွေရှေ့မှာ ပြုံးရယ် နေရသည်။

"မင်းမေမေရဲ့ ချွေးမရှာပုံတော်စခန်းတော့ ... တစ်ခန်းရပ် သွားပြန်ပြီပေါ့ ... ဒီတစ်ခါတော့ သားကတောင် ချွေးမများ ရသေးဘဲ ဟိုဘက်က ပွဲသိမ်းသွားပါလား ... တော်ပါပေ့ မိန်းမရယ် ... နောက်တစ်ယောက်လည်း မရှာပါနဲ့တော့ ... ငါ့သား အေးအေးဆေးဆေး နေပါစေလားကွာ ... မိန်းမ မရနိုင်တဲ့သူမျိုးလည်း မဟုတ်ဘဲနဲ့ ... "

"မဟုတ်တာတွေ အိမ်ပေါ်ပါလာမှာ စိုးလို့ပါအဖေကြီး ရယ်"

"မင်း စိုးရိမ်လွန်တာက အကြောင်းမဟုတ်ဘူး ... ကလေး တွေ သဘောလည်း မေးပြီးမှ စီစဉ်ပါကွာ ... ခုဟာက အားလုံး စိတ်ကသိကအောက်နဲ့ ... "

မေမေက အဌရဲ့ မျက်နှာရိပ်ကို ခိုးကြည့်ရင်း သည် စကားကို ပြောသည်ဆိုတော့ အဌရင်ထဲမှာ ဘယ်လိုရှိနေမလဲ စိုးရိမ်





မှုဝန်နေမှန်းသိသာပါတယ်။ အဲသည်လို အရိပ်ကြည့်နေသည့် မျက်လုံးတွေအောက်မှာ အဌရဲ့အမုန်းတွေက တိတ်တဆိတ်ကြီး ထွားခဲ့ရတာပေါ့။

"ကိစ္စမရှိပါဘူး ဖေဖေရယ် ... သူ့ကိုပဲ ကျေးဇူးတင်ရဦးမယ်၊ မဟုတ်ရင် ... မေမေရော အန်တီရီစီပါ တကယ်ဆွဲနေတော့ မဲ့ပုံစံပဲ ... "

"သူကျတော့ မငြင်းဘဲနဲ့ ... "

မှာ မေမေက မကျေမနပ် မျက်စောင်းထိုးသည်။

"မှန်တာပြောရရင် ... သားက သိပ်အလေးအနက် မရှိဘူး မေမေ ... လွယ်လွယ်နဲ့ ခေါင်းညိတ်လိုက်လို့လည်းရ တယ် ... ဒါပေမဲ့ ... မိန်းကလေးဘက်က စိတ် ဆင်းရဲစရာ ဖြစ်မယ် ... မိန်းမဆိုတာက လောဘကြီးတဲ့ အမျိုးမဟုတ် လား ... အဲဒါကြောင့် ... မေမေ သားအတွက် အိမ်ထောင် ဖက်ရှာတဲ့အလုပ်ကို လက်လျှော့လိုက်ပါတော့ ... "

မဆိုးဘူးပဲ။

အဌလည်း စကားပြောရာမှာ အတော်လည်ပတ် လာပြီ။

ကိုယ့်ကိုယ်ကိုယ် ကျေနပ်သွားပြီး ရင်ထဲမှာ တင်း



www.burmeseclassic.com

www.burmeseclassic.com



ကျပ်နေတာတွေ အတော်အတန်လျော့သွားသည်။ သို့ပေမဲ့ အရှုံးနှင့်သိမ်ငယ်ဝမ်းနည်းမှုဆိုတာကိုတော့ ခံစားနေရဆဲပင်။

❀

"သေချာတယ် သိလား ... အဲဒီကောင်မလေးမှာ ရည်းစားရှိနေပြီ ..."

"ဒါပေမဲ့နော် ... အဂ္ဂလိုလူမျိုးကို ငြင်းနိုင်လောက်အောင် သူ့ရည်းစားက ဘယ်လိုလူမျိုးမို့လဲ ..."

"အို ... ဇင်မာကလည်း ... မိန်းမတွေဆိုတာ ဘယ်လောက်ပဲ ပညာတွေတတ်တတ် ဒီလိုကိစ္စမျိုးမှာ မိုက်မဲတတ်ကြတယ်ဟဲ့ ..."

"အဂ္ဂသနားပါတယ် ..."

"အဂ္ဂကလည်း ကြိုက်ပုံမရပါဘူးဟယ် ... အေးတိအေးစက်နဲ့ ကြည့်ပါလား ..."

"ဒါပေမဲ့ ... အောက်တာပေါ့ အငြင်းခံရတယ်ဆိုတော့"





"အေးလေ ... အဂ္ဂလို ယောက်ျားမျိုးများ ... ငြင်းရတယ်လို့ ..."

"အဲဒါ ... ဝဋ်လည်တာလေ ... အရင်မိန်းကလေးတွေတုန်းကတော့ ... သူကချည်း ငြင်းခဲ့တာတဲ့ ... ခုလည်း ... ဟိုကဦးသွားလို့ပါ ... မဟုတ်ရင် သူ ဘာကျိုက်ကျောင်လုပ်ဦးမယ် မသိဘူး ..."

ညီအစ်မတစ်တွေရဲ့ စကားဝိုင်းက စကားသံတွေ ...ရလျှင်လည်း ကောင်းမည်။ သည်ပြဿနာက အဂ္ဂကို နည်း...လေးမှ မထိခိုက်စေဘူးဆိုတာကိုလည်း ပြချင်သည်။ ခက်ခဲသည်...အခါတိုင်း သည်လိုအချိန်မှာ ဘယ်လိုအချိန်ကုန်သွားသည်ဆို...မမှတ်မိနိုင်လောက်အောင် အဂ္ဂရဲ့ စိတ်တွေက အပိုင်းပိုင်း...ပြတ်နေခဲ့ခြင်းပင် ... ။

တကယ့်ကို နာကျင်အောင် လုပ်နိုင်ခဲ့တာပဲ။
ငွေပိုးအိမ် ...
မင်းကို ငါမမေ့ဘူး။
ဘယ်တော့မှ မမေ့ဘူး။

❀



www.burmeseclassic.com

တောင်းခံစရာရှိသည့် ကြွေးဟောင်းတွေရဲ့ စာရင်းထဲ မတွေ့ခဲ့ရပေမဲ့ သည်ကိစ္စကို ရစရာရှိသည့် အကြွေးလို့ သတ်မှတ်ခဲ့သည်။

(သမီးဘက်က တကယ်မဖြစ်နိုင်လို့ပါ)

သည်စကားသံကို ခဏ ခဏပြန်ကြားနေပြီး ဖြ ကြားယောင်မိတိုင်းလည်း ကြက်သီးတွေ ဖြန်းခနဲ့ထပြီး တစ်ကိုယ် လုံး ပူနွေးရှိန်းဖိန်းသွားရလောက်အောင် ရှက်ရွံ့မိသည်။ ဘယ်သူ မသိလိုက်ဘဲ မိန်းကလေးတစ်ယောက်ရဲ့ ရှေ့မှာ သည်လို ရှက် သိမ်ငယ်ခဲ့ရလောက်အောင် အဂ္ဂထင်ကျော်ဟာ နုံနဲ့သည့် အခြေ အနေမျိုးနှင့် ယောကျ်ားတစ်ယောက်မို့လို့လား ...။





လူတွေ အများကြီးရဲ့ မျက်လုံးတွေအောက်မှာ ...

ဗိုဆိုးတာက အဂ္ဂကို အမြဲစောင့်ကြည့်နေသည့် အာရုံရဲ့ အသိုင်းအဝိုင်းရှေ့မှာမှ ... ကိစ္စမရှိပါဘူးလို့ သဘောထားနိုင်မည်လား။

ရက်ပေါင်းများစွာ တာနံ့နံ့နှင့်ရင်ထဲမှာ တင်းကျပ်အောင့်မျက်နေပြီး နောက်ဆုံးမှာတော့ တစ်ခုခုလုပ်ရမည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာသွားသည်။ ငွေပိုးအိမ်ဆိုသော သူမထံက တစ်ခုခုတော့ ပြန်ရမှဖြစ်မည်။

နှင်းဆီဖူးလို နီမြန်းမြန်းနှင့် ကကြီးသဏ္ဍာန်မြည်မြည်တင်းတင်း နှုတ်ခမ်းလေးက အတွန့်အဆုတ် အထစ်အငေါ့မရှိဘဲ ပြောနိုင်ခဲ့သည့် စကားတစ်ခွန်းအတွက် သူမကိုယ်တိုင် တာဝန်ယူရလိမ့်မည်။ အဂ္ဂထင်ကျော်ဆိုတာ သည်လိုပေါ့ပေါ့တိမ်တိမ်လေး ကြောသွားလို့ရတဲ့ လူစားမျိုးမဟုတ်ဘူးဆိုတာ ...။

အမုန်းတွေကြားထဲမှာ သည်မိန်းမကို မေ့လို့မရနိုင်ခဲ့ ...။

မေ့လို့မရနိုင်မှတော့ သူမနှင့်ပတ်သက်ခွင့် ရနိုင်မည့်နည်းလမ်းကို စဉ်းစားရမှာပေါ့ ...။

www.burmeseclassic.com



အဲသည် နေ့ရက်ကစပြီး အင်္ဂထင်ကျော်သည် ငွေမိုး အိမ်ဆိုသည့် မိန်းမတစ်ယောက်အပေါ်မှာ ထားမိသည့် အမုန်း တရားကိုသာ စတ္တနိမ်လေပ် သတိရနေပြီး အဲသည့်အမုန်းနှင့် ထပ်တူ ညီသည့် ကလဲ့စားချေမှုအတွက် ချိုမြိန်သည့် ရလဒ်တစ်ခုကိုသာ နေ့စဉ်နှင့်အမျှ ရင်ထဲမှာ မျှော်လင့်နေမိလေသည်။





# အ မု န် း မြ စ် က မ် း ပါ း





www.burmeseclassic.com

www.burmeseclassic.com



ငွေပိုးအိမ်ရဲ့ ပကတိရိုးစင်းသော၊ ပွင့်လင်းသော
တ်နှလုံးကြောင့် ယောကျ်ားတစ်ယောက်အတွက် တစ်သက်တာ
ာ်နာကြည်းစရာ အရှုံးတစ်ခုဖြစ်လာနိုင်သည်ဆိုတာကို လုံးဝ
ေ့ဖြစ်ခဲ့ပါ။ တကယ်တော့ အဂ္ဂဆိုသည့် လူတစ်ယောက်အပေါ်
ာ စိတ်မှတ်မထင်ဖြစ်စေ၊ တမင် ကြိုတင်ကြံရွယ်မှုဖြင့်ဖြစ်စေ၊
ာ်နစ်နာစေဖို့ ဘယ်တုန်းကမှ မရည်ရွယ်ခဲ့တာ သေချာပါသည်။

ရန်သူတစ်ယောက်မှ မဟုတ်ဘဲကွယ် ...

မိန်းကလေးတစ်ယောက်သည် သူ့ လက်မခံမနှစ်မြို့
ည့် အိမ်ထောင်ရေးတစ်ခုကို ငြင်းပယ်ခွင့်ရှိသည်ဟူသော အတွေး
ာလွှဲပြီး တခြားတစ်ယောက်ကို ရှုံးနိမ့်စေလိုသည့် စေတနာဆိုး
 ငွေပိုးအိမ်မှာ လုံးဝမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဝေမဲ့ ... ငွေပိုးအိမ်ရဲ့ စကားတစ်ခွန်းကြောင့် အတည်းတန်သည့် အနာဂတ်တစ်ခုကို မျက်နှာချင်းဆိုင်ခဲ့သည်။





အချစ်ဆိုတာကို အယုံအကြည်ကင်းမဲ့တတ်သော မိန်းကလေးတစ်ယောက်အတွက် လှပစွာ ဖြားယောင်းတတ်သော အချစ်သည် ဘယ်နေရာက ဘယ်လို တိုးဝင်လာမှန်း မသိဘဲ ရောက်ရှိလာခဲ့လေသည်။ တက္ကသိုလ်မှာ ဘီအေဘွဲ့ရပြီး အမ်အေဘွဲ့အတွက် မဟာဝိဇ္ဇာကျောင်းသူတစ်ယောက် ဖြစ်သည်အထိ ခေါင်းဆာလာခဲ့သော ငွေပိုးအိမ်သည် 'ကိုးလ်' ဟု တိတ်တခိုးနာမည်ပေးခဲ့သည့် အေးစက်ချောမွေ့သည့် မျက်နှာပိုင်ရှင် ကောင်လေးတစ်ယောက်ကို စတင်တွေ့ဆုံခဲ့သည့် ကာလကစတင်ပြီး အချစ်ဆိုသည့် အရာကို စိတ်ဝင်တစား စူးစမ်းချင်စိတ် ပေါ်လာခဲ့သည် ထင်ပါသည်။ အေးစက်စက် မျက်နှာလေးတစ်ခုက ငွေပိုးအိမ်ရဲ့ နှလုံးသွေးကြောမျှင်တွေထဲ နွေးထွေးသည့် တစ်စုံတစ်ရာ စီးဆင်းသွားသည်ဟု ခံစားရစေတာကတော့ အတော့်ကို ထူးဆန်းလွန်းပါတယ်။ ပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့ အေးစက်တတ်သည့် မျက်ဝန်းတွေထဲက ဟစ်စိုတစ်ရာကို မျှော်လင့်နေရသည်ကလည်း ရင်ခုန်စရာ ဖြစ်သည်။

တကယ်တော့ ကိုးလ်နှင်ငွေပိုးအိမ်ရဲ့ မရေမရာရှိဆဲ ဆုံးဖြတ်ရန် ခဲယဉ်းနေဆဲ အနာဂတ်ကို အဂ္ဂထင်ကျော်က ပြတ်သား ပီပြင်စေခဲ့တာဟု ဆိုလျှင် မမှားနိုင်ပါ။

သူကတော့ အံ့ဩမှာပါပဲ ...

ဒါပေမဲ့ သေချာတွေးကြည့်တော့ အဲသည်အဖြစ်က တကယ့်ကို အမှန်အကန်ဖြစ်သည်။

"မိနစ်ပိုင်းပဲ မျက်နှာချင်းဆိုင်လိုက်ရတဲ့ ... ယောကျ်ားတ ယောက်ကို ချက်ချင်းကြီး လက်ခံရမယ်ဆိုတာတော့ ... မလွန်လွန်းဘူးလား မေမေ သမီးခေါင်းထဲမှာ ကွန်ပျူ တစ်လုံး ရှိတာကျနေတာပဲ ... သမီး မစဉ်းစားသေးဘူး ပြောထားတယ်နော် ... စကားတွေ ခြေလွန်လက်လွန်





မလာနဲ့ဦး ..."

"အံ့မယ်လေး ... သူ့ပဲ ကြောက်နေရတယ် ..."

"ဒီမှာဖြင့် ... ရည်စားလေးတစ်ယောက်တောင် ထားကြည့်မယ် စိတ်မကူးရသေးဘူး ..."

မေမေ့ကို နှုတ်ခမ်းစူ ပြောလိုက်မိရင်း အာရုံထဲမှာ ပုံရိပ်တစ်ခုက ဖျတ်ခနဲပေါ်လာသည်။ ဘယ်တော့မဆို အေးချမ်း ငြိမ်သက်သည့် မျက်နှာလေးနှင့် မထုံတတ်တေးနိုင်လှသည့် ကောင်လေးတစ်ယောက်။ သိမ်မွေ့သော မှိုင်းညို့သော အကြည့်များနှင့် ကြည့်သာကြည့်တတ်ပြီး စကားနည်းလှသည့် ကောင်လေးတစ်ယောက်။ သူ့ရင်ထဲက စကားတွေကို ကြားချင်လွန်းလှသည်မို့ ရက်ပေါင်းများစွာ စောင့်ခဲ့လည်း ...

"အဂ္ဂဆိုတဲ့ ကောင်လေးကို သမက်ဖမ်းချင်တဲ့ ... သမီးရှင်တွေက တန်းစီနေတာပါနော် ... ကျုပ်တို့ကသာ ညည်းကို ညည်းသဘောနဲ့ညည်း ဆုံးဖြတ်ပါစေဆိုပြီး ... လွတ်လပ်ခွင့် ပေးထားတာပါ ... ဒါပေမဲ့ ... လောလောဆယ် သမီးမှာ ရည်းစားမရှိဘူးဆိုတာလည်း မေမေတို့သိထားပြီးသား ဥစ္စာ၊ အဂ္ဂဟာ ဘာများငြင်းစရာရှိလို့လဲ မိပိုးရယ် ... ရုပ်ရည်လေး ကလည်း မိန်းကလေးတွေ အကြိုက် မဟုတ်လား ..."

"အင်း ... ဟုတ်တော့ ... ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အိမ်မှာလည်း သူပဲဦးဆောင်ပြီး စီးပွားရှာနေတာ ... ဒီအသက်အရွယ်လေးနဲ့ နိုင်ငံခြားနဲ့ဆက်သွယ်နေတဲ့ ကုမ္ပဏီ အကြီးကြီးတစ်ခုကို ပိုင်ထားတာ ... "

"ဟုတ်ပါပြီ မမေရယ် ... တော်ပါတော့ ... ကြော်ငြာကလည်း ကောင်းလိုက်တာ ... "

"အေးလေ ... ဒီအခြေအနေကို ဘာ့များ ... "

"Feeling က ရှိသေးတယ်လေ မမေရဲ့ ... "

"ဟုတ်လို့လား ... "

မမေဘာကို ဆိုလိုမှန်းမသိတာမို့ ပိုးက မျက်မှောင်ကျုံ့လိုက်မိသည်။

"မမေကြားမိသမျှတော့ ... ဘယ်သူက ဘယ်လောက်ချမ်းသာလို့ဆိုတာပဲ ... ညည်းကိုယ်တိုင်တောင် အရင်က ပြောနေကျ မဟုတ်လား ... အချစ်ဆိုတာ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာဆို ... "

"ဟဲ ... မမေ့ကိုတော့ လက်ရောခြေရော မြှောက်ပါတယ်၊ တကယ့်ကိုပဲ ... "

ပိုးသည် ခေတ်ရှေ့ပြေးလှသည့် ဘွားတော်ကြီးကို ပန်းလေးတွန့်လျက် မျက်စလေးချိလျက်ရယ်မောပစ်လိုက်မိ၏။





ငွေပိုးအိမ်ရဲ့ ရှေ့မှာ အေးစက်စက် မထုံတတ်တေး ထိုင်နေသော ကောင်လေးရဲ့ မျက်ခုံးတွေ အနည်းငယ်ကုတ်ကျသွားသည်ဟု သေချာလျှင်ပင် ပိုးစိတ်ထဲ နည်းနည်းကျေနပ်ပြီ။

"အဲဒီလူက ... "

တွန့်ဆုတ်ဆုတ် အသံအက်အက်လေးက ကျောက်တုံးကျောက်ဆောင်တွေကြားထဲက စီးဆင်းလာသည့် စမ်းရေစီးသံလေးလို ပိုးရဲ့နားထဲမှာတော့ ချိုမြနေခဲ့သည်။

"မ,ကို သဘောကျလို့တဲ့လား ... "

နှစ်ယောက်တည်းရဲ့ စကားဝိုင်းထဲ အတင်းဆွဲထည့်လိုက်ရသည်မို့ ဘယ်သူမှ မသိတဲ့ စိတ်ထဲမှာတော့ အားနာနေမိသည်။

ခွင့်လွှတ်ပါ အဂ္ဂရယ်။

တို့ချစ်တဲ့ ကောင်လေးဆီက တစ်ခုခုကို သေချာသိရမှ ဖြစ်မှာမို့ ...

"အဲလိုတော့ မဟုတ်ပါဘူး ... သူ ကြည့်ရတာ တို့ကိုအကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်ဖို့ လာတာတော့ မဟုတ်ဘူးထင်ပါတယ်ဟာ … သူ့အမေနဲ့ အဖော်ရအောင် ဘုရားဖူးလိုက်လာတဲ့ ပုံစံမျိုးပါပဲ၊ ဒါပေမဲ့ သူတို့ပြန်တာနဲ့ တို့ရဲ့မေမေက တို့ကို သူ့အကြောင်း ပြောတော့တာပဲ … ပြီးတော့ … သူ့အမေကလည်း တို့ကို သဘောကျတယ်ပေါ့လေ … နေစမ်းပါဦး … မင်းက ဘာတွေများ မအားမလပ်ဖြစ်နေ လို့ မလာနိုင်တာလဲ … ဘုရားဖူးဖို့ သေသေချာချာ ဖိတ်ထားရက်နဲ့ … ”

“ကျွန်တော် မအားလို့မဟုတ်ပါဘူး … ”

“ဟောတော် … ”

သူက ပိုးကို မဝင့်မရဲ တစ်ချက်မော်ကြည့်လိုက်ပြီးမှ ချက်ချင်း မျက်နှာလွှဲလိုက်သည်။

“ဘာဖြစ်လို့ … ”

“မလာရဲလို့ … ”

“မလာရဲဘူး … အထူးအဆန်းပါလားကွယ် … ဘာများ မလာရဲစရာ အကြောင်းရှိလဲ … ”

သပ်ရပ်နေသည့် ဆံပင်တွေကို ရှုပ်ပွသွားအောင် ဖွ ပစ်နေရင်း သူ ပြုံးသည့်အပြုံးက လျှို့ဝှက်မှုအပြည့်ဖြင့် ဖြစ်သည်။

“မလာရဲဘူးဆိုတာက … ကျွန်တော့ဘက်က မလာရဲ လောက်အောင် မရိုးသားတဲ့ စိတ်အခံရှိနေလို့ပေါ့ မ,ရဲ့ …





“ရှင် … ”

“မ,ရဲ့ အသိုင်းအဝိုင်းထဲကို ကျွန်တော်မလာရဲဘူး … ဘာဖြစ်လို့လဲဆိုတော့ … စောစောက မ,ပြောခဲ့တဲ့ အကြောင်းအရာမျိုးတွေကို မြင်ရကြားရမှာ ကြောက်လို့ … ကျွန်တော့မှာ ခံနိုင်ရည် မရှိလို့ပါ … ”

တကယ်တန်းမှာ မျှော်လင့်တကြီး စောင့်ခဲ့ရသည့် စကားကို ရုတ်တရက်ကြီး ကြားလိုက်ရတော့ ရင်တွေ ပရမ်းပတာခုန်လာပြီး ခြေဖျားလက်ဖျားတွေ အေးစက်လာခဲ့သည်။

✿✿✿

ကောင်လေးဆီက ချစ်စကားကို ဘယ်လိုပုံစံဖြင့် ကြားရမည်ဆိုတာ ညပေါင်းများစွာ စိတ်ကူးယဉ် မျှော်လင့်မိခဲ့ပေမဲ့ အခုလို မျှော်လင့်ထားသမျှတွေနှင့် နည်းနည်းမှ မတူညီဘဲ သူ့ရဲ့ အေးစက်လှသည့် မျက်ဝန်းတွေထဲက အရိပ်တွေ နည်းနည်းမှ



www.burmeseclassic.com

www.burmeseclassic.com



မဖြောင်းလဲဘဲ 'ချစ်တယ်' ဆိုသည့် စကားကိုလည်း တစ်ခွန်းမှ မဆိုခဲ့တဲ့ အံ့ဩဖို့ကောင်းလောက်အောင် ချစ်သူတွေဘဝရောက်ခဲ့ရသည်။ အဲသည်အတွက် အဂ္ဂထင်ကျော်ကို ကျေးဇူးမတင်ချင်၍ မရပါ။

ပိုး စာသင်နေသည့် နိုင်ငံခြားဘာသာတက္ကသိုလ် အင်္ဂလိပ်စာဌာနရဲ့ ရှေ့ကို သည်ကောင်လေး ဘာကြောင့် နေ့စဉ်ရောက်ရသည်ဆိုတာ ဘယ်သူမဆို အလွယ်တကူ သိနိုင်ကြမည်ပင်။ ကွန်ပျူတာ တက္ကသိုလ်ကနေ ဘွဲ့ရခဲ့ပြီး သီးချင်တွေချည်းရေးနေသည့် ခပ်တေတေကောင်လေးတစ်ယောက်ကို ငွေပိုးအိမ်ရဲ့အနားမှာ တွေ့နေရတာ ဟာမိုနီမဖြစ်ဘူးဟု ပိုးရဲ့သူငယ်ချင်းတွေက ပြောပေမဲ့ ပိုးကိုယ်တိုင်က သူ့ရဲ့ အရိပ်ကလေးကို မြင်တွေ့နေချင်ခဲ့သည်။

ဘယ်လောက်ထူးဆန်းလဲနော် ...

ငွေပိုးအိမ်သည် အိမ်ထောင်ရေးကို ကွန်ပျူတာထဲထည့်တွက်သလို အမြင့်ဆုံးတွေကိုချည်း မျှော်လင့်မထားပေမဲ့ အချစ်ကို ကိုးကွယ်ချင်သည့် မိန်းမတွေကိုတော့ ကွယ်ရာမှာ လှောင်ပြုံးလေး ပြုံးဖြစ်ခဲ့သည်ချည်းပင်။ ပြီးတော့ ယောကျ်ားတွေကိုလည်း အယုံအကြည်မရှိခဲ့။ ယောကျ်ားတိုင်းဟာ တစ်ကိုယ်ကောင်းဆန်ချင်သူတွေသာ ဖြစ်သည်ဟု စွဲမြဲယုံကြည်ခဲ့သည်။





အဲသည် တစ်ကိုယ်ကောင်းဆန်မှုသည် သူနှင့်မဆုံတွေ့ခင် အချိန်အထိ ငွေပိုးအိမ်နှင့် နည်းနည်းလေးမှ မသက်ဆိုင်ခဲ့။ ဘယ်လိုလူမျိုးကိုမှ အိမ်ထောင်ဖက် ဖြစ်စေရမည်ဟူသော ကြံစီစိတ်ကူးယဉ်ထားတာမျိုးလည်း မရှိသည်ကြောင့် ယောကျ်ားတွေအပေါ် ချစ်ခင်စိတ်၊ မုန်းတီးစိတ် ဘာဆိုဘာမှ မရှိ။

ခုတော့ ...

အေးစက်သည့် မျက်နှာနှင့် ကောင်လေးတစ်ယောက်ကြောင့် ... ။

သည်ကောင်လေးကို စ,ပြီးမြင်ဖူးတော့ နုနယ်လှသည့် မျက်နှာပေါ်က အေးစက်သည့် အရိပ်သည် သူနှင့်မလိုက်ဖက်အောင် ထင်မိ၏။ သူ့မျက်နှာလေးက ကလေးဆန်သလောက် သူ့မျက်ဝန်းတစ်စုံကတော့ အေးစက်စိမ်းလဲ့နေသည်။ အဲသည့် မျက်ဝန်းအေးအေးတစ်စုံနှင့် အကြည့်ခံရသည့်အခါ ခန္ဓာကိုယ် သွေးကြောတွေထဲ သူ့မျက်ဝန်းတွေဆီက ကူးစက်လာသည့် အအေးဓာတ်က စီးဝင်သွားသလို ထင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆံပင်တွေက လည်ကုပ်ထောက်အောင်ပင် ရှည်လျားနေသည်မို့ နုနယ်သည့် မျက်နှာလေးကိုပင် သတိမထားမိလောက်အောင် အုပ်ကွယ်နေသည်။ လည်ပင်းရှေ့မှာ မီးသဂ္ဂာန့် အခွဲလေးပါသည့် တီရှပ်ပွပွလက်ရှည်နှင့် ဂျင်း(န်)ဘောင်းဘီကတော့ လူငယ်စတိုင်လ်။ သူ့ရဲ့အသက်အရွယ်နှင့်လိုက်ဖက်လှသည်။ စ,ပြီးမြင်မြင်ချင်း ဘယ်လိုကောင်စားမျိုးလေးပါလိမ့်ဆိုသည့် အတွေးမျိုးဖြင့် သူ့ကို လူတိုင်းစိတ်ဝင်တစားကြည့်မိကြလျှင် သေချာတာက သူ့မျက်လုံးများကြောင့် ဖြစ်ပါလိမ့်မည်။ ငွေပိုးအိမ်သည်လည်း သူ့ကို သည်လိုအတွေးမျိုးဖြင့်သာ စိတ်ဝင်တစားကြည့်မိခဲ့ခြင်း ဖြစ်သည်။

အဲသည့် အကြည့်လေးတစ်ချက်က စ,ပြီးမှားယွင်းခဲ့တာ ...

မှားယွင်းခဲ့တာလို့ပြောမိလျှင် ကောင်လေးကို အားနာရသည်။

ငွေပိုးအိမ်ရဲ့ ဘဝအတွက်ဆိုလျှင် မှားယွင်းခဲ့သည်ဟု ပြောရမည်လား။ တကယ်တော့ ပိုးထက်သုံးနှစ် ပိုငယ်သောကောင်လေးတစ်ယောက်ကို ချစ်မိခဲ့ဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ဘူးပါ။

နိုင်ငံခြားမှာရှိနေသည့် သူငယ်ချင်းများထံအီးမေးလ်





သို့ စိမ့်တို့ အိမ်သို့ ခဏရောက်စဉ်မှာ သူနှင့်စတင်ဆုံခဲ့ရသည်။ ပိုးထံမှာ ကွန်ပျူတာရှိပေမဲ့ အီးမေးလ်ချိတ်မထားပါ။ စိမ့်တို့အိမ်ကဦးတို့နှင့် အနီးဆုံး အီးမေးလ်ဝန်ဆောင်မှုဌာနဖြစ်သည်။ စိမ့်တို့ အိမ်သို့ တစ်လမှာ နှစ်ကြိမ်လောက်တော့ ပိုးရောက်ရသည်။ ပိုးသည် စိမ့်ရဲ့ မောင်လေးနှစ်ယောက်နှင့်ပင် ခင်မင်ရင်းနှီးနေပြီး စီးရီးသွင်းဖို့ သူတို့ ခဏခဏ လေ့ကျင့်နေသည့် သီချင်းတွေကိုလည်း နားယဉ်နေပြီ။

ကောင်လေးကို စိမ့်မောင်လေးတွေရဲ့ သူငယ်ချင်းအဖြစ် စ,တင်သိကျွမ်းခဲ့ရခြင်း ဖြစ်ပါသည်။

သူ့နာမည်က ကိုးလ်တဲ့ ...

ဘယ်လိုကြီးပါလိမ့်ဆိုပေမဲ့ အဲသည်လို အခေါ်က သူနှင့် သိပ်ကို လိုက်ဖက်သည်ဟု စိတ်ထဲမှာ ကျေနပ်မိသည်။

ဟုတ်သားပဲ ...

ကိုးလ်လို့မှ မခေါ်ရင် သူ့ကိုဘယ်လိုခေါ်မှာလဲနော်။

"ဒီအစ်မက နိုင်ငံခြားဘာသာ တက္ကသိုလ် အင်္ဂလိပ်စာဌာနမှာ ဆရာမ ... ငါတို့ အခွေထွက်ရင် တိပ်နဲ့ စီဒီတစ်ခွေဝယ်ဖို့ အာမခံပြီးသား ..."

ဆိုပြီး စိမ့်မောင်လေးတွေက ခပ်ရွှတ်ရွှတ် မိတ်ဆက်ပေးတော့ အေးစိမ့်နေသည့် သူ့မျက်လုံးတွေထဲ အရောင်



www.burmeseclassic.com

www.burmeseclassic.com



အချိန်တယ် ပြောင်းသွားခဲ့တာကို ပိုးက မမေ့နိုင်ခဲ့။ မျက်လုံးတွေနဲ့ စကားပြောတတ်သူလို့ သူ့ကို နားလည်ခဲ့သည်။ နှုတ်ခမ်းတွေက ပြုံးနေပြီး ခေါင်းညိတ်ရုံကလွဲပြီး စကားတစ်ခွန်းမှ မဆိုခဲ့။ သည်လို ကောင်လေးက ဘယ်လိုများ ငွေပိုးအိမ်ရဲ့အနားရောက်လာပြီး အရိပ်တစ်ခုလို မြဲမြဲနေခဲ့သည်ဆိုတာ မယုံနိုင်စရာပင် ကောင်းလှသည်။

အေးစက်စက်နှင့် မထူးခြားလှသည့် အခြေအနေတစ်ခုမှာ ပိုးတို့နှစ်ဦးရပ်တည်ခဲ့တာကြာပြီ။ စောင့်ကြည့်နေကြသူတွေပင် ငြီးငွေ့ကုန်ပြီထင်ပါရဲ့။ ပိုးကတော့ သူနှင့်စပြီး ဆုံတွေ့ခဲ့ရသည့်နေ့ကာ သူ့သဏ္ဌာန်ကိုပင် အသေးစိတ်မှတ်မိနေလောက်အောင် သူ့အပေါ်မှာ စိတ်အာရုံစွဲမြဲခဲ့သည်။

ပြီးတော့ သူ့ကို မျှော်လင့်ခဲ့ရပါသည်။

"မင်းနဲ့ပထမဆုံး စပြီး ဆုံရတဲ့နေ့က ... မင်း ဘာအဝတ်အစား ဝတ်ထားတယ်ဆိုတာကို ခုထိမျက်စိထဲမှာ မြင်နေ





တုန်းပဲ ... ထူးတော့ ထူးဆန်းတယ် ... ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်ဘူး။ တကယ်တော့ မ,က ယောကျ်ားတွေကို မယုံကြည်တတ်တဲ့သူပဲ ... အထူးသဖြင့် ကိုယ့်ထက် အများကြီး ငယ်တဲ့ကောင်လေးတစ်ယောက်ပေါ်မှာဆိုပြီး မယုံသင့်ဘူးနော် ..."

သူက ခုံတန်းလျားလေးရဲ့ကျောမှီမှာ စိတ်ချလက်ချ မှီပစ်လိုက်ပြီး လည်ဆွဲတိုင်ကို မော့ထားလိုက်သည်။

"သုံးနှစ်ထဲပါ မ,ရာ ..."

သူပြောခဲ့သည့် စကားတစ်ခွန်းတည်းပါပဲ။ ပိုးက သူ့ကို စကားတွေ အများကြီး ပြောစေချင်မိသည်။ ဘယ်လိုအကြောင်းအရာပဲဖြစ်ဖြစ် သူပြောသည့် စကားတွေထဲ နှစ်ခြိုက်စိတ်ဝင်စားဖို့ကြိုးစားနိုင်ပါသည်။

ဒါပေမဲ့ သူက ငွေပိုးအိမ်ရဲ့ မျက်နှာကိုပဲ ငေးငေးမောမော စိုက်ကြည့်နေခဲ့သည်။

အင်းလျားရေပြင်သည် နေရောင်အောက်မှာ တလျှပ်လျှပ်တောက်ပနေပြီး အဲသည် တောက်ပမှုကြောင့်ပင် ရွှန်းမလပ် လှုပ်ရှားနေသည့်လှုပ်ရှားမှုကို ခံစားရစေ၏။ အင်းလျားရေပြင်က လှိုင်းကြက်ခွပ်ကလေးတွေလိုပင် ပိုးရဲ့ ရင်ထဲမှာလည်း ဘဒိတ်ဒိတ်ခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုံးနှစ်ဆိုတဲ့ ကာလဟာမှာ ... တို့အတွက်တော့ သိပ်ပြီး
ကြီးကျယ်ခမ်းနားလွန်းနေတယ် ... "

"ဟုတ်တယ် ... မ,အဲဒီလို ပြောမှာကို ကျွန်တော်သိနေပါ
တယ် ... "

"သိနေတယ် ... "

သူက ပိုးကို မကြည့်ဘဲ ဆက်ခနဲ ခေါင်းညိတ်သည်

"ကျွန်တော် မ,ကို မပြောဖြစ်ခဲ့တဲ့အထဲမှာ အဲဒီအကြောင်
အရာလည်း တစ်ခုပါတယ် ... မ,အနေနဲ့ ကျွန်တော့်ထက်
အသက်နည်းနည်းပိုကြီးရတာကို စိတ်ကသိကအောက်ဖြ
နေမလားလို့ပေါ့ ... အဲဒီအတွက် မ,စိတ်ထဲမှာ အနှော
အယှက် မဖြစ်အောင် ကျွန်တော် ဘယ်လိုလုပ်ပေးရပါမ
လို့ အမြဲတမ်းစဉ်းစားမိတယ် ... ပြီးတော့ ... ကျွန်တော်
အတွက် အချစ်ဆိုတာ ... စိတ်ကူးယဉ်စရာ ကောင်းပေ
မ,ကတော့ ... ဒီလို ဟုတ်ချင်မှ ဟုတ်မယ် ... မ,ဟ
အရာရာမှာ လက်တွေ့ကိုပိုပြီး ဦးစားပေးတတ်တယ်လေ
လောလောဆယ်မှာ ... ကျွန်တော့်တစ်ယောက်တည်
အတွက် လူတန်းစေ့အောင် ရပ်နေရတဲ့ အခြေအနေ
မ,လည်း သိနေမှာပဲ ... ချစ်တာ တစ်ခုတည်းသိတယ်
တာမျိုး သိချင်းချည်းဆိုနေလို့ မရဘူး ... မ,အတွ





ကျွန်တော် ဘာလုပ်ပေးနိုင်မလဲဆိုတာ စဉ်းစားရတယ် ... စဉ်းစားရင်း စဉ်းစားရင်းနဲ့ ကျွန်တော် လုပ်သမျှလည်း ဘာမှ မအောင်မြင်တော့ မ,အနားမှာပဲ တဝဲလည်လည်နဲ့ မပြော ဖြစ်ခဲ့ဘူး ... ဒါပေမဲ့ဗျာ ... မ,ကိုတော့ တခြားသူတစ် ယောက်ရင်ခွင်ထဲ ရောက်သွားမှာ ကျွန်တော် သဝန်တိုမိ တယ် ... တကယ်တန်း ကြုံလာတော့ ခံနိုင်ရည်မရှိဘူး ... မုန်းရင်လည်းမုန်း ... ငြင်းချင်လည်းငြင်း ... အစိမ်းဖြတ်ပဲ ဖြတ်ရတော့မှာလို့ ... ခုတော့ ... ဖော်သေးတာပေါ့ ... ကျွန်တော် နောင်တရနေတာမျိုး မဖြစ်ရတော့ဘူး ... "

ပိုးသည် စကားတွေ အရှည်ကြီးပြောနေသည့် သူ့ကို ထားတွေငေးစိုက်ကြည့်နေမိ၏။

"ဒီလိုတော့လည်း မဆိုးပါလား ... "

"ဗျာ ... "



www.burmeseclassic.com

"မင်းက အေးစက်စက် မထုံတတ်တေးနဲ့မို့ ..."

"အဲဒီလို ဆရာမလေသံနဲ့ မပြောစမ်းပါနဲ့ဗျာ ..."

"ဟော့တော် ... ဘယ်လို ပြောရမှာလဲ ..."

"ကျွန်တော်က စကားကောင်းကောင်းမပြောတတ်ပေမဲ့ ... စိတ်ကူးတွေက သိပ်နုတယ် ... သိတယ် မဟုတ်လား ... ပြောချင်တာတွေက သီချင်းတွေထဲ ရောက်ရောက်သွားတာ ... ကိုယ့် ချစ်သူဆီက အယူအယကိုတော့ အရမ်းလိုချင်တယ် ..."

တော်တော်လည်း လူလည်ကျတတ်သည့် ကောင်လေးပါလား။

ပိုးသည် ကောင်းကင်ကြီးကို မော့ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်မိသည်။ ရင်ထဲမှာ ကြည်နူးပျော်ရွှင်ရသည့် စိတ်ခံစားမှုသည် တစ်သက်တာလုံးအတွက် မမေ့နိုင်စရာကောင်းသည့် အသစ်အဆန်း ဖြစ်နေသည်။

"တကယ်တော့ ... ကျွန်တော်က မ,အတွက် ကျွန်တော့ဘက်က ဖြည့်ဆည်းပေးနိုင်မဲ့ တစ်ခုခုရှိမလာမချင်း ဖွင့်မပြောဘူးလို့ စဉ်းစားခဲ့တာပါ ..."

"ဘာကို ဖြည့်ဆည်းပေးမှာလဲ ..."

"မ,ရဲ့ဘဝအတွက် ဘာမှမလိုအပ်ဘူး ..."





"ဒါပေမဲ့ ... မ,ရဲ့ချစ်သူတစ်ယောက် နေရာကနေ အိမ်ထောင်ဦးစီးတစ်ယောက်နေရာယူမယ်ဆိုရင်တော့ တစ်ခုခုတော့ ရှိမှာမဟုတ်ဘူးလား ... ဒါ သဘာဝတရား မဟုတ်ဘူးလား ... တစ်ချိန်ချိန်မှာ မ,ပြောလာခင် ကျွန်တော်ကကြို စဉ်းစားထားရမှာပေါ့ ..."

"ဟုတ်ပါပြီ ... ခု မင်းက ဘာလုပ်ဖို့စဉ်းစားထားလဲ ..."

"ကျွန်တော်လား ... သီချင်းတွေ ရေးထားတယ်လေ ..."

"ဟင် ..."

"ကျွန်တော့ ရည်ရွယ်ချက်ကတော့ ... အောင်မြင်တဲ့ဂီတယ်လ်လစ်ဂ်ဖြစ်ဖို့ပဲ ... ဒါပေမဲ့ ... အဲဒါက မ,နဲ့မတွေ့ခင်ကတည်းက ရှိခဲ့တဲ့ရည်ရွယ်ချက် ... ဒါအပြင် မိန်းမတစ်ယောက်ရဲ့ အသိုင်းအဝိုင်းက လက်ခံဖို့ ကျွန်တော်ဘာလုပ်ရဦးမလဲ ... ကျွန်တော် လေ့လာခဲ့တဲ့ ဘာသာရပ်နဲ့ ပိုက်ဆံရအောင် ရှာရဦးမှာပေါ့ ..."

ပိုးဘာမှ မပြောတတ်တော့ပါ။

ဒါတွေ ပြောဖို့ အချိန်စောလွန်းပါသေးတယ်လို့ ပိုးပြော ချင်ပါ၏။ သို့ပေမဲ့ ငွေပိုးအိမ်သည် မိုက်မိုက်မဲမဲပင် အချစ်ကိုသာချည်း သက်သက်ကို ခံစားချင်သည့် မိန်းကလေးတစ်ယောက် ခုချိန်မှာ ဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စာစောင်းမြင်ရသည့် သူ့မျက်နှာကို၊ သူနှာတံစ
စင်းကို၊ အောက်ဖက်လွှာမှာ ခပ်တွဲတွဲထူထူ သူ့နှုတ်ခမ်းကို နော
ဆုံးအားစက်သော်လည်း လျှို့ဝှက်နက်ရှိုင်းသည်ထင်ရသည့်
မျက်ဝန်းတွေကိုပဲ ငေးကြည့်ရင်း တစ်နေ့တာ အချိန်တွေ ကုန်
သွားချင်သည်။

တစ်ကြိမ်တစ်ခါမျှပင် မိုက်မဲသော မိန်းကလေး
ယောက်မဖြစ်ခဲ့ဘူးသော ငွေပိုးအိမ်သည် ကိုယ့်ကိုယ်ကိုယ် အံ့
လောက်အောင်ပင် အချစ်ဆိုသည့် ခံစားမှုမှာ ပျော်ဝင်လျက်
မှုးတွေဝေနေခဲ့တော့သည်။





မှတ်မှတ်ရရပင် အငြှထင်တော့်က ငွေပိုးအိမ်ရှိနေ
သည့် နိုင်ငံခြားဘာသာ တက္ကသိုလ်ရဲ့ အင်္ဂလိပ်စာဌာနသို့ တစ်ကြိမ်
ရောက်ခဲ့ဖူးပါသည်။ မိန်းကလေးအများစုက စိတ်ဝင်စား၊ အသိ
အမှတ်ပြုခြင်းခံရလောက်အောင်ပင် သူ့ရဲ့အသွင်သဏ္ဌာန်က
ပေါ်လွင်ထူးခြားပါသည်။ တကယ်တော့ သူက စန္ဒီဝိုက်ပုံပြင်ထဲက
မြင်းဖြူကြီးစီးပြီး ရောက်လာသည့် မင်းသားလေးလို မိန်းကလေး
တွေအတွက် စိတ်ကူးယဉ်ဖွယ် ခံစားမှုကို ပေးစွမ်းနေသည်။

ပန်းရောင်ဖျော့ဖျော့ ရုပ်လက်ရှည်၊ စတိုင်အောင်းဘီ
မီးခိုးရောင်ရင့်မှိုင်းမှိုင်းနှင့် သပ်ရပ်သန့်ပြန့်နေသည့် အဲသည့်
ချောင်းသားလေးကို ပိုးရဲ့ သူငယ်ချင်းတွေက သေချာသတိ
ထားမိကြပါသည်။ ပိုးရဲ့ ရင်ထဲမှာ မျက်ဝန်းအေးအေးများဖြင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တတ်သည့် ကောင်လေးတစ်ယောက်သာ ရှိမနေခဲ့ဘူးဆိုလျှင်တော့...

အို ...

အချစ်ဆိုတာဟာ သိပ်ကို ဆန်းကျယ်တာပါပဲနော်။

ပိုးသည် အံ့သြသော ခံစားမှုဖြင့်သာ သူ့ကိုဆီးကြိုနိုင်ခဲ့ပြီး သည်လို လူမျိုးတစ်ယောက်အတွက် သူငယ်ချင်းတွေ ရှေ့မှာ ဂုဏ်ယူလိုစိတ်လည်း စိုးစဉ်းမျှမရှိခဲ့။

ဘာကြောင့်ဆိုတော့ ငွေပိုးအိမ်သည် အဂ္ဂရဲ့မျက်လုံးတွေထဲမှာ မိန်းကလေးတစ်ယောက်အတွက် ဒါမှမဟုတ် ပိုးအတွက် လိုက်လိုမှုတစ်စုံတစ်ရာကို ရှာဖွေမတွေ့နိုင်ခဲ့သောကြောင့် ဖြစ်လေသည်။ တကယ်တော့ အဂ္ဂဟာလည်း အချစ်ဆိုတာကို မယုံကြည်တတ်သူ ဖြစ်မှာပါ။ သည်တော့လည်း ပိုးတို့နှစ်ယောက်ကြားမှာ နူးညံ့သည့် ဆက်နွယ်မှုတစ်ခု ဘယ်လို ရှိနိုင်တော့မှာလဲ။ ပိုးရဲ့ကျောင်းကို တစ်ကြိမ်သာသူရောက်လာခဲ့ပြီး သူရောက်ခဲ့ရသည့် အကြောင်းပြချက်ကလည်း သိပ်ကို ရိုးစင်းပါသည်။

ဖေဖေမှာထားသည့် ပြစ်ခြေးလျက စာအုပ်တွေ ရောက်လာသည်မို့ ...





"မှာလိုက်တဲ့ ရက်(ပ်)စလည်း ... ဒီအင်းလျားလမ်းထဲမှာပဲ အိမ်ငှားနေတာဆိုတော့ ... ငွေပိုးအိမ်ကို တွေ့ရင်တစ်ခါတည်း ပေးလိုက်ရတယ်ဆိုပြီး ဝင်လာကြည့်တာ ... အိမ်ကိုလာပေးဖို့ဆိုရင် ... အလုပ်နည်းနည်းပါးတဲ့ရက်ကို စောင့်နေရမယ်လေ ... စောစောရတော့ အန်ကယ်လ်စောစောဖတ်လို့ရတာပေါ့ ..."

"ဟုတ်တာပေါ့ ... ဟုတ်တာပေါ့ ... ကျေးဇူးတင်ပါတယ်နော် ..."

"မလိုပါဘူးဗျာ ..."

"လိုတာပေါ့ ... ဒီလောက် ဈေးကြီးတဲ့စာတွေမှာပေးတာ"

ကျေးဇူးတင်ရမဲ့သူတွေမှ မဟုတ်တာ ဘာညာတွေ မလာခင် ပိုးက ကြိုပြီး ဝိတ်ထားနှင့်ရသည်။ လူကြီးတွေရဲ့ သဘောထားဆိုတာကို သူလည်း ဇွတ်ရှားအရသာနှာခံလိုက်ရပုံပဲ။ ပြီးတော့ သူက မိန်းမတစ်ယောက်ပိုးပန်းဖို့ အချိန်ပေးရတာမျိုးကို အတော် စိတ်မရှည်တတ်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီတစ်ခွက်တော့ သောက်သွားပါဦးနော် ... ကျွန်မ ဧည့်ဝတ်ပြုပါရစေ ..."

ဆိုတော့ သူက အားမနာ ပါးမနာပင် ခါးခါးသီးသီး ငြင်းသည်။

"ဟာ ... နေပါစေ ... မလိုပါဘူးဗျာ ..."

"မဟုတ်ဘူးလေ ... ကော်ဖီလေးတစ်ခွက်တောင်မှ မတိုက်ရတာ ..."

"ကျွန်တော် အချိန်မရလို့ပါ ..."

"ဪ ..."

သူက တကယ့်ကို ရေးကြီးသုတ်ပျာဖြစ်နေပုံဖြင့် မတ်တတ်ရပ်လိုက်သည်။

"တကယ်ပါ ... ကျွန်တော် အပွိုင့်မင့်(န်)လေးတစ်ခု ရှိနေလို့ ..."

ဆိုပြီး အယ်ဘက်လက် ရိုးလက်စ် နာရီကိုမြှောက်ကြည့်လိုက်သေးသည်။

"ကဲ ... မောင်မင်းကြီးသား ကြွပေရော့ ..."

ပိုးရဲ့ စိတ်ထဲမှာ ပယ်ပယ်နယ်နယ် နှာခေါင်းရှုံ့ပစ်လိုက်သည်။

"ဒါဆိုလည်း သွားတော့နော် ... ကျွန်မအောက်အထိ လိုက်





မပို့တော့ဘူး ..."

"ရပါတယ် ... သွားမယ်နော်"

ဖြစ်မှ ဖြစ်ရလေ။

သည်လို လူမျိုးကို (ခေါင်းထဲမှာ စီးပွားရေးကလွဲပြီး မထည့်ထားတတ်သည့် လူမျိုးကို) ငွေပိုးအိမ်က ဘယ်လို ချက်မျိုးဖြင့် လက်ခံခေါင်းညိတ်ရပါမလဲ။ ဒါပေမဲ့ တစ်ချိန်က အချစ်ကို မယုံကြည်ခဲ့သော မိန်းကလေးသည့် အဲသည်လို ချက်ကင်းမဲ့ပြီး ယောကျ်ားတစ်ယောက်ရဲ့ တစ်ကိုယ်ကောင်း မပြည့်အဝရှိသော ယောကျ်ားမျိုးကို ချိုးမွမ်းခဲ့ဖူးသည်။ မိန်းမ ယောက်အတွက် မျက်ရည်ကျလောက်အောင် လွမ်းဆွေးမှုနဲ့ သော ယောကျ်ားကို ပိုးက အထင်မကြီးတတ်ပါ။

ဒါပေမဲ့ အချစ်သည် အထင်ကြီးခြင်း အထင်သေး နှင့် ဘာမှအဆိုင်းအတာအထိ ဆက်စပ်ပတ်သက်နေသည် ဦး စိုးသေးပါ။

သူငယ်ချင်းတွေက သူမြန်သွားသည်နှင့် ပိုးအနား ထိုင်ကြပြီး မိန်းကလေးတွေ ပီသစွာ စပ်စုကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဂ္ဂထင်ကျော်ဆိုတာ သူလား ..."

သည့်အမေးကို ခေါင်းညိတ်မိသည့် ငွေပိုးအိမ်
မသိစိတ်ထဲမှာ ဂုဏ်ယူဝင့်ကြွားလိုခြင်း အနည်းငယ်ရှိနေမလား
တော့ ကိုယ်တိုင်မသိပါ။ အဂ္ဂထင်ကျော်လို ယောက်ျားမျိုးကို ခင်ပွ
လျှော်းအဖြစ် လက်ခံရသည်ဆိုလျှင် ဘယ်မိန်းကလေးက မ
နိမ့်အံ နေမှာလဲ။

"အမှယ်လေး ... သိန်မြန့်လိုက်တာနော် ... ဆိုက်ထ
ကောင်းလိုက်တာ ..."

"ပြီးတော့ ... မျက်လုံးတွေက သိပ်တည်ကြည်တယ်

သစင်နဲ့ စန်းစန်းဝေ့ရဲ့ အားကျသည့် စိတ်ရှု
ချင်သည့် အရိပ်တွေ ထင်ရှားနေသည့် မျက်လုံးတွေက ငွေပိုးအိ
တိုက်ရိုက်ရောက်လာခဲ့သည်။ ပြီးတော့ မိန်းကလေးသုံးယော
သည် ဆယ်ကျော်သက်ကလေးတွေလို ခပ်ကျိတ်ကျိတ် ရယ်မေ
ကြ၏။ ဝရော်မက်ဆာ ရုံးခန်းအနားမှာမို့ ခပ်ကျယ်ကျယ် ရယ်မေ
အခွင့်အရေး မရကြပါ။

"နင်ကလည်းဟယ် ... ဒါတို့နဲ့တောင် မိတ်မဆက်ပေး





သစင်က မကျေမနပ် ပြောသည်။

"ဟွန်း ... ကော်ဖီသောက်ဖို့တောင် ခေါ်လို့မရတာ ... ဘယ်နှယ်လုပ် မိတ်ဆက်ဖို့ အချိန်ရပါ့မလဲ ... ကိန်းကြီးခန်းကြီး နိုင်လိုက်တာ ... အဲဒါတွေကို သဘောမကျတာ ရှပါ ..."

"အို ... ငါတော့ သဘောကျတယ် ... မိန်းကလေးတွေရှေ့မှာ တဟဲဟဲနဲ့သွားဖြီးကြီး လုပ်နေတဲ့ ကောင်တွေထက်စာရင်တော့ ... ဒီလို လူမျိုးကို ပိုပြီးသဘောကျဖို့ ကောင်းတာပေါ့ ... ဟုတ်ဘူးလား သစင်ရယ် ..."

စန်းစန်းဝေ့က သူ့အကြိုက်ကို အဖော်ညှိလိုက်သေးသည်။

"သူကတော့ ... ပိုကို ပိုလွန်းပါတယ် ... တမင်ပဲများနေတာဟ ..."

"နင်ကလည်းဟယ် ... သူ တကယ်မအားတာလည်းဖြစ်မှာပါ ... ကုမ္ပဏီမန်နေးဂျင်း ဆိုတော့ ... ဒီလောက်တော့ ရှိမှာပေါ့ ..."

"မိန်းမတွေ ... ဖြစ်နေကြတာ ဖြစ်နေကြတာ ... အဲဒါက ဘယ်လိုဖြစ်နေကြတာလဲ ... တကတည်း နင်တို့နဲ့သာ ပေါင်းစားလိုက်ချင်တော့တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အို ... ပေးစားလိုက်တော့ ယူပြီးသားပဲ ..."

သစင်က သူ့ဘာသာပြောပြီးမှ သဘောကျလျက် ခွီခနဲ ကျိတ်ရယ်သံ ထွက်လာသည်။ သုံးယောက်သွားတစ်ယောက် နှင့်တစ်ယောက် လက်တို့ အရိပ်အခြေပြ ဖြေရှိုသော ပြုံးကြရ၏။ ငွေပိုးအိမ်၏ အိမ်ထောင်ရေးကိစ္စသည် ခုတလောမှာ ရှေ့တန်းတင် ဆွေးနွေးစရာ အကြောင်းအရာသစ်တစ်ခု ဖြစ်နေခဲ့သည်။

"နေစမ်းပါဦး ... ဒီလို လူတစ်ယောက်ကို မိဘက ရှာပေးတာတောင် နင်က မလိုချင်ဘူးဆိုတာ ... တော်တော် မိုက်မဲတဲ့ ကိစ္စပဲ မိပိုးရဲ့ ... နင် စဉ်းစားကြည့်စမ်း ... နင့်ရဲ့ ကိုးလ်လေးနဲ့ ယှဉ်လိုက်ရင် ... ဒီလူဟာ နင့်အတွက် ရွေးချယ်သင့်တဲ့ လူမဟုတ်ဘူးလား ... နင့်ရဲ့ ပညာဉာဏ်ရာထူး ဂုဏ် မိဘအရှိန်အဝါနဲ့လည်း လိုက်ဖက်တယ် ... မှီခိုအားထားလောက်တဲ့ အရည်အချင်းလည်း ရှိတယ် ... နင်ဘာဖြစ်လို့ အတွေးချော်နေရတာလဲ ..."

စကားဝိုင်းသည် ရုတ်တရက် တိတ်ဆိတ်သွား၏။ အရယ်မျက်လုံးတွေက ချက်ချင်းအရောင်ပြောင်းသွားသည်။ ပိုးသည် စန်းစန်းတွေးရဲ့ စကားတွေကို တုံ့ပြန်ဖို့ အကြောင်းပြချက် တစ်ခုကိုမှ ရှာမတွေ့နိုင်ခဲ့။ ပြန်လည် ငြင်းဆန်ဖို့လည်း အကြောင်းပြချက် မရှိ။ သို့ပေမဲ့ ရင်ထဲမှာတော့ ကိုယ့်ဘာသာ သိနေသည်။





အဲဒါဟာ အချစ်ပေါ့ ...

သူငယ်ချင်းတွေ ရှေ့မှာ အဲသည့်အကြောင်းပြချက်ကို ချပြ၍ သင့်လျော်ပါမည်လား မသိ။

"ဟုတ်တော့ ဟုတ်တယ်ပိုး ... နင့်ကောင်လေးက နင့်ထက်လည်း ငယ်သေးတယ် ... ပြီးတော့ ကိုယ်ပိုင်စီးပွားရေးလည်း မရှိသေးဘူး ... ကုမ္ပဏီဝန်ထမ်းဆိုတော့ ... အေးလေ ... နင်ကတော့ အချစ်ဆိုတာကိုပဲ အကြောင်းပြမှာပေါ့ ဒါပေမဲ့ ... နင် စဉ်းစားဖို့က တို့မိန်းမသားတွေဆိုတာ တစ်သက်မှာ တစ်ခါပဲ ရွေးချယ်ခွင့်ရှိတယ်နော် ... နင် အရှုံးအမြတ်မများစေနဲ့ ... တို့က စေတနာနဲ့ပြောတာ ..."

သစင်က ပလတ်စတစ်ခြင်းထဲမှစတီးလ်ထမင်းချိုင့်ကို ထုတ်ပြီး စားပွဲပေါ်တင်သည်။ သည်အကြောင်းအရာနှင့် ဆက်သက်ပြီး နောက်ထပ်ပြောစရာ မရှိတော့ဘူးဆိုသည့်သဘော။ အမြဲတမ်း ပွင့်လင်းရဲတင်းခဲ့သည့် ငွေပိုးအိမ်သည် သည်ကိစ္စမှာ အကြောင့်များ ပြောစရာစကားရှားပါးနေရပါလိမ့်။

"ဟုတ်တယ် ... ငါက တစ်သက်လုံး ကိုယ့်ကိုယ်ကိုယ် မမှားယွင်းနိုင်ဘူးလို့ ထင်ခဲ့တာ ... ဒါပေမဲ့ ဒီကောင်လေးနဲ့တွေ့မှ ငါဘယ်လိုဖြစ်မှန်းမသိဘူး ... အချစ်ဆိုတာ ဖန်တီးယူလို့ မရဘူးဆိုတာ တကယ်မှန်တယ် ... ကိုးလ်အပေါ် ငါ့စိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အချစ်မျိုးနဲ့ တခြားယောက်ျားကိုမှ ချစ်လို့မရတော့ဘူး ...

"သွားပြီ ... သွားပြီ ... ဆေးမမီတော့ဘူး ..."

ပိုးရဲ့စကားကို သူငယ်ချင်းတွေက ရယ်စရာသတ် သတ် သဘောထားကြသည်။ ပိုးကိုယ်တိုင်ကရော သိပ်ချစ်နေမိသည်ဟု ယုံကြည်သော ချစ်သူတစ်ယောက်အတွက် ဘယ်အတိုင်း အတာအထိ စွန့်လွှတ်နိုင်မှာလဲ။ ဘယ်လောက်ထိ စွန့်စားနိုင်မှာလဲ

ငွေပိုးအိမ်ရဲ့ အဓိကို ဘယ်တုန်းကမှမချုပ်ချယ်ခဲ့ သည့် မိဘများကရော သည်တစ်ကြိမ်မှာ ပိုးရဲ့ရွေးချယ်ဆုံးဖြတ်မှု ကို လိုက်လျောနိုင်မှာလား။

"တို့တော့ ... ရင်ထဲမှာ အချစ်တွေနဲ့ပြည့်မနေဘူးနော် ... ဒီတော့ ထမင်းဆာပြီပေါ့ ..."

သူငယ်ချင်းတွေရဲ့ လှောင်ပြုံးတွေအောက်မှာ ငွေပိုး အိမ် နှုတ်ဆိတ်ငြိမ်သက်နေခဲ့သည်။

❀❀❀

"ထမင်းစားဖိတ်ထားတယ်ဆိုတော့ ... ဘယ်လို အစီအစဉ် လဲမမေ ..."





ပိုးရဲ့ အမေးစကားကို မေမေက ချက်ချင်းမဖြေဘဲ ဆိတ်ငြိမ်ပြုံးလေး ငြိမ်သက်နေခဲ့သည်။ အဲသည့်အပြုံးက ဘယ်လို အဓိပ္ပာယ်ဆောင်နေသည်မသိ။ ငွေပိုးအိမ်ရဲ့ စိတ်ထဲမှာ မေမေ ၏သည့်အပြုံးကိုပင် စဝေစဝါနှင့်စိတ်ထဲမှာ လေးပင်နေခဲ့သည်။ ရိုးစင်းသော အမည်နာမနှင့် လိုက်ဖက်အောင်မျှပင် မေမေ့မျက်နှာက ... ဆီပွင့်လှလေးတွေလို နူးညံ့နေသည်။ မိန်းမသားတစ်ယောက် ... အသွင်သဏ္ဌာန်စရိုက်လက္ခဏာပီသလှသော မေမေသည် ပိုးကို ... ည်အသက်အရွယ် ရောက်သည်အထိ တစ်ကြိမ်တစ်ခါမျှပင် ... နှက်ဆုံးမဖူးသည် မရှိ။ ဒေါသထွက်ကြီး ကြမ်းတမ်းသည်ကို မမြင် ... လောက်အောင်ပင် မေမေ့သည် မိန်းမပီသစွာ သိမ်မွေ့နူးညံ့သူ ... သည်။ ထို့ကြောင့် ငွေပိုးအိမ်ရဲ့ အိမ်ထောင်ရေးကိစ္စမှာလည်း ... မေ့ကို ပွင့်လင်းစွာ တိုင်ပင်ဖို့ မခဲယဉ်းဟု ယူဆရသည်။ သို့ပေမဲ့ ... ဘယ်တမ်း ဖွင့်ပြောရမည်ဆိုတော့ စိတ်လှုပ်ရှားမှုဖြင့် ပိုး တွန့် ... တ်နေခဲ့ပါသည်။

အချစ်ဆိုတာ တစ်ခုတည်းကို အားကိုးပြီး အိမ် ... ထောင်ဖက်ရွေးချယ်သည့် အတွေးအခေါ်မျိုး သမီးမှာရှိနေခဲ့သည်ဆို ... မေမေသိလျှင်ဖြင့် အတော်စိတ်ပျက်သွားမည်လား မသိပါ။

ကွန်မြူတာ ကုမ္ပဏီတစ်ခုရဲ့ ဆားဗစ်စင်တာ ... န်သမ်းဆိုတာထက်ပိုပြီး ပြောနိုင်သည့် အခြေအနေရောက်မှ ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



မြွေဒရမည်လား။

"ဘယ်လိုအချိန်မှာယ်လဲဆိုတာကို မေမေက ဖွင့်ပြောမှ သမီး သိတော့မှာလား ... မေမေ့သမီးက အဲဒီလောက်တောင် အမြော်အမြင်မရှိတဲ့ မိန်းမလား ... ငွေပိုးအိမ်ရယ် ... မေမေ ဘာပြောချင်တယ်ဆိုတာ ညည်းသိပါတယ် ..."

"ချည်ပြီး တုပ်ပြီးလုပ်ချင်တာလား ..."

"ဒီခေတ်ကြီးထဲမှာ အဲဒီလိုပုံစံနဲ့ ကိုင်တွယ်လို့ရတဲ့ သားသမီး မျိုး ရှိလို့လား ... မေမေတို့ ညည်းကို အတင်းအကျပ်မလုပ် ပါဘူး ... သမီးဖေဖေဆို ပိုတောင် မပြောသေးတယ် ... ဒါပေမဲ့လေ ဖြစ်သင့်တာကိုတော့ ညွှန်ပြရတာပေါ့ ... မေမေတို့ကတော့ ဖြစ်သင့်တယ်လို့ နှစ်ယောက်လုံးက ဆုံး ဖြတ်တယ် ... သမီးအနေနဲ့ လက်ခံသင့်တယ် ... စီးပွားရေး ကို ထည့်မစဉ်းစားနဲ့ဦး ... မျိုးရိုးဂုဏ်နဲ့ အကျင့်စာရိတ္တ အပိုင်းမှာ ဘာမှပြောစရာ မရှိဘူးနော် ..."

"ဒါပေမဲ့ ... သမီး အိမ်ထောင်မပြုချင်သေးဘူး မေမေ ..."

လေလောဆယ်မှာသည်အကြောင်းပြချက်က အသင့် တော်ဆုံး ဖြစ်မှာပါ။

မေမေ့ရဲ့ ချက်ခိုးသေးသေးနှစ်မက် ကုပ်ကျသွားပြီး လက်မှာ ကိုင်ထားသည့် နှစ်ချောင်းထိုးအပ်ကို ပလတ်စတစ်ခြင်း





လေးထဲသို့ ထည့်လိုက်သည်။ ပါဝါမျက်မှန်လေးကို ချွတ်ပြီး ကြိမ် ထိုင်ခုံဘေးက စားပွဲပုလေးပေါ်တင်လိုက်သည်။

"ညည်းကို ဘယ်သူက ချက်ချင်း အိမ်ထောင်ပြုခိုင်းလို့လဲ ..."

"အို ... မေမေတို့ပဲ ..."

"အသိအမှတ်ပြုထားရုံလောက်ပါ ... ကိုယ် လက်မထပ်ချင် သေးဘူးဆိုရင်လည်း ... ညှိနှိုင်းပြီး အချိန်ဆွဲထားလို့ရတာ ပဲ ..."

"အဲလိုကြီး ရှောင်ချိုင့်ထဲ ထည့်ထားတာကိုလည်း မကြိုက် ပါဘူး ..."

"တော်ပါတော့ မယ်မင်းကြီးမရယ် ... အကြောင်းပြချက် တွေက အမျိုးမျိုး ... ဘယ်လိုပဲဖြစ်ဖြစ် ... ဒီတစ်ခါ ဖိတ် ထားတာတော့ မသွားလို့ မကောင်းဘူး ... သူတို့ဘက်က လိုလိုချင်ချင် ရှိနေတုန်း ... အလိုက်သင့် ခေါင်းညိတ်ရတာ ဘယ်လောက်ကောင်းလဲ ... မေမေတို့လည်း စိတ်အေးရ မယ် ... မိန်းကလေးတစ်ယောက်ရဲ့ဘဝဟာ ပန်းကလေး တစ်ပွင့်လိုပဲ ... မရှုးမချေဘဲ အပင်ပေါ်မှာ ဘယ်လောက်ပဲ အလှကြည့်ထားချင်ပါတယ်ဆိုပေမဲ့လည်း ... မနွမ်းဘဲ မကြွေဘဲ နေတာမဟုတ်ဘူး ... အချိန်တန်တော့ နွမ်းခြောက် ကြွေရတာပဲ ... အဲဒီလို မကြွေခင် တန်ဖိုးထားတဲ့သူ လက်



www.burmeseclassic.com

www.burmeseclassic.com



ထဲကို ရောက်ပါမှ ...”

မေမေ့စကားဥပမာလေးက အတော့်ကို လှပပြီး စိတ်ကူးယဉ်ချင်စရာပါပဲ။ ဒါပေမဲ့ ငွေပိုးအိမ်သည် ချစ်သူကောင်လေးကို ဥပေက္ခာပြုထားလိုက်ပြီး ရင်ထဲမှာ နွေးထွေးလိုက်လှဲမှု မရှိသည့် ယောက်ျားတစ်ယောက်ကို လက်ခံလိုက်ရမှာ ဘယ်လိုမှ စဉ်းစားမရနိုင်အောင် ရှိသည်။

ကဲ ... နွမ်းချင်လည်းနွမ်း ...

ကြွေတော့လည်း ကြွေပါစေတော့ ...

ရင်ထဲက အစစ်အမှန် ခံစားချက်ကို ဖျက်နှာလွှဲပြီး ကိုယ့်ကိုယ်ကိုယ် လိမ်ညာပစ်ရမဲ့လောက် စက်ဆုပ်စရာကောင်းတာ မရှိဘူးဟု ငွေပိုးအိမ်ကတော့ ခံယူသည်။

“သမီးတော့ ... အဲဒီလူမှာလည်း သမီးအပေါ်ဘာခံစားချက်မှ မရှိဘူးလို့ထင်တယ်မေမေ ...”

ပိုးရဲ့ စကားအဆုံးမှာ မေမေက သိမ်မွေ့လှို့ဝှက်စွာ ပြုံးလိုက်ပါသည်။

“ဒါကတော့ သမီးတို့နှစ်ယောက်ဖန်တီးနိုင်ရမဲ့ အခြေအနေပဲလေ ... ခြေအိမ်ထောင်ရေးထဲမှာ သမီးတို့မကြာခဏ တွေ့နေသားပဲ မဟုတ်လား ... တစ်ယောက်သဘောတစ်ယောက် နားလည်အောင် လုပ်ဖို့အချိန်တွေ ရှိပါသေးတယ် ... မေမေ့စိတ်





ထင်တော့ ... ယောက်ျားလေးတစ်ယောက်ဟာ ... သူကိုယ်တိုင် မနှစ်သက်ဘဲနဲ့တော့ ... မိဘတွေရဲ့ အစီအမံ သက်သက်နဲ့ အိမ်ထောင်ပြုဖို့ကိစ္စကို မသိဟန်ဆောင်လက်ခံမှာ မဟုတ်ဘူး ... ဒီအရင်လည်း သူ့အမေက စီစဉ်ခဲ့ဖူးတာတွေ ရှိတာပဲ ... သူက ခေါင်းမညိတ်ခဲ့ဘူးတဲ့ ... အကြောင်းအမျိုးမျိုးပြပြီး ငြင်းခဲ့တာချည်းပဲတဲ့ ... သမီးကို မြင်တွေ့ပြီးတဲ့အချိန်မှာ သူ့အမေရဲ့ အစီအစဉ်ကို မငြင်းခဲ့ဘူးတဲ့လေ”

ဟုတ်နိုင်ပါ့မလား ... ။

သူ့မျက်လုံးတွေထဲက စိတ်အားထက်သန်မှုမှာ နှစ်ခြိုက်သည့် စိတ်ခံစားချက်တွေ မပါဝင်ဘူးလို့သာ ငွေပိုးအိမ်က ထင်မိပါသည်။ သူ့မျက်ဝန်းအရိပ်တွေထဲမှာ ငွေပိုးအိမ်ရဲ့ အရိပ်သဏ္ဍာန်ကို ရှာဖွေ မတွေ့ခဲ့ချေ။

မေမေ့ရှေ့မှာ ငြိမ်ငြိမ်သက်သက် ထိုင်နေရင်းပင် ပိုးရဲ့ ရင်ထဲမှာ မောပန်းလာသည်။ ချစ်သူရဲ့ လက်ဖဝါးကို ဆုပ်ကိုင်ပြီး တစ်နေရာရာကို ထွက်ပြေးခွင့် ရနိုင်မလား။

ကောင်လေးရယ် ...

အချစ်ဆိုတာကို ပြန်နှုတ်သိမ်းလို့ ရနိုင်မလား။



www.burmeseclassic.com

www.burmeseclassic.com



"မ,လား ..."

ပုံမှန်လည်ပတ်နေသည့် နှလုံးသွေးတွေ ရုတ်တရက် ရပ်တန့်သွားသည်ဟု ထင်လိုက်မိသည်။ လက်ထဲမှာ ခပ်လျော့လျော့ ကိုင်ထားသည့် ပဝါစလည်း အလိုလို မြေလျှောကျသွား၏။

"ကောင်လေး"

"ဘာလုပ်နေလဲ ..."

"ဟို ... ဟိုလေ ... အပြင်သွားမလို့ ..."

ဟုတ်တယ်။

ညစာ စားပွဲ။

တို့နှစ်ယောက်အတွက် စိတ်အနှောင့်အယှက်တစ်ခု ဒါမှမဟုတ် နံရံပါးပါးတစ်ချပ် ...

ပိုးရဲ့ ပင့်သက်ရှိုက်သံကို သူကြားများကြားသွားမလား။ တယ်လီဖုန်း စကားပြောခွက်ကို လက်ဖဝါးဖြင့် ဖိအုပ်ထားလိုက်မိသည်။

"အပြင်သွားမလို့လား ..."





"ဟုတ်တယ် ... မေမေတို့နဲ့"

"ဆောရီးနော် ... အနှောင့်အယှက်ဖြစ်သွားမလား ..."

"ဟင့်အင်း ... "

လည်ချောင်းဆီမှာ စကားတွေ စုပြုံတွန်းတိုးနေပေမဲ့ ...တ်ခမ်းတွေက မလှုပ်ရှားနိုင်အောင် ဇွေပိတ်နေသည်။

"ဘာရယ် မဟုတ်ပါဘူး ... ဂစ်တာတီးနေရင်း မ,ကို သတိရလာလို့ ... နက်ဖြန် ကျွန်တော် ကျောင်းကိုလာရမလား"

"အင်း ... လာခဲ့လေ ... ကားပါ့ခ်မှာပဲ စောင့်နေနော်"

တယ်လီဖုန်းထဲမှာ သူ့ရဲ့တုံ့ပြန်စကားသံက တုံ့ဆိုင်း...ဟု ထင်မိသည်။

သူ စမ်းနည်းသွားတာလား။

"ဟုတ်ကဲ့ပါ ... သွားတော့နော်"

တစ်ဘက်က တယ်လီဖုန်းချသံချက်ချင်းမကြားရ။ ...ကိုင်လည်း တယ်လီဖုန်းခွက်ကို ကိုင်ထားရင်း စိတ်နှင့်ခန္ဓာ ... ကင်းကွာနေသလို တွေဝေမှင်သက်နေမိသည်။

တကယ်တမ်းကျတော့ ငွေပိုးအိမ်မှာ ချစ်သူ... အနာဂတ်ကို ပြတ်ပြတ်သားသား ရင်ဆိုင်ဖို့ အင်အားတွေ ...ပါလား။

တစ်စိမ့်စိမ့်နှင့် ရင်ထဲ လှိုမ်းခြုံဝင်ရောက်လာသည့်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်း ကြေကွဲမှုသည် ငွေပိုးအိမ်ရဲ့ တည်ငြိမ်နေသည့် စိတ်အစဉ် ကို ဖျက်ဆီးပစ်လိုက်ပြီး မီးတောက်ငယ်လေးတစ်ခု အစပျိုးလာ သလို ရင်ထဲမှာ တမြည့်မြည့် စွဲလောင်လာစေ၏။

"ဟဲ့ ... သမီး ဟိုမှာ ပဝါ ကျနေပြီ ..."

"ဩော် ... ဟုတ် ... ဟုတ်ကဲ့"

တယ်လီဖုန်းစင်ဘေးမှ ကျနေသည့် ပဝါကိုကော ဖို့ မေမေသတိပေးမှ သတိရသည်။

အရုပ်တစ်ရုပ်လို ခြေလှမ်းများဖြင့် မေမေ့နဘေး လိုက်ပါခဲ့သည့် တလျှောက်လုံး ဦးနှောက်ထဲမှာ ပြတ်သားမရှိ သည့် ရှုပ်ထွေးခြင်းတွေက ချည်ခင်ရစ်သလို အတွေးတွေကို နှောင်နေတော့သည်။

"ရွေးချယ်ရမယ်ဆိုရင်လည်း ... သမီးချစ်တဲ့သူကိုပဲ ဦး ပေးရွေးချယ် ဖြစ်မှာပါ ..."





ထမင်းဝိုင်းက ရုတ်တရက် တိတ်ဆိတ်သွားပြီး ချက် င်းပင် ရယ်မောသံများဖြင့် ပြန်လည် ဆူညံလာသည်။ ငွေပိုးအိမ် ည် မေမေနှင့်ဖေဖေ့မျက်နှာကို မကြည့်ဘဲ မျက်လွှာလေးချပြီး မ်သက်နေလိုက်၏။ နှုတ်ခမ်းလွှာတွေကိုတော့ တွန့်ကော့ရုံလေး ထားမိသည်။ တစ်ကိုယ်လုံး ပူနွေးရှိန်းမြနေသည့် သွေးတွေလှည့် တ်စီးဆင်းလျှက် လက်ချောင်းထိပ်ဖျားတွေကတော့ အေးစက်နေ သည်။

ဒါဟာ ကိုယ့်ကိုယ်ကိုယ် ချုပ်နှောင်လိုက်တာပဲ တော့မှာလား။

မဟုတ်ဘူး။

သစ္စာတရားကို အလေးအနက်ဖြစ်စေချင်တာပါ။

ချစ်သူအဖြစ် ရွေးချယ်ခဲ့ပြီးသူတစ်ယောက်ရှိနေမှ တော့ ကိုယ့်ရဲ့နှလုံးသားထဲမှာ စွဲမြဲလေးနက်ပြီးသား အချစ်ကို ယ်တိုင် နားလည်နေပြီးမှတော့ ...

တစ်ဘက်မိသားစုက ဘယ်လိုသဘောထားမျိုးရှိ ည်ဆိုတာ အမှန်တကယ် မဝေခွဲတတ်ပါ။ သို့ပေမဲ့ အားတုံ့အားနာ င်းညိတ်ပစ်ရမည့် ကိစ္စမျိုးလည်း မဟုတ်ဘူးဆိုတော့။

အဂ္ဂထင်ကျော်ရဲ့ အကြည့်တွေက ပိုးထဲမှာ စူးစိုက် သည်လို့ ခံစားရသည်။ သို့ပေမဲ့ သူ့ကိုလည်း မျက်နှာချင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်မကြည့်ရဲ။

ကိုယ့်ကိုယ်ကိုယ် ထက်မြက်ရဲဝံ့သည့် မိန်းကလေ
တစ်ယောက်လို့ ထင်မှတ်ထားမိတာ ...

သမင်မွေးရောင် ချည်သားရှပ်လက်ရှည်နှင့် အ
ရှင်းသန့်နေသည့် အဲသည့်အမျိုးသားကို အာရုံထဲမှာ မြင်ယောင်
သည်။ သူလို ယောက်ျားတစ်ယောက်ကို ငြင်းပယ်ရသည့်အတွ
ဘယ်တော့မှ နောင်တ မရပါစေနှင့်ဟု တိတ်တိတ်ကျိတ်ပြီး
တောင်းရသည်။

ကိုယ့်စိတ်ကိုယ့်သဘော ရွေးချယ်လိုက်ပြီးမှ
စိတ်လက် ပေါ့ပါးနိုင်ဖို့ ကောင်းပါလျက် ရင်ထဲမှာတစ်ခုခု ကျ
သည်။

အဲသည် ကျန်ရစ်သည့် တစ်ခုခုက နှမြောခြင်း
လား။

ငွေပိုးအိမ်သည် မိမိရဲ့ အနာဂတ်ကို စိတ်ခ
သက်သက်ဖြင့်သာ ဆုံးဖြတ်ခဲ့သည်ဆိုတာကို ကိုယ့်ဘာသ
ကောင်းချီးပေးနိုင်မှာလား ...။





၁

"သွားတော့မယ်နော် ..."

သူတစ်ယောက်တည်းကို သီးသန့်နှုတ်ဆက်မိတာ
တော့ မဟုတ်။ ဒါပေမဲ့ သူ့မျက်လုံးတွေထဲ တည့်တည့်ကြည့်မိသည်။
ပေါ်တီကို မီးရောင်အောက်မှာ သူ့မျက်လုံးတွေက ပုံမှန်ထက်ပိုပြီး
တောက်ပနေသည် ထင်ရ၏။

"ဟုတ်ကဲ့ ..."

"ကျောင်းဘက်ကို ရောက်ရင်လည်း ဝင်ခဲ့ဦးလေ ..."

အပိုစကားတွေ ...

မလိုအပ်ဘဲ အားနာနေမိသည်ဟု ကိုယ့်ဘာသာသိ
သည်။ သူ့ရှေ့မှာ မျက်နှာမနွေးဘဲ စကားပြတ်တစ်ရပ်ရဲ့ အေးစက်သည့်
မျက်နှာမျိုး ထားကြည့်ချင်ပေမဲ့ မအောင်မြင်ပါ။

အားလုံးရဲ့ မျက်လုံးအကြည့်တွေက တစ်မျိုးဖြစ်နေ
ပေမဲ့ နှုတ်ခမ်းတွေကတော့ ချိုမြစွာ ပြုံးရယ်နေကြသည်။ ဖေဖေနှင့်
မေမေ့ထက် စကားသံတော့ သိသိသာသာ တိတ်ဆိတ်သည်။

အိမ်ပြန်ရောက်လျှင် ငွေပိုးအိမ်သည် ရုတ်ခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



**ပေါ်လာအောင့် မီမီ၏** ကိုယ်ပိုင်ဆုံးဖြတ်ချက်တစ်ခုအတွက် မေးခွန်း **တွေကို ရင်ဆိုင်ရလိမ့်ဦးမည်။**

ဘာပဲဖြစ်ဖြစ်လေ ...

တို့ရဲ့ ချစ်ခြင်းကို သစ္စာမဖောက်နိုင်ပါဘူး ကောင်လေးရယ် ... ။

❀❀❀

အိမ်ပြန်ရောက်သည့်အခါ ရင်ဆိုင်ရမည်ဟု မျှော်လင့်ထားသည့် ပြဿနာအားလုံးသည် မုန်တိုင်းလာခါနီး ပင်လယ်ပြင်၏ ငြိမ်သက်ခြင်းမျိုးလို ငြိမ်သက်တိတ်ဆိတ်ခြင်းအောက်မှာ ကြောက်မက်ဖွယ် ပျောက်ဆုံးနေသည်။ အိမ်ပြန်ရောက်သည်နှင့် ဖေဖေက ရုံးမြင်သံကြားရှေ့မှာပင် မထိုင်တော့ဘဲ အိပ်ခန်းထဲ တန်းဝင်သွား၏။ မေမေကတော့ နံနက်စာအတွက် ပြင်ဆင်ဖို့ အိမ်တံခါးတွေ သေချာစစ်ဆေးပိတ်ဖို့ မတင်အေးကို မှာကြားနေပြီး ငွေပိုးအိမ်နှင့်





ကျက်နှာချင်းမဆိုင်ဖြစ်အောင် တမင်ရှောင်လွှဲနေပုံရသည်။

သို့ပေမဲ့ နာရီပိုင်းအတွင်းမှာ အိုစာရင့်ရော်သွားသည့် မေမေ့မျက်နှာက ယူကျုံးမရသောဂကကို ဖုံးဖိဟန်ဆောင်မရပါ။

ငွေပိုးအိမ်ကိုယ်တိုင်လည်း ဖေဖေနှင့်မေမေ့ကို ကိုမှာ မျက်နှာချင်းမဆိုင်လိုပါ။ စကားသံတိတ်ဆိတ်ပြီး အတွေးတွေသာ လွှမ်းမိုးလျက် အထီးကျန်သည့် ခံစားမှုသည် ငွေပိုးအိမ်၏ အိပ်ခန်းထဲမှာ သိသိသာသာ လွှမ်းမိုးလျက်ရှိ၏။ အဝတ်အစားတွေ လဲပြီး ညနေက ရေချိုးပြီးဖြစ်လည်း စိတ်ရဲ့ပူလောင်ဖိစီးမှုတွေ သောလို သက်သာဖြား ရေအေးအေးမှာ အကြာကြီး စိမ်ချိုး ခဲ့သည်။

သို့ပေမဲ့ တွေဝေဆဲစိတ်တွေကတော့ လန်းဆန်း သောပါ။

အိပ်ရာပေါ်ပစ်လှဲလိုက်လျှင် ယခင်ညတွေက မွှယ်တကူ အိပ်ပျော်သွားတတ်ပေမဲ့ ခုတော့ မျက်လုံးတွေ ကြောင်ပြီး အိပ်မပျော်နိုင်တဲ့ ရှိသည်။ နောက်ဆုံး ဒီနိုင်းအလှနှင့် စတာကောနစ် မျက်နှာကြက်သည် သည်ညမှာတော့ ငွေပိုး ရဲ့ အထီးကျန်ဆန်ခြင်းကို ပိုပြီးသိသာနေစေ၏။ မိသားစု သုံး ယောက်ထဲပေမဲ့ ငွေပိုးအိမ်သည် သည်မိသားစုဘဝကို ဘယ်တုန်း က ငြိမ်းငွေ့ပျင်းရိစရာ ကောင်းသည်မထင်ခဲ့။ ငယ်ရွယ်စဉ်က အတူ

www.burmeseclassic.com



နေ မှောင်နေမသွားချင်းကို တောင့်တမိပေမဲ့ နားလည်သိတတ်သည့် အရွယ်ရောက်လာတော့ တစ်ဦးတည်းသော သမီးအဖြစ်ကိုပင် ကိုယ့်ကိုယ်ကိုယ် ကျေနပ်ကျင့်သားရလာပြီး အဖော်ကိုလည်း မတောင့်တတော့။ သူငယ်ချင်းတွေလည်းများလာပြီးပတ်ဝန်းကျင် လည်း ကျယ်ပြန့်လာသည်မို့ ကိုယ့်ကိုယ်ကိုယ် အထီးကျန်ဆန်သည် ရယ်လို့ မထင်မိတော့။

သည် ညတစ်ညတော့ ငွေပိုးအိမ်ရဲ့ တကယ့် အထီး ကျန်ညပါပဲ။

ချစ်သူရဲ့အကြင်နာကိုပင် စိတ်ကူးယဉ်ခွင့် လောက်အောင် စိတ်အစဉ်မှာ မြူခိုးတွေ မှုန်မှိုင်းပိတ်ဆို့နေခဲ့သည်

မေမေ သိပ်စိတ်ထိခိုက်သွားမှာပေါ့။

သည်သမီးတစ်ယောက်ကတော့ မိဘတွေရဲ့ လင့်ချက်ကို ဘယ်တုန်းကမှ ပျက်ဆီးအောင် မလုပ်ခဲ့ဘူးရယ် ယုံကြည်စိတ်ချထားခဲ့ပြီးမှ ...

ခွင့်လွှတ်ပါ မေမေရယ် ...

သမီးကို ခွင့်လွှတ်ပါ။

တစ်သက်တာ အိမ်ထောင်ရေးအတွက် မေမေ့ စိတ်ကြိုက်မလိုက်လျောနိုင်ပေမဲ့ သမီးရဲ့ ရွေးချယ်မှုမှားယွင်း ဘူးလို့ သမီးတာဝန်ယူနိုင်ပါတယ်။





မျက်လွှာတွေကို ပိတ်ပစ်လိုက်တော့ မျက်ရည်ပူ နွေးနွေးရဲ့ နူးညံ့သောအစက်တွေက မျက်ဝန်းအိမ်ထောင့်မှတဆင့် ခေါင်းအုံးဆီ လိမ့်ဆင်းစီးစွတ်သွားသည်။

ဘာဖြစ်လို့ ငိုမိပါလိမ့်။

ဖေဖေနှင့် မေမေ့ကို စိတ်ဆင်းရဲအောင် ကိုယ့် သဘောနှင့်ကိုယ် ဆုံးဖြတ်ခဲ့မိသည်ဆိုတာ ငွေပိုးအိမ် မဟုတ် သလိုဘဲ။

(မ,ရဲ့ချစ်သူတစ်ယောက်နေရာကနေ အိမ်ထောင် ဦးစီးတစ်ယောက်နေရာယူမယ်ဆိုရင်တော့ ... တစ်ခုခုတော့ လို မယ် မဟုတ်ဘူးလား ... )

(မ,အတွက် ကျွန်တော့်ဘက်က ဖြည့်ဆည်းပေးနိုင်မဲ့ တစ်ခုခုရှိမလာမချင်း ဖွင့်မပြောဘူးလို့ စဉ်းစားခဲ့တာပါ ... )

ဟုတ်တာပေါ့ ကောင်လေးရယ်။

တို့ ကြိုးစားကြမယ်။

တို့ရဲ့ အနာဂတ်ကို အကောင်းဆုံး ပုံဖော်နိုင်အောင် တို့ ကြိုးစားကြရမှာပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်အောက်မှာ တလက်လက်ထနေသည့် ရေလှိုင်းငယ်တွေကို နီးနီးကလေးမှာ မြင်နေရတော့ ခေါင်းထဲမှာ မူးနောက်နောက် ဖြစ်လာသည်။ မျက်စိထဲ ကျိန်းစပ်ပြီး မျက်ရည်တွေ ရစ်ဝဲလာ၏။ ကန်ရေပြင်ကို အကြည့်လွှဲပြီး သူ့အကျီရင်ဘတ်က ပိုလိုတံဆိပ်လေးဆီ ငေးနေဖြစ်သည်။ နို့စိမ်းဆမ်းထားသည့် လက်ဖက်ရည်ကျကျကို ဇွန်းသေးသေးဖြင့် ခပ်ဖြည်းဖြည်းမွှေလိုက်ပြီးမှ သူက ငွေပိုးအိမ်ရဲ့ ရှေ့လက်ဖက်ရည်ပန်းကန်ကို ရွှေ့ပေးသည်။ ပြီးတော့ လက်ချောင်းတွေ နှစ်ဖက်ယှက်ဆုပ်ထားလျှက် ပိုးရဲ့ မျက်နှာကိုပဲ ငြိမ်သက်စိုက်ငေးပြန်လေသည်။

"မ ..."

စ,ပြီး ရင်းနှီးကတည်းက သူကသည်လိုပဲခေါ်ခဲ့တာ။

"သိပ် စိတ်ထိခိုက်နေလား ..."

နဂိုဇာတိက ပွင့်လင်းတတ်သည့် ငွေပိုးအိမ်သည် ချစ်သူအပေါ်မှာ ဘာတစ်ခုမှ လျှို့ဝှက်မထားချင်လောက်အောင်ပင် စိတ်ထဲခံစားရသမျှ ဖွင့်ပြောချင်ခဲ့သည်။

"မေမေတို့က တို့ကိုဆူမယ်ရိုက်မယ် ဆိုရင်တောင် ... အဲဒီ





အပြစ်ဒဏ်ကို ကျေကျေနပ်နပ် ခံလိုက်ချင်တယ် ... ခုတော့ သူတို့က တို့ကို ဘာဆိုဘာမှ မပြောဘူး ... ဆူလည်း မဆူဘူး ... အပြစ်လည်းမတင်ဘူး ... တို့ရဲ့ တစ်သက်တာမှာ တို့ ဘာလုပ်လုပ် မိဘတွေက ဆန့်ကျင့်တယ် ... ဝိတ်ပင်တယ်ဆိုတာ မရှိဘူး ... အားလုံးကို လိုက်လျောခဲ့တာပဲ၊ အဲဒါကြောင့်လည်း စိတ်ထဲမှာ သိပ်ခံစားရတယ် ... တို့လုပ်တာ လွန်သွားသလား ... မိဘတွေအတွက် အရှက်ရစရာဖြစ်သွားသလားလို့ တွေးမိရင် စိတ်မကောင်းဘူး ... ဒါပေမဲ့ ... ဒီကိစ္စမျိုးဆိုတာ အားနာပြီး မျိုသိပ်ထားလို့ ရတာလည်း မဟုတ်တော့ ..."

ပန်းကန်လုံးရဲ့ အနားကို လက်ညှိုးထိပ်ဖြင့် ရစ်နေရင်း သူက မျက်လွှာချလျှက် တိတ်ဆိတ်နေသည်။ တိုးတိုးတိတ်တိတ် ပင့်သက်ရှိုက်သံကိုပင် မကြားရချေ။ သူ့လက်ချောင်းများ၏ သွယ်လျနူးညံ့မှုကို ပိုး ခံစားနေရသည်။ အဲသည့် လက်ချောင်းများသည် ဂစ်တာကော့ဒ်များကို ဖိကိုင်ပြီး ဂစ်တာကြိုးများကို တို့ထိဆော့ကစားရာမှာ ကျွမ်းကျင်သော လက်ချောင်းများ ဖြစ်ကြောင်း ပိုး ကောင်းစွာ သိပါသည်။

သူ ဝါသနာပါသည့် ဂီတအနုပညာလမ်းကြောင်းပေါ် လျှောက်ဖို့အတွက် သူ့မိဘတွေ စိတ်ကျေနပ်စေရန် ဆယ်တန်းကို



www.burmeseclassic.com

www.burmeseclassic.com



နှစ်ချင်းပေါက်အောင်မြင်ပြီး သူ စိတ်မပါလှသည့် ကွန်ပျူတာဘာသာရပ်ကို ယူခဲ့ရပေမဲ့လည်း ခုချိန်ထိတော့ သူ မျှော်မှန်းသည့် လမ်းကြောင်းပေါ် ရောက်ဖို့ဝေးနေဆဲပဲဆိုတာ သူက ပိုးကိုမကြာခဏ ရင်ဖွင့်ပြခဲ့သည်။

ခုလည်း သူဟာ သူဖြစ်ချင်တဲ့ဆန္ဒတွေကို မျိုသိပ်ပြီး တခြားတစ်ဘက်ကို ခြေလှမ်းရဦးမှာပါလား။ ဒါဟာ ငွေပိုးအိမ် အတွက် ...

"ကျွန်တော့်ကြောင့် ... မိဘတွေရဲ့ဆန္ဒကို ဆန့်ကျင်ခဲ့ရတာ နော် ..."

"မဟုတ်ဘူး ..."

သူက ဖျတ်ခနဲ မော်ကြည့်သည်။

"တို့နှစ်ယောက်ရဲ့ သစ္စာတရားအတွက်ပါ ..."

ငွေပိုးအိမ်ရဲ့ရှေ့မှာ သူ့မျက်လုံးတွေ စိမ်းလဲ့မနေ တော့ပါ။

"မင်းကို မ,ရွေးချယ်ခဲ့တာပဲလေ ... မ,ရဲ့နှလုံးသားက ရွေးချယ်ခဲ့ပြီးပြီပဲလေ ... အဲဒီအတွက် မင်းကို သစ္စာမဲ့လို့ ဘယ်ဖြစ်မလဲ ... မင်းကို သစ္စာမဲ့တာဟာ ... ကိုယ့်ကိုယ်ကိုယ် လိမ်ညာတာနဲ့ အတူတူပဲလေ ..."

နှမျှစ်လန်းဆန်းသွားသည့် သူ့အပြုံးကလေးက ချစ်





ကောင်းလှသည်။ ချစ်သူနှစ်ယောက် မျက်နှာချင်းဆိုင်တွေ့ပြီးမှ ည့်နေ့တစ်နေ့အတွက် သူ့ရဲ့ ပထမဆုံး အပြုံးဖြစ်နိုင်ပါသည်။

"ကျွန်တော့်ဘက်က ယောလောဆယ် ပြန်ပေးနိုင်တာ အချစ်ကလွဲပြီး ဘာမှမရှိသေးဘူးနော် ..."

ဝမ်းနည်းရိပ်ဖြင့် သူက ခပ်တိုးတိုးရေရွတ်သည့်အခါ ည်မှန်းချက် သူ့ဝါသနာတွေကို ပြည့်စုံစေဖို့ ဖေးမချင်လှသည့် အိမ်မှာ ချစ်သူကောင်လေး အပေါ် တိတ်တခိုးကရုဏာသက်ရ လာသည်။

ဆဝ်ဖ

"ချစ်သူရှိနေပြီလား ..."

မေမေ့မျက်နှာကို ကြည့်ရမှာ သည်တစ်ကြိမ်ထက် တာမရှိ။

"ဟုတ် ..."

"ဘာဖြစ်လို့ ပွင့်ပွင့်လင်းလင်း မပြောသလဲ ..."

စဉ်းစားသည့် အကြောင်းပြချက်များစွာထဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတလေပင် အဆင်ပြေပြေ ထွက်မလာပါ။

"အရင်က ဒီလိုမဟုတ်ပါဘူး ..."

နူးညံ့သည့် မျက်လုံးတွေဆိုပေမဲ့ မေမေ့မျက်လုံးတေ
က ဝမ်းနည်းရိပ်ဖြင့် မှုန်မှိုင်းရီဝေနေသည်။

"မေမေ့သမီး ငွေပိုးအိမ် မဟုတ်သလိုပဲ ..."

"သမီး ဖွင့်ပြောလိုက်ရင် ... မေမေတို့ စိတ်အနှောင့်အယှက်
ဖြစ်မှာစိုးလို့ပါ ..."

"စိတ်အနှောင့်အယှက်ဖြစ်စရာ အခြေအနေမို့လား သမ
ရယ် ..."

မေမေ့စကားအဆုံးမှာ ပိုး ပင့်သက်မျှဉ်းမျှဉ်းသ
ရှိုက်ဖြစ်လိုက်ပါသည်။

❀❀❀

"သမီးထက် သုံးနှစ်တောင်ငယ်တယ် ..."

မေမေ့ရဲ့ အံ့သြတကြီး မျက်ဝန်းတွေထဲမှာ မေ
ကြည်နိုင်ခြင်းတွေလည်း ပါဝင်သည်။ ပိုးရဲ့ လက်ဖဝါးတွေကို သ





ဆက်လွှတ် ဆုပ်ကိုင်ဖျစ်ညှစ်ထားရင်း မေမေ့မျက်ဝန်းအိမ်တွေ
တဖြည်းဖြည်း ကျဉ်းမြောင်းလာပြီး မျက်ခုံးမွှေးတွေက အရင်းအထိ စု
ချုံ့လာ၏။

"ငွေပိုးအိမ် ..."

ခေါ်သံတစ်ခု မဟုတ်ဘဲ ရေရွတ်ညည်းညူသံတစ်ခု
သာ ဖြစ်နေလေသည်။

"ဒီတစ်ခါ ဘယ်လိုဖြစ်တာပါလိမ့် ..."

သည်အချက်တစ်ချက်ကပင် မေမေ့တို့အတွက်
စိတ်တိုင်းမကျစရာ ဖြစ်လိမ့်မည်ဆိုတာ ကြိုပြီးတွေးမိပြီးသားပါပဲ။

"သမီးကို မေမေတို့ယုံကြည်ထားခဲ့သမျှတွေကို ... ဒီကိစ္စ
တစ်ခုတည်းနဲ့ ဖျက်ပစ်လိုက်တော့မှာလား မိပိုးရယ် ...
ဘယ်လို ဖြစ်ရတာလဲ ... မေမေတော့ ယုံတောင် မယုံနိုင်
ဘူး ... မေမေ့သမီးဟုတ်သေးရဲ့လားလို့တောင် ... အောက်
မေ့မိတယ် ..."

"ဒါပေမဲ့ ... မေမေ ..."

"မေမေတို့ လက်ခံနိုင်တဲ့အထိ ကြိုးစားမယ်လို့ပြောမယ်
မဟုတ်လား ... မေမေတို့ သမီးကို ဘယ်တုန်းကမှ ဖြင်း
ဖြင်းထန်ထန် မတားမြစ်ဘဲ လိုက်လျောခဲ့သလို ... ဒီကိစ္စမှာ
လည်း လိုက်လျောလိမ့်မယ်လို့ သိနေတယ် မဟုတ်လား။

www.burmeseclassic.com

မေမေတို့ သမီးကို အလိုလိုက်ခဲ့တာ ... သမီးကို သိပ်ချစ်လို့ သမီးစိတ်ဆင်းရဲမှာကို စိုးရိမ်လို့ပါ ... ဒါကို သမီးနားလည် တယ်ဆိုရင် ... မေမေတို့ဘက်ကိုလည်း တစ်ပြန်တစ်လှည့် ကြည့်ပါဦးလို့ မေမေပြောချင်တယ် ... "

"စိတ်ချပါ မေမေ ... မေမေတို့ စိတ်ဆင်းရဲအောင် သမီး မလုပ်ပါဘူး ... "

အဲသည့် စကားကို ကိုယ့်ဘာသာပင် ယုံကြည်ရဲ့ လားမသိ။

"သမီးရွေးချယ်တဲ့ သူဟာ ... မေမေတို့ လက်မခံနိုင်တဲ့သူ မဖြစ်စေရပါဘူး ... အရည်အချင်းမရှိတဲ့သူ မဖြစ်စေရပါဘူး အဲဒါကိုတော့ ယုံကြည်ပေးပါ မေမေ ... "

"ယုံကြည်ပေးရမယ် ... "

မေမေက အိပ်မက်ထဲ ရောက်နေသူတစ်ယောက် ကယောင်ကတမ်းရေရွတ်နေသလို တွေဝေလျက်ခပ်တိုးတိုး ရေရွတ် နေသည်။

လေအေးစက်ရဲ့ ခပ်မှန်မှန် တိုးတိုးလည်နေသံက လွဲပြီး အခန်းထဲမှာ ငြိမ်သက်တိတ်ဆိတ်သွား၏။ ပန်းနုရောင် ခန်းဆီးရှည်များသည် မပြောင်းမလဲ မလှုပ်မရှား ငြိမ်သက်နေသော် လည်း သည်နေ့မှပင် ဝမ်းနည်းခြင်းအသွင် သဏ္ဌာန်ကို ဆောင်နေ





သည်ဟု ထင်ရသည်။ မေမေက ပိုးရဲ့ ပန်းရောင်ဖဲသား အိပ်ရာဖုံးကို လက်ဖဝါးဖြင့် ညင်ညင်သာသာ ပွတ်သပ်နေသည်။

"အေးလေ ... မေမေတို့ကတော့ သမီးကို အကောင်းဆုံးကိုသာ ဖြစ်စေချင်တာပဲ ... ဒါပေမဲ့ သမီးကိုယ်တိုင် ရွေးချယ်ခွင့်ရှိပါတယ် ... အချိန်ယူပြီး စဉ်းစားလေ့လာလို့ ရရက်သားနဲ့ လက်တလောစိတ်ခံစားမှုကို ဦးစားပေးပြီး တစ်ဘက်ကို ငြင်းလိုက်တာကတော့ ... "

"သမီး ရွေးချယ်ပြီးသားကို သစ္စာမဖောက်ချင်ဘူး မေမေ ... "

"ကောင်းကောင်းဆိုးဆိုး သမီးဘဝကို ထိုးအပ်လိုက်တော့မယ်ပေါ့ ... "

"အဲလိုတော့ မဟုတ်ပါဘူး ... သမီးရွေးချယ်တာ မှားသွားရင်လည်း သမီးတစ်သက်လုံး အိမ်ထောင်မပြုတော့ဘူးပေါ့"

"မလွန်ခင်တော့ ဟုတ်တာပေါ့ သမီးရယ် ... ရက်ပိုင်း လပိုင်းသာ ရင်းနှီးရတဲ့သူစိမ်းတွေဆိုတာ ... တစ်ယောက်အကြောင်း တစ်ယောက် အတွင်းကျကျသိဖို့ ခဲယဉ်းပါတယ် ... သမီးက သစ္စာတရားကို တန်ဖိုးထားသလို သူ့ဘက်ကသမီးနဲ့ထပ်တူတုံ့ပြန်နိုင်ပါစေလို့ဆုတောင်းရတာပဲ"

မေမေ့စကားကို တစ်ခုခု တုံ့ပြန်ဖို့ ပြင်စဉ်အချိန်မှာပဲ မေမေက ငွေပိုးအိမ်ရဲ့ ရှေ့ကနေ ရုတ်တရက် ထသွားသည်။



www.burmeseclassic.com
www.burmeseclassic.com

စိတ်ရဲ့ အကျုပ်အတည်းတွေကို ဘယ်လောက်ကာလကြာကြာ ရင်ဆိုင်ရဦးမည် မသိ။

ရင်ထဲကနေ 'ကောင်လေးရေ'လို့ တိတ်တခိုးရေရွတ် မြည်တမ်းနေမိတော့သည်။





# အမုန့်မြစ်ကမ်းပါး





www.burmeseclassic.com

www.burmeseclassic.com



ငွေပိုးအိမ်ဆိုသည့် မိန်းကလေးတစ်ယောက်သည် သည်လိုပုံစံရှိသည့် ကောင်လေးတစ်ယောက်ကို ချစ်သူအဖြစ် ရွေးချယ်ခဲ့သည်ဆိုတာ အတော့်ကို မယုံနိုင်စရာ လက်မခံနိုင်စရာ ဖြစ်ပေမဲ့ တကယ့်လက်တွေ့ အမှန်တရားကို မျက်ဝါးထင်ထင် မြင်နေရဖို့ အဂ္ဂဘယ်လိုမှ လက်မခံ၍ မရပါ။ ဘုန်းနေစိုးဆိုသည့် ကောင်လေးရဲ့ စတိုင်လ်က တက္ကသိုလ်ဆရာမ တစ်ယောက်ရဲ့ချစ်သူဟူသော ဂုဏ်ပုဒ်နှင့်မလျော်ညီပါ။ သူ့နံဘေးမှာ ရှိသင့်သည့် မိန်းကလေးမျိုးက မီနီစကတ် ဒါမှမဟုတ် ဂျင်း(န်)ဘောင်းဘီကျပ်ကျပ်ဆတ်တတ်ပြီး ကျောပိုးအိတ်လွယ်လျက် နှာမြင့်ဖိနပ်နှင့် ဆောက်တောက် လမ်းလျှောက်တတ်သည့် ကောင်မလေးမျိုးသာ ဖြစ်သင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိတ်တွေ အများကြီးပါသည့် ဘောင်းဘီပွပွကြီး ဝတ်ပြီး ဘံပင်ကိုလည်း လည်ကုပ်ထောက်အောင် အရှည်ထားတတ်သည့် ထိုကောင်လေး၏ မျက်လုံးများက အေးစက်ပြီး အရာရာကို စိတ်ပျက်လွယ်သည့် လူစားမျိုး ဖြစ်သည်ဟု ဖော်ပြနေသည်။ တစ်ခါတလေ ဒူးဆစ်အောက်သာရှည်သည့် ဘောင်းဘီပွပွနှင့် တစ်ခါတရံလည်း ဂျင်း(န်)ဘောင်းဘီ ကျပ်ကျပ်ကို ဖော်ဝတ်သည့် ဘုန်းနေစိုးဆိုသည့် ကောင်လေးကို အတူယှဉ်တွဲသွားရုံဖြင့် ငယ်ရွယ်သူမှန်း ပတ်ဝန်းကျင် အမြင်မှာ သိသာနေသည့်အတွက် ငွေပိုးအိမ်က နည်းနည်းမှ စိတ်အနှောင့်အယှက် မဖြစ်ခဲ့လား မသိ။

ကလေးဆန်ဆန် အမူအကျင့်တွေ မရှိဘူးဆိုစေဦး တော့ ဘုန်းနေစိုးသည် လူငယ်ဆန်ဆန် လွတ်လွတ်လပ်လပ် ကြီးပြင်းခဲ့ရသော လူငယ်တစ်ယောက်ရဲ့ အထိန်းအကွပ်ခံခဲ့သော စတိုင်လ်မျိုးက သိပ်ကို သိသာနေပါသည်။

အများအားဖြင့် တီရှပ်နှင့် ဘောင်းဘီကိုသာ အဝတ်များပြီး သူ့ရဲ့အလုပ်ဌာနဖြစ်သည့် ကွန်ပျူတာ ဆားဗွစ်စင်(န်)တာ မှာတော့ ယူနီဖောင်းဖြစ်သည့် ဘောင်းဘီနက်ပြာရင့်နှင့် ရှပ်လက်ရှည် အပြာဖျော့ကို မဖြစ်မနေဝတ်ရသည့်အခါ မြင်နေကျ သူ့ရဲ့ကိုယ်ပိုင် ပုံသဏ္ဍာန်ကနေ တစ်မျိုးပြောင်းလွဲသည်မို့ သူနှင့်လုံးဝ မလိုက်ဖက်ဘူးဟုရျပင် ပြောနိုင်ပါသည်။





ငွေပိုးအိမ်ရဲ့ ချစ်သူဟာ သူ့ကိုစ,ပြီး မြင်မြင်ချင်းမှာ နှင့်ကျက်ပြီးအရွယ် မိန်းမတစ်ယောက်အတွက် အားကိုးအားထားပြုနိုင်သူဟု ယုံကြည်လောက်စရာ ဘာတစ်ခုမှ သူ့ထံမှ မမြင်ရခြင်းအတွက် အတော်ကြီး စိတ်ပျက်သွားမိသည်။ ငွေပိုးအိမ်ဆိုသော မိန်းမအပေါ်မှာလည်း ကောင်းကောင်း အထင်သေးရှုံ့ချ လိုက်မိသည်။ တော်တော်ကို စိတ်အလိုလိုက်တတ်သည့် မိန်းကလေးပါလား။

ခေတ်ပေါ်ဂီတသမားလိုလို မိုဒယ်လ်လိုလို အရမ်းကြီးရှည်နှင့် ခန္ဓာကိုယ်က နွဲ့နွဲ့ လေးတိုးလျှင် ခါးကျိုးတော့မလိုလို ကောင်မျိုးကို ...

ဒါပေမဲ့ ...

ဘယ်လိုပဲ ရှုံ့ချ ရှုံ့ချ သည်လိုကောင်လေးတစ်ယောက်ကြောင့် ငွေပိုးအိမ်ရဲ့ ငြင်းပယ်ခြင်းကို ခံခဲ့ရတာတော့ အသေအချာပါပဲ။

အဋ္ဌထင်ကျော် ...

ဒီလို မလောက်လေးမလောက်စား ကောင်လေး တစ်ကောင်ကိုတောင် မယှဉ်နိုင်ဘူးဆိုတဲ့ သဘောပေါ့။

ဟင့်အင်း ...

ဒါ လက်ခွေ့ပွဲမှ မဟုတ်တာ။



www.burmeseclassic.com

www.burmeseclassic.com



အမုန်းဆိုရလျှင် သည်ကောင်လေးကို မြင်လိုက်ရသည့်အခါ အဂ္ဂသည် တရှည်တမျှောကြီး ကြုံစီစိတ်ကူးခဲ့ရသည့် စီမံကိန်းတွေကို လွှင့်ပစ်ချင်လောက်အောင်ပင် စိတ်ပျက်လက်ပျက် ဖြစ်သွားခဲ့ရသည်။

ဘုန်းနေစိုးဟာ အဂ္ဂထင်ကျော်ရဲ့ ယှဉ်ပြိုင်ဘက်မှ မဟုတ်တဲ့။

သည်လိုကောင်လေးတစ်ယောက်ကို အသုံးချဖို့ဆိုတာ အင်မတန်မှ လွယ်ကူသည့် ကိစ္စပါပဲ။

အဓိက ရှုံးနိမ့်စေချင်တာက ဘုန်းနေစိုးမှမဟုတ်တဲ့။

ငွေပိုးအိမ်ဆိုသည့် မိန်းမတစ်ယောက်သာ ... ။

အဂ္ဂကို နာကျင်ရှုံးနိမ့်စေသည့် စိတ်ခံစားမှုကိုပေးခဲ့သည့် ငွေပိုးအိမ်ကိုသာ ... ။

"ကိုယ့်ရဲ့ လက်ဆွဲကွန်ပျူတာလေး ပျက်သွားလို့ပါ ..."

"ဒီက ဝယ်ထားတာလား ..."





"ဒီက ဝယ်ထားတာတော့ မဟုတ်ဘူး ... ပစ္စည်းက ယူအက်စ်အေက သယ်လာတဲ့ ပစ္စည်းပါ ... မော်ဒယ်လ်တော့မြင့်တယ် ... လူတိုင်းလည်း ပေးမပွင့်နိုင်းရဲတာနဲ့ ..."

သူ့ရဲ့ အေးစက်ရိပ်သမ်းသော မျက်နှာက အရောင်ပြောင်းသွားပြီး ထိမထင်သည့် အပြုံးလေးမျိုးပေါ်လာသည်။

တကယ့်လူငယ်ဆန်သည့် ကောင်လေးပါပဲ။

လူငယ်ပီပီ စိန်ခေါ်လိုသည့် စိတ်ဓာတ်မျိုး စွန့်စားလိုသည့် စိတ်ဓာတ်မျိုးတော့ ရှိမှာပဲ။ သို့ပေမဲ့ အေးစက်ပြီး မထုံတတ်တေးနိုင်လှသည့် ထိုကောင်လေးရဲ့ လူမှုရေးရမှတ်ကတော့ စိတ်ပျက်စရာ။ ဖော်ရွေ ပျော်ရွှင်တတ်သည့် လူငယ်တွေကြားမှာ မလိုအပ်ဘဲ အေးစက်စက် အမူအရာဖြစ်နေသည့် ထိုကောင်လေးမှာ ဘယ်လိုလုပ်ပြီး အဆင့်အတန်းမြင့် ရည်မွန်သည့် ချစ်သူတစ်ယောက် ရှိနေရတာလဲ။ ကံကြမ္မာရဲ့ လှည့်ဖျားမှုကတော့ ကမ်းကုန်အောင်ပါပဲ။

"ဒီမှာတော့ ဆိုင်က ဆားဗစ်စ်ကတ်ပါမှ ပြင်ပေးတယ် ..."

"ဟုတ်လား ... ပြဿနာပဲ ..."

"အစ်ကိုက ဘယ်လိုအဆက်အသွယ်နဲ့ ..."

"ကိုယ့်ညီဝမ်းကွဲတစ်ယောက်က ညွှန်လိုက်လို့ပါဗျာ ... ဒီမှာ ဘုန်းနေစိုးဆိုတာ ရှိတယ် ... ကွန်ပျူတာပြင်တာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်တော်တယ် ... စိတ်ချရတယ်ဆိုလို့ ... ”

“မှာ ... ”

သူ့ရဲ့ မျက်နှာပေါ်မှာ ဇဝေဇဝါ အရိပ်ဖြတ်ပြေးသည်။

“ဘယ်သူများပါလိမ့် ... ”

စိတ်ထဲရယ်ချင်ချင်နှင့်ပင် ...

“ညီညီအောင်တဲ့ ... သိမလားဘဲ ... ”

ဟု မှင်သေသေ ဆက်ပြောရသည်။ နီညိုရောင်ဖန်သားမျက်နှာပြင် စားပွဲပေါ် စိုက်ကြည့်နေရင်း စက္ကန့်ပိုင်းလောက် သူတွေဝေသွားသည်။

“ထားပါတော့ ... ဒီမှာတော့ ... ကျွန်တော် လက်ခံပေးလို့မရဘူး ... ဒီကပစ္စည်းအတွက် ဂရန်ဒီကတ်ပါမှ ကျွန်တော်တို့ ကြည့်ပေးလို့ရပါတယ် ... လိုအပ်တဲ့ ပစ္စည်းရှိရင်လည်း ဒီကပဲ ထည့်ပေးပါတယ် ... ကတ်မပါရင်တော့ ... ”

“ကိုယ့်ညီကရော ... အပြင်မှာ လိုက်ပြင်ပေးလို့ မရဘူးလား ... ”

တုန့်ဆိုင်းတွေဝေသွားသည့် အချိန်က သိပ်မကြာလိုက်ပါ။

“ရပါတယ် ... ဒါပေမဲ့ ... အလုပ်ပိတ်ရက်မှ ကျွန်တော်လာ





နိုင်မယ် ... ”

“ပြဿနာမရှိပါဘူးလေ ... ညီလေး အားတဲ့ရက်ကသာ ကိုယ့်ကို ဆက်သွယ်ပေးပါ ... အိမ်လာခေါ်ဆိုလည်း လိုက်ခေါ်ပေးမယ် ... ”

“ဟုတ်ကဲ့ ... ဒါဆိုရင်တော့ ရပါတယ် ... ”

“ဒီမှာ ... ကိုယ့်ရဲ့ နိမ်းမ်ကတ် ... ”

သူက အဂ္ဂရဲ့ ငွေရောင်ကတ်ကလေးကို အကြာကြီးစိုက်ကြည့်နေတာမို့ စိတ်ထဲမှာ ထင့်ခနဲ စိုးရိမ်သွားသည်။ အဂ္ဂထင်ကျော်ဆိုတဲ့ နာမည်ကို သိနှင့်နေပြီမို့လား ... ။

သို့ပေမဲ့ မိန်းကလေးတွေဟာ သည်လိုကိစ္စမျိုးချစ်သူကို အသိမပေးတတ်ကြဘူး ထင်ပါရဲ့။

“ဒီဆန်းဒေးမှာ အားရင် ကျွန်တော်လာခဲ့ပါ့မယ် ... ”

(ဘာတွေလုပ်နေတာလဲ) ဟု ကိုယ့်ကိုယ်ကိုးမေးခွန်းထုတ်နေမိသည့် အကြိမ်ပေါင်းလည်း မနည်းတော့ပါ။ အဂ္ဂ



www.burmeseclassic.com

ထင်ကျော်အတွက် ကိုယ်တာဝန်ယူထားသည့် အလုပ်အပေါ်မှာ ယုံကြည်မှု လျော့နည်းနေခြင်းက ဒါပထမဆုံးအကြိမ်ဖြစ်မည်ထင်ပါရဲ့။

ဆိုက်တေဘယ်လ်လေးပေါ်မှာ တင်ထားသည့် အအေးတစ်ခွက်နှင့် မုန့်ကို စောင်းငဲ့၍ မကြည့်သေးဘဲ သူ့အလုပ်မှာ အာရုံစူးစိုက်နေသည့် ဘုန်းနေစိုးကို အဂ္ဂတစ်ချိန်လုံး စောင့်ကြည့်နေမိသည်။ သူ့ရဲ့ အေးစက်သည့် မျက်လုံးများက ထက်မြက်သော အာရုံစူးစိုက်မှုသည် လူတစ်ယောက်၏ အားမာန်နှင့်လိုက်ဖက်လှ၏။ ပြောင်လက်တောက်ပနေသော မျက်လုံးအစုံမှာ စိတ်အားထက်သန်မှုကို တွေ့မြင်ရသည်။ ခုလောလောဆယ်မှာ သူဟာ လောကကြီးတစ်ခုလုံးကိုပင် မေ့လျော့နေပုံပဲ။

ပေါ့ပေါ့တီမ်တီမ် တွေးတတ်သည့် လူငယ်လေးတစ်ယောက်ဟု မှတ်ချက်ချထားမိသည့် အဂ္ဂရဲ့ အမြင်ထဲသူ့အတွက် ချိုးမွမ်းစရာ တစ်စုံတစ်ရာကို တွေ့လာရသည်။

တကယ်တန်းကျတော့ သူ့မှာ တာဝန်ယူတတ်သည့် စိတ်ဓာတ်မျိုး ရှိသားပဲ။

သူ့ထက် အသက်ကြီးသည့် မိန်းကလေးတစ်ယောက်အပေါ်မှာရော ...

ဘယ်လောက်အတိုင်းအတာအထိ သူတာဝန်ယူနိုင်





မှာလဲ။

တစ်ဘဝလုံးအတွက် ပြည့်စုံနှင့်ပြီးသား ယောက်ျားတစ်ယောက်ကို ငြင်းပယ်ပြီး သူ့ကိုရွေးချယ်ရလောက်အောင် သူ့မှာ ဘာတွေ ထူးခြားဆန်းကြယ်သည့် အရည်အချင်းမျိုးတွေ ရှိနေလို့လဲ။ တကယ်တော့ သည်မိန်းမ ရူးကြောင်ကြောင် ဖြစ်နေတာပါ။

ဒါမှမဟုတ် မိန်းမတစ်ယောက်ရဲ့ အဆုံးစွန်းထိ ရိုက်ခံမှုကြောင့်ပဲ နေမှာပေါ့။

သူ့နဖူးပေါ် တစ်ခြမ်းစောင်းခွဲထားသည့် ဆံပင်တွေ အုပ်မိုးကျနေသည်ကို ကတ်ကြေးဖြင့် ညှပ်ပစ်ချင်လောက်အောင် အသည်းယားလှသည်။ သူကတော့ သူ့ရှေ့မှာ ဘာအတားအဆီးမှ မရှိနေဟု ယုံကြည်စိတ်ချနေပုံပဲ။ ဘာကိုမှ သတိမထားမိလောက်အောင် သူ့ရဲ့အလုပ်ထဲ အာရုံနစ်နေတာလည်း ဖြစ်မည်။

ခဏကြာတော့ အခန်းတံခါးပွင့်လာပြီး ညီမလေး ဝတ်ရည်က အဂ္ဂအနားမှာလာရပ်သည်။ ဟာ့တ်ဒစ်ထဲက အစိတ်အပိုင်းတွေ နေရာတကျတပ်ဆင်ပြီး မော်နီတာပေါ် ပေါ်လာသည့် ပုံရိပ်တွေကို လိုက်ကြည့်စစ်ဆေးနေသည်။ တကယ်တော့ ကွန်ပျူတာနှင့်ပတ်သက်လျှင် အဂ္ဂထက်ပိုပြီး ဝတ်ရည်က ကျွမ်းကျင်သည်။ အဂ္ဂက ကွန်ပျူတာကို အသုံးချပစ္စည်းလိုသာ သဘောထားပြီး ဝတ်ရည်ကတော့ သူငယ်ချင်းတစ်ယောက်လို အဖော်တစ်

www.burmeseclassic.com



ယောက်လို တွယ်တာသူ ဖြစ်သည်။

"ကိုကို ထမင်းစားတော့လေ ... "

"အေးပါ ... ရွှေကြည်တို့ကို ပြောလိုက်တစ်ယောက်စာ ပိုပြင်ထားပါလို့ ... "

ဝတ်ရည်က ဘုန်းနေစိုးဘက် မျက်စဖြင့်ပြပြီး အသံ တိတ် မေးခွန်းမေးသည်။

"ထမင်းစားချိန် ကျော်နေပြီလေ ... "

ဝတ်ရည် ပခုံးလေးတွန့်ပြီး ထွက်သွားသည်ကို လိုက် ငေးရင်း တစ်ယောက်တည်း အဖော်မဲ့စွာ ပြုံးလိုက်မိ၏။

"ဟုတ်ပြီ ... အိုကေသွားပြီပဲ ... "

"စမ်းကြည့်လိုက်ပါဦး ... ERROR တက်လာရင် ဆက်မသုံး ဘဲ ကျွန်တော့ရုံးကိုသာ ဖုန်းဆက်လိုက်ပါ ... ကျွန်တော့် ရုံးဆိုတာ ဆားဗစ်စင်တာကိုပြောတာ ... "





"ဟုတ်ပါပြီကွာ ... ခဏနားလိုက်ပါဦး ... ခေါင်းမကိုက်ဘူး လား ... "

"အကျင့် ဖြစ်နေပါပြီ ... "

ညှို့ခနဲ့ထဲက သားရေစစ်ဆိုဖာတွေပေါ် ပစ်ထိုင်ချ လိုက်သည့် သူ့ထံမှာ မငံ့မရဲဟန်ပန်မရှိ။ စိုးရွံ့ခြင်းမရှိ။

ပြီးတော့ အားနာဟန်လည်း မရှိတတ်ဘူးထင် သည်။

"အပြန်ကျတော့ ကိုယ်လိုက်ပို့ပေးပါ့မယ် ... "

"ဟာ ... မလိုပါဘူး ... ရပါတယ် ... ကျွန်တော့ဘာသာ ပြန်ပါ့မယ် ... "

ထင်သလောက်တော့ မဆိုးပါဘူး သူ့အားနာတတ် ...ပဲ။

"အားမနာပါနဲ့ ကိုယ်လည်းအပြင်ထွက်စရာရှိတယ် ... ပြီးတော့ ဒီလမ်းက ဘတ်စ်ကားဂိတ်ရောက်အောင် လျှောက်ဖို့ဆိုတာ တော်တော်မလွယ်ဘူး ... "

ဒါကိုတော့ သူ လက်မခံချင်လည်း လက်ခံရမည်။ ...များအားဖြင့် ကိုယ်ပိုင်ခြံဝင်းများသာ ဖြစ်သော အတက်အဆင်း ...ကွေ့အကောက်လမ်းသွယ်တွေများလှသော ကိုယ်ပိုင်ကားကို ...သာ အားကိုးရသော သည်လိုနေရာတွေမှာ ဘတ်စ်ကားကို အားကိုး



www.burmeseclassic.com

www.burmeseclassic.com



ရှိဆိုတာ အတော်ပင် စိတ်ပျက်ဖွယ် ဖြစ်သည်။

သူက စားပွဲပေါ်မှ အခွံခွာထားသည့် လိမ္မော်သီး တစ်မွှာကို ကောက်ဝါးလိုက်သည်။ ပြီးတော့ ဧည့်ခန်းရဲ့ထောင့်မှာ ပြောင်လက်တောက်ပနေသည့် လျှပ်စစ်အော်ဂင်ကြီးကို စိုက်ကြည့် ငေးမောနေပါသည်။

"ညီလေးက ကွန်ပျူတာပြင်တဲ့ အလုပ်တစ်ခုတည်းပဲလား"

"ခင်ဗျာ ..."

"သြော် ... တခြားကွန်ပျူတာနဲ့ ပတ်သက်ပြီး အိမ်တွေမှာ လိုက်သင်ပေးတာတွေ လုပ်သလားသိချင်လို့ပါ ..."

"ဟင့်အင်း ... မရှိပါဘူး ..."

သူ့မျက်လုံးတွေက အော်ဂင်ကြီးဆီက မခွာပါ။

"ကျွန်တော်က ကွန်ပျူတာပြင်တာရယ် ... ဂိမ်းဆော့တာ ရယ် ... ကွန်ပျူတာနဲ့ သံစဉ်ရှာတာရယ် ... ဒါပဲ စိတ်ဝင် စားတာပါ ... ဒါတောင်လည်း ... ကျွန်တော် အချိန်ယူပြီး သင်ခဲ့ လေ့လာခဲ့တဲ့ ပညာရပ်တစ်ခုကို နှမျောလို့ စိတ်ဝင်စားတဲ့ ဘက်လှည့်ပြီး အသုံးချတဲ့ သဘောပဲ ... တကယ်တော့ ကျွန်တော်က ကွန်ပျူတာထက် ဂစ်တာကိုပဲ ပိုစိတ်ဝင်စား တယ် ..."

"ဟုတ်လား ... တကယ်ကို မထင်မိဘူး ..."





သူက အဂ္ဂရဲ့မျက်လုံးတွေထဲ စူးစိုက်ကြည့်လိုက် သည့်အခါ အတွေးတွေထဲ ရှိနေသမျှအားလုံးကို စုပ်ယူသွားတော့ မလို့ ထင်လိုက်မိလောက်အောင်ပင် အေးစက်သော သူ့မျက်လုံး တွေထဲက အင်အားတစ်ရပ်ကို ရင်ဆိုင်လိုက်ရလေသည်။

"ဒါပေမဲ့ အစ်ကို ... လူ့ဘဝဆိုတာ ကိုယ်လုပ်ချင်တာတွေ ချည်း လုပ်နေလို့ ရတာမဟုတ်ဘူး မဟုတ်လား ..."

"သိပ်မှန်တာပေါ့ ကိုယ့်ညီရာ ... ကိုယ့်ကိုယ်ကိုယ် မပိုင်ရဘူး ဆိုတဲ့ ခံစားချက်မျိုးကို ပြောတာ မဟုတ်လား ... ဒါကို ကိုယ်နားလည်တယ် ..."

ဖာက်ဟာက်ပက်ပက် လှိုက်လှိုက်လှဲလှဲ ပြုံးရယ် လိုက်သောအခါ သူ့အပြုံးက ဘယ်သူ့ကိုမဆို ခင်မင်နှစ်လိုစေသော အပြုံးမျိုးဖြစ်လာပြီး အေးစက်စက်နေတတ်သည့် သူ့မျက်နှာသွင်ပြင် တို လုံးဝ ပြောင်းလဲသွားသည်။

အဂ္ဂထင်ကျော်နှင့် ဘုန်းနေစိုးကြားမှာ တမင်တ ကာ ဖန်တီးယူထားသည့် ခါးသီးဖွယ် ဆက်နွယ်မှုတွေကို ခဏမေ့ ပျောက်သွားစေနိုင်လောက်အောင်ပင် သူ့အပြုံးက ပွင့်လင်းရိုးသား နှစ်လိုဖွယ် ကောင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ရဲ့လုပ်ငန်းက အိမ်အတွင်းပိုင်းအလှဆင် လုပ်ငန်း မီးဆင်တာ သွယ်တာ ... မျက်နှာကြက်ကအစ ကြမ်းခင်း အဆုံး အိမ်ရဲ့ဖွဲ့စည်းပုံကို လိုက်ပြီးစနစ်တကျနဲ့ လှပအောင် တန်ဆာဆင်ပေးရတဲ့ လုပ်ငန်းဆိုပါတော့ ... ဒီလို အစအဆုံး တာဝန်ယူပြီး လုပ်ပေးတဲ့ ကုမ္ပဏီတွေက သိပ်မရှိသေးဘူး ဆိုတော့ ... အလုပ်အကိုင်ကတော့ သွက်ပါတယ် ... ဟိုတယ်တွေ ... အင်းတွေ ... လုံးချင်းအိမ်တွေ ... တိုက် ခန်းတွေ သူ့အကျယ်အဝန်းနဲ့သူ လိုက်ဖက်တဲ့ ဒက်ကရေး ရှင်းကို လုပ်ပေးရတယ် ... အဲတော့ ... အလုပ်သမားတွေ အများကြီးနဲ့ ဖွဲ့စည်းထားရတယ် ... သူ့ ကျွမ်းကျင်တဲ့ အပိုင်းအလိုက်ပေါ့ ... အဲတော့ ဒီဇိုင်းနာတွေလည်း လို တယ် ... ကွန်ပျူတာ ဒီဇိုင်းနာတွေပေါ့ ... အခန်းအဆောက် အဦရဲ့ အကျယ်အဝန်းကို လိုက်ပြီး ... ဘယ်လိုနေရာမှာ ဘာထားရမယ် ... ဘယ်လိုပြင်ရမယ်ဆိုတာကို ကွန်ပျူတာ နဲ့ ပုံကြမ်းဆွဲပြီး ... ကွန်ပျူတာထဲမှာ အလျှင်ထည့်ကြည့် တတ်တဲ့ ဒီဇိုင်နာမျိုးပေါ့ ... အဲဒါကို မင်းစိတ်ဝင်စားမယ်ဆို





ရင် ... "

အဂ္ဂရဲ့ စကားမဆုံးခင် သူက ခပ်ဖြည်းဖြည်း ခေါင်း ယမ်းလိုက်သည်။

"ကျွန်တော် စိတ်ဝင်စားတယ်ဆိုရင်တောင် ... မဖြစ်နိုင်ပါ ဘူးအစ်ကို ... ကျွန်တော် အဲဒီဘာသာရပ်ကို မလေ့လာဖူး ဘူး ... လုံးဝ အစိမ်းသက်သက်ပဲ ... ဒါပေမဲ့ ... ကျွန်တော့ သူငယ်ချင်းတွေတော့ ရှိတယ် ... ကျွန်တော် မေးကြည့်ပေး မယ် ... သူတို့မှာ အလုပ်လည်းလိုတယ် ... "

ကြိုတင်စိုးရိမ်နေသည့် စိတ်ကို ဖြေလျှော့ပစ်လိုက် သည်။

ကိစ္စမရှိပါ။

အရာရာတိုင်းမှာ ကိုယ်မျှော်မှန်းသလို အံဝင်ခွင်ကျ ဖြစ်နိုင်တာမှ မဟုတ်တဲ့။ အချိန်ယူပြီး စိတ်ရှည်လက်ရှည် ကြိုးစား ယူရမှာပေါ့။

အဂ္ဂရဲ့နံဘေးမှာ ဘုန်းနေစိုးဆိုသည့် ကောင်လေးက အားကကျဆက်မှ သီချင်းတစ်ပုဒ်ကို လေချွန်ရင်း သက်သောင့် သက်သာ လိုက်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မျိုးတော့နဲ့ပတ်သက်ပြီး ... ကျွန်တော်လုပ်ပေးနိုင်တာ ရှိရင် ဘာမဆိုအဆင်သင့်ပါ ... ကျွန်တော့အလုပ်ကိုသာ ဖုန်းဆက်ပြီး မှာထားလိုက်ပါ ... တခြားတော့ ကျွန်တော် ဘာမှ မလုပ်တတ်ဘူး ..."

မဆိုးပါလား။

လူမှုရေးမှာတော့ စီးရိုးပဲဟု အမှတ်ပေးထားခဲ့သမျှ အဲသည့်သဘောထားကို ပြန်ပြီး ပြင်ဆင်ရတော့မည် ထင်ပါရဲ့။

"ကိုယ့်ဘက်ကလည်း ကိုယ်တတ်နိုင်တာရှိရင် ... အမြဲတမ်း အဆင်သင့်ပါပဲ ... ဟိုဘက်မှာ အဆင်မပြေလို့ မင်းအတွက် တိုးတက်ရာ တိုးတက်ကြောင်း ရှာချင်တယ်ဆိုရင် ... ကိုယ့် ကို ဆက်သွယ်လိုက်ပါ ... အကောင်းဆုံးဖြစ်အောင် ... ကိုယ် စီစဉ်ပေးမယ် ..."

"ဟား ... စာသားတွေက မိုက်တယ်ဗျာ ..."

စာကလေးအိမ်လို တိုက်ခန်းတွေ တန်းစီနေသည့် လမ်းမကျယ်ရဲ့ နံဘေးပလက်ဖောင်းမှာ သူဆင်းသည်။ ကားပေါ်





ကနေပဲ လက်ကမ်းပေးလိုက်တော့ အဂ္ဂရဲ့လက်ကို တင်းတင်းဆုပ်ပြီး ...

"သွားမယ် ..."

ဟု သူနှုတ်ဆက်သည်။

ဘောင်းဘီအိတ်တွေထဲ လက်နှစ်ဖက်ထည့်ပြီး ပလက်ဖောင်းအတိုင်း လျှောက်သွားနေသည့် ကောင်လေးတစ်ယောက်ကို ညာဘက်ဘေး နောက်ကြည့်မှန်ကတဆင့် ငေးကြည့်နေဆဲမှာပဲ သူ့ခြေလှမ်းတွေ တုံ့သွားပြီး ဆတ်ခနဲနောက်ပြန်လှည့်ကြည့်သည်။ အဂ္ဂရဲ့ကားရပ်ထားဆဲဖြစ်သည်ကို သူ မြင်သွားတော့ ခြေလှမ်းကျဲများဖြင့် ကားဆီ ခပ်သွက်သွက် ပြန်လျှောက်လာ၏။

"အစ်ကို့ရဲ့ အလှဆင်လုပ်ငန်းကို တီဗီမှာမကြော်ငြာဘူးလား ..."

ဟု ကော်ကာင်ကာ မေးသည်။

"ဘာဖြစ်လို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကြော်ငြာထည့်ချင်တယ်ဆိုရင် ... ကျွန်တော်
ကြော်ငြာသီချင်းကောင်းကောင်းတစ်ပုဒ် အစ်ကို့ကို ရေး
ပေးနိုင်တယ် ..."

သူ့ရဲ့ စိတ်အားထက်သန်မှုကို အငှ အံ့သြသွား
သည်။

"ပိုက်ဆံမယူဘူးနော် ... အလကားရေးပေးမှာ ..."

"ကျေးဇူးတင်ပါတယ်ကွာ ... ကိုယ်စဉ်းစားမယ် ... လုပ်ဖြစ်
ရင် ဆက်သွယ်လိုက်မယ်လေ ..."

ပေါ့ပါးမြောက်ကြွသော ခြေလှမ်းများဖြင့် ပြန်လှည့်
ထွက်သွားသည့် ကောင်လေးရဲ့ နောက်ကျောဆီက အကြည့်
လိုက်မိသည့်အခိုက်အတန့်မှာတော့ ပင့်သက်ရှည်တစ်ချက်
ခပ်မှုန်းမှုန်း ရှိုက်လိုက်မိသည်။





"ဟယ် ..."

သူမရဲ့ အံ့သြမှုက ဘယ်လိုမှ မဖုံးကွယ်နိုင်လောက်
အောင် သိသာသွားခဲ့သည်။

"အငှ ..."

"အနှောင့်အယှက်များ ဖြစ်သွားလား ..."

"ဩော် ... ဟင့်အင်း ... မဖြစ်ပါဘူး ... ခုပဲ လက်ချာချိန်
တွေ ပြီးသွားတာ ..."

တစ်ဆက်တည်းလိုပင် အားတုန့်အားနာဖြစ်ခြင်းနှင့်
မျက်နှာထားရခက်သည့် မတည်ငြိမ်မှုမျိုးကို ငွေပိုးအိမ်ရဲ့ မျက်နှာ
ပြင်မှာ ဖျတ်ခနဲ မြင်တွေ့လိုက်ရသည်။

တကယ့်ကို ခဏလေးပါပဲ။

အချိန်တိုတိုအတွင်းမှာပင် သူမသည် ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ထိန်းချုပ်လိုက်နိုင်သည့် ရင့်ကျက်မှုမျိုးဖြင့် အဂ္ဂကိုရင်ဆိုင်လိုက်နိုင်သည်။

"လာလေအဂ္ဂ အထဲကိုဝင်ထိုင်ဦး ..."

"မထိုင်တော့ပါဘူး ... ငွေပိုးအိမ်အားမယ်ဆိုရင် ကော်ဖီလေးဘာလေး သောက်မလားလို့ ..."

"ဪ ..."

နှုတ်ခမ်းတွေက ပြုံးလိုက်ပေမဲ့ မျက်ဝန်းတွေမှာ သိသသယရိပ်စွန်းထင်သည်။

"အရေးတကြီးတော့ မဟုတ်ပါဘူးနော် ..."

"ဟင့်အင်း ... ဘာကိစ္စမှမရှိပါဘူး ... မတွေ့တာလည်း ကြာပြီဆိုတော့ ..."

"ဒါဆို ... ခဏလေးနော် ... တစ်ဆက်တည်း အိမ်ပြန်လို့ရအောင် ... ပစ္စည်းတွေ သိမ်းဆည်းလိုက်ဦးမယ် ..."

"ဟုတ်ပြီလေ ..."

တစ်ယောက်တည်း ကော်ရစ်ဒါမှာ ရပ်ကျန်ရစ်ခဲ့ရတော့ ထိန်းချုပ်ထားရသည့် စိတ်တွေကို ပင်ပန်းတကြီး ဖြေလျှော့ပစ်လိုက်ရသည်။

❀❀❀





ထင်မှတ်မထားသည့် အခြေအနေတစ်ခုကို ရုတ်ခြည်း လက်ခံလိုက်ရသည့်အတွက် အနေခက်နေသည့် ငွေပိုးအိမ်ရဲ့ မျက်နှာသည် အဂ္ဂအတွက် ကျေနပ်စရာ တစ်စိတ်တစ်ပိုင်းဖြစ်၏။ အဂ္ဂထင်ကျော်သည် သူမထံ နောက်ထပ်ခြေဦးလှည့်လာမှာ မဟုတ်ဘူးလို့ ငွေပိုးအိမ်က အသေအချာကို တွေးထားမှာပဲ။ အဲသည်အတွက် အံ့သြခြင်းနှင့် အဖြေမရနိုင်သည့် မေးခွန်းများစွာကို သူမရဲ့ မျက်လုံးတွေထဲမှာ မြင်နေရသည်။

ဘာပဲဖြစ်ဖြစ် သည်လိုညနေခင်းမျိုး နောက်ထပ်တြောခဏ ရှိနေစေရမည်။

ကော်ဖီခွက်ကို အုပ်ကိုင်ထားသည့် သူမရဲ့ လက်ချောင်းသွယ်လေးတွေက ပန်းရောင်ကြည်ကြည်လေး သမ်းနေသည်။ အဂ္ဂထင်ကျော်ရဲ့ ရှေ့မှာ ငွေပိုးအိမ်သည် အဖြစ်ကင်းစင်သည့် ဘုရားခြေရင်းဝတ်သိက္ခာပြည့်နေသည့် မိန်းကလေးတစ်ယောက် အဖြစ်ရှိနေသည်။ ကော်ဖီပန်းကန်မှ တထောင်းထောင်းထနေသည့် အငွေ့



www.burmeseclassic.com

www.burmeseclassic.com



တွေကို ခပ်ဖွဖွမှုတ်နေသည့် နှုတ်ခမ်းဖူးဖူးလေးက (ဘယ်လိုမှ မဖြစ်နိုင်လို့ပါ) ဆိုသည့် ငြင်းပယ်စကားကို ပြောခဲ့သည်ဆိုတာ ရင်ထဲမှာ နာကျင်မှုနှင့်အတူ သတိရနေခဲ့သည်။

အဂ္ဂ သိပ်မပျော့ညံ့စမ်းနဲ့ ...

မိန်းကလေးတစ်ယောက်ရဲ့ အလှအပဆိုတာ မင်းအတွက် ဘာများထူးဆန်းလို့လဲ။

သို့ပေမဲ့ အဂ္ဂထင်ကျော်သည် နာကြည်းမှုအရှက်သည်းမှုများနှင့်အတူ အဲသည့် မိန်းကလေးကို သတိရနေခဲ့သည်။

"ကျွန်တော် ရောက်လာလို့ ပိုးစိတ်ထဲမှာ အနှောင့်အယှက်များ ဖြစ်သွားမလားဘဲ ..."

သူမက အဂ္ဂကို မဝံ့မရဲမျက်လွှာပင့်ကြည့်လိုက်ပြီးမှ ချက်ချင်းပဲ မျက်လွှာချသွားသည်။ အရောင်တင်ဆီနံ့လိုလို သစ်ဖွေးရနံ့လိုလို အနံ့တစ်မျိုး မွှေးပျံ့နေသည့် ကော်ဖီဆိုင်အတွင်းမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တီးတိုးစကားဆိုနေသည့် စုံတွဲလေးတွေ ရှိနေသည်။

အဂ္ဂတို့နှစ်ယောက်ကြားမှာတော့ တစ်ယောက်နှင့်တစ်ယောက် မကြားနိုင်သည့် ပင့်သက်ရှိုက်သံတွေသာ ရှိနေမှာပါ။

"ဟင့်အင်း ... မဖြစ်ပါဘူး ... ဒါပေမဲ့ ... နည်းနည်းတော့ အံ့ဩသွားတာပေါ့နော် ... အရင်ကတောင် အဂ္ဂကကျောင်း





ကို လာလေ့ရှိတာမှ မဟုတ်ဘဲ ..."

"အရင်ကတောင် ... ဆိုတော့ အရင်နဲ့အခု အခြေအနေက ကွာခြားသွားပြီလို့ ဆိုလိုတာလား ..."

သူမ အဖြေရခက်နေပြီး တော်တော်နှင့်စကားသံထွက်မလာပါ။

"အဲလိုတော့ မဟုတ်ဘူး ... ကျွန်မဘက်ကတော့ အရင်ကလည်း ဒီလိုပဲ ... အခုလည်း ဒီလိုပါပဲ ... မပြောင်းလဲပါဘူး"

"ပိုးက တော်တော်တော့ ပြတ်သားနိုင်တာပဲနော် ..."

"ရှင် ..."

မော်ကြည့်လိုက်သည့် သူမရဲ့ မျက်ဝန်းလေးတွေဝိုင်းလည်နေသည်။

"တကယ်တော့ အစောကြီးကတည်းက မိဘတွေနဲ့ညှိနှိုင်းထားသင့်တာ မဟုတ်လား ..."

သည်တစ်ခါတော့ သက်ပြင်းရှိုက်သံကို ပီပီပြင်ပြင်ကြားရသည်။

"အမှန်ပြောရရင် ... ကျွန်မက မေမေတို့ကို ဖွင့်မပြောရဲခဲ့တာပါ ... ဖွင့်ပြောခဲ့ရင် ... မေမေတို့က ကျွန်မတို့ကို သဘောမတူဘဲ အတင်းစီစဉ်မှာစိုးလို့ ... ကျွန်မမှာ ချစ်သူရှိပါတယ် ... ဒါကို ကျွန်မ မပြောရဲခဲ့တာပါ ... ရှကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သိပ်အားနာပါတယ် ... ”

“ကျွန်တော်လည်း အဲဒါကိုပဲ မေးချင်နေတာ ... ”

“ဘာကိုလဲ ... ”

“အိမ်ထောင်မပြုချင်သေးဘူးဆိုတဲ့ အကြောင်းပြချက်က အစစ်အမှန်ပဲလားဆိုတာကို ... ”

ခပ်ရွှရွှပြုံးနေသည့် ငွေပိုးအိမ်ရဲ့ ရုက်ပြုံးရိပ်က အဠရဲ့ ရင်ကို ဆို့နင့်တင်းကျပ်လာစေသည်။ အဲသည့် အပြုံးဆီကနေ မျက်နှာလွှဲပြီး ကော်ဖီခွက်ကို အုပ်ကိုင်ထားသည့် သူမရဲ့ လက်ချောင်းသွယ်တွေဆီပဲ အကြည့်ကို စူးစိုက်ထားလိုက်မိသည်။

ရင်ထဲမှာတော့ ဟိုးတစ်နေ့ညသည် ပြန်လည်နိုးကပ်လာပြီး အဠကို ရုက်ရွံ့သိမ်ငယ်စေပြန်၏။

“တကယ်တော့ ... ကျွန်မ အဠကို အစောကြီးဖွင့်ပြောခဲ့ရမှာပါပေမဲ့ ... ကျွန်မ ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ်ဇဝေဇဝါပဲ ... သူ့ကို အတော် လက်မထပ်ရဲဘူးလို့ ထင်ခဲ့တယ် ... ”

“ထားလိုက်ပါတော့လေ ... ကျွန်တော်ကတော့ ငွေပိုးအိမ်ကို ချီးကျူးပါတယ် ... ”

“ဘာကြောင့် ... ”

“ပြတ်ပြတ်သားသား ဆုံးဖြတ်ရဲလို့ပေါ့ ... ”

“ဟုတ်ညီ့လား အဠရယ် ... ကျွန်မကတော့ အားလုံးရဲ့ ရှုံ့ချ





တဲ့ အကြည့်တွေကို ခံစားခဲ့ရတယ်လို့ စိတ်ထဲမှာ ထင်တယ် ... ”

“ကျွန်တော်တို့နှစ်ယောက် ထပ်မတွေ့သင့်တော့ဘူးလို့ ငွေပိုးအိမ်က ယူဆထားတာလား ... ”

“အဲလိုတော့ မယူဆပါဘူး ... ဒါပေမဲ့ အဠက ဘာအကြောင်းပြချက်နဲ့ ကျွန်မကို ထပ်တွေ့ချင်မှာလဲ ... ”

တော်ပါပေရဲ့ ငွေပိုးအိမ်။

ယောကျ်ားတစ်ယောက်ရဲ့မာနကို အရှိုင်းပိုင်းရိုက်ချိုးခဲ့ပြီးမှတော့ နောက်ထပ် မျက်နှာချင်းဆိုင်ဖို့အကြောင်း မရှိတော့ဘူးပေါ့။

စိတ်အစဥ်ကို ငြိမ်သက်အောင် စုစည်းပြီးမှ သူမကို အေးဆေးတည်ငြိမ်စွာ ပြုံးပြလိုက်နိုင်သည်။

“ကျွန်တော်ကတော့ ငွေပိုးအိမ်ကို ထပ်တွေ့ချင်ပါတယ် ... ”

အဠရဲ့စကားကို သူမ ယုံကြည်နိုင်မှာလားဆိုတာတော့ မသိနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငွေပိုးအိမ်မှာ ချစ်သူရှိနေတယ်ဆိုတဲ့ အကြောင်းတစ်ခု တည်းနဲ့တော့ ... ကျွန်တော်တို့နှစ်ယောက်ကြားမှာ မခေါ် မပြော်နိုင်စရာ အကြောင်းမရှိပါဘူးနော် ... ကျွန်တော်တို့ နှစ်ယောက် မိတ်ဆွေတွေအဆင့်နဲ့ ရပ်တည်နေနိုင်ကြတာ ပဲ"

သူမက ပြုံးပြီး ခေါင်းညိတ်သည်။ ဒါဟာ အားတုံ့ အားနာ လိုက်လျောမှုတစ်ခုဟု အဂ္ဂထင်ပါသည်။

"ဒါပေမဲ့ ... ငွေပိုးအိမ်ရဲ့ ချစ်သူက ... "

"အဲလောက်ထိ မတွေးပါနဲ့လေ ... ဒါ ... ကျွန်မကိစ္စပါ"

ဘောင်းဘီအိတ်တွေထဲ လက်ဖဝါးတွေထိုးထည့်ပြီး ရပ်နေမိရာကနေ သတိလက်လွတ် ခေါင်းမော့ ရယ်မောပစ်လိုက် မိသည်။

"ခင်ဗျားကို ကျွန်တော် အဲဒါတွေသဘောကျတာပဲ ... "

"ရှင် ... "

"ကဲ ... ကားပေါ်တက်ပါ ဒေါ်ငွေပိုးအိမ် ... ကျွန်တော် အိမ်အထိ လိုက်ပို့ပေးပါရစေ ... "





ငွေပိုးအိမ်ရဲ့ အုံ့ဩစွာစမ်းသည့် အကြည့်တွေကိုပဲ [illegible]ွ ကျေနပ်နေမိသည်။ တကယ်တော့ မိန်းမတစ်ယောက်ကို အံ့ဩ[illegible]ောင် လုပ်ရတာ ဘယ်လောက်များ ခံယဉ်းလို့လဲ။

ငွေပိုးအိမ်ရဲ့ မိခင်အန်တီရိုစီက အဂ္ဂကိုမြင်တော့ [illegible]ားရုတ်တရက် မဆိုနိုင်လောက်အောင် အံ့အားသင့်နေပြီး နှုတ် [illegible]ဆိုဖို့ မျက်နှာပူနေဟန်ရှိသည်။

"အန်တီ နေကောင်းလား ... ကျွန်တော့်လည်း အလုပ်တွေ များနေလို့ ... ဒီဘက်မရောက်ဖြစ်တာကြာပြီ ... "

လို့ အဂ္ဂအလိုက်သင့်နှုတ်ဆက်မှ အိပ်ရာက နိုးလာ [illegible]လို မျက်ချင်းကြီး လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး အဂ္ဂရဲ့လက်မောင်း [illegible] ဖက်တွယ် လှုပ်ယမ်းလျက် ...

"မျိုးကို အန်တီမျက်နှာပူလို့ပါကွယ် ... "

ဟု လိုက်လျောတုန့်ယင်သည့် အသံဖြင့်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေမေကလည်း ..."

ရင့်ကျက်မှုဖြင့် တည်ငြိမ်နေသယောင်ထင်ရသည့် ငွေပိုးအိမ်ရဲ့ မျက်နှာရုတ်တရက် ညှိုးမှိုင်းသွားပြီး အဂ္ဂရဲ့ရှေ့က ထွက်ပြေးပျောက်ကွယ်သွားချင်သည့် စိတ်ကျဉ်းကျပ်မှုမျိုး ချက် ချင်းပေါ်လွင်လာသည်။

ဒါဟာလည်း ငွေပိုးအိမ်ရဲ့ အဆုံးအဖြတ်ပဲ မဟုတ် လား။

သူမ ဘယ်လောက်ထိ မှားယွင်းခဲ့သည်ဆိုတာ ငွေပိုးအိမ်ဆိုသည့် မိန်းကလေးမကြာခဏ ပြန်သတိရနေစေရမည်

သစ္စာဆိုလိုက်ပါရဲ့ ငွေပိုးအိမ် ...
မင်း နောင်တကြီးကြီးရစေရမယ်။





ကုမ္ပဏီအတွက် တီဗီကြော်ငြာရိုက်မည်ဆိုတော့ အန်တော့်အိမ်ထောင်ပြုတော့မယ်) ဟု ပြောလိုက်မိသလိုပင် အားလုံးက အံ့သြနေကြသည်။ တကယ်တော့ သည်လောက်ကြီး သြစရာမကောင်းဘူးဟု အဂ္ဂထင်ပါသည်။ မျက်မှန်သေးသေးထဲ မျက်လုံးတွေထဲ ရူးစိုက်မှုတွေ အကုန်ထည့်ပြီး ...

"ဒီအလုပ် လုပ်လာတာပဲ ကြာလှပြီ ... ခုမှ ဘာစိတ်ကူး ပေါက်တာလဲ ..."

ဟု ဖေဖေက မေးသည်။ ဖေဖေသည် အင်္ဂလိပ်စာ င်ခဲ့ဖူးသည့် ကျောင်းဆရာဟောင်းပီသစွာပင် အဂ္ဂရဲ့အလုပ်ကိစ္စ ဘာတစ်ခုမှ ဝင်ပြီးမစွက်ဖက်ပါ။ တစ်ခါတစ်ရံ အဂ္ဂက အကြံ ဉာဏ်တောင်းမှ တိုင်ပင်မှသာ သူ့စိတ်ကူးတွေကို ထုတ်ပြောတတ် မြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးကဖြင့် ကိုကိုအဲဒီကိစ္စကို လုံးဝစိတ်မဝင်စားဘူ
လို့ ထင်ထားတာ ... ပြောတော့ ကြော်ငြာပါမှ ဖြစ်မှာလား
ဆို ... ကိုယ့်အလုပ်ကိုယ် အကောင်းဆုံးလုပ်မယ်ဆိုရင်
ကြော်ငြာတာနဲ့ အတူတူပဲဆို ... "

ဝတ်ရည်က သည်လိုပြောပေမဲ့ သူ့မျက်နှာ
သဘောမကျသည့် အရိပ်အယောင်မျိုး လုံးဝ မရှိပါ။ မေမေကတော့
စကားဝိုင်းမှာ ဝင်မပါဘဲ ခင်ပွန်းသည် ပန်းကန်ထဲ ဟင်းခပ်ထည့်
ပေးလိုက်၊ ငါးအရိုးနှင့်လိုက်ဖြင့် တစ်ဘက်ကလည်း အငှတို့ ပြော
သည့်စကားတွေကို စိတ်ဝင်တစား နားစွင့်ထားသည်။

"မတွေ့တော့ဘူးလေ ... "

"ဘာမတွေ့တာလဲ ... "

ဝတ်ရည် သိပ်ပြီးစိတ်လှုပ်ရှားနေသည်ဟု အငှယ
သည်။

"အခြေအနေအချိန်အခါက မတွေ့တော့ဘူး ... အရင်တုန်း
ကိုယ်တစ်ယောက်တည်း တစ်ဦးတည်းနဲ့ ဒီလုပ်ငန်း
သွက်လက်အောင် တွင်ကျယ်အောင် လုပ်နိုင်ထယ် ...
လုပ်ငန်းမျိုးက ဒီမှာ မရှိသလောက် ရှားတယ်လေ ...
နတော့ ... အပြိုင်အဆိုင်တွေ အများကြီးပေါ်လာပြီး ...
အလုပ်သမားကအစ သူများဆီပါမသွားအောင် အခွင့်အရေး





တွေ အများကြီးပေးပြီး သိမ်းသွင်းထားရတာ ... အလုပ်အပ်
တဲ့သူတွေကလည်း အပေါ်ယံအလှအပကိုသာ နားလည်ကြ
တာ ... အရည်အသွေးအစစ်ကိုသိပြီး ... ခိုင်းတဲ့သူက ခပ်
ရှားရှား ... ဒါကြောင့် ကိုယ်လည်းခေတ်နဲ့အညီလိုက်ပြီး ...
ကိုယ့်လုပ်ငန်းရဲ့ ကောင်းကွက်အားသာချက်တွေကို လူ
တွေသိအောင် လုပ်ရမယ် ... အဲဒါကြောင့် ကြော်ငြာအား
လိုတယ် ... တီဗီမှာလည်း ကြော်ငြာရမယ် ... မဂ္ဂဇင်းတွေ
ဂျာနယ်တွေ လက်ကမ်းစာစောင်တွေ ... လုပ်ပြီဆိုမှတော့
အားလုံးကို လွှမ်းမိုးထားနိုင်အောင် ဖိဖိစီးစီးလုပ်ရမယ် ... "

ဖေဖေက ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"မင်းသမီး မင်းသားတွေနဲ့လား ... "

"ဟင့်အင်း ... မလုပ်ပါဘူး ... ကွန်ပျူတာ အဖက်နဲ့ပဲလုပ်
မယ် ... မြူးစေ်နဲ့လူစိတ်ဝင်စားအောင် ဆွဲခေါ်ရမှာပေါ့ ... "

"ဟင် ... ကိုကိုကလည်း ... "

ဝတ်ရည်မျက်နှာ ရှုံ့မဲ့သွားသည်ကို မေမေက မျက်
စောင်းထိုးလျက် ...

"အရှုးမ ... "

ဟု ခပ်တိုးတိုး ရေရွတ်သည်။

"ဒါ ... ဂျယ်လီရေခဲချောင်း ကြော်ငြာတာမဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ကြိုက်ဖို့ မလိုဘူး ... လူကြီးတွေ စိတ်ဝင်စား ဖို့ပဲ လိုတာ ... ဒီကလေးကြောင့် ခက်တယ်နော် ... ဘာမှ လည်း နားမလည်ဘူး ... ဖေ့သမီးကို အလုပ်ကလေးတစ်ခု ခုလုပ်နိုင်ဦးမှပါ ... အပင်တွေ ကလိဖို့ ... ကွန်ဖျူတာကလိ ဖို့ကလွဲရင် ဘာမှ နားမလည်ဘူး ... "

"ကိုကိုတစ်ယောက်လုံးရှိနေမှ သမီးက ဘာဖြစ်လို့ အလုပ် လုပ်ရမှာလဲ ... "

ဝတ်ရည်သည် နှာခေါင်းရှုံ့လိုက်၊ နှုတ်ခမ်းစူလိုက် ဖြင့် စိတ်ထဲရှိသလို ရန်တွေ့နေတော့သည်။

"ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်တာ ... ကောင်းတာ ပေါ့သမီးရယ် ... ဒီခေတ်ကြီးထဲမှာ ယောကျ်ား မိန်းမခွဲခြား နေလို့ မရတော့ဘူး ... ကိုယ်ပိုင်အရည်အချင်း အစွမ်းအစ ရှိကို ရှိရမယ် ... ဒါမှလည်း ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိမယ် သူများ လွှမ်းမိုးတာကို မခံရတော့ဘူးပေါ့ ... သမီး ကိုကို ကိုယ်တစ်သက်လုံး အားကိုးနေလို့မရဘူး ... တစ်နေ့နေ့ ကိုကို အိမ်ထောင်ပြုသွားပြီဆိုရင် ... သမီးက မေမေတို့ မိသားစုမှာ ဦးဆောင်တဲ့သူ ဖြစ်လာရမှာ ... "

မေမေ့ရဲ့ စကားအဆုံးမှာတော့ ဖေဖေက အဓိပ္ပာယ်ပါ အပြုံးရိပ်စွန်းစွန်း မျက်နှာဖြင့် ကြည့်ရင်း မေးဆတ်သည်။ (မင်း





မေမေကတော့ မလျှော့သေးဘူး) လို့ ပြောချင်သည်ပဲ ဖြစ်မည်။

"မေမေနော် ကြံစီနေပြန်ပြီလား ... "

ဝတ်ရည်ကတော့ ကလေးဆန်ဆန် စိတ်ထဲမထား ဘဲ ပြောတတ်သူမို့ ဖေဖေပြောချင်သည့်စကားအတိုင်း ပေါ့ပါးသည့် နှုတ်က ထွက်သည်။

"ကိုကို့ စိတ်ကြိုက်ပဲ ရှာပါစေတော့ ... မေမေရှာတဲ့ ချွေးမ လောင်းတွေက ပုံမလာဘူး ... "

"အံမယ် ... "

"အိမ်ထောင်ပြုတော့မယ်ဆိုတာက မိုက်ခံတွေ အပုံလိုက်ရှိနေရဲ့ ဝညာတတ် ရုပ်ချောနေရုံနဲ့ ပြီးတာမဟုတ်ဘူးမေမေ့ ... နှစ်ဦးနှစ်ဖက် နားလည်နိုင်ဖို့လည်း လိုသေးတယ် ... "

ဖေဖေက ထမင်းလုတ်ကို မြန်မြန်လက်စသပ်ပြီး ထမင်းဝိုင်းက ရှောင်ထွက်ဖို့ ပြင်သည်။ မေမေ မျက်နှာနီနေသည်ကို ပင် အလိုက်မသိတတ်လှသော ဝတ်ရည်က တခိခိရယ်နေသေး သည်။ မေမေ ဒေါသထွက်အောင်စပြီး မူကြိုကလေးမလေးလို မေမေ့ခါးကိုဖက်ပြီး ချော့မည်။ (အိုစင်(န်)တာသွားရအောင်)ဟု အဖော်စပ်မည်။ သည်ညီမလေးတစ်ယောက်ရှိနေသည်မို့သာ သည် မိသားစုကမ္ဘာက ပျော်မွေ့ဖွယ် ဖြစ်နေသည်လို့ အဝ္ဂထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဟော်လိုဂစ်တာသံနှင့် သီချင်းသံကလွဲပြီး ပတ်ဝန်း ကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက် အေးစိမ့်သည့် ရာသီနှင့် လိုက် ဖက်သော အနေအထားလေးတစ်ခု ဖြစ်နေသည်။ ဝတ်ရည်သည် အငှရဲ့ ပခုံးကိုမှီထိုင်ရင်း သီချင်းသံမှာ မျောလိုက်ပါနေ၏။ အဓိ သီချင်းနုနုရွရွမဟုတ်ပေမဲ့ စာသားတွေက လူတွေရဲ့ စိတ်ဝင်စား ကို သိမ်းကျုံးဆုပ်ယူထားနိုင်သည်။ သံစဉ်က လောလောဆယ်မှာ မပြည့်စုံပေမဲ့ စူးစမ်းလိုစိတ်ကို ပံ့ပိုးပေးမည့် ငြင်သာပျော့ပျောင်းသော တက်ကြွလှုပ်ခတ်နေသည့် သံစဉ်မျိုး။ ထိုသည့် သံစဉ်နှင့် စာသား သူ့ရဲ့ ကြေ့ဇာရိပ်လွှမ်းပြီး ပြေပြစ်ညက်ညောသည့်အသံ ဖြည့်စွက်လိုက် သည့်အခါ ...

ကျောက်ဆောင်ကမ်းပါးတွေပေါ်မှာ ညင်ညင်သာ သာ ဖြတ်စီးသွားသည့် ရေစီးလေးရဲ့ မတူညီသော အရှိန်နှုန်းများ ဖွဲ့စည်းထားသည့် ဂီတသံလို စိတ်အာရုံတွေထဲ သံစဉ်တွေစီးဆင်း သွားခဲ့သည်။

သူဟာ ပါရမီရှင်တစ်ယောက်ပဲ။

ဂီတကို ထည်းထည်းဝင်ဝင် နားမလည်ပေမဲ့ အ





သည် သူ့ကို ဘယ်လိုအသုံးချပြီး သူ့နှလုံးသားက ဂီတအမြုတေကို ရှုပ်နှိုးရမည်ဆိုတာကိုတော့ နားလည်သည်။

ဘုန်းနေစိုးဆိုသည့် လူတစ်ယောက်ကို မိန်းမတစ် ယောက်နှင့်တွဲမမြင်မိလျှင် အိပ်ကောင်းမှာပဲ။

သူဟာ ဘာဖြစ်လို့ ငွေပိုးအိမ်ရဲ့ချစ်သူ ဖြစ်နေရတာ လဲ။

ကြည့်စမ်း ...

တကယ်တော့ သူတို့နှစ်ယောက်ဟာ တသီးတခြား ပဲ။

နဖူးပေါ်က ဆံပင်ရှည်တွေ ရှေ့တိုင်ဝင်ကျပြီး အေး ဆေးသော မျက်ဝန်းများက ဂီတသံတွေရဲ့ စီးဆင်းမှုကို စိတ်အား ထက်သန်စွာ စောင့်ကြည့်နေတတ်သည့် ထိုလူငယ်ကောင်လေး ဟာ လှုပ်ရှားတက်ကြွနေသည့် မိန်းမငယ်ရွှရွှားတွေကိုတော့ စိတ် ဝင်စားဘဲ။

အင်းလေ ...

အချစ်ဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုချက် မှားယွင်းနေ တာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပါ။

ယောက်ျားတွေဆိုတာ ...

"ဒီလို သံစဉ်မျိုးကို ဘယ်သူနဲ့လိုက်မလဲ ... ကိုကို ... ဒီ



www.burmeseclassic.com

www.burmeseclassic.com



သီချင်း ဘယ်သူ့ကို ပေးဆိုမှာလဲ ...”

ဝတ်ရည်ရဲ့ စကားသံက အငူရဲ့အတွေးတွေထဲ အလေးတကြီး ဖြတ်ဝင်လာသည်။

***

“စဉ်းစားနေစရာလိုသေးလို့လား ... ဒီမှာ အဆင်သင့်ရှိနေပြီပဲ ... သူ့ သီချင်းက သူနဲ့အံဝင်ခွင်ကျ အလိုက်ဖက်ဆုံး ဖြစ်မှာပေါ့ ...”

“ဗျာ ...”

အံ့သြသွားသည့် မျက်နှာက အငူအလိုချင်ဆုံး ရလဒ်ပင်ဖြစ်သည်။

“ကျွန်တော်ကိုယ်တိုင် ဆိုရမှာလား ...”

“ဒါပေါ့ ...”

“ကြော်ငြာဆိုတော့ စိတ်လျှော့သွားမလား ...”

“ဒါတွေ စိတ်ပူမနေစမ်းပါနဲ့ ... အဓိက ကြော်ငြာသီချင်းနဲ့





လိုက်ဖက်တဲ့ အသံအနေအထားစတိုင်လ်ရှိဖို့ပဲ မဟုတ်လား ... ကဲ ... လုပ်စမ်းပါဦး ... မင်းက ဂီတဘက်မှာ နှံ့စပ်ပြီးသားဆိုတော့ ... ဘယ်ဗိုင်းကို သုံးရင်ကောင်းမလဲ ... မင်း စိတ်တိုင်းကျ မင်းဖြစ်စေချင်တဲ့ စတိုင်လ်ကို လုပ်ပေးနိုင်မဲ့ ဗိုင်းကို ကိုယ့်ဘာသာရွေး ... ပြီးတော့ ... တို့အလုပ်အပ်ကြတာပေါ့ကွာ ...”

“မော်ဒယ်လ်သုံးမှာလား ကိုအငူ ...”

“မလိုပါဘူးကွာ ... ကိုယ့်ညီမတစ်ယောက်လုံးရှိနေတာပဲ”

ပြောပြီး အငူက ရယ်မောနေတော့ ဝတ်ရည်က အားနာပါးနာပင် ပြုံးဖော်မရတဲ့ မျက်မှောင်ကြီးကျုံ့ပြီး အငူကို စိုက်ကြည့်နေသည်။

“နေစိုး ... တို့ အစ်ကိုတော့ ဂေါက်နေပြီလား ...”

ဘုန်းနေစိုးက ဘာမှပြန်မပြောဘဲ ခေါင်းကိုယမ်းလျက် ပြုံးနေသည်။

“မင်း ဘယ်လိုထင်လဲ ... ဝတ်ရည် မော်ဒယ်လ်လုပ်ရင် ဖြစ်မှာပဲ မဟုတ်လား ... ခု ကြော်ငြာနေတဲ့ မော်ဒယ်လ်တွေ သူ့လောက်တောင် မလှဘဲနဲ့ ...”

“ဒါပေမဲ့ ... ဝတ်ရည်က မော်ဒယ်လ် လုပ်ချင်မှာမှ မဟုတ်တာ ကိုအငူရယ် ...”



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သိလို့လား ..."

သူက စတ်လိုက်ဆန်ဆန် ပခုံးကိုတွန့်လိုက်၏ သည်တစ်ခါတော့ ဝတ်ရည့်လည်း သူ့စကားကို စိတ်ဝင်စားသွားရ ရသည်။

"ကျွန်တော် မှန်းကြည့်တာပါ ... ဝတ်ရည်က ဒီလိုအလုပ်မျိုး ထက် အတတ်ပညာနဲ့ ရင်းရတဲ့ဦးနှောက်ကိုသုံးပြီး ... ဦးဆောင်ရတဲ့ သူ့ရဲ့ အရည်အချင်းကို လူတိုင်းက အသိ အမှတ်ပြုရမဲ့ နေရာမျိုးမှာပဲ နေချင်တဲ့သူပါ ..."

"ဟား ... ရေရေလည်လည် ထိတယ်ဟေ့ ... လောလော ဆယ်မှာတော့ ဒေါ်ဝတ်ရည်က ..."

"ကိုကိုနော် ..."

မျက်နှာကြီး စူပုပ်ပြီး အငွေ့အနားကနေ ဝတ်ရည် လှစ်ခနဲ ပျောက်သွားတော့သည်။





"မင်းမှာ အသိုင်းအဝိုင်းကောင်းကောင်းတွေ ရှိနေရက်သား နဲ့ ... ကိုယ် ဒီလောက်ဝါသနာပါတဲ့ ဂီတကိုမလုပ်ဖြစ်ဘူး ဆိုတာ ..."

"မလုပ်ဖြစ်ဘူးတော့ မဟုတ်ဘူး ... ကျွန်တော် လုပ်နေတာ ပဲ ကိုအဂ္ဂ ... ဒါပေမဲ့ ... လူကိုခင်ပါသည် အကြွေသည်းခံ ပါ ... ဆိုတဲ့ စာတမ်းလိုပဲ ... ခင်တော့ခင်ကြတာပဲ ... ဗိုက်ဆိုတဲ့ထုတ်ပြီး ဘယ်သူမှလုပ်မပေးနိုင်ဘူးဆိုတော့ ကျွန်တော့မှာ ဟိုဝိုင်းနဲ့တစ်ပုဒ်ဆိုလိုက် ... ဒီဝိုင်းနဲ့တစ်ခွဲ လိုက်လိုက်နဲ့ ကျေနပ်နေရတာပဲ ... ဒီကြားထဲ နာမည်ကြီး တွေအတွက် သီချင်းတစ်ပုဒ်နှစ်ပုဒ်လောက် ရောင်းရရင် ... အားတက်လာမြန်ရော ... သီချင်းတွေ သိပ်မပေါက်ဘူးဆို ရင် ... မျှော်လင့်ချက်တွေက ပြန်ငုပ်သွားမြန်ရော ... ဒီလိုပါ ပဲဗျာ ... လောကကြီးဆိုတာ ဒွန္ဒသဘောသူဆောင်နေတာ မဟုတ်လား ..."

လျှပ်စစ်မီးရောင်တွေကို လှ,ရောင်ဟု ထင်မှတ်မှား ချင် လောက်အောင်ပင် ဦးခေါင်းတွေထက်မှာ ကောင်းကင်အမိုး

www.burmeseclassic.com



သည် ဟင်းလင်းမွှင့်လျှက်ရှိ၏။ ကြယ်ရောင်တွေ တောက်ပပြီး … ကောင်းကင်နှင့် ပြည့်လုနီးပါး ကြယ်တွေကို မြင်ရပေမဲ့လ,ရောင်ကိုတော့ မခံစားရပါ … ပုစွန်တုပ်ကြီးကြီးကို ခေါင်းခွံဖြုတ်ပြီး ကင်ထားသည့် အနံ့သည် မွှေးမြချိုမြိန်လှ၏။ အဂ္ဂက ပင်လယ်စာတွေကို ကြိုက်တတ်သည်။ အပေါင်းအသင်းများနှင့် ဘာဘီကျူးဆိုင်မှာ ချိန်းထားတတ်သည်။ ဟိုတယ်ကြီးတွေရဲ့ စားသောက်ခန်းမက ပေါ့ရှတ်ရှတ် အစားအသောက်တွေထက် စာလျှင်သည်လိုဆိုင်တွေက ပိုလွတ်လပ်ပြီး မိမိစိတ်ကြိုက်ကို ရွေးချယ်နိုင်သည်ဟု ထင်၏။

ဘုန်းနေစိုး ကတော့ သည်လိုအစားအသောက်တွေကိုမင် သိပ်ခုံမင်ပုံမရ။ လမ်းဘေးပလက်ဖောင်းက လက်ဖက်ရည်ဆိုင်တွေကိုတော့ သူရင်းနှီးသည်။ ငွေမိုးအိမ်နှင့်အတူရှိနေသည့် အချိန်တွေမှာရော …

ငွေမိုးအိမ်က သည်လိုကောင်လေးနှင့်အတူ လမ်းဘေးကော်ဖီဆိုင်တွေမှာ ထိုင်တတ်သည့် အကျင့်ရှိနေပြီလား။

သေလိုက်စမ်းပါ အဂ္ဂရယ်။ ဒါ မင်းပူရမဲ့ကိစ္စလား။

"ဟုတ်တော့ ဟုတ်တာပေါ့ကွာ … မင်းတို့ရဲ့ အနုပညာလောကကိုတော့ … ကိုယ် သိပ်နားမလည်ပါဘူး … ကိုယ်တို့စီးပွားရေးလောကကြီးမှာတော့ … ကိုယ်လုပ်သလိုမဖြစ်ဘူးဆိုရင် … ကိုယ်က သူဖြစ်သလို လိုက်လုပ်လိုက်





တာပဲ …"

အေးစက်သည့် မျက်လုံးတွေက တောက်ပရွှင်မြူးလာသည်။ တကယ်တော့လည်း သူဟာ အေးစက်သူတစ်ယောက်ဆိုတာထက် သူ စိတ်ဝင်စားသည့် နယ်ပယ်တစ်ခုကလွဲပြီး အခြားအားလုံးကို စိတ်အားထက်သန်မှုနည်းသည် ဆိုရမလား။ ဒါမှမဟုတ် လောကကြီးကို စိတ်ပျက်နေတာလား။

"ကိုအဂ္ဂကတော့ စိတ်ဝင်စားစရာပဲ …"

"ကိုယ့်ကို …"

သူက ဆတ်ခနဲ ခေါင်းညိတ်သည်။

"ဘာတွေများ စိတ်ဝင်စားနေတာလဲ …"

"စီးပွားရေးမှာလည်း အောင်မြင်နေပြီ … ခုချိန်ထိ ရည်းစားတောင် ရှိပုံမပေါ်သေးဘူးနော် … လူပျိုကြီးလုပ်တော့ မလို့လား …"

"မိန်းမယူဖို့ ကိစ္စဟာဘဝမှာ ဘယ်လောက်ထိတောင် အရေးပါနေလို့လဲကွာ … မိန်းမတွေအတွက် အချိန်မပေးချင်တာလည်း အမှန်ပဲ … မိန်းမတွေရဲ့ အချစ်ဆိုတာကို မယုံကြည်တာလည်း ဖြစ်ချင်ဖြစ်မယ် … ကိုယ်ကိုယ်တိုင်လည်း သူတို့ကို မချစ်တတ်တာလည်း ဖြစ်ချင်ဖြစ်မယ် … ကိုယ်က ကိုယ့်ဘဝကို မိန်းမတွေရဲ့ လွှမ်းမိုးခံရမှာ သိပ်ကြောက်တယ် …



www.burmeseclassic.com

www.burmeseclassic.com



မင်းရော ... ပတ်သက်နေတဲ့ မိန်းကလေးရှိပြီလား ...”

သူက ခေါင်းညိတ်ဝန်ခံသည်။ မဟုတ်ဘဲ ပြုံးရုံသာ ပြုံးနေသည်။ ဝန်မခံရဲတာလား။ ဘယ်လိုစိတ်ကူးဆန်းဆန်းပြားပြား တွေ ရှိနေသည်လဲ မသိ။

“မင်းနဲ့ကိုယ် စိတ်ကူးချင်း တူချင်မှတော့တူမယ် ... ဒါပေမဲ့ မိန်းမတစ်ယောက်ရဲ့ လွမ်းမိုးခံရတဲ့ဘဝဟာ ... သိပ်စိတ် ပျက်စရာ ကောင်းတယ်လို့ ကိုယ်ထင်တယ် ...”

“ဟုတ်တယ် ... တကယ့်ကိုပဲ ... ကိုအင္ဂနဲ့ကျွန်တော် စိတ် ချင်းမတူဘူး ... ဒါကလည်း ကိုအင္ဂရဲ့ဘဝမှာ အချစ်ဆိုတာ ရှိမလာခဲ့သေးလို့ ဖြစ်မှာပါ ... အဲလို လွှမ်းမိုးခံရတာက ကျေနပ်စရာတစ်မျိုး ကောင်းတယ်လို့ ကျွန်တော်ကထင် တယ် ... ဗီလင်တစ်မျိုးပေါ့ဗျာ ... ကျွန်တော်ကတော့ ဂီတသမားမို့ စိတ်နုတယ်လား မသိဘူး ...”

နှုတ်ခမ်းတွေက မဲ့မသွားမိအောင် မနည်းသတိထား ပြီး ထိန်းချုပ်လိုက်ရသည်။ ရင်ထဲမှာ ခါးသီးလာသည့် ခံစားမှုမျိုး တကယ်တော့ မဖြစ်သင့်ပါ။

ဘုန်းနေမိုးအပေါ် ချစ်ခြင်း မုန်းခြင်း ဘယ်လိုခံစား မှုမျိုးမှ မသက်ရောက်စေရ။

“အေးပါကွာ ... အေးကွာ ... တစ်နေ့နေ့တော့ ... အင်း





တစ်နေ့နေ့တော့ ... ရှုပါလေ ...”

“ဘာလဲဗျ ...”

“ကိုယ်ပြောတဲ့ခံစားချက်မျိုးကို မင်းခံစားတတ်လာမှာပါ၊ ယောကျ်ားဆိုတာက လွတ်လပ်မှုကို ကြိုက်တဲ့ သတ္တဝါမျိုး ကွ ...”

နှစ်ယောက်စလုံးတစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်မိသည်။

“ကိုကို ခုတလော ဘာတွေလုပ်နေတယ်ဆိုတာ ... သမီး တော့ နားကိုမလည်နိုင်ဘူး ...”

ဝရန်တာထောင့်စွန်းကနေ ငုံ့ကြည့်လိုက်တော့ သစ် ပင်ရိပ်ရုံလေးကို ဖျပ်ဖျပ်မြင်ရသည်။ လျှပ်စစ်မီးရောင်သည် သစ်ခွပန်းရုံ ၏ အတွင်းပိုင်းအထိ မထိုးဖောက်နိုင်ခဲ့။ ပန်းအခိုင်လေးတွေ လှုပ် ယမ်းလှုပ်လှဲနေသည်ကိုတော့ အရိပ်မြင်ရရုံ သိနေသည်။ ဝင်းရည်



www.burmeseclassic.com

www.burmeseclassic.com



သည် အုတ်ဘောင်နှင့်နံရံအစပ် လက်ရန်းထောင့်စွန်းမှာထိုင်ပြီး ခြေ
ထောက်တွေကို လှုပ်ဆော့နေ၏။

"ဘာကို နားမလည်ရတာလဲ ..."

"ဘယ်တုန်းကမှ မစဉ်းစားခဲ့တာတွေကို လုပ်နေတယ် ...
ပြီးတော့ ... ဘုန်းနေစိုးဆိုတဲ့ လူ ... ကွန်ပျူတာပြင်
လူက ဘယ်လိုဖြစ်ပြီး ... ကိုကို့ရဲ့ စီမံကိန်းတွေထဲမှာ
ဒီလောက်အရေးပါတဲ့သူ ဖြစ်သွားရတာလဲ ... သူနဲ့ကို
ဘာဖြစ်လို့ ဒီလောက်ရင်းနှီး သွားရတာလဲ ..."

"သူက မဆိုးပါဘူး ... ညီမလေးရဲ့ ..."

"သူ မဆိုးတာ ဆိုးတာကိုပြောတာ မဟုတ်ပါဘူး ...
ခုတလောမှာ ကိုကိုတစ်ခုခု ပြောင်းလဲနေတယ်လို့ သိ
ထင်တယ် ... တစ်ခုခု လုပ်ဖို့ ကြံစည်နေတယ် မဟုတ်
လား ..."

ဝတ်ရည်က စုံထောက်ကြီး ရှားလော့ဟုမ်းလို
ဆားပုလင်းနှင်းမှောင်လိုလို လေသံဖြင့် လက်နှစ်ဖက်ပိုက်လျှ
ပိုင်ပိုင်နိုင်နိုင်ကြီး ပြောချလိုက်သည်။ ဝတ်ရည်ရဲ့ ကလေးဆန်ဆ
အိုက်တင်က ရယ်ချင်စရာ။

"အယ်ဆိုးလို့လဲ ... ငါ့ညီမက ..."

"ဘယ်လို မဆိုးတာလဲပြော ..."





"ကိုကို လုပ်ငန်းတစ်ခု တိုးချဲ့မလားလို့ ..."

"ဘာလုပ်ငန်းလဲ ..."

"မြူးဇစ် ပရိုဒတ်ရှင်းလေ ..."

ဝရန်တာ အုတ်ဘောင်ပေါ်ကနေ ဖြန်းခနဲခုန်ဆင်း
လိုက်သည့် ဝတ်ရည်ကြောင့် အင်္ကျီ အထိတ်တလန့် ဖြစ်သွား
ည်။ ဝတ်ရည်သည် မျက်လုံးလေး ပြူးဝိုင်းလျက် အင်္ကျီကို မျက်
တောင်မခတ်ဘဲ စိုက်ကြည့်နေ၏။

"သီချင်းတစ်ပုဒ်တောင် အစအဆုံးမရတဲ့သူက ..."

"ဘာဖြစ်လဲ ..."

"ဘယ်သူတွေ မြှောက်ပေးလိုက်ပြန်ပြီလဲ ကိုကိုရာ ... ဒီ
လုပ်ငန်းကို ကိုကို နားမလည်ပါဘူး၊ ဒီလောကအကြောင်း
လည်း ကိုကို နည်းနည်းလေးမှ မသိပါဘူး ... ဘယ်က
ဘယ်လိုဖြစ်ပြီး ဘာစိတ်ကူးတွေ ပေါက်နေတာလဲ ..."

"အဲဒါ ... ညည်းကို အကူအညီတောင်းမလို့လေ ..."

"ညီမလေးက ဘာသိမှာမို့လဲ ..."

"ဘာပဲဖြစ်ဖြစ် ... ငါ့ထက်တော့ သိသေးတာပဲ မဟုတ်လား။
ပြီးတော့ ညည်းမှာက အသိအကျွမ်းများတယ် ... သီချင်း
ရွေးရွေးနေတဲ့ သူငယ်ချင်းတွေလည်း ရှိတယ်မဟုတ်လား ...
ခုဟာက စီစီဒီတွေ စီဒီတွေကလည်း အတော်များများ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နေတာဆိုတော့ ... ”

“သမီးရဲ့ သူငယ်ချင်းတွေကို စင်တင်ပေးမလို့တော့ ဖျ
နိုင်ပါဘူးနော် ... ”

“သီချင်းတွေက ရှိပြီးသားပါ ... အဲဒါကို ညီမလေးက မှ
ထောင်ပေးရမယ် ... ”

ဝတ်ရည်သည် အုတ်ဘောင်ပေါ်မှာ တတောင်
လေးထောက်လျက် ငြိမ်သက်သွား၏။ အောက်ဘက်သစ်ခွပန်းရုံ
လှမ်းငေးသည်လား။ ဒါမှမဟုတ် အတွေးတစ်ခုခုမှာ တန့်ရပ်ဝင်
နေသည်လား မသိပါ။

ညဝတ်ရုံကို တစ်စထက်တစ်စ တိတ်ဆိတ်မှ
လွှမ်းခြုံလာ၏။

“ဘယ်သူ့ သီချင်းတွေလဲဆိုတာ ညီမလေးသိတယ် ...

ဝတ်ရည်ရဲ့ စကားသံမှာ စိုးရွံ့တုန်လှုပ်ခြင်း
ပျော်ဝင်နေသလိုလို ... ။





“သူ့သီချင်းတွေကို နားထောင်ပြီး ဝေဖန်ပေးဖို့ပဲ ... ဖြစ်နိုင်
ချေ ဘယ်လောက်ရှိလဲ ... အောင်မြင်ဖို့ဆုံးရှုံးဖို့ ဖစ်ဖ်ဖစ်ဖ်
တီပဲလား ... ဒါမှမဟုတ် လုံးဝဓိုးရိုးလား ... ဈေးကွက်ထဲမှာ
တိုးဝင်လို့ ရမဲ့ အနေအထားလား ... ”

“ကိုကိုရယ် ... အနုပညာဆိုတာကို ပစ္စည်းတစ်ခု ဒီနိုင်း
အဆစ်ထုတ်သလို တွက်လို့ဘယ်ရပါ့မလဲ ... အနုပညာဆို
တာ စန်းရှိသေးတယ် ... ပါရမီလိုသေးတယ် ... အနုပညာ
ရဲ့ အရည်အသွေးအပြင် လူရဲ့ ကံကြမ္မာက ဆိုင်သေးတယ်
ကိုကိုရဲ့ ... ဒီ သီချင်းတစ်ပုဒ်ထဲကိုပဲ ဒီလူဆိုတော့ ...
မပေါက်ဘူး ... တခြားသူ ဆိုလိုက်တော့ ပေါက်သွားတယ်၊
အဲဒါမျိုးပေါ့ ... ”

“အေး ... အဲဒါတော့ ... ဟုတ်တယ်လေ ... အဲဒါကြောင့်
နင့်ကို ခန့်မှန်းပေးဖို့ ပြောတာပေါ့ ... ”

“သမီးက ဗေဒင်ဆရာမမှ မဟုတ်တာကိုကိုရဲ့ ... ရှေ့မြော်
ဟောတဲ့ လူတွေမေးကြည့်ပါလား ... ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ညီမလေးကလည်းကွာ ... နည်းနည်း စိတ်ရှည်
ပါ ... "

ဝတ်ရည်က နှာခေါင်းရှုံ့ပြီး တစ်ဖက်လှည့်သွ
သည်။ အငှရဲ့ အစီအစဉ်တွေကို အနည်းငယ်မျှလောက် စိတ်ဝင်
လာဖို့ပင် ဝတ်ရည်ကို အကြာကြီး သွေးဆောင်ရသည်။ တက
တော့ အငှရဲ့ သီချင်းတွေအပေါ် စိတ်ဝင်စားမှုက လမ်း
လက်ဖက်ရည်ဆိုင်တွေအပေါ် စိတ်ဝင်စားမှုထက် မပိုပါ။

သည်လိုကိစ္စမျိုးမှာ ဝတ်ရည်က အငှထက် အ
ကြီးသာသည်။ ဝတ္ထုဖတ်၊ သီချင်းနားထောင်၊ ရုပ်ရှင်၊ ဗီဒီယိုကြ
စသည့် မိန်းမငယ်လေးတွေရဲ့ အလုပ်မှန်သမျှ ဝတ်ရည်က ကျွ
ကျင်သည်။

"ဒီလူဟာ ဘာများထူးခြားနေလို့လဲ ... "

ခါးကိုချွန်၊ လက်ကို အပေါ်မြှောက်လိုက်ရင်း ဝ
ရည်က ညည်းညူရေရွတ်သည်။

"သူကြည့်တော့ အေးစက်စက် မလှုပ်တလှုပ်နဲ့ ... ဒါပေ
အဲဒီ မလှုပ်တလှုပ်နဲ့ မခိုးမခန့်ဒီဇိုင်းတွေက ... ခုခေတ်
နေတာလား မသိပါဘူး ... တစ်မျိုးတော့ ဖွဲ့ဆောင်နိုင်
တယ်ဆိုရမယ် ... သူ့အသံကလည်း ထူးခြားတယ် ...
တခြားသူတွေနဲ့မတူဘူးသိလား ... ချိုတယ်လည်းမဟုတ် ...





ရှတယ်လည်း မဟုတ် ... အေးလေ ... ကြော်ငြာ အခြေ
အနေကို စောင့်ကြည့်ရမှာပေါ့ ... "

"ဟုတ်တယ် ... ကိုယ်လည်း အဲလိုပဲ တွေးထားတယ် ... "

"မသေချာဘဲနဲ့တော့ ... မစွန့်စားချင်နဲ့နော် ကိုကို ... "

"ကိုယ်က စီးပွားရေးသမားပါ ဝတ်ရည်ရာ ... "

ညီမလေးဝတ်ရည်က အငှရဲ့ မျက်လုံးတွေထဲ တစ်ခု
ခု ရှာဖွေစူးစမ်းနေသလိုလို ခပ်ကြာကြာစိုက်ကြည့်လိုက်ပြီးမှ
မျက်နှာလွှဲသွားသည်။

အငှရဲ့ မျက်လုံးတွေထဲ ဘာတွေများ ရှာတွေ့သွား
သလဲ။

လျှို့ဝှက်ထားသည့် တစ်ခုခုကိုများ ...

ခပ်ဖြည်းဖြည်း ခေါင်းယမ်းပစ်လိုက်ရင်း တစ်
ယောက်တည်း ကျေကျေနပ်နပ်ပြုံးလိုက်မိသည်။

သူ ဘာကိုမှ မတွေ့နိုင်ပါဘူးလေ ...

အငှထင်ကျော်ရဲ့ စိတ်ကို ဘယ်သူမှ အမှန်အတိုင်း
ဖတ်နိုင်မှာ မဟုတ်ပါဘူး ... ။



www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ်တွေ ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းသွားပြီး ပရိသတ်တွေရဲ့ သိလိုစိတ်၊ စူးစမ်းလိုစိတ်တွေကို နှိုးဆွယူထားသည့် စိတ်ကူးလေးက အများထဲမှာ မဆန်းပြားပေမဲ့ ထိထိရှိသည်ဆိုရမည်။ နောက်ခံတီးလုံးနှင့် သီချင်းသံကတော့ ပုံမှန်ထက် ပိုပြီးစိတ်ဝင်စားစရာဖြစ်နိုင်သည်ဟု အဂ္ဂက ထင်သည်။ အပိုအလိုတွေ ဖြတ်ညှပ်ကပ်လုပ်ထားပြီး ရုပ်မြင်သံကြားမှ ပြသမည့် အချိန်အတိုင်းအတာအတိအကျ ပြကွက်လေးကို အဂ္ဂရဲ့မိသားစုဝင်တွေက စိတ်ဝင်တစားကြည့်ရှုအားပေးကြသည်။ အဂ္ဂကတော့ ပြကွက်အပြီးမှာ ထွက်လာမည့် ဝေဖန်စကားတွေကို စောင့်မျှော်နေမိသည်။

နောက်ထပ် ခြေတစ်လှမ်းတိုးဖို့အတွက် အဂ္ဂရဲ့ရင်ထဲမှာ ချိတုံချတုံဖြစ်နေခဲ့တာ အမှန်ပင်။





မိန်းမတစ်ယောက်ကို တွဲပြန်ဖို့အတွက် အဂ္ဂရဲ့ရင်ထဲမှာ ချိတုံချတုံဖြစ်နေခဲ့တာ အမှန်ပင်။

"ပြကွက်လေးတွေက ကောင်းပါတယ်ကွာ ... ယူထားတဲ့ အင်(န်)ဂယ်လ်တွေကလည်း အတော်လှပါတယ် ... ဒက်ကရေးရှင်းသမားတွေအတွက်တော့ ဒါတွေပဲ သုံးရမှာပေါ့ သိပ်ပြီးဆန်းပြားတယ်လို့တော့ မဆိုနိုင်ဘူး ... ဘက်ဂရောင်း မြူးစစ်ကတော့ အတော်ကောင်းတာပဲကွ ... စာသားတွေကလည်း ထိထိမိမိရှိတယ် ... ဆိုတဲ့သူကလည်း ရှင်းရှင်းလင်းလင်းနဲ့ ပေါ်လွင်အောင် ဆိုနိုင်တယ် ..."

အရင်ဆုံးကြားရသည့် ဖေဖေ့မှတ်ချက်စကားမှာဝင်စိတ်ကျေနပ်စရာအဖြေကို ရသည်။ ညီမလေးဝတ်ရည်က ပြုံးတုံ့တုံ့မျက်ခမ်းစုံများဖြင့် အဂ္ဂရဲ့မျက်နှာထားကို အကဲခတ်ကြည့်သည်။ အမေကတော့ ...

"ကြော်ငြာထဲက ဒက်ကရေးရှင်းတွေ တကယ်ပဲ ... သားဆင်ထားတာလား ..."

တဲ့။

ထူးဆန်းအံ့သြဖွယ်အမေးကို မေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်သီချင်းတွေကို စိတ်ဝင်စားသလား ..."

လျှပ်စစ်လိှုင်းထဲမှာ သူ့အသံ အနည်းငယ်တုန်ခါလျှပ် ခတ်နေသည်ကို မှန်းမိသည်။

"အင်း ... ဒါပေမဲ့ ပရိသတ်က ကိုယ်တော့ မဟုတ်ဘူး ကိုယ့်ညီမလေးပါ ..."

"ဝတ်ရည်က ..."

"ကြော်ငြာထဲက မင်းရဲ့အသံကိုလည်း အားလုံးက ကောင်းချီးပေးကြတယ်လေ ..."

"မနောက်ပါနဲ့ အစ်ကိုရာ ..."

သည်အသံက အေးစက်တဲတ်သူတစ်ယောက်ရဲ့ လေသံလို့ လုံးဝကို မထင်ရပါ။

"မင်း ဒီနေ့ အားလား ..."

"ကျွန်တော် ..."

"ညနေပိုင်းလောက် မင်းတစ်ကိုယ်တော်ကြိုထားတဲ့ တိပ်တွေ အာတွေရှိရင် ... ယူပြီး လာခဲ့လေ ... စမ်းကြည့်ကြတာပေါ့ ..."





တစ်ဖက်က တုံ့ပြန်သံ မကြားရဘဲ ခပ်ပြင်းပြင်း အသက်ရှူသံကိုသာ ဖုန်းလိုင်းထဲမှာ ကြားနေရသည်။

သည်ကောင်လေးကို ရှုးသွားအောင် ဒုက္ခပေးမိသလို ဖြစ်နေပြီလား။

❀◆❀

ပထမဆုံးအကြိမ်အဖြစ် မိန်းမတစ်ယောက်ရဲ့ မွေးနေ့အတွက် ပန်းစည်းတစ်စည်းပို့ပေးရသည့် အလုပ်က အဌကို စိတ်လှုပ်ရှားစေခဲ့သည်။ စိတ်လှုပ်ရှားရသည့် အရင်းခံက ကြည်နူးခြင်း၊ ချစ်ခြင်းမေတ္တာတရားများဖြင့် မဟုတ်တာကတော့ သဘာဝနှင့် ဆန့်ကျင်နေသည့် စိတ်ခံစားမှုတစ်ခုဖြစ်၏။ သို့ပေမဲ့ အဌသည် အမုန်းနှင့် မုလောင်ခြင်းများ၏ စေစားမှုကြောင့်ပင် အလှဆုံး နှင်းဆီကြက်သွေးနီရဲရဲများကြား အဖြူရောင် Snow Ball များ ညှပ်ထားသည့် ပန်းစည်းကို ရွေးချယ်ပြီး ပန်းစည်းရဲ့ အောက်ခြေမှာ မွေးနေ့အတွက် ဇောသံစုံတတ်ပြားလှလှကို ဖဲကြိုးနှင့် တွဲချည်လျှင် သူမ



www.burmeseclassic.com

www.burmeseclassic.com



ထံသို့ ပို့ပေးခဲ့သည်။

အငှကို ငြင်းပယ်ခဲ့သည့် နှင်းဆီဖူးငုံ နုတ်ခမ်းလှလှများသည် ပန်းစည်းရဲ့ အောက်ခြေကတ်ပြားမှာ ပေးပို့သူ အမည်နာမကို မြင်လျှင် အံ့သြခြင်းဖြင့် ခပ်ဟဟ ပွင့်နေလေသည်။ ဒါမှမဟုတ် ရှုးသွပ်မိုက်မဲသည့် ယောကျ်ားတစ်ယောက်ကို လှောင်ပြောင်လိုစိတ်ဖြင့် ရယ်မောနေမှာလား။

ထိုပန်းစည်းကို ငွေပိုးအိမ်ထံသို့ ပို့ခိုင်းသောအခါ အငှထင်ကျော်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စများကိုပါ အမြဲဆောင်ရွက်ပေးလေ့ရှိသည့် ဝန်ထမ်းကောင်လေးက အံ့သြပြီး မယုံနိုင်သည့် မျက်လုံးများဖြင့် ပန်းစည်းကို စိုက်ကြည့်နေခဲ့သည်။ နံနက်ခင်းအချိန်မှာ ငွေပိုးအိမ်ရဲ့တံခါးဝသို့ ရောက်ရှိသွားသော ထိုပန်းစည်းသည် ငွေပိုးအိမ်တို့မိသားစု အိမ်သားများအတွက် မေးခွန်းများစွာကို ပေးနိုင်လိမ့်မည်။ တစ်နေ့နေ့မှာတော့ ထိုမေးခွန်းများရဲ့အဖြေကို သူတို့အားလုံးကောင်းစွာ နားလည်နိုင်မှာပါ။

ငွေပိုးအိမ်ရဲ့မျက်ရည်ကို မြင်ရဖို့က သိပ်များခဲယဉ်းနေလေမလား။ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးအကြီးဆုံးဆိုတာ ချစ်သူလား၊ သိက္ခာတရားလား၊ ဘဝရဲ့ လုံခြုံမှုလား တစ်ခုခုတော့ သူမ ရွေးချယ်ရလိမ့်မယ်။





"ကိုကိုလည်း နားထောင်ကြည့်ဦးလေ ..."

ဝတ်ရည်ရဲ့ မျက်နှာပေါ်မှာ မြင်ရသည့်အရိပ်က အလုပ်တာဝန်ဝတ္တရားတစ်ခုဆိုတာထက် ပိုပြီးစိတ်အားထက်သန်နေခဲ့သည်ဟု အငှထင်သည်။

"ကိုယ်မှ နားမလည်တာ ..."

"နားမလည်ပေမဲ့ ကိုကိုက အလုပ်ရှင်ပဲ ... ပရိုဂျူဆာပဲ နားတော့ထောင်ကြည့်ရမှာပေါ့ ... ဒီလောက်ကြီးလည်း ဂီတနဲ့ စိမ်းတာမဟုတ်ဘဲနဲ့ ..."

"ညီမလေးရဲ့ သဘောထားကို အရင်ပြောပါဦး ..."

ဒီဗီဒီကက်ဆက်ကြီးရဲ့ ရှေ့တည့်တည့်က မွေးမွေကော်ဇောပေါ်မှာထိုင်နေသည့် ဝတ်ရည်က အငှရဲ့စကားကို မဖြေနိုင်သေးဘဲ မျက်ခုံးတွေကျုံ့လျက် ငြိမ်သက်နေသည်။ အပြာနုရောင် ဂါဝန်ပွပွလေးနှင့် ဝတ်ရည်သည် တကယ့်ကို ကလေးတစ်ယောက်ရဲ့ အပြစ်ကင်းစင်မှုမျိုးနှင့် ချစ်စရာ အမူအရာလေးတွေ ရှိနေဆဲပင်။ သည်ညီမလေးကြောင့်ပင် အငှရဲ့ဘဝမှာ သူစိမ်းမိန်းမတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာဖို့ ခဲယဉ်းနေသည်လား မပြောတတ်ချေ။

"လုပ်ရင် ဖြစ်နိုင်တယ် ... ရှုံးတော့ မရှုံးဘူး သေချာတယ် ကြော်ငြာအားကောင်းမယ်ဆိုရင် ပေါက်နိုင်တယ် ... "

"ယုံကြည်တယ်ပေါ့ ... "

"သီချင်းတွေ နားထောင်ပြီး ပြောတာလေ ... ကျန်တာက တော့ ကိုကို့ကို ပြောခဲ့သလိုပဲ သူ့ရဲ့ကံကြမ္မာနဲ့ဆိုင်တယ် ဒီဘက်မှာ သူ ဘယ်လောက်ပါရမီရှိလည်း စောင့်ကြည့်ရမှာ ပေါ့ ... "

"ကိုယ်ကတော့ အဲဒီအလုပ်ကို ညီမလေးက ဦးဆောင်စေ ချင်တယ် ... "

"အမ် ... "

"မူပိုင်ခွင့်ကို ညီမလေးနာမည်နဲ့ လျှောက်မယ်လေ ... "

ဝတ်ရည်သည် နှုတ်ခမ်းလေးတစ်ဖက်ကို မဲ့လိုက် ရင်း ...

"အိမ်မှာ ဇိမ်နဲ့ထိုင်စားနေတာကို ကြည့်မရတော့ဘူးထင် တယ် ဟုတ်လား ... "

ဟု အငွကို ခပ်ရွှဲရွဲ့လေးပြော၏။

"ဘယ်လိုပဲဖြစ်ဖြစ် အရင်းအနှီးလည်း ရှိတယ် ... ကိုယ် လည်း ဝါသနာပါတယ်ဆိုတဲ့ အလုပ်တစ်ခုကို အခွင့်အရေး





ရှိတုန်း စမ်းသပ်ကြည့်သင့်တာပေါ့ ... မိန်းကလေးတစ် ယောက်အနေနဲ့ ပညာတွေတတ်ထားပြီး ဒီပလိုမာ လက် မှတ်တွေ တစ်ခုပြီးတစ်ခု ယူနေရုံနဲ့ ပြီးရောလား ... အသုံး တည့်မဲ့ အလုပ်တစ်ခုခုလုပ်ရမှာပေါ့ ... လုပ်ငန်းတစ်ခုခုကို ဦးဆောင်နိုင်မဲ့ အရည်အချင်းမျိုး ရှိရမှာပေါ့ ... "

"အင်းပါ ... ကိုကို မြှောက်ပေးတာပဲနော် ... နောက်တော့ မှ ဘာဘာညာညာ မပြောနဲ့ ... "

"အပြောမခံရအောင် လုပ်ပေါ့ဟ ... "

"တွေ့လား ... ဘာမှတောင် စ,မလုပ်ရသေးဘူး ... လူကို ဘောင်ခတ်ထားချင်နေပြီ ... "

ဝတ်ရည်ရဲ့ ဆံပင်စွင်းစင်းပျော့ပျော့တွေကို လက် ချောင်းဖြင့် အုပ်ပြီး ဆွဲဖွမွှေပစ်လိုက်ရင်း တဟားဟား ရယ်ပစ်လိုက်မိ သည်။ တယ်လီဖုန်းသံ တတူတူမြည်လာသည်ကို ဝတ်ရည်က အနီး နားရှိနေသည့် ကြိုးမဲ့ဖုန်းဖြင့် ပြန်ထူးလိုက်၏။

"ကိုကို ... ငွေပိုးအိမ်ကတဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"နှင်းဆီပန်းစည်းအတွက် ကျေးဇူးတင်စကားပြောချင်လို့ပါ ... "

"မပြောပါနဲ့တော့ဗျာ ... ကျေးဇူးတွေနဲ့ သိပ်လေးသွားမှာစိုးလို့ ... "

တယ်လီဖုန်းလိုင်းထဲက စကားသံသည် ချိုမြပြီး ဖျော့ပြတ်သားမှုတွေ နည်းနည်းမှ မပါဝင်။

"ချစ်တဲ့သူကိုပဲ ရွေးချယ်မှာပါ ... "

ဆိုအသည့် လေသံချိုးနှင့် တော်တော့်ကို ခြားနားသည်ဟု အဂ္ဂထင်ပါသည်။ အဲသည့် အသံကို ပြန်ကြားမိတိုင်းလည်း ခန္ဓာကိုယ်အတွင်းထဲမှာ လှိုက်စားနေသည့် ဒဏ်ရာဟောင်းတစ်ခုလို အတော့်ကို ခံရခက်ပြီး နာကြည်းစိတ်တွေက ပို၍ပို၍သာ တိုးပွားလာခဲ့သည်။

"ဒါနဲ့ ... ပိုးရဲ့မွေးနေ့ကို ဘယ်လိုသိလဲဟင် ... "

"ဘာဖြစ်လို့လဲ ... "

သူမရဲ့အမေးကို မဖြေဘဲ နောက်ထပ်မေးခွန်းတစ်ခုဖြင့် တုံ့ပြန်လိုက်တော့ ရုတ်တရက် သူမ နှုတ်ဆွံ့အသွားသည်။





တာကယ်တော့ ခဲခဲယဉ်းယဉ်း စုံစမ်းခဲ့ရတာ မဟုတ်ပါ။ အဂ္ဂရဲ့ဦးနှောက်ထဲမှာလည်း ငွေပိုးအိမ်ရဲ့မွေးနေ့ဆိုတာကို သိသိမှတ်မှတ်မြဲနေတာ မဟုတ်ပါ။ ဒါပေမဲ့ ငွေပိုးအိမ်ရဲ့ ချစ်သူဆိုတာကိုတောင် စုံစမ်းသိနိုင်မှတော့ မွေးနေ့ဆိုတာကို သိရဖို့က ဘယ်မှာခဲယဉ်းမှာတဲ့လဲ။

ငွေပိုးအိမ်ရဲ့ မိဘများကတစ်ဦးတည်းသောသမီးလေးရဲ့မွေးနေ့ကို နှစ်စဉ်နှစ်တိုင်း ကုသိုလ်ရေးတစ်ခုခုပြုလုပ်ပြီး ကျွေးပေးသည်ဆိုတာရော၊ အရင်းနှီးဆုံး သူငယ်ချင်းတွေကို ဖိတ်ကြားပြီး ဧည့်ခံတတ်သည်ဆိုတာရော အဂ္ဂသိထားပြီး ဖြစ်ပါသည်။သည့်ထက်ပိုပြီး သည်တစ်နှစ်မှာတော့ သူမရဲ့ချစ်သူလေးကို မိဘများနှင့် တွေ့ဆုံမိတ်ဆက်ပေးဖို့ အထူးအစီအစဉ်လေးတစ်ရပ်ပါဝင်သည်ဆိုတာတလည်း ငွေပိုးအိမ်ရဲ့ ချစ်သူကိုယ်တိုင် အဂ္ဂကို အရိပ်အမြွက်ပြောခဲ့ပြီးဖြစ်သည်။

"အံ့ဩစရာကောင်းနေလို့ပါ ... စကားမစပ်မိဘူး ထင်တာဘဲ ... "

"ဘတ်သ်ဒေးပါတီကို ဖိတ်ကြားမခံရတဲ့အတွက် ... စိတ်မကောင်းပါဘူးဗျာ ... "

"အင်း ... အဲဒီအတွက်လည်း အားနာပါတယ် ... "

"ဒါဆို ... အကြွေးတင်တဲ့အနေနဲ့ နောက်ထပ်သီးသန့်မွေး



www.burmeseclassic.com

www.burmeseclassic.com



နေ့ပွဲကျင်းပပေးပါလား ...”

“ဟုတ်ကဲ့ ... စဉ်းစားပါ့မယ် ...”

အဲသည့်စကားသံကဖြင့် နည်းနည်းစီးစီးပိုးပိုးရှိသည်

ထင်၏။ မိန်းမတွေရဲ့သဘာဝကိုက ဘာမဟုတ်သည့် လိုက်လျော

ဦးစားပေးမှု၊ အထက်စီးရမှုတွေကိုပဲ ကျေနပ်နေတတ်တာ မဟုတ်

လား။ သူမ မခြင်နိုင်ဘူးဆိုတာ သေချာနေတာမို့ အဋ္ဌတစ်ယော

တည်း ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။

“ကျွန်မ မေးတာ မဖြေသေးဘူးနော် ...”

မလွှယ်ပါလား။

အဖြေမရမချင်း လက်လျှော့မည့်ပုံတော့ မဟုတ်

“ဒါသိပ်မခဲယဉ်းပါဘူးဗျာ ... ဟိုးအရင်ကတည်းက သိထ

တဲ့ ကိစ္စလို့ပဲ မှတ်လိုက်ပါ ... သိပ်လည်း မအံ့သြပါနဲ့ ...

မွေးနေ့ကို ဝုဏ်ပြုတဲ့အနေနဲ့ နေ့လယ်စာ တစ်ရက်လော

ကျွေးပါရစေ ... ကျွန်တော်လည်း ခုတလောတော့ လုပ်

အသစ်တစ်ခု တိုးချဲ့ဖို့ကိစ္စရှိနေလို့ ... အားကိုမအား

ဖြစ်နေတယ် ... လူကြီးတွေရော နေကောင်းရဲ့လား ...

ကျွန်တော်က ကျန်းမာရေးအတွက် ဆုတောင်းပေးတ

လို့ ပြောပေးပါဗျာ ...”

စကားတွေ အဆက်မပြတ်ပြောပြီး အာရုံအပြော





အလဲလုပ်လိုက်တော့မှ မခွေချောက မွေးနေ့ကိစ္စကို လက်လျှော့

သွားတော့သည်။

ငွေပိုးအိမ်ကို တိတ်တခိုးစွဲလမ်းနေသည့် ယောကျ်ား

တစ်ယောက်ပဲ ဆိုပါတော့။

မရနိုင်မှန်း သိလျက်နဲ့ အဲသည့်ရင်ထဲက အချစ်ကို

ဖျောက်ဖျက်မပစ်နိုင်ဘူးဆိုပါတော့။

တစ်နေ့နေ့မှာ အခွင့်အရေးလေး တစ်စွန်းတစ်စပေါ်

မလားဆိုတဲ့ မျှော်လင့်ချက်နဲ့ အဲသည့်လို တွေးပြီး ကျွေးမွေး

ခဲ့ငွေပိုးအိမ်။

ခုချိန်မှာတော့ ခင်ဗျားအတွက် လှပတဲ့ အိပ်မက်

...ရှိနေဦးမှာပေါ့။

...

နောက်က တကောက်ကောက်လိုက်ပါပြီး မေးခွန်း

...ခုကို ထပ်ကာတလဲလဲမေးနေသည့် ဇော်ရည်ကို ဘယ်လိုဖြန်



www.burmeseclassic.com

www.burmeseclassic.com



မြေရှမလဲဆိုတာ အငှ စဉ်းစားမရပါ။ လောလောဆယ် အငှ
ဘယ်သူမှမသိရအောင် လျှို့ဝှက်ထားရမည့် အကြောင်းအရာများ
ရှိနေသေးသည်။ အလုပ်က ပြန်လာပြီး ရေချိုးခန်းထဲ ဝင်ကာ
အထိ ဝတ်ရည်က သည်မေးခွန်းကို မေးဆဲပင်။

"ဒီမိန်းမကို ကိုကိုက တကယ်စွဲနေတာလား ..."

"ဘယ်မိန်းမကိုမှ ကိုကိုမစွဲဘူး ..."

"အဲဒါဆိုရင် ... သူနဲ့ ဘာဖြစ်လို့ အဆက်အသွယ် မပြတ်တာ
လဲ ..."

"ဟာကွာ ... ဘာကို အဆက်အသွယ် မပြတ်ရ
ရန်သူတွေလည်း မဟုတ်ဘူး ... ရည်းစားဟောင်း မဟုတ်
မဟုတ်ဘူး ... အစကတည်းက တစ်ခါတစ်ရံ ဝင်ထွက်သိ
လာပြီး မိတ်ဆွေတွေလို ဆက်ဆံခဲ့တာပဲ ... သိပ်ပါ
အနက်ရှိတာလည်း မဟုတ်ပါဘူး ...
သူ့ဖက်က ကိုယ့်ကို လက်မခံနိုင်ဘူးဆိုတာနဲ့ဘဲ က
တွေလို စိတ်ဆိုးစိတ်ကောက်ပြီး နေရမှာလား ... ပုံမှန်ဆ
ဆံရေးတော့ ရှိတာပေါ့ ... ဒီလောက်ပါပဲ ... အဲဒါ
တရားခံစစ်သလို ငါ့ကို လာစစ်နေရလား ..."

"ကိုကိုနဲ့ သူကြားထဲမှာ အရင်ကတည်းက ပုံမှန်ဆက်
ရေးမှ မရှိတာဘဲ ... ကိုကိုလည်း မေမေနိုင်းလို့သာ သူ





ဝင်ထွက်နေရတာ မဟုတ်လား ..."

"ဟုတ်ပါတယ် ... အခုလည်း ..."

ဝတ်ရည်သည် အငှရဲ့ နှစ်ယောက်အိပ် စပရိန်မွေ့ရာ
ကြီးပေါ်မှာ အကျအနတင်ပျဉ်ခွေထိုင်ပြီး မေးကိုလက်ဖြင့် ပင့်
ထောက်လျက် အငှကို စုံထောက်တစ်ယောက်ရဲ့ စူးစမ်းသော မျက်
လုံးမျိုးဖြင့် ကြည့်နေသည်။

"ကဲ ... မယ်မင်းကြီးမ ... အပြင်ထွက်တော်မူပါတော့ ...
ငါ ရေချိုးတော့မယ် ..."

"ကိုကိုတော့ တစ်ခုခုမှားနေပြီ ..."

ဝတ်ရည်က အငှရဲ့ စကားကို မကြင်းဆန်ပေမဲ့ ထိုင်
နေရာမှ ထရပ်လိုက်ရင်း အေးစက်စက်လေသံဖြင့် ပြောလိုက်သည်။
ဝတ်ရည်ရဲ့ မျက်နှာမှာ ကလေးတစ်ယောက်လို နောက်ပြောင်တဲ့
ဟန်လိုရိပ်တွေ၊ ခပ်မြူးမြူး အပြုံးရိပ်တွေ နည်းနည်းမှ ရှိမနေပါ။
အငှရဲ့ မျက်လုံးတွေထဲ စိုက်ကြည့်လိုက်သည့် ခပ်စူးစူး မျက်ဝန်းတွေ
ထဲ တစ်ခုခုကို မိမိရရ ဖမ်းဆုပ်လိုက်နိုင်သည့် အမိပွါယ်မျိုးကို ဖျတ်
ခနဲ တွေ့လိုက်ရသည်။

"ဒီကောင်မလေးဟာ ... ဘာတွေလာပြောမှန်း ... မသိ
ဘူး ..."

မျက်နှာသုတ်ပဝါကို ပခုံးပေါ်တင်ပြီး ရေချိုးခန်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ဆွဲဖွင့်လိုက်စဉ်မှာ အိပ်ခန်းထဲက ထွက်သွားသည့် ဝတ်ရည်ရဲ့ ခြေသံပါးပါးကို ကြားလိုက်ရသည်။

❀

"ရိုးခန်းမှာ ခေါ်တွေ့တယ်ဆိုတာက ... ခုလုပ်မဲ့အလုပ်ပြောမဲ့စကားကို အလုပ်သဘောဆန်ဆန် လေးနက်စေချင်လို့ပဲ ... "

စကားသုံးလေးခွန်းအပြီးမှာ အဝ္ဂရှေ့မှာထိုင်နေသည့် ဘုန်းနေစိုးရဲ့ခေါင်းတစ်ချက်အညိတ်၊ ဟုတ်ကဲ့ ... ၊ စကားတစ်ခွန်း နှစ်ခွန်းကလွဲပြီး ဘာကိုမှ တုံ့ပြန်မရှိသေး၊ အေးစက်သည့် သူ့ရဲ့မျက်ဝန်းများက စိတ်လှုပ်ရှားမှုဖြင့် ဂနာမငြိမ်ဖြစ်နေပေမဲ့ အဝ္ဂရှေ့မှာ ထိုင်နေသည့် အနေအထားက မပျက်မယွင်း မတုန်မလှုပ်ရှိသည်။ Dream World ကုမ္ပဏီ၏ရုံးခန်းသည် လေအေးစက်၏ အအေးဓာတ်များကြောင့် အေးစိမ့်စိုထိုင်းလျက်ရှိ၏။ မွေးပွကော်ဇော များဆီကပင် မွှေးပျံ့သည့် ရနံ့ကို ရနေသည်ထင်ရအောင် အတွင်း





ပိုင်း ပြင်ဆင်မွမ်းမံမှုကို အကောင်းဆုံးပြုလုပ်ထားသည်။ ဒါမှလည်း အိမ်အတွင်းပိုင်း အလှဆင်ကုမ္ပဏီရဲ့ ကြော်ငြာတစ်ခုဖြစ်တော့မှာပေါ့။ ဘုန်းနေစိုးရဲ့အကြည့်တွေက ကဗျာဆန်ဆန် ရုံးခန်းကလေးကို သူ့ရဲ့ဂီတသံစဉ်တစ်ခုခုဖြင့် ဖြည့်စွက်လိုဟန်ထင်ပါရဲ့။ သူ့အတွက်တော့ လေအေးစက်ရဲ့ ငြိမ့်ငွေ့ဖွယ် အသံဖျော့ဖျော့အစား၊ စန္ဒရား ဒါမှမဟုတ် ဂီတသံတစ်ခုခုဖြင့် အစားထိုးချင်ပေလိမ့်မည်။

"ဒါပေမဲ့ မင်းရဲ့အလုပ်ရှင်က ကိုယ်မဟုတ်ဘူး ... "

သူလည်တိုင် အနည်းငယ် ဆန့်သွားသည်။

"မင်းရဲ့ ပရိုဂျူဆာက ဝတ်ရည်ပဲ ... "

"ဗျာ ... "

အံ့သြခြင်းနှင့် လှုပ်ရှားခြင်းကို တစ်ပြိုင်တည်း မြင်လိုက်ရသည်။

❀

"ကိုအဝ္ဂရဲ့ ရုံးခန်းအဆင်အပြင်က တော်တော့်ကို လှတယ်နော် ... လက်စွမ်းကုန် ကြိုးထားတာလား ... ဝင်လာတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းက အလုပ်ကိစ္စကို မေ့ပြီး ဒီရုံးခန်းလေးရဲ့ စတိုင်ကိုပဲ အရင်ဆုံး သတိထားမိကြမှာ ...”

“မင်းရော အဲဒီလို ခံစားရလား ...”

“ဒီရုံးခန်းထဲကို ရောက်ရောက်ချင်း ကျွန်တော် အဲဒီလို ခံစားရတယ် ... ဒါပေမဲ့ ကိုအဂ္ဂပြောတဲ့စကားတွေကို ကြားလိုက်ရတော့ ... ကျွန်တော် လောကကြီးကိုတောင် မေ့သွားတယ် ...”

အဂ္ဂ ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။

သည်လိုအချိန်မှာတော့ အေးစက်တတ်သူတစ်ယောက်ဆိုတာကို မယုံနိုင်လောက်အောင်ပင် သူ့မျက်နှာပေါ်မှာ လှပ်ရှားတက်ကြွသည့် သွေးရောင်တွေ လွှမ်းနေသည်။ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ရိပ်နှင့် ကံကြမ္မာရဲ့ အပြောင်းအလဲကို မယုံမရဲဖြစ်နေသည့် စိတ်ခံစားချက်မျိုးသည် သူ့မျက်နှာပေါ်မှာ ထင်ထင်ရှားရှားပေါ်လွင်နေ၏။

သူ့ရှေ့မှာ အစိမ်းရောင် ဖျော့ရည်ဖန်ခွက်ရှည်ရှိနေပြီး အဂ္ဂရဲ့အရှေ့မှာတော့ အငွေ့မသေနိုင်သေးသည့် ကော်ဖီပူပူတစ်ခွက်ရှိနေသည်။

“ဝတ်ရည်က ကျွန်တော့်ကို ယုံကြည်ပေးတာ ကျေးဇူးတင်ပါတယ် ...”





“ဒါပေမဲ့ ကိုယ့်ညီမလေးက ဒီလောကကြီးထဲကိုဝင်ဖို့ ဘာအတွေ့အကြုံမှ မရှိသေးတဲ့ အစိမ်းသက်သက်ပါ ... ဒီတော့ မင်းတို့နှစ်ယောက် ပူးပေါင်းပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားနိုင်ဖို့ပဲ ... မင်းလည်း ရှိတောခင်းအပိုင်းကိုပဲ ကိုယ့်တာဝန်လို့ တွက်မထားဘဲနဲ့ မြန်ချိုရေးနဲ့ ကြော်ငြာကိစ္စတွေ ရုံးတင်တဲ့ကိစ္စတွေမှာပါ ... သူ့ကို အားတက်သရော ကူညီဖို့လိုတယ် ...

လိုအပ်ရင် ... ကိုယ့်ဆီက စတပ်ပ်တွေကိုလည်း ခိုင်းပေးမှာပါ ... ဒါပေမဲ့ ဒါက စီးပွားရေးကိစ္စသက်သက်မဟုတ်ဘူးလေ ကိုယ်တို့ စီးပွားရေးလောကလိုမျိုး ... ဒီလောက်ပေးရင် ဒီလောက်ပြန်ရမယ်လို့ တွက်ပြီး လုပ်လို့မရဘူး ...”

“ဟုတ် ... ကျွန်တော် သဘောပေါက်ပါတယ် ...”

“နောက်တစ်ခုက အားလုံးစိတ်တိုင်းကျပြီးစီးပြီဆိုမှ ကြော်ငြာကိစ္စကို လုပ်မယ် ... ဒီကြားထဲမှာ မီဒီယာတွေနဲ့ တွေ့တာ ... ဝိုင်းတွေနဲ့ လိုက်ပြီးဆိုတာ ဘာတစ်ခုမှ မလုပ်ဘူး ကိုယ်တို့ဘာသာ တိတ်တိတ်ဆိတ်ဆိတ် လှုပ်ရှားမယ် ... နောက်ဆုံးကျွ ... မင်းရဲ့အပေါင်းအသင်း ... မင်းရဲ့ရည်းစားကိုတောင် အသိမပေးပါနဲ့ ... ဒါ ကိုယ်တို့ရဲ့ အရေးမင်(နဲ့)တစ်ခုပဲ ... မင်း လိုက်နာနိုင်မလား ...”



www.burmeseclassic.com

www.burmeseclassic.com



သူက သည်တစ်ခါတော့ တွေဝေသွားပြီး စားပွဲမျက်နှာပြင်ကြည်ကြည်ကို မျက်လွှာချလျက် စူးစိုက်ကြည့်နေသည်။ ခါးသက်မွှေးပျံ့သော ကော်ဖီရဲ့အရသာကို နှစ်သက်စွာ ခံစားနေနိုက်မှာ ဘုန်းနေစိုးထံက ဘယ်လိုတုံ့ပြန်မှုမျိုး ရရှိလိမ့်မည်ဆိုတာ အဂ္ဂနည်းနည်းလေးမှ မစိုးရိမ်ပါ။

"အဲဒါ ဘာကြောင့်ဆိုတာ ကျွန်တော် သိခွင့်ရှိလား ..."

သည်လိုမေးခွန်းမျိုးအတွက် အဂ္ဂမှာ အဆင်သင့်အဖြေရှိနေပြီးသား ဖြစ်သည်။

"ဘာကြောင့်လဲဆိုတော့ မလိုလားအပ်တဲ့ ဇာတ်ရှုပ်တာတွေကို ကြိုပြီး ကာကွယ်တားတဲ့ သဘောပဲ ... ဒီလောကမှာ ဘယ်လိုလူတွေရှိတယ် ... ဘယ်လိုဇာတ်လမ်းမျိုးတွေဖြစ်တတ်တယ်ဆိုတာ မင်းလည်း သိပြီးသားဖြစ်မှာပါ ... မင်းက ဒီလောကနဲ့ ဝေးတဲ့သူမှ မဟုတ်ဘဲ ... ကိုယ်တို့ရဲ့အင်္ဂလိပ်မင်္ဂ(နီ)ကို မင်းက သံသယရှိတယ်ဆိုရင် ... မင်းကြိုက်သလို စုံစမ်းပြီး ... မင်းကြိုက်သလို ဆုံးဖြတ်လို့ရပါတယ် မင်းဆီက ရက်စ်ဆိုတဲ့ အဖြေကိုရမှ စ,ပြီး လုပ်မယ် ..."

"ဟင့်အင်း ... ကျွန်တော်မစုံစမ်းပါဘူး ..."

"မဟုတ်ဘူးလေ ..."

"ကျွန်တော် ဒီလိုအခွင့်အရေးမျိုးကို စောင့်နေခဲ့တာ အကြာ



ကြီးရှိပြီ ... အခု ကျွန်တော့်ကို လိုလိုလားလားနဲ့ အခွင့်အရေးပေးလာတာ ကျွန်တော် လက်လွှတ်ခံလို့ ဘယ်ဖြစ်မလဲ ... ကျွန်တော့်ဘက်က ဘယ်လိုပေးဆပ်မှုမျိုးပဲ ပေးရပေးရ ... ကျွန်တော် လုပ်ကို လုပ်ရမယ် ... ပြီးတော့ ကိုအဂ္ဂကို ကျွန်တော်ယုံပါတယ် ..."

မင်း သိပ်မှားသွားပြီ။

လူမှန်ရင် မယုံတတ်လေနဲ့၊ ကိုယ့်ကိုယ်ကိုယ်တောင် အလွယ်တကူ မယုံလိုက်လေနဲ့ ဘုန်းနေစိုးရဲ့ ... ။

စိတ်ထဲကနေပြီး အကျယ်ကြီး အော်ဖစ်လိုက်သော အဂ္ဂရဲ့နှုတ်ခမ်းတွေက တင်းတင်းစေ့ပြီး ပြုံးနေခဲ့ပါသည်။

❀❀❀

သည့်နောက်မှာတော့ အဂ္ဂထင်ကျော်သည် မိုက်မဲလှသည့် စွန့်စားမှုတစ်ခုဖြင့် မိန်းမတစ်ယောက်အပေါ် လက်စားချေ့တုံ့ပြန်ဖို့ စတင်ခဲ့တော့သည်။ အဂ္ဂ၏ကြီးမားသော အရင်းအနှီးက

www.burmeseclassic.com



ချစ်လှဲ့စွာသော ညီမလေး ဝတ်ရည်ပင်ဖြစ်ပါသည်။ ဘုန်းနေစိုးနှင့် ဝတ်ရည်တို့ရဲ့ တဖြည်းဖြည်း ပိုမိုရင်းနှီးလာသော ဆက်ဆံရေးကို သတိဖြင့် စောင့်ကြည့်နေခဲ့ရသည်။ တကယ်တော့ အဂ္ဂထင်ကျော် အတွက် တစ်ဦးတည်းသော ညီမလေးသည် တန်ဖိုးမဖြတ်နိုင်သည့် ရတနာတစ်ပါးပင် ဖြစ်ပါသည်။ အကွဲအရှမခံနိုင်သည့် ကြွေရုပ် ကလေးတစ်ရုပ်ပင် ဖြစ်ပါသည်။ အဲသည့် ရတနာလေးသည် တစ်နေ့ နေ့မှာတော့ ထိုက်တန်သူရဲ့လက်တွင်း ရောက်ရှိရမည် အသေအချာ ပင်။


အဲသည့် ထိုက်တန်သူသည် ... ဘုန်းနေစိုးတော့ မဟုတ်၊ ဘုန်းနေစိုးကို ရုပ်သေးရုပ်သဖွယ် အသုံးချခဲ့သည်ကလွဲလျှင် အဂ္ဂ သူ့အပေါ်မှာဘယ်လိုခံစားချက်မျိုးမှ မရှိပါ။ ဝတ်ရည်အပေါ် ယုံကြည်မှု သက်သက်ဖြင့်သာ သည်ပွဲကို စ,ရဲတော့မည်။

ကံကြမ္မာက အဂ္ဂထင်ကျော်ရဲ့ အနိုင်ရခွင့်အတွက် အသေအချာရှိနေပါ့မလား။





# အ မု န်း မြ စ် က မ်း ပါး





www.burmeseclassic.com

www.burmeseclassic.com



ကြက်သွေးရောင် နှင်းဆီပန်းစည်းတစ်စည်းသည် ငွေပိုးအိမ်ကို တစ်ချိန်လုံး အနှောင့်အယှက်ပေးနိုင်ခဲ့သည်။ မိမိထက် ငယ်ရွယ်သောချစ်သူတစ်ယောက်ကို ရကာမှ စိတ်ကူးယဉ်တတ်လာသည့် ငွေပိုးအိမ်သည် မွေးနေ့နံနက်ခင်းမှာ နှင်းဆီပန်းစည်းကို လက်ခံရရှိတော့ စိတ်အာရုံမှာ ချက်ချင်းပေါ်လာသည့်ပုံရိပ်က အရိုင်းဆန်သော ချစ်သူမျက်နှာသာဖြစ်သည်။ လှပသည့် စက္ကူကတ်ပြားလေးပေါ်က နာမည်စာလုံးကို မဖတ်မီခင်အထိ ငွေပိုးအိမ်က ချစ်သူ့ရဲ့ နုညံ့ကဗျာဆန်လှသည့် စိတ်ကူးကို ကျေနပ်ကြည်နူးနေမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီတွေက ကြက်သွေးရောင်ရဲပြီး စိုဖတ်နေသည့် ဖူးရာကနေ ငုံအာကာစ အရွယ်တူများဖြစ်သည်။ ရိုးတံတွေက ဖြောင့်စင်းပြီး နှင်းဆီနီရဲတွေကြားမှ စနိုးဘောလ်ဖြူဖြူတွေကြောင့် အနီရောင်က ပိုပြီး အသွေးကျလျက် ပေါ်လွင်ထင်ရှားနေသည်။ အစိမ်းရင့်ရောင် အရွက်တွေကိုလည်း အောက်ခြေနားကျကျမှာ ဝန်းပတ်ထားသည်ဆိုတော့ ကြည့်လို့မဝနိုင်သည့် နှင်းဆီပန်းစည်းတစ်စည်းဖြစ်လာသည်။ ဘုရားအာရုံပြုပြီး စ၊ စိတ်ကြည်လင်နေသည့် အချိန်မှာ မေမေ့လက်ထဲက နှင်းဆီပန်းစည်းကို မြင်လိုက်ရတော့ ပိုး ချက်ချင်းရွှင်လန်းပျော်ရွှင်သွားရသည်။

"အိမ်က ဆရာမကို ပေးလိုက်ပါတဲ့လေ ..."

ဆိုပြီး မေမေက မျက်စောင်းဖြင့် ပြောသည်။

"မေမေကလည်း ..."

"ပို့တာက ဘယ်သူတဲ့လဲ ... ကလေးကလားနဲ့ကွယ်"

"မေမေကတော့ ဒီလိုပဲ ပြောမှာပေါ့ ..."

လှပသည့် မှတ်ခမ်းပွါးလေးကို မဲ့ရွဲ့လိုက်ရင်း ...

"တို့လည်း ငယ်ရာက ကြီးလာတာပါနော် ..."

ဟု မေမေက ဆယ်ကျော်သက်လေးရဲ့ လေသံဟန်ပန်အတိုင်း ပြောလိုက်ပြီးမှ ...

"နှင်းဆီတွေက လှလိုက်တာဟယ် ..."





ဟု နှင်းဆီပန်းစည်းကို တမက်တမောကြည့်လျက် ပြောသည်။

"ဟုတ်တယ် မေမေ ... စိုရဲနေတာပဲ ... ဘယ်သူပို့တာလဲ မသိဘူး ..."

ဟန်ဆောင်ပန်ဆောင်ပြောလိုက်ပေမဲ့ အာရုံထဲမှာတော့ ပုံရိပ်တစ်ခုကို ပြေးမြင်ပြီးပြီ။ လှပစွာ ချိတ်ဆွဲထားသော ကတ်ပြားလေးကို ဖွင့်လိုက်တော့ တီးလုံးသံလွှင်လွှင်လေး ထွက်ပေါ်လာသည်။ အင်္ဂလိပ်စာလုံးဖြင့် ရေးထိုးထားသည့် စာကြောင်းရဲ့ အောက်မှာ မြင်ရသည့် လက်မှတ်တိုက ငွေပိုးအိမ်မျှော်လင့်ထားသလို ကိုးလ်ဆိုသည့် စာလုံးမဟုတ်ပါ။ ချစ်သူရဲ့ အင်္ဂလိပ်ဘာသာ လက်မှတ်တိုလည်း မဟုတ်ပါ။ အင်္ဂလိပ်စာလုံးအကြီးများဖြင့် ခပ်စောင်းစောင်းနှင့် သေသပ်လှပစွာ ရေးထိုးထားသည့် အမည်နာမအား ပိုး လုံးဝမျှော်လင့်မထားသည့် လူတစ်ယောက်၏နာမည်ဖြစ်နေခဲ့သည်။

"ဘယ်သူလဲ သမီး ..."

မေမေက ငွေပိုးအိမ်ကို တစ်ချိန်လုံးစောင့်ကြည့်နေခဲ့ပုံရသည်။ ငွေပိုးအိမ်ရဲ့ မျက်နှာအပြောင်းအလဲက မေမေ့ရှေ့မှာ သိပ်သိသာနေပါလိမ့်မည်။ အသက်ရှူရ ကျပ်လာသလိုလို ပင့်သက်တစ်ချက်ရှိုက်လိုက်ပြီးမှ မေမေ့အမေးကို ပိုး ပြန်ဖြေလိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဂ္ဂထင်ကျော်ရဲ့ မေမေ ..."

မေမေရုတ်တရက် စကားမပြောနိုင်ဘဲ အရုပ်တစ်ရုပ်လို တောင့်တင်းသွားသည်။

"ကျွန်တော် ဘုန်းနေ့စိုးပါ ခင်ဗျာ ..."

"ဪ ... ဪ ... သမီးပြောဖူးပါတယ် ... ထိုင်ပါဦးလေ အေးအေးဆေးဆေးပေါ့ ... သမီးရဲ့သူငယ်ချင်းတွေလည်း ရောက်လာတော့မှာပါ ... အန်ကယ်လ်ကတော့ ဒီနေ့ ဂေါက်ရိုက်ဖို့ ချိန်းထားလို့ ဖေဖေ ဒင်နာကျမှပဲ ဘုတ်ဒေးဝတ်ရှုလုပ်တော့မယ်နော် သမီး ..."

"ဖေဖေတို့ကတော့ လုပ်ပြီ ..."

ငွေပိုးအိမ်ကို သည်လိုပွဲစံမျိုးဖြင့် မိဘတွေက ဆန်းကျင်ဥပေက္ခာပြုခဲ့ကြသည်ဆိုတာ ပထမဆုံးအကြိမ်ဖြစ်ပါသည်။ ဖေဖေရော မေမေပါ သူတို့ရဲ့သဘောထားကို တစ်နည်းတစ်ဖုံ ပေါ်လွင်အောင် ပြခဲ့သည်ပဲ ထင်သည်။ တက္ကသိုလ်မှာ နည်းပြ၊ မဟာဝိဇ္ဇာ



ဘွင်းသူဖြစ်လာသည်အထိ ဖေဖေနှင့် မေမေသည် ငွေပိုးအိမ့်ရဲ့ နေ့မှာ မူလတန်းကတည်းက သူငယ်ချင်းတွေကိုပင် ဖိတ်ပြီး နေ့တော့ စိတ်ပင်ပန်းနွမ်းနယ်သမျှ ပျော်ရွှင်စေခဲ့သည်ချည်းပင်။ အကိုယ်တိုင် လူငယ်တွေ ကြိုက်တတ်သည့် အစားအသောက်ကို စီမံခင်းကျင်းပြီး ဘူဖေးပုံစံတွေ ကျွေးမွေးဧည့်ခံခဲ့သည်။ ဖြစ်သူ ပျော်ရွှင်နေသည်ကို တစ်နေရာက စောင့်ကြည့်နေပြီး ဖေနှင့် မေမေက ကျေနပ်နေမြဲပင်။

အခုတော့ ...

ဝိုး တမင်ဖိတ်ကြားထားသည့် ဧည့်သည်ကောင် ကြောင့်လား။

ဒါမှမဟုတ် နံနက်ခင်းက နှင်းဆီပန်းစည်းကြောင့်

မေမေက ခေါင်းကိုက်သည်ဟုအကြောင်းပြပြီး အိပ် ထဲမှ မထွက်တော့၊ ငွေပိုးအိမ်ကတော့ ကောင်လေးအနေကျပ် င် မေးခွန်းတွေ တစ်ခုပြီးတစ်ခုမေးပြီး တရားခံစစ် စစ်နေမှာ ိတ်ပူနေခဲ့တာ။

"နောက်ရက်တွေမှ အေးအေးဆေးဆေး လာခဲ့ပေါ့ကွယ် ... ဒီနေ့တော့ သူ့သူငယ်ချင်းတွေက ရောက်လာပြီး သောင်း ကျန်းကြဦးမှာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

"သမီး ... မေမေတော့ ရှိပါတယ် ..."

"ဟုတ် ..."

"ကဲ ... ကဲ ... ဖေဖေသွားဖို့ ပြင်လိုက်ဦးမယ် ..."

အေးစက်တတ်သည့် ကောင်လေးက ပို၍အေး
သွားပြီး ပိုး နေရာချထားပေးသည့် ညှိခန်းဆက်တီတွေမှာ
မယှက် ထိုင်နေတော့သည်။ သူ့မျက်ဝန်းတွေထဲက သိမ်ငယ်
သည် မာနတရားနှင့် ရောစွက်လျက် ရှိမြဲရှိနေ၏။ ငွေပိုးအိမ်ရဲ့
ဝန်းကျင်က သူ့ကိုအနှောင့်အယှက်ဖြစ်စေသည်လား မသိပါ။
နှင့် တိုက်ပုံမဟုတ်ပေမဲ့ အတတ်နိုင်ဆုံး တည်တည်ငြိမ်ငြိမ် ပုံစံ
ဖြစ်ရအောင် ရှပ်အင်္ကျီလက်ရှည်နှင့် စတိုင်ဘောင်းဘီမီးခိုးရောင်
ဝတ်ဆင်လာသည့် ကောင်လေးသည် သူ့နဂိုဟန်ပန်တွေ ပျော
ကွယ်ပြီး သံပါတ်ပေးထားသည့် စက်ရုပ်တစ်ရုပ်လို ဖြစ်နေသည်

"ဗိုက်ဆာပြီလား ..."

"ဟင့်အင်း ... ကျွန်တော် အစားစားဖို့လာတာမှ မဟုတ်

"သိပါတယ် ... ဒါပေမဲ့ ရောက်မှတော့ တစ်ခုခုစားရမှာ

"မရဲ့ ဖေဖေက သဘောကောင်းပုံရပါတယ် ..."

"သေချာတာပေါ့ ..."

"ဒါပေမဲ့ ကျွန်တော့်ကိုတော့ သိပ်သဘောမကျသလိုဘဲ



သမီးအတွက် သင့်တော်မဲ့သူလို့ ယူဆပုံမရဘူး ..."

သူက သည်လိုမွှင့်ပွင့်လင်းလင်း မှတ်ချက်ချလိုက်
တော့ သူ့ကိုအားပေးရမည့် စကားတွေ ပြင်ဆင်ထားသမျှ ပိုးရဲ့နှုတ်
ဖျားမှာတင် ပျောက်ကွယ်သွားပြီး ဝမ်းနည်းနှုတ်ဆိတ်နေခဲ့ရသည်။
နီးဆီးရှည်များဖြင့် ဝိတ်လှောင်ထားသလိုရှိနေသည့် ညှိခန်းထဲ
တစ်ယောက်ကို တစ်ယောက် စကားမပြောနိုင်ဘဲ စက္ကန့်တွေ
တော်ကြာခဲ့သည်။ မွေးပွကော်ဇော အပြာရောင်ပေါ်က သူ့ခြေ
ချောင်းရှည်တွေကိုသာ မျက်လွှာချ စိုက်ကြည့်နေရင်း သူ့ကိုအားပေး
အတွက် ကိုယ့်ကိုယ်ကိုယ် အားမွေးနေခဲ့ရပါသည်။

"ဒါပေမဲ့ မ ရယ် ... အချိန်ယူပြီး စောင့်ရမှာပေါ့နော် ...
ကျွန်တော် တစ်ခုခုလုပ်နိုင်မှာပါ ... ဟိုလေ ... လူကြီးတွေ
ကျေနပ်ရမဲ့ အခြေအနေမျိုးပေါ့ ..."

"ကိုးလ် ..."

"ကျွန်တော့်အပေါ် မ စိတ်ပျက်မသွားဖို့ဘဲ ..."

"တော်ပါတော့ကွယ် ..."

ဒူးပေါ်မှာ ထောက်တင်ပြီး တစ်ခုနှင့် တစ်ခုယှက်
ထားသည့် သူ့လက်ဖမိုးတွေပေါ် အုပ်မိုးဆုပ်ကိုင်ထားလိုက်မိသည်။

"တို့ ရွေးချယ်ခဲ့ပြီးပြီပဲ ..."

"ရွေးချယ်မိပြီးသားမို့ မျက်စိမှိတ်လိုက်ရတာမျိုးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... တို့အချစ်ကို တို့သေချာပြီးသားပါ ...
ဘက်က ဘယ်တော့မှ မပြောင်းလဲဘူး ..."

"ကျွန်တော်ယုံပါတယ် ... ဒါပေမဲ့ မျက်စိမှိတ်ယုံရတာ
စာရင် ... တစ်ယောက်နဲ့ တစ်ယောက် နားလည်နိ
အနေအထားက ပိုပြီးကောင်းလိမ့်မယ် ... ဟုတ်တယ်

သူဘာကိုဆိုလိုသည်ဆိုတာ ပိုး ချက်ချင်းနား
နိုင်ပါ။

"ခုနေ ... ကျွန်တော် ပြန်သွားရင် စိတ်ဆိုးမှာလား ...

သူမျက်ဝန်းတွေထဲ ဖျတ်ခနဲ မော်ကြည့်မိသည်

"ကျွန်တော်ရှိနေတာ မ,အတွက် စိတ်အနှောင့်အယှက်
လိမ့်မယ် ထင်တယ် ..."

"တို့သူငယ်ချင်းတွေနဲ့ ရင်မဆိုင်ချင်ဘူးလား ..."

"ကျွန်တော် အဲဒီလောက် သတ္တိမကြောင်ပါဘူး မ,ရယ်
ဒါပေမဲ့ ကျွန်တော့်ကြောင့် မ,သိမ်ငယ်ရမှာကို စိုးတယ်
လောလောဆယ်မှာ ကျွန်တော့်အတွက် မ,ဘာမှ
မေ့ဂုဏ်ယူစရာ မရှိသေးဘူး မဟုတ်လား ..."

သူ ထွက်သွားချင်နေပြီလား။

ဝမ်းနည်းမှုနှင့်အတူ ရင်ထဲမှာ သူ့အတွက် က
စိတ်သည် အရှိန်ပြင်းသော လှိုင်းများသဖွယ် ရိုက်ခတ်လျက်ရှိသ





မရင့်ကျက်နိုင်သေးတာကိုဘဲ သနားကရုဏာသက်ရသည်။ တကယ်
တော့ ငွေမိုးအိမ်ရဲ့ အသိုင်းအဝန်းထဲ ဝင်လာပြီး အဲသည့် သိမ်ငယ်
မှုတွေကို သူ့ကိုခံစားစေခဲ့တာ၊ အချိန်သိပ်စောလွန်းသေးသည် ထင်
ပါရဲ့။

"အဲဒီလောက်ကြီး ကိုယ့်စိတ်ကို ဘောင်ခတ်မထားနဲ့လေ"

"ဟုတ်လား ... ကျွန်တော် ကိုယ့်ဘာသာ သိမ်ငယ်နေတာ
ထင်ပါရဲ့နော် ..."

"ဟိတ် ... အဲဒီစကားတွေပြောဖို့က အချိန်အခါ မဟုတ်သေး
ဘူးလေကွာ ... ဒီနေ့ တို့မွေးနေ့ တို့မွေးနေ့မှာ နည်းနည်း
မှ စိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူးကွာ ... တို့ပျော်
အောင် တို့နေစေချင်တဲ့ပုံစံနဲ့ နေပေးမယ် မဟုတ်လား"

သည်လိုဆိုတော့ သူ့မျက်နှာ အနည်းငယ်လန်းပြီး
နှုတ်ခမ်းတွေက ပြုံးဖော်ရလာသည်။ သူ့အပြုံးက အရှက်ကြီးတတ်
သည့် လူပျိုပေါက်လေးရဲ့ အပြုံးမျိုး၊ နဖူးပေါ် ခပ်ရှိုင်းရှိုင်းကျနေ
သည့် ဆံပင်တွေကြားမှာပင် နုပျိုနေသည့် ကလေးဆန်သည့် မျက်
နှာလေးက အရမ်းကိုချစ်ဖို့ကောင်းတာပါပဲ။ အချစ်က လူတစ်
ယောက်ရဲ့ အမြင်အတွေးတွေကို ပြောင်းလဲစေနိုင်တယ်ဆိုတာ
သေချာပါတယ်။

"မ,က ကျွန်တော့်ကို ရှိနေစေချင်တာလား ..."



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ ..."

"ကျွန်တော်ကတော့ မနဲ့ နှစ်ယောက်တည်း ရှိချင်တယ်"

"ညနေကျရင် ဘုရားတက်ရအောင်လေ ... ဘုရားမှာ ဆီမီးပန်းကပ်ပြီး ပုတီးစိပ်ချင်တယ် ... ထိုင်စောင့်ပေးမလား"

"အိုတော ... သိပ်ရတာပေါ့ ..."

"ဒါဆို ... ဒီမှာစောင့်ဦး ... တို့ မီးဖိုထဲမှာ မုန့်ပွဲပြင်လိုက်ဦးမယ် ..."

"ကျွန်တော် လိုက်လို့ရမလား ..."

"ရတယ် လိုက်ခဲ့လေ ..."

သူ့နားရွက်အဖျားကို ခပ်နာနာ လိမ်ဆွဲလိုက်တော့ သူက ပိုးရဲ့လက်တွေကို ဖျတ်ခနဲ ဆွဲယူဖမ်းဆုပ်ထားလိုက်ပြီး လက်ဖမိုးကို နှုတ်ခမ်းဖျားလေးနဲ့ ထိရုံနမ်းရှိုက်လိုက်သည်။ ဘယ်သူမှ မသိလိုက်သည့် ရင်ခုန်သံတွေက ရင်ထဲမှာ ပရမ်းပတာ ဆူညံသွားခဲ့၏။





"ခုတစ်လော ဘာတွေ အလုပ်ရှုပ်နေလဲ ... ကျောင်းကိုလည်း ရောက်မလာဘူး ..."

ဆည်းဆာရိပ်အောက်မှာ မြင်ရသည့် မြို့ပြအငွေ့အသက်အနည်းငယ်ကင်းသော လွှင်ပြင်ရှုခင်းကို ငေးမောနေရင်း သူက နှုတ်ဆိတ်သည်။ ပင့်သက်ရှိုက်သံ တိုးတိုးလေးကြားရ၏။ မိုးကာသား ဂျာကင်ပေါ်တင်နေသည့် သူ့လက်ချောင်းတွေက ရှည်လျားပြီး ပြည့်ဝန်းသွယ်လျသည်။ သို့ပေမဲ့ ထိပ်ပိုင်းဆီသို့ ရှူးသွားတတ်သည့် စိတ်ကူးယဉ်လက်မျိုးမဟုတ်၊ စလောင်းတိုင်တွေလို တညီတညာတည်း ရှိတတ်သည့် အဘိဓမ္မာလက်မျိုးဖြစ်သည်။ အဲသည့် လက်ချောင်းတွေက နွေးထွေးပြီး မြဲမြံသည်ဆိုတာတော့ ငွေပိုးအိမ်ကောင်းကောင်းသိထားသည်။

"လောလောဆယ်မှာ ကိုယ့်အလုပ်တစ်ခု လက်ခံထားတာ ရှိတယ် ..."

"အလုပ် ..."

"ဟုတ်တယ် မရဲ့ ... ကျွန်တော့်ဝါသနာပါတဲ့ အလုပ်ဆိုပါတော့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ သီချင်းတွေလား ..."

သူက ပြန်မဖြေဘဲ ပြုံးရုံ ပြုံးနေသည်။ ဆည်းဆာ
နေရောင်က တကယ့်ကို စိတ်ကြည်နူးဖွယ် လှပနေ၏။ အိပ်တန်း
ပြန်လာသည့် ငှက်အုပ်တွေ ဓာစ်စုပြီး တစ်စု လိမ္မော်ရောင် ကော
ကင်ကို နောက်ခံပြုလျက် ပျံသန်းသွားသည်ကို မြင်ရသည်။ မိုးကု
စက်ဝိုင်း မဆုံးမချင်း ပျံသန်းနေတော့မလိုလိုပင်။ လိမ္မော်နီရော
ဖြန့်ကျက်ထားခြင်းခံရသည့် ကမ္ဘာမြေသည်လည်း ပကတိအရော
ပေါ် သွန်းဖျန်းထားသည့် ဆည်းဆာရောင်ကြောင့် သဘာဝလှ
ပန်းချီကားတစ်ချပ်လို ထူးခြားလှပနေ၏။

"ကျွန်တော် ဂီတသမားဖြစ်သွားရင် ... မှရဲ့မိဘတွေ
သဘောကျနိုင်ပါ့မလား ... မ,တို့ အသိုင်းအဝိုင်းက ဘယ်
လူမျိုးကိုမှ သမက်တော်ချင်မှာလဲ ... ကြည့်ရတာ အ
အဝကြီးတဲ့ ... သိက္ခာရှိတဲ့ ဂုဏ်မျိုးကိုမှ လိုချင်တယ်
တယ်နော် ..."

"ဟင့်အင်း ... တို့က လက်ခံနိုင်မယ်ဆိုတဲ့ လူမျိုးကို မေ
တို့လည်း လက်ခံမှာပဲ ... တို့ကို စိတ်ညစ်အောင် မေမေ
က ဘယ်တုန်းကမှ မလုပ်ခဲ့ဘူး ... အဲဒါကြောင့်လည်း က
လှမ်းလာတဲ့ လူတွေကို သူတို့သဘောနဲ့ သူတို့ ခေါင်းညိတ်
လက်ခံတာမျိုး မလုပ်ခဲ့တာပေါ့ ..."





"မ,ကရော ..."

"ဟင် ..."

"ဂီတသမားတစ်ယောက်ကို လက်ထပ်နိုင်ပါ့မလား ..."

အဲသည့်မေးခွန်းက ငွေပိုးအိမ်ကို အခက်တွေ့စေ
သည့် မေးခွန်းတစ်ခုဖြစ်ပါသည်။ ဘုန်းနေစိုးကို ဂီတသမားတစ်
ယောက်အဖြစ် လက်ခံပြီး ချစ်မိခဲ့တာမဟုတ်လေတော့ ...။

"တို့ မသိဘူး ..."

ထို့သာ ဇဝေဇဝါ ပြောနိုင်လေသည်။

"ဂီတသမားတွေရဲ့ ဘဝကို တို့နားမလည်ဘူး ... ရင်းနှီး
ခဲ့ဘူး ... ဒီတော့ ဂီတသမားတစ်ယောက်ကို လက်ခံနိုင်
မလား ... မခံနိုင်ဘူးလားဆိုတဲ့ မေးခွန်းပဲ ကောင်လေးရဲ့
ဘာလဲ ... အလုပ်ကထွက်ပြီး အဲဒီလောကထဲ ဒိုင်ပင်ပမ်
ဝင်တော့မလို့လား ..."

"အဲလိုသာဆို ... မမ စိတ်ပျက်သွားမလား ..."

"တို့ စိတ်ပျက်သွားမှာကို သိပ်ကြောက်လား ..."



www.burmeseclassic.com

www.burmeseclassic.com



“ကြောက်တယ် ...”

“ဒါဆိုရင် ... တို့ခိုင်းတဲ့အတိုင်း လုပ်နိုင်မလား ...”

“မ,က ဘာတွေခိုင်းမှာလဲ ...”

“ကွန်ပျူတာဘွဲ့လွန် ဒီပလိုမာတွေ ဆက်တက်ပြီး နိုင်ငံခြားမှာ ပညာဆက်သင်ရင်း အလုပ်လုပ်ဖို့ ...”

သူက ဟက်ခနဲ ပြုံးရယ်လိုက်သည်။

“ကျွန်တော်လုပ်နိုင်မယ် မထင်ဘူး ...”

သူ့ရဲ့အဖြေစကားက စက္ကန့်ပိုင်းမျှပင် မစောင့်လိုက်ရပါ။ သူ့မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်မိလိုက်တော့လည်း ဘယ်လိုစိုးရိမ်မှုမျိုးမှ ရှိမနေပါ။ ပိုး ဖြစ်စေချင်တာတွေကို သူ ဘယ်လိုမှ လိုက်လျောနိုင်မှာ မဟုတ်ဘူးဆိုတာလည်း ပိုးကြိုတင်သိထားပြီး ဖြစ်သလို သူမလိုက်လျောနိုင်သည့်အတွက် ငွေပိုးအိမ်က သူ့အပေါ် စိတ်ပျက်သွားမှာမဟုတ်ဘူးဆိုတာလည်း သူက သိထားနှင့်ပြီးသား ဖြစ်နေပုံပါပဲ။

“ဒါဆိုရင်တော့ တို့လည်း ဂီတသမားတစ်ယောက်ကို ဆက်ချစ်နိုင်ဖို့ တော်တော်လေး ခေါင်းစားရလိမ့်ဦးမယ် ...”

“သြော် ... မ,က အပေးအယူသဘောပေါ့လေ ...”

“ဒါပေါ့ ... လူဆိုတာ ကိုယ်ကပေးထားသလောက် ပြန်ရချင်တာပဲ မဟုတ်လား ...”





မျက်နှာကို တမင်ခပ်မှော့မှော့ထားပြီး ပိုးက ပြောလိုက်သည်။ သူ့နှုတ်ခမ်းတွေ ချစ်စဖွယ် ပြုံးရယ်လျက် ငွေပိုးအိမ်ကို ငေးစိုက်ကြည့်နေ၏။

“ဒါဆိုရင်တော့ ကျွန်တော်က အရင်းတောင် ပြန်မရသေးဘူးလို့ ပြောရမယ် ...”

“မင်းက ဘာတွေများ ပေးထားလို့လဲ ...”

“ကျွန်တော့်အချစ်တွေ အများကြီး မ,ကိုပေးထားတယ်”

“အံမယ် ...”

သီချင်းတွေထဲမှာသာ သူမကြာခဏ ညည်းလေ့ရှိသည့် စကားကို သူ့နှုတ်က သည်လိုပွင့်ပွင့်လင်းလင်း ကြားရဖို့ သိပ်ကို ခဲယဉ်းပါသည်။ လူငယ်တစ်ယောက်ဆိုပေမဲ့ သူ့ရဲ့အေးစက်မှုကြောင့်လား၊ ရှက်ကြောက်ခြင်းကြောင့်လားမသိ၊ အချစ်ဆိုတဲ့စကား သူ့နှုတ်ဖျားကကြားရဖို့ဆိုတာ ခဲယဉ်းလှသည်မို့ ပိုး မကြာခဏ မချင့်မရဲဖြစ်ရတတ်ပါသည်။

“တို့က ပြန်မပေးနိုင်ဘူးဆိုပါတော့ ...”

“ကျွန်တော် ပေးသလောက်တော့ ပြန်မပေးနိုင်သေးဘူး”

“မဖြစ်နိုင်တာ မင်းကသာ ...”

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်ဖြစ်ခဲ့သည့် ညနေခင်းလေး အမှတ်ရနေဟုပင်ဖြစ်

ဝ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ကလေးဆန်လှသည်ဟု တစ်ချိန်က ကောင်းကောင်းရွတ်ချခဲ့ဖို့သေချာသည့် သည်လိုအပြုအမူမျိုးကို ငွေမိုးအိမ်ရဲ့နှလုံးသားက ဆင်ခြင်မှုမဲ့ လက်ခံနေရသည့်အဖြစ်ကိုက ငွေမိုးအိမ်သည် အချစ်ရဲ့ သိမ်းသွင်းမှုအောက်မှာ ရှုံးနိမ့်ခဲ့ရပြီဖြစ်ကြောင်းသိသာစေပါသည်။

သူ့ရဲ့စကားတွေက ပိုးရဲ့နှလုံးသားထဲမှာ စီးဆင်းနေသည့် စိမ့်စမ်းကလေးတစ်ခုလို ငြိမ့်ညောင်းညှင်သာနေခဲ့သည်။

ငွေမိုးအိမ်အတွက် ဒါဟာ သိမ်မွေ့သည့် ဝဋ်ကြွေးတစ်ခုဖြစ်ချင်ဖြစ်နေလိမ့်မည်။ သို့ပေမဲ့ ဝဋ်ကြွေးတစ်ခုဖြစ်ခဲ့လျှင်တောင် အဆုံးထိပေးဆပ်သွားဖို့ ပိုးဆုံးဖြတ်ထားခဲ့ပြီးဖြစ်နေခဲ့သည်။

"တကယ်ပြောတာပါ မ,ရယ် ... ကျွန်တော် မ,ကို ဘယ်လိုချစ်မိသွားတယ်ဆိုတာ မသိခဲ့သလိုဘဲ ဘယ်လောက်အထိ နက်နက်ရှိုင်းရှိုင်း ချစ်မိတယ်ဆိုတာ ကိုယ့်ဘာသာ တွေးလို့တောင် မရဘူး ... အဲလို ချစ်မိခဲ့လို့လည်း ဟိုးအရင်ကတည်းက ခုထိ ကျွန်တော်တစိုက်မတ်မတ် ကြိုးစားလာခဲ့တဲ့ ဝါသနာကိုတောင် ဆက်လုပ်ဖို့ သံသယတွေ ဝင်ခဲ့ရတယ် ... ကျွန်တော့်ရဲ့ ဂီတသမားဘဝကို မ,လက်ခံနိုင်ပါ့မလား မရဲ့ အသိုင်းအဝိုင်းက ကြည်ဖြူပါ့မလားဆိုတာမျိုးပေါ့ ... ဒါပေမဲ့လေ ... ကျွန်တော် မကို မစွန့်လွှတ်နိုင်သလို ကျွန်တော့်ရဲ့ ဝါသနာကိုလည်း မစွန့်လွှတ်နိုင်ဘူး ... အဲဒီတော့ ကျွန်တော့်





ရဲ့ အခြေအနေနဲ့ ကျွန်တော့်ရဲ့ ဝါသနာကို မ,လက်ခံနိုင်ပါစေလို့ပဲ ဆုတောင်းရတော့တာပေါ့ ..."

သူ့စကားတွေက ငွေမိုးအိမ်ရဲ့ စိတ်တံခါးကို ဖွင့်လှစ်နိုင်ခဲ့ပါသည်။ တကယ်တော့ သူ့ရဲ့ အရှိအတိုင်းဆိုသည့် ဘဝကိုလက်ခံနိုင်ဖို့ ပိုးဖြစ်ရှင်ထားခဲ့ပြီးသား မဟုတ်လား။ ဖွင့်မပြောခဲ့ပေမဲ့ သူ့ရဲ့ ဂီတသမားတစ်ယောက်ဘဝကို နားလည်ပေးနိုင်ဖို့လည်း ကိုယ့်ကိုယ်ကိုယ် ကြိုးစားနေမိသားပင်။

"ဒါပေမဲ့ ကျွန်တော့်ရဲ့ ဝါသနာကို အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားနိုင်မှာပါ ... မ,လက်ခံနိုင်အောင် အောင်မြင်တဲ့ အတိုင်းအတာအထိပေါ့ ..."

"မင်း စိတ်အားထက်သန်နေတဲ့အလုပ်ကို တို့မတားပါဘူး"

"အားမှုပေးမှာလား ..."

"တကယ်ပဲနော် ..."

"ဂီတဆိုတာ လူတိုင်းမြတ်နိုးကြတဲ့ အနုပညာပဲ ... ဒါပေမဲ့ အဲဒီနယ်ပယ်နဲ့ ဆက်နွှယ်တဲ့ လူမှုရေး ... စီးပွားရေးအပိုင်းတွေကိုတော့ မပြောဘူးနော် ... ပြီးတော့ ကိုယ်ကျင့်တရားသိက္ခာ ... တို့မိသားစုက မျိုးရိုးဂုဏ်ဆိုတာထက် အဲဒီဂုဏ်တွေကို ပိုပြီး တန်ဖိုးထားတာပါ ကောင်လေးရယ် ... အောင်မြင်မှုဆိုတာ လူတိုင်းလိုချင်ကြတာပါ ... ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်နေတဲ့ လူတိုင်းကိုတော့ အထင်ကြီးလို့ မရဘူး" အောင်မြင်ကျော်ကြားမှုဆိုတာကို ဖြူစင်သန့်ရှင်းတဲ့ ကိုယ်ကျင့်တရား၊ သစ္စာနဲ့ လဲယူရမယ်ဆိုရင်တော့မလိုချင်ပါဘူး။

တို့ရဲ့စိတ်ကို မင်းနားလည်တယ် မဟုတ်လား။

တို့ မင်းကို ဘာကြောင့် ချစ်မိမှန်းတော့ မသိဘူး။ ဒါပေမဲ့ မင်းနဲ့ တို့အကြားက ဘာမှမျှော်လင့်မထားဘဲ ချစ်တဲ့ အချစ်လေးတွေကို တစ်ခုခုက ဖုံးလွှမ်းသွားမှာ ကြောက်တယ်။ လူတွေဟာ ဘဝရဲ့ တိုးတက်အောင်မြင်မှုတွေဆီ သွားနေရင်းနဲ့ပဲ အချစ်တွေ၊ သစ္စာတွေ၊ နူးညံ့တဲ့စိတ်ခံစားမှုတွေကို နင်းချေသွားတတ်ကြတာ မဟုတ်လား ... "

သူ့ရဲ့ နွေးထွေးမြဲမြဲသည့် လက်ဖဝါးတွေက ပိုးရဲ့လက်ချောင်းတွေကို ဆုပ်ကိုင်လိုက်သည်။

"ဟုတ်ပါတယ် ... မ,ပြောတာ သိပ်မှန်တဲ့ စကားတွေပါ ကျွန်တော်တို့ နှစ်ယောက် အဲဒီလို မဖြစ်အောင် ကြိုးစားကြမယ် ... "

သူ့ရဲ့မခုံးစွန်းတွေကို ထိရုံ ခေါင်းမှီတင်လိုက်ရင်း အမှတ်တရ ညနေဆည်းဆာကို သည့်ထက်ပိုပြီး ဖြည်းလေးစွာ ရွေ့လျားသွားစေဖို့ ရူးသွပ်စွာ ဆုတောင်းမိသည်။





"အခုတလော မေမေတစ်ခုခု ဖြစ်နေသလားလို့ ... "

မေမေက ငွေပိုးအိမ်ကို လှမ်းကြည့်လိုက်ပေမဲ့ မေမေ့ဖျက်ဝန်းအိမ်ထဲမှာ ငွေပိုးအိမ်ရဲ့ပုံရိပ်မထင်၊ မွေးနေ့ပွဲပြီးကတည်းက ငွေပိုးအိမ်တို့ရဲ့ မိသားစုအတွင်း ပုံမှန်အခြေအနေပျက်ယွင်းနေသည်ဆိုတာသိလျက် မသိဟန်ဆောင်ပြီး တိတ်တဆိတ်ဝမ်းနည်းနေခဲ့ရသည်။ တစ်အိမ်လုံးမှာ ဆည်းလည်းသံလို အမြဲလွင်နေတတ်သည့် မေမေ့စကားသံတိတ်ဆိတ်နေပြီဆိုကတည်းက အမှားအယွင်းတစ်ခုခုရှိနေပြီဆိုတာ သိသာသည်။ ကြီးကြီးကတော့ မီးဖိုချောင်ထဲခင်မှသာ အသံထွက်တတ်သူမို့ ထူးခြားစေသည် မဟုတ်ပါ။ အမြဲတမ်းပျော်ရွှင်ပေါ့ပါးနေတတ်သည့် မိသားစုလေးအတွင်းမှာ ငွေပိုးအိမ်ရဲ့ ရွေးချယ်မှုသည် သိသာပြီး ပြင်းထန်သည့်ထိခိုက်မှုဖြစ်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေလား ... "

"သမီးကို စိတ်ကောက်နေတာလား ... "

"စိတ်ကောက်ရအောင် ကလေးမှ မဟုတ်ဘဲ ... "

"ဒါဆို ... စိတ်ဆိုးနေတာလား ... "

မေမေက ငွေပိုးအိမ်ရဲ့မျက်နှာဆီက အကြည့်လွှဲပြီး ခပ်ဖွဖွ ပြုံးလိုက်ပေမဲ့ အဲသည့်အပြုံးက အားနည်းနွမ်းရော်လှသည့် မချိတရိအပြုံးမျိုးသာ ဖြစ်နေသည်။

"ဪ ... သမီးလေးက မေမေ့မျက်နှာရိပ်ကိုကြည့်ဖို့ သတိ ရသေးသားပဲ ... "

"ဟာ ... မေမေရာ ... "

"မေမေက ... သမီး လောကကြီးကိုတောင် မေ့နေပြီထင် တာ ... "

မေမေ့အခန်းဝမှာရပ်နေသည့် ပိုးရဲ့ခြေထောက်တွေ ထဲ ဆက်လက်ရပ်တည်နိုင်စွမ်းမရှိတော့လောက်အောင်ပင် အင်အား တွေ ချည့်နဲ့သွားရသည်။





"အဌဟာ သမီးကို စိတ်မပြတ်သေးဘူးဆိုတာ သမီးလည်း သိနေမှာပဲနော် ... ဒီလို တော်တဲ့ကလေးတစ်ယောက်ကို လက်လွှတ်လိုက်ရတာ မေမေ့ရင်ထဲမှာ မကောင်းဘူး သမီး ရယ် ... မေမေ့သမီးအတွက် ဒီလိုလူမျိုးရနိုင်တော့လို့မဟုတ် ပါဘူး ... မေမေ့သမီးက အဲဒီလိုလူမျိုးတွေကို လက်လွှတ်ပြီး ကိုယ့်စိတ်ပင်ပန်းရမဲ့ လူမျိုးကို ရွေးချယ်လိုက်တာကိုပဲ စိတ် မကောင်းဖြစ်ရတာ ...

တို့စိတ်ထဲမှာ ... တို့သမီးက သိပ်ကိုတော်တဲ့သမီး ... သိပ် ကို အရည်အချင်းရှိတဲ့ သမီး ... သိပ်အတွေးအခေါ်ရှိတဲ့ သမီးလို့ ထင်ထားတယ် ... တော်ရုံတန်ရုံလူနဲ့ မထိုက်တန် ဘူးလို့တောင် ထင်မိတယ် ...

အခုတော့ ... "

မေမေ့မျက်ဝန်းအိမ်တွေ နီရဲလာသည်။ မျက်တောင် မွှေး ပုတ်ခတ်လျက် နှုတ်ခမ်းတွေကို ဖိသိပ်လျက် မေမေသည် ငွေ ပိုးအိမ်ရှေ့မှာ ကျလုတည်းတည်းမျက်ရည်ကို ထိန်းနေ၏။

"ဘုန်းနေစိုးမှာ သမီးထက် အသက်ငယ်တာကလွဲပြီး ဘာ



www.burmeseclassic.com

www.burmeseclassic.com



များ ချွတ်ယွင်းချက်ရှိလို့လဲ မေမေရယ် ... လူကြီးတွေ လက်မခံနိုင်လောက်တဲ့ ... ပြစ်ချက်မျိုး ဘာမှဆိုးဆိုးရွား ရွားမရှိပါဘူး ... ”

“အေးလေ ... ဟုတ်ပါတယ် ... လောလောဆယ်မှာတော့ အဲဒီတစ်ချက်နဲ့ ဖြေသိမ့်နေရတာပေါ့ ... ဒီလိုမှ တွေးစရာမ ရှိရင် ဘယ်လောက်စိတ်ဆင်းရဲစရာကောင်းလိမ့်မလဲ ... မေ မေတို့တစ်သက်တာမှာ ညည်းကို ဘယ်တုန်းကမှစိတ်ဆင်း ရဲအောင် မထားခဲ့ပါဘူး ... လိုချင်တယ်ဆိုရင် ချက်ချင်းရ အောင် ကြိုးစားပေးခဲ့တာချည်းပဲ ... ပြီးတော့လည်း သမီး မလုပ်ချင်ပါဘူးဆိုတဲ့ အလုပ်မျိုးကို တစ်ခါမှတောင် အတင်း အကျပ် မခိုင်းခဲ့ပါဘူး ...

ဆယ်တန်းအောင်တော့လည်း သမီးစိတ်ကြိုက် ရွေးချယ်ခဲ့ တာပဲ ... အမှတ်တွေ နည်းပြောပေမဲ့ သမီးကွန်ဖျူတာဝါသနာ မပါဘူးဆိုတော့ အတင်းမလျှောက်ခိုင်းခဲ့ဘူး ... အဝတ် အစားလက်ဝတ်ရတနာကအစ အားလုံး သမီးစိတ်ကြိုက် အခု အိမ်ထောင်ဘက် ရွေးတော့လည်း ဟိုတစ်ယောက်ကို သမီးမနှစ်သက်ဘူးဆိုတာကို မေမေတို့ မျက်နှာပျက်ခံနိုင်ခဲ့ တယ် ... ဒါပေမဲ့ သမီးရွေးချယ်တဲ့သူကိုတော့ စိတ်တိုင်း မကျတာ အမှန်ပဲ ... မေမေတို့ သဘောမကျမှန်းလည်း





သမီးသိတယ် ... သမီးအိမ်ထောင်ရေးအတွက် စိတ်ညစ်နေ ရတာလည်း သိတယ် ... ဒါကို သမီးက မေမေတို့အတွက် နည်းနည်းမှ စဉ်းစားမပေးနိုင်ဘူးဆိုတာတော့ ... ”

“မေမေ တော်ပါတော့ ... ”

“မေမေပြောပါရစေ သမီးရယ် ... ရက်တွေ အကြာကြီး မေမေမျိုသိပ်ထားခဲ့ရတာ ... အခုမှတစ်ယောက်အနေနဲ့ ဒီ လောက်တောင် ပြောခွင့်မရှိရတော့ဘူးလား ... ”

“သမီး ဘာလုပ်ရမလဲ ... ဘာလုပ်ပေးရမလဲ မေမေ ... သူနဲ့ကွဲမှ မေမေကျေနပ်မှာလား ... ”

မျက်ရည်မကျဖြစ်ပေမဲ့ မေမေ့ရှေ့မှာ မျက်ရည်မကျ ရအောင် ထိန်းချုပ်ထားရတာ စိတ်ပင်ပန်းလှပါတယ်။ ရက်အနည်း ငယ်အတွင်းမှာပင် သိသိသာသာ ရင့်ရော်နွမ်းလျသွားသည့် မေမေ့ ကို အရင်ကလိုပဲ ပျော်ရွှင်ပေါ့ပါးနေစေချင်ပါသည်။ ကလေးတစ် ယောက်လို ဖေဖေ့ရဲ့ ခွင့်လွှတ်အလိုလိုက်မှုဖြင့် အိမ်ထောင်သက်ကြာ ခဲ့ပြီး ကိုယ်တိုင်ကလည်း အရာရာကို အကောင်းမြင်ဝါဒရှိတတ်သူမို့ မေမေက အမြဲနုပျိုနေခဲ့သည်။ အမြဲစိတ်ပေါ့ပါးပျော်ရွှင်နေခဲ့သည်။ သမီးအပေါ်မှာလည်း တင်းကျပ်သည့် စည်းမျဉ်းတွေ မရှိဘဲ အမြဲ ပျော်ရွှင်စိတ်ချမ်းသာစေချင်ခဲ့သည်။

ဒါတွေဟာ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် သမီးပြန်လည်ပေးဆပ်ရမည်ဆိုတာလည်း ပိုးရဲ့ဦးနှောက်ထဲမှာ ရှိနေခဲ့တာပါပဲ မေမေရယ်။

ဒါပေမဲ့ နှလုံးသားကို ခွဲထုတ်နာကျင်စေပြီးမှ ...

"သမီးက ကွဲနိုင်မှာမို့လား ... အဲဒီစကားသံမျိုး မေမေ မကြားချင်ဘူး သမီး ... အဲဒီလိုပြောနေဖို့မလိုဘဲ မေမေ ဘာဖြစ်ချင်တယ်ဆိုတာ သမီးသိတယ် ... မေမေ ဘာမှ မပြောတော့ဘူး ... ဘာမှ မပြောချင်တော့ဘူး ..."

"ရှိစီ ..."

ပါးလျသော ခြေသံကိုပင် မကြားလိုက်ရဘဲ အခန်းတံခါးက ပွင့်လာခဲ့သည်။

✿✿✿

"သမီးက ကလေးမှမဟုတ်တော့တာကွာ ... ပြီးတော့ သူ့ဘာသာ ရွေးချယ်ပြီး ဖြစ်နေပြီ ... ဘာဖြစ်လို့ စိတ်ဆင်းရဲခံနေမှာလဲ ..."

"ဘယ်သူက စိတ်ဆင်းရဲချင်မှာလဲ ကိုကိုရဲ့ ... သမီးက မိဘတွေရဲ့ဆန္ဒကို နည်းနည်းလေးမှ ပြန်ငဲ့မကြည့်တာကို ရှိစီက



ရင်နာတာ ..."

ခေါင်းငုံ့နေသည့် ငွေပိုးအိမ်ရှေ့မှာ ဖေဖေက ရပ်သည်။ ဖေဖေ့မျက်နှာကိုတော့ မကြည့်ရဲခဲ့ဘဲ သွေးရောင်လွှမ်းနေသည့်ဖေဖေ့ခြေဖမိုးနှင့်ခြေချောင်းများကိုသာ ငုံ့ကြည့်နေမိဖြစ်သည်။

"သမီးကိုလည်း ဖေဖေပြောချင်တယ် ... အိမ်ထောင်ရေးဆိုတာ ... မိန်းကလေးတစ်ယောက်အတွက် တစ်သက်တာပဲ ... သမီးရဲ့ ဆုံးဖြတ်ချက်မှန်သလား မှားသလားဆိုတာ ... ဖေဖေတို့ အခုမသိနိုင်သေးဘူး ... သိတဲ့အချိန်မှာ သိပ်ပြီး နောက်ကျနေလိမ့်မယ် ... အဲဒီလိုအမှားရဲ့ အကျိုးအပြစ်ကို သမီးတစ်ယောက်တည်း ခံစားရမှာနော် ... ဒါကိုတော့ ... သမီးနားလည်ထားရမယ် ... သမီးမှားသွားပြီဆိုရင် ... ဒီအမှားကို သမီးတစ်သက်လုံး ခံယူရမယ် ... ခံယူနိုင်ရမယ် ..."

"မှားသွားပြီဆိုရင် ... မိဘတွေက စိတ်ချမ်းသာနိုင်မှာလား ကိုကိုရယ် ... အခုထက် အဆပေါင်းများစွာ စိတ်ဆင်းရဲရမှာ"

"ဒါတော့ ... တို့က နေတတ်ဖြေတတ်ဖို့ အရေးကြီးတယ်လေ ... သူ့ အမှားကို သူပဲ တာဝန်ယူရမှာပေါ့ ... တို့ဘက်က တာဝန်မကျေတာမှ မဟုတ်ဘဲ ..."

သတိလွတ်ကာ ငိုးနေသူတစ်ယောက်လို ငွေပိုးဝေ

www.burmeseclassic.com

www.burmeseclassic.com



ဝေဝါးမှုမျိုးဖြင့် ဖေဖေ့မျက်နှာကို မော်ကြည့်မိသည်။ မေးကြောတွေ တင်းနေအောင် အံကြိတ်ထားသည့် ဖေဖေ့မျက်နှာသည် ပန်းသီး တစ်လုံးလို နီမြန်းမြန်းနှင့် တင်းမာနေ၏။ ဝမ်းနည်းခြင်းတွေ ရင်ဘတ်ထဲ ပြည့်သိပ်ပြီး နာကျင်လှိုက်တက်လာသည့် အခိုက်အတန့် မှာပင် ဖေဖေနှင့်မေမေ့ရှေ့မှာ ရပ်တည်နေနိုင်မှု ကင်းမဲ့လျက် ဝရန်း သန်းကား ပြေးထွက်လာမိတော့သည်။

သူ့ရှေ့မှာ ရပ်ရသည့်အခါ ငွေပိုးအိမ်သည် အလိုလို စိတ်ရှုပ်ထွေးရပြီး သိမ်ငယ်စိတ်လိုလို ဒေါသတွေလိုလို ရင်ထဲမှာ ပြွန်းတီးလျက် သွေးခုန်နှုန်းများ မြန်ဆန်လာရသည်။ သူကတော့ သက်တူရွယ်တူ လူငယ်တွေအားကျရသည့် အောင်မြင်သည့်စီးပွား ရေးသမားတစ်ယောက်၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမျိုးအပြည့်ရှိ နေသည့် အပြုံးနှင့် ... ။

သည်တစ်ခါမှာတော့ သူက မီးခိုးဖျော့ရောင် ပိုးဈွဲ ပုဆိုးအဆင်စိပ်စိပ်ကို လည်ပင်းစေ့ကြယ်သီးအပြည့်တပ်ထားသည့်





ရှပ်လက်ရှည်နှင့် တွဲဖက်ဝတ်ဆင်ထားသည်မို့ ပိုပြီးတည်ငြိမ်ဟန် ထင်ရှားနေသည်။ သူ့ရဲ့ ဝင့်ထည်လှသည့်အပြုံးက ငွေပိုးအိမ်ကို လှောင်နေသလိုပင်။ သူ ဘာကြောင့် ငွေပိုးအိမ်ရဲ့ မကြာခဏ ရောက်လာသည်ဆိုတာလည်း မစဉ်းစားတတ်ရအောင်ပင် သူ့ အတွက် ငွေပိုးအိမ်ဆိုသည့် သူမက ဘာတွေများ မက်မောတွယ် တာစရာရှိနေလို့လဲ။

"ငွေပိုးအိမ် ... "

ရုတ်တရက်မို့ ပိုးအထိတ်တလန့်ဖြစ်သွားပြီး သူ့မျက် နှာကို မော်ကြည့်လိုက်မိသည်။

"ဘာတွေများ စိတ်ညစ်စရာရှိနေလို့လဲ ... "

"ရှင် ... "

"ငွေပိုးအိမ်ရဲ့ မျက်လုံးထဲမှာ သောကအရိပ်တွေ ထင်နေ တယ် ... ကျွန်တော် ရောက်လာလို့ စိတ်အနှောင့်အယှက် ဖြစ်သွားလား ... "

ငွေပိုးအိမ်ရဲ့ ရင်ထဲမှာရှိနေသည့် အကျိတ်အခဲက သူ နှင့် သက်ဆိုင်သလား၊ တကယ်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အနေနဲ့ ငွေပိုးအိမ်ဆီ အသွားအလာလုပ်နေဖို့ မကောင်းတော့ဘူးလို့ ပြောချင်တာပေါ့နော် ... လူကြီးတွေ အနေနဲ့လည်း ကျွန်တော့်ကို မြင်နေရရင် မျက်နှာပူစရာတွေ ဖြစ်နေမယ်ပေါ့ ... ငွေပိုးအိမ်ပြောချင်တဲ့စကားကို ကျွန်တော်သဘောပေါက်ပါတယ် ..."

ကားလေအေးစက်ရဲ့ အသံလွှမ်းမိုးမှုအောက်မှာ သူ့စကားသံက နူးညံ့သိမ်မွေ့လွန်းနေသည်။ ဘယ်လောက်ပဲ ပွင့်လင်းတတ်သည်ဆိုပေမဲ့ ပိုးသည် သူ့ကိုပြောမိသည့်စကားတွေ၊ တောင်းဆိုမှုတွေက တရားမျှတမှုရှိရဲ့လားဟု ကိုယ့်ဘာသာ သံသယဝင်မိ၏။ သူ့မျက်လုံးတွေကိုလည်း ရင်ဆိုင်မကြည့်ရဲ၊ 'တဖြုတ်ဖြုတ်ကြွေကျနေသည့် ကုက္ကိုရွက်ကြွေတွေ လေမှာဝေ့လည်လွင့်ပါးသွားသည်ကိုပဲ သတိလက်လွတ် စိုက်ငေးနေဖြစ်သည်။ လမ်းမကြီးပေါ်ဖြတ်သန်းသွားသည့် ကားအစီးပေါင်းများစွာက သူတို့နှစ်ယောက်ကို မသိလိုက်ဘာသာပင် အရှိန်ပြင်းစွာ ရွေ့လျားသွားကြသည်။

"အေးဗျာ ... ကျွန်တော် တော်တော်အလိုက်မသိတာဘဲ"



"မဟုတ်ဘူး ... ပိုးက အဝှကို အကူအညီတောင်းတာပါ"

"ခုဟာက ကျွန်တော့်မသိစိတ်က ဘာကိုမျှော်လင့်နေမိမှန်း မသိတာကိုး ... အလုပ်တွေ ဘယ်လောက်များများ ငွေပိုးအိမ်ဆီ လာချင်နေတဲ့စိတ်တွေက ခြေထောက်ကို တွန်းပို့နေတာ ... တော်တော်လည်း ရယ်စရာကောင်းတဲ့ အဖြစ်ပဲ ကာယကံရှင်ကိုယ်တိုင်က ချစ်ရမဲ့သူရှိပါတယ်လို့ ဖွင့်ပြောထားပြီးသားကို ... ကိုယ့်လောက်မိုက်တဲ့ကောင် ဒီလောကကြီးထဲမှာ ရှိမှာ မဟုတ်ဘူး ..."

"ရှင် ..."

မျှော်လင့်မထားသည့်စကားကြောင့် အံ့ဩတကြီးဖြစ်သွားရသူက ငွေပိုးအိမ်ဖြစ်သည်။ သူကတော့ နူးညံ့ပါးလျသည့် နှုတ်ခမ်းတွေ ကော့ရုံ မှုမှုလေးပြုံးနေခဲ့၏။ ကားစတီယာရင်ကို ခပ်တင်းတင်းဆုပ်ကိုင်ပြီး ငြိမ်သက်နေသည့် သူ့မျက်နှာပေါ်မှာ မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောနေသည့် ခံစားချက်မျိုး နည်းနည်းမှပင် အရိပ်မထင်ပါ။ ထို့ကြောင့်လည်း ငွေပိုးအိမ်ရဲ့ စိတ်ထဲမှာသူ့ကိုဘယ်လိုနားလည်ရမှန်းမသိအောင်ဇဝေဇဝါဖြစ်ခဲ့ပင်။

"ကျွန်တော် ငွေပိုးအိမ်ကို ချစ်မိတာပဲ ထင်ပါရဲ့ ..."

မြတ်စွာဘုရား ... ။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုစကားပါလိမ့်။

သူ့မျက်နှာပေါ် အနည်းငယ် သွေးရောင်လွှမ်းသွားသည်ကလွဲပြီး ထူးခြားသည့် ပြောင်းလဲမှုကြီးကြီးကျယ်ကျယ်မရှိပါ။

သူ့ရင်ထဲမှာရော ဘယ်လောက်အထိ လေးနက်သည်လဲဆိုတာ ငွေပိုးအိမ် မမှန်းဆနိုင်ပါ။ သည်လိုချစ်စကားကို ကြားရသည့် ဘယ်လိုမိန်းကလေးကရော သူ့ရဲ့နှလုံးသားကို မှန်းဆနိုင်မှာတဲ့လဲ၊ ချစ်မိတယ် ထင်ပါရဲ့ … တဲ့။

တွေတွေဝေဝေနှင့် စိတ်တွေရှုပ်ထွေးနေသည့်ကြားကပင် ငွေပိုးအိမ်ရဲ့ နှုတ်ခမ်းလှလှလေးတွေက ခပ်ရွရွ ပြုံးမိသွားသည်။

"ဟုတ်ရဲ့လား အဂ္ဂရယ် … သေချာပြန်စဉ်းစားပါဦး …"

"သေချာတာကတော့ ကျွန်တော် ဘယ်မိန်းကလေးကိုမှ ခုလောက်အချိန်ပေးပြီး သတိရမနေဖူးဘူး … မိန်းကလေးတွေကို ကျွန်တော့်စိတ်အာရုံထဲမှာ နေရာပေးဖို့ဆိုတာ အတော့်ကို ခဲယဉ်းတဲ့ကိစ္စပါ …"

"ကျွန်မအတွက် ဂုဏ်ယူစရာပေါ့နော် …"

"ငွေပိုးအိမ်အတွက်တော့ ရယ်စရာကောင်းနေမှာပေါ့ …"

"မဟုတ်ဘူး … ကျွန်မက ကိုအဂ္ဂပြောတဲ့ပုံစံကို ရယ်ချင်တာ … ရှင် ဒီလိုပုံနဲ့ဆိုရင်တော့ တစ်မှတ်မှရမှာ မဟုတ်ဘူး"

သည်တော့မှ သူက ငွေပိုးအိမ်နှင့် အလိုက်သင့်





အသံထွက် ရယ်ဖော်ရသည်။

"ဟုတ်လား … ကျွန်တော်က အစကတည်းက မိုင်းနပ်စ်ဆိုတဲ့အဖြေကို သိပြီးသားပဲလေ … ကျွန်တော့်အတွက်တော့ ကိစ္စမရှိပါဘူး …"

"ဖြစ်ရလေ … သိပြီးရက်နဲ့များ ပြောရသေးလား … ရှင့်စိတ်ထဲမှာ ဖြစ်နေတာကိုပဲ ဟုတ် မဟုတ် ကျွန်မက အတည်ပြုပေးရမယ်ဆိုတာမျိုးလား …"

"ကျွန်တော့်စကားက အဲလိုဖြစ်နေတာပေါ့နော် …"

"အဂ္ဂ …"

သူက မျက်ခုံးတွေ ကျုံ့ပြီး လှည့်ကြည့်သည်။

"တကယ်တော့ရှင်ရှူးချင်ယောင်ဆောင်နေတာမဟုတ်လား"

"ဟောဗျာ …"

သူက စိတ်ပျက်လက်ပျက် ရေရွတ်ပြီး လေးလေးပင်ပင် ခေါင်းယမ်းနေသည်။ ပိုးရဲ့နှုတ်ခမ်းတွေ ပြုံးနေတာ မြင်တော့ သူ့နှုတ်ခမ်းတွေလည်း တရွရွလှုပ်ပြီး ပြုံးရိပ်သမ်းလာ၏။ နောက်တော့ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဟက်ဟက်ပက်ပက် ရယ်မိကြသည်။

"အဟုတ်ပဲဗျာ … ကျွန်တော့်အတွက်တော့ ဒါ ပထမဆုံးအတွေ့အကြုံပဲ …"



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ... ။ နည်းနည်းမှ ရင်မခုန်မိပေမဲ့ ပိုးရင်ထဲမှာ ကျေနပ်သွားပြီး သူ့ကိုလည်း လိုက်လှဲနှစ်လိုသွားမိသည်။

"ရည်းစားစကားမပြောတတ်လို့တော့ ကိုယ့်ကိုယ်ကိုယ် တုံးကြီးလို့ တစ်ခါမှ မထင်မိပါဘူးဗျာ ... အဲဒီလိုနဲ့ပဲ ညီမလေးတောင် စွံတော့မယ် ... ကျွန်တော် ခုထိ ချေးများလို့ ကောင်းတုန်း ... "

"ဝတ်ရည်လား ... "

"ဟင် ... "

ဇဝေဇဝါနှင့် မေးလိုက်တော့ သူပဲကြောင်အမ်းအမ်း ဖြစ်သွားပြန်သည်။ သူ့ညီမလေးက ဝတ်ရည်မဟုတ်သည့်အတိုင်း

သူ့ညီမလေးကို ကြိမ်ဖန်များစွာမဆုံဖူးပေမဲ့ မျက်နှာချင်းဆိုင်ရသည့် သုံးလေးကြိမ်မှာပင် ချစ်စရာကောင်းပြီး သွက်လက်သူလေးဆိုတာ သိနှင့်သည်။ ပြီးတော့ ဇတ်ဇတ်ကျဲ စွာလန်တေးမလေးလည်း ဖြစ်နိုင်သည်။ မျက်ခုံးလေးက ဝါသော အသားအရေ





အပေါ် နက်နက်တန်းတန်းလေး ထင်နေပြီး နှာတံစင်းစင်း၊ ပါးမို့မို့လေးများနှင့် တောက်ပစူးရှသော မျက်လုံးလေးများရှိသည်။ သူ့ညီမလေးသည် သူ့လိုပဲအရည်အချင်းရှိပြီးထက်မြက်သူလေးဖြစ်မှာပါ။

"ဝတ်ရည်က စွံတော့မှာလားလို့ ... "

"ချစ်သူတွေ တွေ့နေပြီ ... "

"ဟုတ်လား ... ဘစ်စ်ဇနက်မင်း(န်)အဲလား ... "

"မဟုတ်ပါဘူး ... ဂီတသမားပါ ... "

"ရှင် ... "

"ကောင်လေးက သီချင်းရေးတယ် ... သီချင်းဆိုတယ် ... အဲဒါ သူ့သီချင်းတွေ လူသိအောင်လုပ်ချင်တယ်ဆိုတော့ ... အလုပ်မအားတဲ့ကြားက သူတို့ကိစ္စကို ပံ့ပိုးပေးနေရသေးတယ်လေ ... အငယ်တွေက ကံကောင်းပါတယ် ... အလိုလိုက်ခံရတယ် ... ပြီးတော့ သူများခင်းပြီးသားလမ်းကို အဆင်သင့် လျှောက်ရုံပဲ ... ဘာကိုမှလည်း ပူပန်စရာမလိုဘူး ... အခုတလောမှာ အဲဒီကိစ္စတွေ ရှုပ်ထွေးနေတာနဲ့ဘဲ ငွေပိုးအိမ်ဆီ မရောက်ဖြစ်တာ ... ဒါပေမဲ့ တော်သေးတာပေါ့နော် ... ကျွန်တော် ရောက်မလာလို့သာ ငွေပိုးအိမ် စိတ်ချမ်းသာနေရတာ ... "

"ကျွန်မပြောလိုက်တဲ့ စကားတွေက ခံရခက်စရာဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့နော် ... ကျွန်မက အဂ္ဂကို ကိုယ့်မိတ်ဆွေတစ်ယောက်လို ... သူငယ်ချင်းတစ်ယောက်လို သဘောထားပြီး အကူအညီတောင်းတာပါ ... ကျွန်မမိဘရဲ့ ဆန္ဒကို မလိုက်လျောနိုင်တာ ကျွန်မ တကယ်ပဲ စိတ်မကောင်းပါဘူး ... ပြီးတော့ ကျွန်မကို ခွင့်လွှတ်ပြီး ခုလိုပဲ မိတ်ဆွေတစ်ယောက်လို ဆက်ပြီး သဘောထားနိုင်ပါ့မလားဆိုတာ ... ”

“ကျွန်တော့်ဘက်ကတော့ ဘာကိုမှ မပြောင်းလဲပါဘူး”

နောက်ထပ်အကြောင်းအရာတွေ များစွာရောက်မလာတော့ဘဲ သူက ပြန်နှုတ်ဆက်သည်။ ငွေပိုးအိမ်ကို ကျောင်းထဲအထိပြန်လိုက်ပို့ပေးပြီး သူနှုတ်ဆက်ထွက်သွားသည်။ ဒါဘာကြောင့်မှန်းမသိဘဲ ရင်ထဲမှာ လေးလေးလံလံ ဖြစ်ကျန်ရစ်သည်။ ပြောမိလိုက်သည့် စကားတွေကို ပြန်တွေးပြီး နောင်တရမိသည်လား။

တကယ်တော့အဂ္ဂထင်ကျော်ဟာ ငွေပိုးအိမ်အတွက် အပြင်လူတစ် ယောက်သက်သက်သာ ဖြစ်သည်။





ငွေပိုးအိမ်ရဲ့ မွေးနေ့ပွဲအပြီးမှာ ဖြတ်သန်းလွန်မြောက်ခဲ့သော နေ့ရက်များက စိတ်ပျက်ဖွယ်၊ ဝမ်းနည်းဖွယ် တိတ်ဆိတ်ခြောက်ကပ်သော နေ့ရက်များသာဖြစ်ခဲ့သည်။ မိသားစုအတွင်းမှာလည်း ပုံမှန်ပျော်ရွှင်ကြည်နူးမှုနှင့် စိတ်ကြည်လင်မှုတွေ ပျောက်ဆုံးကာ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းမဆိုင်ဖြစ်အောင် ရှောင်ရှားနေရသည့် အခြေအနေမျိုးဖြစ်ခဲ့သည်က ငွေပိုးအိမ်ရဲ့ သက်တမ်းတစ်လျှောက်မှာ စိတ်ထိခိုက်စရာအကောင်းဆုံး အချိန်ကာလတစ်ခုဖြစ်ခဲ့သည်။

ချစ်သူထံကလည်း အကြောင်းတစ်စုံတရာမကြားရသည့် နေ့တွေက ရှည်ကြာခဲ့သည်။ အရင်ကတော့ ကျောင်းကို ခဏခဏ မလာဖို့ ကောင်လေးကို တားမြစ်ခဲ့ရသည်။ ဆရာမခိုင်သည့် ဂုဏ်သိက္ခာကို ထောက်ထားပြီး လုပ်ဖော်ကိုင်ဖက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားကျောင်းသူတွေရဲ့အမြင်မှာ ကဲ့ရဲ့စရာမဖြစ်အောင်ဟု မိုးက အကြောင်းပြခဲ့ပြီး သူ့ကို တားမြစ်ခဲ့သည်။ ခုတော့ သူကိုယ်တိုင်လည်း ငွေပိုးအိမ်ရဲ့ အသိုင်းအဝိုင်းကြားမှာ ဆိမ်ငယ်တတ်ခဲ့ပြီ ထင်ပါရဲ့။

သည်လိုအနေအထားမျိုးမှာ ငွေပိုးအိမ်အတွက် အိမ်ထောင်ရေးဆိုတာ စိတ်ကူးဖို့တောင် ဝေးလွန်းလှသည်။ သို့ပေမဲ့ ရင်ထဲမှာ မျှော်လင့်မထားမိခဲ့သည့် အလွမ်းက တံခါးမခေါက်ဘဲ ခြေသံဖွဖွနှင့် ချဉ်းနင်းဝင်ရောက်ခဲ့သည်။ သူရောက်မလာတာ ကြာပြီဆိုတော့ ဌာနရဲ့ တံခါး၊ ဒါမှမဟုတ် စာသင်ခန်းရဲ့ တံခါးပေါက်တွေမှာ အရိပ်တစ်ခုထင်တိုင်း ဖျတ်ခနဲ လှည့်ကြည့်မိတတ်ပြီး စိတ်ပျံ့လွင့်မှုကို ပင်ပန်းတကြီး ထိန်းချုပ်နေခဲ့ရသည်။ အိပ်ရာမဝင်ခင်အထိ တယ်လီဖုန်းသံမြည်တိုင်း နားစွင့်နေမိတတ်ပြီး ခေါင်းအုံးမှာ ပါးအပ်လျက် မျက်ရည်စိုသည့် မျက်ဝန်းတွေကို ဖိမှိတ်အိပ်ပစ်ခဲ့ရသည့် ညတွေများစွာကြာလာတော့ ရင်မှာ သူ့အလိုလို ဖြစ်လာသည့် အချစ်ဆိုတာကိုပင် နာကြည်းချင်လာသည်။

သည်လိုနှင့်ပဲ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ရင်း မခံမရပ်နိုင်အောင် ပင်ပန်းလာသည့်အခါ ချစ်သူရဲ့သတင်းကိုစုံစမ်းဖို့ အနည်းငယ် မျက်နှာပူစွာ အရဲစွန့်ခဲ့ရသည်။





"ဘုန်းနေစိုး အလုပ်ထွက်သွားပြီ ... "

"ရှင် ... "

"ထွက်သွားတာ ဆယ်ရက်လောက်ရှိပြီ ... ပထမတော့ ခွင့်ယူတာပဲ ... ဒါပေမဲ့ တစ်ရက် တစ်ရက်နဲ့ ခဏခဏပျက်တော့ မန်နေဂျာက သိပ်မကြည်တာနဲ့ တစ်ခါတည်း ထွက်စာတင်တော့တာ ... သူ့အိမ်လိုက်သွားကြည့်လိုက်ပါလားမမ ... "

စုံစမ်းရေးဌာနက ညော့်ကြိုမိန်းကလေးသည် ယဉ်ယဉ်နုမျိုပြီး သွက်သည့်အမူအရာရှိသည်။ ယဉ်ကျေးကျိုးနွံမှုမှာ သားကျလာသည့် စနစ်တကျ လေ့ကျင့်ပေးခံရသည့် သိမ်မွေ့မှုတ်ရှုခြင်းမျိုးရှိသည်။ အပြာနုရောင် ယူနီဖောင်းနှင့် မိန်းကလေးလေးတွေကိုသာ တွေ့ရပြီး ရှယ်တူယောက်ျားလေးတွေ အများစုကတော့ သူတို့ရဲ့စစ်ဆေးဆဲ ကွန်ပျူတာများဆီမှာသာ အာရုံဝင်စားနေကြသည်။

"သူ့အိမ်လည်း အစ်မက မသိဘူး ညီမရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"လိပ်စာယူသွားမလား မမ ..."

"နေပါစေတော့ ... လိပ်စာတော့ မယူသွားတော့ပါဘူး ... သူ အလုပ်ဆင်းနေတယ်ထင်လို့ ... ဒီကို လာလိုက်တာ အရေးတကြီးတော့လည်း မဟုတ်ပါဘူး ..."

"သူ့သူငယ်ချင်းတွေတော့ ဒီမှာရှိတယ် ... သူတို့ချင်း တွေ့ကြဦးမှာပါ ... အစ်မ မှာထားချင်တာရှိရင် ပြောခိုင်းပေးမယ်လေ ..."

"ကျေးဇူးပဲ ညီမ ... မမှာတော့ပါဘူး ... သူလာတဲ့ အထိ စောင့်လိုက်တော့မယ် ... အိမ်တော့ ရောက်လာဦးမှာပဲ"

နှုတ်ခမ်းတွေက ဟန်လုပ်ပြုံးရင်း နှုတ်ဆက်ခဲ့သည်။ ကိုယ့်ကိုယ်ကိုယ်ဖြေသိမ့်အားပေးမရသည့်အကျိုတ်အခဲတစ်ရင်ဘတ်ထဲမှာ တစ်ဆို့ကျန်ရစ်ခဲ့သည်။

ကုက္ကိုပင်ရဲ့ လုံးပတ်ကြီးသော ပင်စည်ကိုမှီလျက် ခပ်လျော့လျော့ရပ်နေသည့် သဏ္ဍာန်ကို အဝေးကြီးကတည်းက မြင်





ရပေမဲ့ စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေခဲ့သည်။ အရောင်ဖျော့နေသည့် ရှင်း(န်)ဘောင်းဘီနှင့် အနက်ရောင်တီရှပ်ကို ဝတ်ထားသည့် ခန္ဓာကိုယ်သည် မြင်နေကျသည်ထက်ပိုပြီး သွယ်လျနေ၏။ ဆံပင်တွေသည်း ပိုပြီးရှည်လျားနေပြီ။ တဖြည်းဖြည်းနီးကပ်လာသည့်အခါမှာတော့ အနည်းငယ်ချောင်ကျသွားသော မျက်နှာပေါ်မှာ ရှင်လန်းသော အပြုံးတစ်ခုနှင့် ထက်သန်သော၊ တောက်ပသော မျက်ဝန်းအစုံကို လှမ်းတွေ့ရသည်။

အဲသည် အပြုံးရိပ်လို မြင်လိုက်တော့ ငွေပိုးအိမ်ရဲ့ တင်းကျပ်အေးခဲနေသည့် နှလုံးအိမ်က ရေခဲမြစ်တွေ အရည်ပျော်ကျသလို ချက်ချင်းနွေးထွေးလာပြီး တလှပ်လှပ်ခုန်လှုပ်လာခဲ့သည်။

ဂ

"စိတ်ဆိုးနေတာလား ..."

ဟင့်အင်း ... ။

စိတ်ဆိုးစိတ်ကောက်ပြရမဲ့အရွယ်မှမဟုတ်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေကို ပြန်ထိန်းရင်း သူ့ကို အေးစက်စက်ပြုံးပြလိုက်နိုင်သည်။ ငွေပိုးအိမ်က ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်နိုင်သူဆိုတဲ့ ဂုဏ်ပုဒ်ကို မက်မောတတ်သူလေ။

"ဘာကို စိတ်ဆိုးရမှာလဲ ..."

"အကြာကြီး ပျောက်နေလို့လေ ..."

"အင်း ... အကြောင်းပြချက်တစ်ခုခုတော့ ရှိမှာပေါ့ ... ဘာတွေ လုပ်နေတာလဲ ... ပိန်သွားသလိုပဲနော် ..."

သူ့နှုတ်ခမ်းတွေက အပြုံးတွေ ရုတ်ခြည်းပျောက်ကွယ်သွားပြီး လန်းဆန်းနေသည့်မျက်လုံးတွေက မှုန်မှိုင်းသွားသည်။ ကုတ္တိုပင်ရဲ့ ပင်စည်ကနေ ကျောကိုခွာလိုက်ပြီး ကျောင်းသားတစ်ယောက်ရဲ့ ရိုကျိုးမှုမျိုးဖြင့် ငွေပိုးအိမ်ရဲ့ရှေ့မှာ သူရပ်နေသည်။

"ဒီလောက်ပဲလား မရယ် ..."

"ဟင် ..."

နဖူးပေါ်ဝဲကျနေသည့် ဆံပင်တွေကို လက်ဖဝါးနဲ့ဖက်ဖြင့် ပင့်သပ်လိုက်ရင်း ...

"ကျွန်တော့်အပေါ် စိတ်ဝင်စားမှုက ဒီလောက်ပဲလား ..."

ဟု သူက ခပ်တိုးတိုးရေရွတ်လေသည်။

"ဘာအဓိပ္ပါယ်လဲကွယ် ... နားမလည်ပါဘူး ..."

"မ အတန်းတွေပြီးပြီ မဟုတ်လား ... ကျွန်တော်တို့ စကားပြောရအောင်နော် ..."

ချစ်သူကို ဖွင့်ပြောတိုင်ပင်လို့မရသည့် ပြဿနာတစ်ခုခု သူ့မှာရှိနေသည်ဆိုတာ တွေးမိလျှင်ပဲ သူ့ရဲ့ဘဝတစ်စိတ်တစ်ဒေသကိုပင် လွှမ်းမိုးနိုင်ခွင့်မရခဲ့တာကို မချင့်မရဲဖြစ်မိသည်။

သည်လိုဆိုလျှင် ချစ်သူတွေရဲ့ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်ယုံကြည်မှုဆိုတာ စကားသက်သက်ပဲလား။

ငွေပိုးအိမ်ကတော့ ဘာကိုမှ ရင်ထဲသိမ်းမထားချင်။ သူ့ကို အများကြီးသိမ်းဆည်းလာရသည့် ရက်တွေကြာလာလျှင်ပင် ဝင်ပန်းနာကျင်လာတော့တာ။

ဒါပေမဲ့ သူ့ကို စကားနာမထိုးမိဖို့ ကြိုးစားရပေဦးမည်။

❀❀❀

"အလုပ်တွေ ကျနေလို့လား ..."

သူက ခပ်ဖြည်းဖြည်း ခေါင်းယမ်းနေရင်းက ငွေပိုးအိမ်ရဲ့ လက်ဖဝါးကို ဆတ်ခနဲ ဖမ်းဆုပ်လိုက်သည်။







www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို မလွမ်းဘူးလား ... "

သည်စကားတစ်ခွန်းနှင့်ပင် ငွေပိုးအိမ်ရဲ့ နှလုံးသား က ယိုင်နဲ့လာပြီ။ မျက်ဝန်းအိမ်တွေ ပူနွေးပြီး မျက်ရည်ဝဲချင်နေပြီ။ လွမ်းဆွတ်ခြင်း၊ နာကျင်ခြင်းဖြင့် နှလုံးအိမ်က တဆတ်ဆတ်ခုန်နေ ပြီ။ သူ့ရင်ခွင်ထဲ တိုးဝင်ပြီး သူ့ရင်ဘတ်မှာ မျက်နှာအပ်လျက် ငိုရှိုက် ပစ်လိုက်ချင်ပြီ။

"ဘယ်တွေ သွားနေတာလဲ ... "

"ဘယ်မှ မသွားပါဘူး ... "

"ဒါဆို ... ဘာလို့ အကြာကြီးပျောက်နေလဲ ... "

"မ,ကို ပုန်းနေကြည့်တာ ... "

"ဘာရယ် ... "

"ကျွန်တော်ပျောက်သွားရင် ... မ ဘယ်လိုနေမလဲလို့"

မဟုတ်ဘူး။

ဒါဟာ အမှန်တရားမဟုတ်ဘူးဆိုတာ သူကိုယ်တိုင် လည်း သိမှာပါ။ ပိုးက သူ့မျက်လုံးတွေစိုက်ကြည့်လိုက်တော့ သူ ခပ်အမ်းအမ်းဖြစ်ပြီး မျက်နှာလွှဲသွားသည်။

"ဒါ အကြောင်းပြချက်လား ... "

သူ တိတ်ဆိတ်သွားပါသည်။ ချစ်သူအပေါ် အမြဲဖွင့် လင်းခဲ့သည့် ငွေပိုးအိမ်သည် သူ့မျက်ဝန်းတွေက ဖုံးကွယ်လျှို့ဝှက်





ထားသည့် အရိပ်တစ်ခုခုကို ရှာဖွေနေရင်း ရင်ထဲလှိုက်ပြီး မောလာ သည်။ သူအလုပ်ထွက်လိုက်ပြီဆိုတာ ပိုးရဲ့နှုတ်က ဖွင့်မမေးဘဲ သူ ကိုယ်တိုင်ပြောပြရမှာ မဟုတ်လား။ ဘာကြောင့် အလုပ်ထွက်ရ သည်ဆိုတဲ့ အကြောင်းရင်းကိုလည်း သူကိုယ်တိုင်ပဲ ပြောရမှာ မဟုတ်လား။

ဘယ်တော့မှ ဖွင့်မပေးဘူးဟု ဆုံးဖြတ်ထားခဲ့ပေမဲ့ သူကိုယ်တိုင် ငွေပိုးအိမ်ကို ဖွင့်ပြောလာမှာပါလို့ မျှော်လင့်ခဲ့မိသည် ဆိုတာကိုလည်း ဝန်ခံနိုင်ပါသည်။

ခုတော့ ...

"မ,ကို ကျွန်တော် အမြန်ဆုံးလက်ထပ်ချင်ပြီ ... "

ဒါ ငွေပိုးအိမ်ကြားလိုသည့် အဖြေစကားမဟုတ်ပါ။

"မ,ရော ကျွန်တော့်ကို လက်ထပ်မယ်လို့ ဆုံးဖြတ်ထားပြီး ပြီလား ... ကျွန်တော့်ကို လက်ထပ်ဖို့ ဘာတွေ ပြင်ဆင်ထား ပြီးပြီလဲ ... "

"တို့က ဘာတွေပြင်ဆင်ရဦးမှာလဲ ... "

"မရဲ့ မိဘတွေနဲ့ ရင်ဆိုင်ဖို့ ... "

ကြည့်စမ်း။

သည်စကားတွေရဲ့ ရည်ရွယ်ချက် ဘယ်ကိုဆိုတာ ငွေပိုးအိမ် သေချာနားမလည်နိုင်ပါ။ ရက်တွေ အကြာကြီးပျောက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီး ပြန်ဆုံရသည့်နေ့မှာပင် သူက ငွေပိုးအိမ်ရဲ့ ပင်ဖန်းပြီး သောကတွေ ပြည့်နေသည့် စိတ်အစဉ်ကို ပို့ပြီးနောက်ကျူသွားအောင် စကားတွေ၊ သံသယတွေကို သယ်ဆောင်လာခဲ့ပြန်သည်။

"ဒါက တို့အပိုင်းပါ ... ဒါပေမဲ့ တို့လက်မထပ်ချင်သေးဘူး မင်းဘက်ကလည်း အဆင်သင့်မဖြစ်သေးဘူးလို့ တို့ထင်တယ် ..."

ခပ်စောစောက ပျော်ရွှင်ငြိမ်းချမ်းခဲ့သည့် စိတ်အစဉ်သည် အင်းလျားရေပြင်ရဲ့ တလျှပ်လျှပ်အရောင်ရေအောက်မှာ ပြန်ပြီး အနည်ထလာခဲ့သလိုပင်၊ အရိပ်အောက်မှာ ထိုင်နေရပေမဲ့ မြင်ရသည့် အရာအားလုံးက တရှိန်ရှိန်တောက်ပ ပူပြင်းနေသည်။

"မကြာခင်မှာ အဆင်သင့်ဖြစ်ရမှာပါ ..."

"ဟုတ်လို့လား ..."

"ကျွန်တော် ကြိုးစားနေသမျှ မ,အတွက်ပါပဲ ... မ,ရယ် ကျွန်တော့်ရဲ့ အောင်မြင်မှုတွေကို မ,ကို မျှပေးချင်တယ် ဒါပေမဲ့ ကျွန်တော် ဆုံးရှုံးခဲ့ရင်တော့ မ မသိစေချင်ဘူး ... ကျွန်တော့်အရှုံးကို ကျွန်တော်တစ်ယောက်တည်း ကျိတ်ခံမယ် ..."

"ဒါဆိုရင် ... အဖော်လို့ ဘယ်လိုလုပ်ပြီး သတ်မှတ်လို့ရတော့မှာလဲ ... ဘဝရဲ့အဖော်ဆိုတာ ကောင်းတာကိုရော ... ဆိုး





တာကိုရော အတူမျှပြီး ခံစားနိုင်ရမယ် မဟုတ်လား ..."

"ကျွန်တော်ကတော့ ကိုယ်ချစ်တဲ့သူကို ကျွန်တော့်ကြောင့် ဖြစ်ရတဲ့ သောက ... စိုးရိမ်မှုတွေ ... ဝမ်းနည်းမှုတွေ ကင်းစေချင်တယ် ... တတ်နိုင်သလောက်ပေါ့ မ,ရယ် ... ကျွန်တော့်အပေါ် နားလည်ခွင့်လွှတ်ပေးနိုင်တဲ့ မ,ကို ပိုပြီးတော့တောင် သောကကင်းစေချင်သေးတယ် ... ကျွန်တော်နဲ့ ပတ်သက်ပြီး အကောင်းတွေချည်း ရစေချင်တယ် ..."

ငုပ်လိုက်၊ ပေါ်လိုက်နှင့် စိတ်အလျဉ်မှာ သံသယတွေက မတည်မငြိမ်ဖြစ်စေသည်။ သို့ပေမဲ့ ငွေပိုးအိမ်သည် သံသယများနှင့် ချည်နှောင်ခံရသည့် အနေအထားမှာ ရှည်ကြာစွာ ရပ်တည်နေနိုင်သည် မဟုတ်ပါ။

ကြည့်စမ်းပါဦး။

သူ့မျက်ဝန်းတွေ ရွှန်းတောက်နေပုံက ...

အို ...

အဲသည့် မျက်ဝန်းတွေထဲမှာ ငွေပိုးအိမ်အတွက် အကြင်နာနှင့် ငဲ့ညှာမှုကို ထင်ထင်ရှားရှားမြင်နေနိုင်သားနှင့်ပင် ဘာကြောင့် သံသယဝင်ချင်ရသည်လဲ။

နဖူးပေါ် ဝဲကျနေသည့် သူ့ဆံပင်တွေကို လက်ချောင်းဖြင့် ခပ်ဖွဖွ သပ်တင်ပေးရင်း သူနှင့် ငွေပိုးအိမ်ကြားမှာရှိနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတရားကို ဘယ်လိုအကြောင်းတရားကြောင့်မှ မပျက်ပြယ်နိုင်ဘူးဟု ထင်မိပြန်သည်။

သူ့ကို ဘယ်လောက်ချစ်ခဲ့ရသလဲ။

အားလုံးကို ဆန့်ကျင်ချစ်ခဲ့ပြီးမှ အရေးမပါလှသည့် အကြောင်းအရာလေးတစ်ခုအတွက် ဘာကြောင့် သံသယဝင်ရမည်လဲ။

"ကောင်လေး ..."

သူက အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ ပြန်ထူးသည်။

"တို့ကတော့ ကောင်းကောင်းဆိုးဆိုး ဘယ်လိုအကြောင်းတရားမျိုးကိုမဆို သိချင်တယ် ... တို့ကို အသိပေးစေချင်တယ် ... တိုင်ပင်စေချင်တယ် ... ဝမ်းသာစရာရှိရင်လည်း နှစ်ယောက်အတူ သာကြမယ် ... ဝမ်းနည်းစရာရှိရင်လည်း အတူ ဝမ်းနည်းကြမယ် ... ပြီးတော့ တစ်ယောက်ကို တစ်ယောက် ဖေးမအားပေးကြမယ် ...
တစ်ယောက်တည်း ရင်ဆိုင်တာထက်စာရင် နှစ်ယောက်ရင်ဆိုင်ရတာ ပိုပြီး အားရှိမှာပေါ့ ... ပိုပြီး ကြံ့ခိုင်မှာပေါ့ ပြီးတော့ တို့က တို့ကို ဖုံးကွယ်ထားတာ မကြိုက်ဘူး ... တို့ချစ်သူနဲ့ ပတ်သက်ရင် ဘာကိစ္စမဆို တို့အရင်ဆုံးသိချင်တယ် ..."





ငွေပိုးအိမ်ရဲ့ပခုံးစွန်းကို သူက ခပ်ဖွဖွပွေ့ဖက်သည်။ သူ့မျက်လုံးတွေထဲမှာ ချစ်ခြင်းရဲ့ အရိပ်အငွေ့တွေကိုသာ မြင်နိုင်လျက် အဲသည့်မျက်လုံးထဲက အရိပ်ကို ယုံကြည်စိတ်ချမိပြန်သည်။

"မ,ရယ် ... ကျွန်တော့်ကို ချစ်မိခဲ့လို့ နောင်တရ,ရတယ်ဆိုတဲ့ အဖြစ်မျိုး ဘယ်တော့မှ မဖြစ်စေရပါဘူး ... ကျွန်တော် ကတိပေးပါတယ် ..."

တကယ်ဆို ငွေပိုးအိမ်လိုချင်သည့် ကတိစကားမျိုး သူ့ဆီက မရခဲ့၊ သူပေးသည့် ကတိကိုလည်း ပိုး တောင်းခဲ့သည် မဟုတ်ခဲ့။

သူ အလုပ်ထွက်ရသည့်အကြောင်းရင်းကို ပိုးက သိချင်ခဲ့ပေမဲ့ ... သူက ...

"ကျွန်တော် အလုပ်ထွက်လိုက်ပြီ ..."

ဆိုတာမျိုးပင် ငွေပိုးအိမ်ကို အသိပေးခဲ့သည်မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ငွေပိုးအိမ်သည် သူ့ကို ခွင့်လွှတ်ကြည်ဖြူနိုင်ဆဲပင်။ အချစ်ဆိုတာ ဆောင်းနံနက်ခင်း ပန်းချီကားချပ်လို မှုန်မှုန်ဝါးဝါးရှိတတ်သည်လား၊ အရာရာကို ပြတ်ပြတ်သားသား မဝေခွဲနိုင်ဘဲ မခွဲခြားနိုင်ဘဲ အလွယ်တကူ ခွင့်လွှတ်နေနိုင်တာလား။

မဟုတ်နိုင်ပါဘူးကွယ်။

အချစ်ဆိုတာ မှောင်မိုက်နေတဲ့ ဟင်းလင်းပြင်တစ်ခုတော့ မဖြစ်နိုင်ပါဘူး။





ကိုယ့်ချစ်သူရဲ့ အကြောင်းတွေ တစ်စိမ်းတွေဆီက ကြားပြီးမှ သူ့နှုတ်က အသိပေးစကားကို ကြားခွင့်ရတာလောက် ဝမ်းနည်းစရာကောင်းတာမရှိ၊ အဲသည့် အဖြစ်မျိုးကို မုန်းတီးစက်ဆုပ်ခဲ့လေသမျှ ကိုယ်တိုင်ကျမှ ဆိုက်ဆိုက်မြိုက်မြိုက် ကြုံခဲ့ရတာ ငွေပိုးအိမ်ရဲ့ တစ်သက်တာ အနာကျင်ဆုံး ဒဏ်ရာဒဏ်ချက်တစ်ခုပါပဲ။

လူတစ်ယောက်အပေါ် တစ်ကြိမ်တစ်ခါမျှ မယုံကြည်စိတ်က အနာဂတ်မျှော်လင့်ချက်တွေကို ဖျက်ဆီးစေနိုင်ခဲ့သည်ဆိုတာ ငွေပိုးအိမ်ရဲ့နှလုံးသားကို ရင်းနှီးခဲ့ရသည့် ရလဒ်တစ်ခုဖြစ်နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ငွေပိုးအိမ်ရဲ့ရင်းနှီးရသည့် ပတ်ဝန်းကျင်ကွက်ကွက်လေးက ဂီတလောကတွင်လည်း မရင်းနှီးလှတာမို့ သူ့သတင်းတွေကို စတင်ကြားရတော့ အတော့်ကို နောက်ကျသွားပြီဟူ၍ပင် ပြောနိုင်ပါသည်။ ဂီတသည် လူတိုင်းအတွက် နားလည်လွယ်သည့် ဘာသာရပ်တစ်ခုဖြစ်သော်လည်း ငွေပိုးအိမ်တို့အတွက်တော့ ရုပ်မြင်သံကြားနှင့် ကဖေးဆိုင်တွေမှာ အမှတ်တမဲ့ကြားရသည့် သီချင်းသံနှင့် လမ်းဆုံတွေက ကြော်ငြာဘုတ်တွေ တီဗီကြော်ငြာတွေမှာ ရင်းနှီးရသည့် အဆိုသမားတွေရဲ့အသံကို တွဲဖက်ရင်းနှီးရရုံပဲဖြစ်သည်။ မဟာဝိဇ္ဇာဘွဲ့ယူစာတမ်းနှင့် လုပ်ငန်းခွင်ရဲ့ အချိန်မအားလပ်မှုက ဂီတနှင့် အလှမ်းဝေးစေခဲ့ပါသည်။

ဒါကြောင့်လည်း သူ့ရဲ့တေးစီးရီးကြော်ငြာကို သူများတကာထက် နောက်ကျပြီးမှ တွေ့ခဲ့တာပေ့ါ။ ကလပ်တွေ၊ ဟိုတယ်ရှိုးပွဲတွေရဲ့ စင်မြင့်ထက်မှာ သူ့ကိုမြင်ရသည်ဟု ကြားလျှင်တော့ စိတ်က သိပ်မထူးဆန်းမိ။ ငွေပိုးအိမ်နှင့် နီးစပ်သည့်အသိုင်းအဝိုင်းကလည်း တရုတ်သီချင်း၊ ဂျပန်သီချင်း၊ ရုရှားသီချင်းတွေ စီဒီဖွင့်နားထောင်ရုံ၊ လေ့လာရုံသာဖြစ်လျက် ကလပ်တွေ၊ တီးဝိုင်းတွေနှင့်





နယ်ပယ်ခြင်း မဆက်စပ်နိုင်အောင် ဝေးလွန်းလှသည်။ သည့်ကြားထဲက တစ်ခါတစ်ရံမှာတော့ သူ့ကိုဘယ်တီးဝိုင်းနှင့် ဘယ်လိုနားထောင်ခဲ့ရသည်ဆိုတာမျိုးလောက်တော့ အရိပ်အမြွက်ကြားရတတ်ပါသည်။ သူ့ကို စတင်သိကျွမ်းကတည်းက သူ သည်လိုပဲ သီချင်းတွေ လိုက်ဆိုတတ်သည်ဆိုတာသိနှင့်သည့်မို့စိတ်ထဲထူးထူးခြားခြားမခံစားရပါ။

ဒါပေမဲ့ ...

ကြော်ငြာအားကောင်းကောင်းနှင့် သူ့ရဲ့ပထမဆုံးစီးရီးထွက်လာဖို့ တစ်ပတ်လောက်အလိုမှာမှ သူဘာတွေပြင်ဆင်ထားသည်ဆိုတာသိခဲ့ရတာတော့ ငွေပိုးအိမ်ရဲ့ဆုံကြည်မှုတ်တိုင်းကျိုးပေါက်သွားခဲ့သလိုပါပဲ။

သူကတော့ ငွေပိုးအိမ်ရဲ့ရင်ထဲမှာ တစ်ချိန်လုံး တနုံ့နုံ့ခံစားရလောက်အောင် အလေးအနက်ထားခဲ့ရသည့် အနေအထားတစ်ခုကို နားမလည်၊ အရေးမကြီးသလိုပါဘဲ။ သူ့ကို ဖွင့်မပြောဖြစ်ဘဲ တိတ်တဆိတ် ဝမ်းနည်းနာကျင်ခဲ့ရသည့် ညနေခင်းတစ်ခုမှာ ငွေပိုးအိမ်သည် တစ်သက်တာလုံးပွင့်လင်းရဲဝံ့ခဲ့သည့် ငွေပိုးအိမ်ဆိုသည့် မိမိ၏အနေအထားကိုပင် မေ့လျော့ခဲ့ရသည်။

အဲသည့်နေ့ရက်တွေအထိ ပိုးသည် သူ့ကိုအပြစ်တင်ရှိဝန်လေးနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



"မ့အတွက် ကျွန်တော့်လက်ဆောင် ..."

သူ့မျက်နှာက အနှောင့်အယှက်မြူတစ်မှုန်မှပင် မတင်ရစ်ဘဲ ပကတိကြည်လင်သန့်စင်နေသည်။ ငွေပိုးအိမ်ရဲ့ မျက်ဝန်းတွေကို သူမဖတ်နိုင်ခဲ့တာ ချစ်သူအပေါ် နားလည်မှုမရှိတာလို့လား၊ ဒါမှမဟုတ် သူကြိုးပမ်းခဲ့သည့် သူ့ဝါသနာ၊ သူ့အောင်မြင်မှုအတွက် ပီတိနှင့် အပျော်တွေချည်း သူ့စိတ်ထဲမှာ လွှမ်းနေသည်လို့လား မသိပါ။

သူ့လက်ထဲမှာ ကက်ဆက်ခွေတစ်ခု၊ စီဒီတစ်ချပ်နှင့် သေချာကျစ်လျစ်စွာ လိပ်ထားသည့် ကြေးသားစက္ကူတစ်လိပ်ရှိနေသည်။ မန်းရောင်ဖျော့ဖျော့ ရှပ်လက်ရှသည် သူ့အရင်က ဝတ်နေကျမဟုတ်ပေသည့် ဈေးနှုန်းမြင့်သည့် တံဆိပ်ဖြစ်သည်။ ပိုးတွဲပုဆိုးခရမ်းရင့်ရောင်အကွက်စိပ်စိပ်နှင့် ရှပ်လက်ရှည်သည် သူ့ကို သိမ်မွေ့ရင့်ကျက်သည့် လူငယ်တစ်ယောက်အနေအထားသို့ ပြောင်းလဲစေနိုင်တာမှန်ပေမဲ့ နဖူးပေါ်ဝဲကျနေသည့် ဆံပင်ရိုင်းရိုင်းတွေနှင့်တော့ တစ်မျိုးတစ်ဘာသာ အသစ်ထူးခြားနေသည့်ပုံစံမျိုးဖြစ်နေသည်။

လူငယ်တစ်ယောက်သည် အချိန်နှင့်အမျှ ပြောင်းလဲ





နို့ အကြောင်းပြချက်တွေ အများကြီးရှိနေတယ်ဆိုတာ ငွေပိုးမ် နားလည်နိုင်ပါသည်။

ဒါပေမဲ့ ချစ်သူတစ်ယောက်ဆိုသည့် အနေအထား တော့ ...

"မ ..."

သူ့မျက်ခုံးတွေ အနည်းငယ်ကျုံ့သွားသည်။

"ဘာဖြစ်နေတာလဲ ..."

"ဒါ ဘာတွေလဲ ..."

"ကျွန်တော့်စီးရီးလေ ... ကိုယ်ပိုင်သံစဉ်တွေချည်းပဲ ... ကျွန်တော်ကိုယ်တိုင် ရေးတဲ့သီချင်းတွေ ..."

"အော် ..."

"မ ဘာဖြစ်နေတာလဲ ..."

ခုတော့ အေးစက်တက်သူက ငွေပိုးအိမ်ဖြစ်သွားပြန်ည်။ ပလတ်စတစ်ပန်းအိုးသေးသေးနှင့် ချိတ်ဆွဲထားသည့် ဆူးခြံ ပွများစွာပါရှိသည့် ကမုန်းပင်လုံးလုံးကလေးသည် ငေးစိုက်ကြည့်ရှင်း မျက်စိထဲမှာ မှုန်ဝါးသွားသည်။

"ကျွန်တော့်အတွက် ဝမ်းမသာပေးဘူးလား ..."

ငွေပိုးအိမ်သည် မိန်းမပီသစွာပင် နှုတ်ခမ်းလေးတစ် ၀် တွန့်ရုံ ပြုံးလိုက်မိ၏။



www.burmeseclassic.com

"ကောင်းကောင်းဆိုးဆိုး အတူမျှဝေကြမယ်ဆို ..."

"မင်းအတွက် ဝမ်းသာပါတယ် ... ဒါပေမဲ့ ကိုယ့်ကိုယ်ကို
အတွက်တော့ ဝမ်းနည်းတယ် ..."

"ဗျာ ..."

"ချစ်သူရဲ့သတင်းကို နောက်ဆုံးမှ သိရတဲ့သူဖြစ်နေလို့
တကယ်ဆိုတော့ ဒီလောက်ဝမ်းသာစရာကောင်းတဲ့သ
ကို မင်းအစောကြီးကတည်းက မ,ကို အသိပေးသင့်
မဟုတ်လား ..."

သူ့ စကားသံတိတ်ဆိတ်သွားသည်။ ငွေပိုးအိမ်
အကြည့်ကို ရင်ဆိုင်ကြည့်လိုက်သည့် သူ့မျက်လုံးတွေက ချက်
ပင် အေးစက်သွားခဲ့၏။ အဲသည့်လို အေးစက်စက်မျက်လုံးတွေ
ကိုးလ်ဆိုတဲ့ ကောင်လေးရဲ့ သရုပ်မှန်မဟုတ်လား။

ချစ်သူနှစ်ယောက်ကြားမှာ ရေခဲပြင်တစ်ခုလို
ခဲသည့် လွင်ပြင်တစ်ခု ချက်ချင်းဖုံးလွှမ်းသွားသလိုပင် တိတ်ဆိ
သွားခဲ့သည်။ အေးစက်တတ်သူလို့ ထင်ရပေမဲ့ သူ့ရင်ထဲမှာ စကား
လုံးတွေ များစွာရှိနေသည်မှန်း ငွေပိုးအိမ်သိနေပါသည်။ သူ့ရှေ
အအေးဖန်ခွက်ကို ဗိုက်တံဖြင့် မွှေနေရင်း ငြိမ်သက်တိတ်ဆိတ်
သည့် သူ့ရင်ထဲမှာ စကားတွေများစွာ ဆိုနေလိမ့်မည် ထင်ပါရဲ့။

ဒါပေမဲ့ အဲသည့်စကားတွေကို ပိုးမကြားနိုင်ပါ။





"မ,က ကျွန်တော့်ကို အချိန်တွေ အကြာကြီး မကျေမနပ်
ဖြစ်နေခဲ့တာပေါ့ ..."

စက္ကန့်တွေ အတော်ကြာတော့မှ သူ့နှုတ်ခမ်းတွေ
ကြား တိုးဖွသည့် စကားသံထွက်လာသည်။ အေးစက်သည့် မျက်
တွေထဲ အရိပ်တချို့ ပြောင်းလဲသွားပြီး အဲသည့်အရိပ်တွေက
ကြွဲခြင်း သဏ္ဍာန်ဆောင်နေခဲ့သည်မို့ ငွေပိုးအိမ်က ထင်ယောင်
မှားတွေးမိ၏။ သို့ပေမဲ့ ငွေပိုးအိမ်သည်လည်း လူတွေရဲ့ မျက်
ကို အမှန်အတိုင်း ဖတ်နိုင်ရဲ့လားမသိ။

'မကျေမနပ်'ဆိုသည့် သူ့စွပ်စွဲချက်စကားက မှန်သင့်
လောက်မှန်ပေမဲ့မကျေနပ်ခြင်းသက်သက်ချည်း ချစ်သူရဲ့ဥပေက္ခာ
တွက် ဝမ်းနည်းကြေကွဲစိတ်လည်း ပါဝင်နေတာ သူ့ကို သိစေချင်
ည်။

"ကျွန်တော်ကို ဖွင့်မေးလိုက်ရောပေါ့ မရယ် ..."

ဟု သူက ခပ်တိုးတိုးညည်းညူရေရွတ်လေသည်။



www.burmeseclassic.com

"တို့က ပွင့်လင်းတဲ့သူပါ … စိတ်ထဲ ဘာကိုမှ မြှုမထားတတ် ဘူး … မင်းကို ဖွင့်ပေးလိုက်ချင်တယ် … ဒါပေမဲ့ မင်း ကို မပြောဘဲ ဘယ်အချိန်အထိ ဖုံးကွယ်ထားမလဲဆိုတာ လည်း သိချင်တယ် … "

"ကျွန်တော့်ကို စောင့်ကြည့်နေတဲ့ သဘောပေါ့ … "

"မင်းကို စောင့်ကြည့်ရင်းနဲ့ ကိုယ့်ကိုယ်ကိုယ်လည်း စော ကြည့်နေခဲ့တာပေါ့ … ခံနိုင်ရည် ဘယ်လောက်အထိရှိတယ် ဆိုတာကိုလေ … "

"မရယ် … "

သူ့မျက်နှာက အရမ်းကို စိတ်ထိခိုက်သွားသည့် လူ တစ်ယောက်ရဲ့ နွမ်းရော်ကြေကွဲသော မျက်နှာအဖြစ် ချက်ချင်း ပြောင်းလဲသွားသည်။

"ကျွန်တော့်အပေါ် မ သံသယတွေ ရှိနေလိမ့်မယ်လို့ မထင် မိဘူး … "

"တို့လည်း မရှိချင်ပါဘူး … သံသယတွေဆိုတာ လူရဲ့စိတ်ကို သိပ်ပူလောင်စေတယ် … ဒါပေမဲ့ ကိုယ့်ချစ်သူ ဘာတွေလုပ် နေတယ်ဆိုတာတော့ သိချင်တယ် … ကွယ်ဝှက်ထားချင်





ရင် မိုသိချင်တယ် … ဘာကြောင့် မပြောတာလဲဆိုတာပေါ့"

နှစ်သက်လှသော ကော်ဖီရဲ့ မွှေးကြိုင်နေသည့် ရနံ့ ကိုပင် မေ့လျော့နေခဲ့သည်။ အေးစိမ့်သော ကော်ဖီဆိုင်ရဲ့အတွင်း ဘက် ရာသီဥတုကပဲ ငွေမိုးအိမ်တို့ ချစ်သူနှစ်ဦးကြားထဲ ဝင်ရောက် လွှမ်းမိုးနိုင်ခဲ့သည်လား မသိ။

"တို့ဘက်မှာတော့ ဘာမှကွယ်ဝှက်ထားစရာမရှိခဲ့ဘူးလေ အိမ်မှာဖြစ်တဲ့ ပြဿနာက အစ မင်းသိနေခဲ့တာပဲ မဟုတ် လား … "

"ကျွန်တော် တမင်ဖုံးကွယ်ထားတာ မဟုတ်ဘူးဆိုတာ မ နားလည်နိုင်သားပဲ မဟုတ်ဘူးလား … ကံစမ်းရတဲ့ အလုပ် မျိုးမို့ အကယ်၍ မအောင်မြင်ခဲ့ရင်ဆိုတဲ့ အတွေးကို ကျွန် တော်က ကြိုတွေးထားတယ် … မ ရှေ့မှာ အရှုံးသမားတစ် ယောက်ပုံစံမျိုးနဲ့ ကျွန်တော်မရပ်ချင်ဘူး … ကျွန်တော့်ရဲ့ အရှုံးကို မ့ကို မပေးချင်ဘူး … ကျွန်တော်က မ့အတွက် အရာရာကို စွမ်းဆောင်ပေးနိုင်တယ်ဆိုတဲ့ ယောကျ်ားမျိုးပဲ ဖြစ်ချင်တယ် …

အဲဒါဟာ ယောကျ်ားတွေရဲ့ စိတ်ဓာတ်ပဲ မရဲ့ … ဘာဖြစ်လို့ ကျွန်တော့်ကို နားမလည်နိုင်ရတာလဲ … မ့ကိုချစ်တဲ့စိတ်နဲ့ မရဲ့ ယုံကြည်အားကိုးမှုကို ခံချင်တဲ့စိတ် … မရဲ့ လိုအပ်ချက် တွေကို ဖြည့်ပေးချင်တဲ့ စိတ်ဟာ တစ်ထပ်တည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ... မင်းအခုလုပ်နေတဲ့ အလုပ်တွေအားလုံး မ အတွက်လို့ ပြောချင်တာလား ..."

"ဟုတ်တယ် ..."

ရယ်မောပြီး ခေါင်းယမ်းပစ်လိုက်သည့် ငွေမိုးအိမ်ကို သူက နှုတ်ခမ်းတွေ တင်းတင်းစေ့ပြီး အေးစက်စက်ကြည့်နေသည်။

"မင်းဝါသနာပါတဲ့ အလုပ်ကို မင်းစိတ်ကြိုက်လုပ်နေတာပဲလေ ... တို့ တိုက်တွန်းတာတစ်ခုမှ မပါဘူး ... တို့မသိအောင် မင်းဘာသာ ကျိတ်လုပ်နေတာပဲ ..."

သူ့စကားဆက်ခံနေလည်တိုင်ကိုခါပြီးမျက်နှာလွှဲလိုက်သည်။

"မ ကို ကျွန်တော် အရှည်ကြီး ရှင်းပြရတော့မယ် ..."

မြတ်စွာဘုရား ...

ချစ်သူအပေါ် သည်လောက်အတိုင်းအတာထိတောင် စိတ်မရှည်နိုင်ဘူးဆိုတဲ့သဘောပေါ့။ သူ့ကို ခွင့်လွှတ်ဖို့ အဆင်သင့်ဖြစ်နေသည့် စိတ်အစဉ်က အနည်းငယ် အောင့်မျက်သွားခဲ့ပါသည်။ သူ စကားပြောမတတ်ဘူးလို့ ဘယ်နှယ်ယူဆရပါ့မလဲ။

"မ အတွက်မို့ ကျွန်တော်ဝါသနာပါတဲ့ အလုပ်ကိုအောင်မြင်စေချင်တာပါ ... အောင်မြင်အောင် ကြိုးစားချင်တာပေါ့ ကျွန်တော်ဟာ အရည်အချင်းမရှိလို့ မဟုတ်ဘူးဆိုတာ မ ရဲ့ အသိုင်းအဝိုင်းကို သိစေချင်တာပေါ့ ... ကျွန်တော် နှစ်ခြိုက်





တဲ့ အလုပ်လည်းဖြစ်ပြီး မ အတွက်လည်း ဂုဏ်တက်စေမယ် ... စိတ်ချမ်းသာစေမယ်ဆိုရင် ကျွန်တော်တို့နှစ်ယောက်ရဲ့ တစ်သက်တာ ပိုပြီးမသေချာနိုင်ဘူးလား ... ကျွန်တော် စိတ်မပါတဲ့ အလုပ်တွေမှာ ရှေ့တိုးဖို့ ကြိုးစားနေမဲ့အစား ကျွန်တော်ဝါသနာပါတဲ့ အလုပ်နဲ့ မ ကိုလည်း ကျေနပ်စေမယ်ဆိုရင် ... ကျွန်တော်တို့နှစ်ယောက်မှာ ပဋိပက္ခတွေ နည်းသွားမှာပေါ့ မ ရယ် ... ကျွန်တော်လည်း ပျော်ရမယ် ... မ လည်း စိတ်ချမ်းသာရမယ် မဟုတ်လား ကျွန်တော့်ဝါသနာက မ သဘောမတူနိုင်တဲ့ မလိုက်လျောနိုင်တဲ့ ဝါသနာမျိုးဆိုရင်တော့လည်း ကျွန်တော်တို့ နောက်တစ်မျိုးစဉ်းစားရမှာပေါ့ ... ကျွန်တော် သိပ်မြင်ချင်တာလည်း မ ကြောင့်ဘဲ ... အရင်ကတော့ ကျွန်တော်က သီချင်းတွေ ရေးနေရရင် အောင်မြင်ချင်လာတယ် ... အောင်မြင်မှဖြစ်မယ်ဆိုတဲ့ ရည်မှန်းချက်ရှိလာတယ် ... ကဲ ... မရဲ့ စွပ်စွဲချက်ကို ပြန်ရုပ်သိမ်းလို့ ရပြီလား ..."

တတ်လည်း တတ်နိုင်ပါရဲ့။

သူ့မျက်နှာကိုကြည့်ပြီး ပိုး မပြုံးရယ်ဘဲ မနေနိုင်ပါ။

"ဟင့်အင်း စောင့်ကြည့်ရဦးမှာ ..."

"ဟောဗျာ ..."

"မင်းပြောတာက ရင်ထဲက စကားလား ... သီချင်းစပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလားဆိုတာကို စောင့်ကြည့်ရဦးမှာလေ ...”

“ကောင်းပါပြီဗျာ ... ဒီနေ့တော့ ကျွန်တော့်သီချင်းလေးတွေ အရင်နားထောင်ကြည့်ပေးဦး ... စိတ်နာပြီး နားမထောင်ဘဲ တော့ မနေပါနဲ့ ...”

ပိုးက သူ့ကို မျက်စောင်းထိုးလိုက်သည်။ သူက နှုတ်ခမ်းစူပြီး နှာခေါင်းရှုံ့ပြသည်။ အေးစိမ့်နေသည့် ရာသီက ချက်ချင်း နွေးထွေးလာသည်ဟု ထင်မိ၏။

သူ့ရဲ့ အကြောင်းပြချက်တွေကသည်လောက်မြန်မြန် ဆန်ဆန် စိတ်ပြေရလောက်အောင် ခိုင်မာရဲ့လားဆိုတာကိုတော့ ငွေပိုးအိမ် ပြန်ပြီး မဆန်းစစ်မိပါ။

စကတည်းက သူ့ကို မကျေနပ်ရုံလေးသာဖြစ်ပြီး ချစ်သူတွေဘ၀ကို အဆုံးသတ်ပစ်လိုက်ဖို့အထိ တစ်ကြိမ်တစ်ခါမှ မတွေးဖြစ်ခဲ့တာ။

နောက်ဆုံးတော့ ငွေပိုးအိမ်အတွက် ဘယ်လိုမှ မခံမရပ်နိုင်စရာ ပြဿနာတစ်ခုက သူ့ရဲ့စကားလုံးတွေအောက်မှာ တစ်စစီ ပြိုကွဲသွားခဲ့ရတော့သည်။





# အမုန်းမြစ်ကမ်းပါး





www.burmeseclassic.com

www.burmeseclassic.com





တစ်စစီ ရုပ်လုံးပေါ်လာသည့် ပန်းချီကားတစ်ချပ်ကို ဖြည့်စွက်နေရင်း ကျေနပ်ပီတိဖြစ်နေသည့် ပန်းချီသမားတစ်ယောက်ရဲ့ ပီတိမျိုးထက် အဋ္ဌကျော်ထင်ရဲ့ခံစားချက်ကပိုပြီး ပြင်းထန်သည်ဟု သေချာပြောနိုင်ပါသည်။

ဒါဟာ … မကောင်းတဲ့အကျင့်က အတွေး …

ဆိုးရွားလှသည့် အဖျက်စိတ်၊

ယုတ်နိမ့်သည့် ကာလဲစားချေလိုစိတ်၊

ယောကျ်ားတစ်ယောက်မှာ ဘယ်လိုမှ မရှိသင့်တဲ့။

အဲသည့်လို အတွေးတွေက အဋ္ဌကျော်ထင်ရဲ့စိတ်နှလုံးကို အချိန်တိုင်းစီးနေသည့် ကြားထဲကပင် အဋ္ဌသည် ဖန်တီးခဲ့သည့် ပန်းချီကားရဲ့ ရုပ်လုံးပေါ်လာသည့် ပုံရိပ်ကိုစောင့်ကြည့်ဖို့ ကျေနပ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ... သိပ်မကြာခင်မှာ ပြီးဆုံးတော့မှာပါ။

အဲသည့် အဆုံးသတ်လေးက အဋ္ဌလိုချင်သလို သပ်ရပ်လှပဖို့သာ လိုအပ်သည်။

❀❀❀

"မေမေဝင်လာမယ်နော် ..."

တံခါးဟဟ ပွင့်လာပြီး ညင်သာသည့် စကားသံကို ကြားလိုက်ရသည်။ မေမေ့မျက်မှန်ကိုင်းအသစ် လဲထားသည်ကို သတိထားလိုက်မိသည်။ ဇာပွင့်ပန်းအနားဖောက်ထားသည့် ဘလောက်စ်အကျီမွမွ ခရမ်းရောင်ပြောင်ထဘီနှင့် မေမေသည် အသက်ငါးဆယ်ရှစ်နှစ်နှင့် နိုင်းစာလျှင် နုပျိုဆဲပင်ရှိ၏။

အခန်းထဲရောက်သည်နှင့် မေမေက နှာခေါင်းကို ရှုံ့မဲ့ ရှုံ့မဲ့လုပ်ရင်း ...

"မွှေးလိုက်တာ လွန်ပါရော ... ယောကျ်ားဖြစ်ပြီး ..."

ဟု ကဲ့ရဲ့ချင်သည့် မျက်နှာနှင့်ဆိုလေသည်။ တကယ်တော့ သည်လိုအမွှေးအကြိုင် အသန့်အပြန့် ကြိုက်တတ်အောင်လည်း





မေမေပဲ အကျင့်လုပ်ပေးခဲ့တာ မဟုတ်လား၊ ခုတင်ခြေရင်းက သားရေဆိုဖာကြီးပေါ်မှာ ထိုင်လိုက်ရင်း ...

"ဒီနေ့ ညနေစာ မစားဘူးလား ..."

ဟု မေမေက မေးသည်။

"ကျွန်တော် ဒီနေ့ မီကာဆာမှာ ဒင်နာရှိတယ် မေမေ ... အခင်းပြားတွေ ပိုမို ကိုးရီးယားတွေနဲ့ ချိန်းထားတယ် ... မေမေရော ဘယ်လဲ ..."

"မေမေ ဝတ်ရည်တို့ဆီ လိုက်သွားမလို့ ..."

"ဩော် ... သူတို့ ဘယ်မှာရှိမှာလဲ ..."

"ဒီနေ့ တစ်နေ့လုံး ကန်တော်ကြီးထဲမှာပဲတဲ့ ... ဒီနေ့က နေစိုးရဲ့ ကတ်တ်တွေချည်းပဲမို့ တစ်နေကုန်နေအားတဲ့"

"ဒါဆို ... သူကတ်တ်တွေ မရှိတော့ရင် ... မေမေ့သမီးက မလိုက်တော့ဘူးတဲ့လား ... သူက ဗီဇီဒီရဲ့ မရှိရှူးဆာပဲ ဥစ္စာ"

"မေမေလည်း အဲဒါ သားနဲ့ တိုင်ပင်ချင်တာပဲ ... သား ညီမလေးကို စီးပွားရေးထဲ စိတ်ဝင်စားနိုင်းတာတော့ ကောင်းပါတယ် ... ဒါပေမဲ့ သူတစ်ယောက်တည်း လွှတ်ထားလို့ မဖြစ်ဘူးနော် ... ဒီကလေးမက လူမှုဆက်ဆံရေးမှာ ဘာအတွေ့အကြုံမှ ရှိသေးတာ မဟုတ်ဘူး ... ပြီးတော့ ပိုကောင်လေးနဲ့လည်း ...



www.burmeseclassic.com

www.burmeseclassic.com



မေမေကတော့ သဘောမကျဘူး သား ... နာမည်ကြီးပါစေ ဦးတော့ နာမည်ကြီးရုံသက်သက်နဲ့တော့ မေမေတို့ အသိုင်းအဝိုင်းနဲ့ မဖြစ်ဘူး ... ”

“မေမေကလည်း ဘာတွေလျှောက်တွေးနေတာလဲ ... ”

အဂ္ဂသည် မေမေ့မျက်နှာကိုကြည့်ရင်း အထိတ်တလန့်ဖြစ်သွား၏။ ခုတင်ခြေရင်းမှာ ထိုင်ချလိုက်ပြီး ရေစိုနေသည့် ဆံပင်များကို မျက်နှာသုတ်ပဝါဖြင့် ခပ်ကြမ်းကြမ်းပွတ်ပစ်လိုက်သည်။ ကိုယ်တိုင် စိုးရိမ်တကြီးဖြင့် နေ့စဉ်စောင့်ကြည့်ခဲ့ရသည့် အတွေးမျိုး မေမေတို့မှာလည်း ဇာတ်နှံအောင်းလာခဲ့ပြီဆိုတော့ ...

အဂ္ဂမျှော်လင့်သလို ဝတ်ရည်တစ်ယောက်တည်းကို ယုံကြည်စိတ်ချထားပြီး စိတ်အေးနေလို့ မဖြစ်ဘူးဆိုတာ နားလည်နိုင်ရလိမ့်မည်။

“ညီမလေးကို သားတစ်ယောက်တည်း ပစ်မထားပါဘူး စိတ်ချပါ ... သားအမြဲတမ်း သူ့ကိုစောင့်ကြည့်နေတယ် ... ခုဟာက သူ့အလုပ်ထဲမှာ သူပျော်နေလို့ သားတင်းတင်းကျပ်ကျပ် ဝင်မစွက်တာပါ ... သားမလိုက်နိုင်ရင်တောင် သားရှုံးခန်းက ဝန်ထမ်းတစ်ယောက်ယောက် သူ့အနားမှာ အမြဲရှိနေပါတယ် ... မေမေလည်း သူ့နောက်က လိုက်နေတာပဲ မဟုတ်လား ... ”



“ဒါပေမဲ့ သား ... သူကြည့်ရတာ ... ”

မေမေ့စကားက အဆုံးသတ်ထိမရောက်ဘဲပင့်သက်ရှိုက်သံမှုန်းမှုန်းသာ ပေါ်လာသည်။

ရောင်စုံဓာတ်ပုံတွေက ပြောင်လက်နေသည့် ကြမ်းခင်းပေါ်မှာ ပြန့်ကျဲပြည့်နှက်နေသည်။ ဝတ်ရည်သည် ဓာတ်ပုံများရဲ့ အလယ်မှာ ဒူးတစ်ဖက်ထောက်လျက် ထိုင်နေရင်း မနေ့တစ်နေ့က မှ ဖြန့်ချိလိုက်သည့် အဆိုတော်သစ် ကိုးလ်ရဲ့ သီချင်းတစ်ပုဒ်ကို ဆိုတိုးတိုးညည်းနေ၏။ အလှူမီနီယမ်တွန်းတံခါးကို မီဖွင့်သေးဘဲ ညီမလေးရဲ့ မျက်နှာကို မီးခိုးရောင်မှန်အကွယ်နောက်ကနေ တိတ်တခိုးရပ်ကြည့်နေမိသည်။

သည်အရွယ်မိန်းကလေးဆိုတာ နှလုံးသားနူးညံ့ကြတာပါပဲ၊ စိတ်လှုပ်ရှားလွယ်ပေမဲ့ ဝတ်ရည်သည် စိတ်အလိုလိုက်တတ်သည့် မိန်းကလေးမျိုးတော့ မဟုတ်ဘူးဆိုတာ အဂ္ဂကောင်းစွာ နားလည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ညင်ညင်သာသာ ဖွင့်လိုက်ပေမဲ့ နားပါးလှ
သည့် ဝတ်ရည်က ရုတ်ခြည်းပင် ခေါင်းမော့ကြည့်သည်။

"ကိုကို ဒီနေ့ အစောကြီးပါလား ..."

တဲ့။

"ဝေါလ်ရှိ(Wall Sheet)အတွက် ဘယ်ဓာတ်ပုံရွေးရင် ကောင်း
မလဲကိုကို ... ဗီစီဒီထွက်ရင် အခွေဝယ်တဲ့သူတွေကို တစ်
ချပ်စီ လက်ဆောင်ပေးမယ်လေ ..."

"ပရိုမိုးရှင်းပေါ့ ဟုတ်လား ..."

"စဖြန့်တဲ့နေ့မှာ အဆိုတော်ကိုယ်တိုင် လက်မှတ်ထိုးပေး
တာတွေ ... ဘာတွေလုပ်ဖို့ လိုဦးမလား မှုသိဘူးနော်"

"ဒါကတော့ တိပ်နဲ့ စီဒီရဲ့ တုံ့ပြန်မှု ဘယ်လိုဆိုတာ စောင့်
ကြည့်ရမှာပဲလေ ... သိပ်စိတ်မလောပါနဲ့ ညီမလေး ..."

"အခြေအနေက မဆိုးပါဘူး ကိုကိုရဲ့ ... သူလည်း အကျိုးရှိ
ကိုယ်လည်း အကျိုးရှိ ... အသစ်တစ်ယောက်မှာ အရှုံးမျိုး
ဘဲ ဒီလောက်အမြတ်ကျန်တယ်ဆိုလည်း လုပ်ပျော်ပါတယ်"

"အဲလိုထွက်လို့ မရဘူးလေ ... ကြော်ငြာစရိတ်မှာ ကိုကိုတို့
အများကြီး သုံးလိုက်ရတယ် ... တကယ်တမ်းမှာ သူက ပို
ပြီး အမြတ်ထွက်တာပဲ ..."

"သူ နာမည်ကြီးလာခဲ့ရင်လည်း ညီမလေးတို့အတွက် –





နောက်ထပ် အမြတ်တွေ အများကြီးမျှော်လင့်လို့ရသေးတာ
ပဲ ကိုကိုရဲ့ ..."

ဓာတ်ပုံသုံးလေးပုံကိုကောက်ပြီး ဝတ်ရည်လိုပင်
အဝွကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်သည်။

ဝတ်ရည်ရဲ့ အပြုံးလေးတွေက တက်ကြွလန်းဆန်း
ပြီး မျှော်လင့်ချက်ဖြင့် ပြည့်ဝနေ၏။ ပြီးတော့ အဝွမသိနိုင်သည့်
နူးညံ့သည့် ခံစားမှုတစ်မျိုးက ဝေညက်သော မျက်နှာလေးကို ပန်း
သွေးကြွနေစေသည်။ ဘုန်းနေစိုးရဲ့ဓာတ်ပုံတွေကို ကြည့်နေသော
မျက်ဝန်းထဲမှာ နားလည်နိုင်ပါလျက် အဝွနားမလည်ချင်သည့် အရိပ်
တွေကိုလည်း မြင်နေရသည်။

"ညီမလေးက လူတစ်ယောက်ရဲ့ စိတ်ကို တစ်သမတ်တည်း
တွက်ထားတာကိုး ... လောကကြီးမှာ အမြဲတည်မြဲနေတဲ့
အရာဟာ မတည်မြဲခြင်းတဲတဲ့ ... အဲဒီစကားကို မေ့သွားပြီ
လား ..."

ဝတ်ရည်က မျက်လုံးလေးဝိုင်းလည်လျက် အဝွကို
မော်ကြည့်နေသည်။

"ကိုကို ... တို့ မြန်မာမုန့်ပွဲတော် ဘူဖေးသွားစားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"သူနဲ့ ကိုကိုတို့မောင်နှမရဲ့ပတ်သက်မှုဟာ စီးပွားရေးအရ လုပ်ငန်းအရပဲ ... ဒါကို ညီမလေး သေချာနားလည်သဘော ပေါက်ထားရမယ် ... လုပ်ငန်းသဘာဝမှာ လူမှုရေးငဲ့ကွက် မှုတွေ ရောလာရင် အလုပ်လုပ်ရတာ မကောင်းဘူး ... ပြတ် ပြတ်သားသား ဆုံးဖြတ်လို့ မရဘူး ... ဒီတော့ ..."

"ကိုကို ဘာဖြစ်လို့ ဒါတွေ ပြောနေတာလဲ ..."

ဝတ်ရည်ရဲ့ မျက်နှာထားတည်တည်လေးမှာ မသိ နားမလည်ခြင်းထက် မလိုလားနိုင်သည့် အရိပ်အယောင်က ပိုနေ သည်ဟု အဂ္ဂထင်မိသည်။

"ဘာဖြစ်လို့လဲဆိုတော့ ... လိုတာထက်ပိုပြီး သူ့ကို ... သံယောဇဉ်မတွယ်စေချင်လို့ဘဲ ..."

"ကိုကို သူ့ကို သဘောမကျဘူးလား ..."

"ဟုတ်တယ် ..."

"ဘာကြောင့်လဲ ... ကိုကိုပဲ သူ့ကိုအိမ်ပေါ်ရောက်အောင် ခေါ်လာခဲ့တာ မဟုတ်လား ... ကိုကိုပဲ သူ့ကို ဒီအခြေအနေ အထိရောက်အောင် ဆွဲတင်ခဲ့တာ မဟုတ်လား ..."





ဝတ်ရည်ရဲ့မျက်နှာပေါ်က သွေးကြောလေးတွေ နီ မြန်းလာပြီး အသက်ရှူသံတွေ မြန်ဆန်လာသည်အထိပင် စိတ်လှုပ် ရှားနေခဲ့သည်။

ညီမလေးကို ဆုံးရှုံးလိုက်ရပြီလား။

ညီမလေးရဲ့အနာဂတ်မှာ အဂ္ဂထင်ကျော်ရဲ့မျှော်လင့် ချက်တွေကို စွန့်လွှတ်လိုက်ရတော့မှာလား။

"မှန်တယ်လေ ... ဒါပေမဲ့ အဲဒါဟာ ကိုယ့်ညီမနဲ့ နီးစပ်စေ ချင်လို့မှ မဟုတ်တာ ... သူ့ကို မြှင့်ပေးတာက တစ်ပိုင်း လက်မခံနိုင်တာက တစ်ပိုင်း ..."

"သူ့ကို ဘာဖြစ်လို့ လက်မခံနိုင်ရတာလဲ ကိုကို ... သူ့မှာ ဘာချို့ယွင်းချက် ... အားနည်းချက်တွေ ရှိနေလို့လဲ ..."

သည်လေသံမျိုးက တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချပြီး ဘာကိုမဆို ရင်ဆိုင်တော့မည်ဟု အဆင်သင့်ဖြစ် နေသည့် အမိပ္ပါယ်မျိုး။

ရင့်ထဲမှာ ဝမ်းနည်းလှုပ်ခတ်မှုဖြင့် အဂ္ဂငြိမ်သက်နေ မိသည်။ ကန့်တော့်ကြီးရေပြင်ရဲ့ စိမ်းညို့ညို့ကျွန်းတန်းရှည်ကြီးဆီ ခပ်ဝါးဝါး စိုက်ငေးကြည့်မိသည်။

မဖြစ်ဘူး။

သည်ကိစ္စမှာနည်းနည်းလေးမှာ မှားယွင်းလို့ [illegible] ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘက်က ဘာတစ်ခုမှ နောက်ထပ် မဆုံးရှုံးစေရဘူး။

"ဘာကြောင့်လဲဆိုတော့ သူ့မှာ ချစ်သူရှိနေလို့ဘဲ ..."

လေတိုးသံကလွှဲပြီး ရုတ်ခြည်းတိတ်ဆိတ်သွားသည်။ ဝတ်ရည်က အငွေ့မျက်လုံးတွေထဲ မယုံသင်္ကာစိုက်ကြည့်နေသည်ကို သိနေရ၏။ အချိန်အတော်ကြာအောင် နှစ်ယောက်သား တိတ်ဆိတ်သွားပြီး ပြောစရာစကား နောက်ထပ်မရှိတော့ဘူး ထင်ရလောက်အောင် စကားလုံးတွေ ပျောက်ဆုံးသွားသည်။

"ကိုကိုက သိနေတယ်ပေါ့ ..."

စက္ကန့်တွေများစွာ ကြာတော့မှ ဝတ်ရည်က မချင့်မရဲ တိုးညင်းသော အသံဖြင့် မေးသည်။

"သိတယ်လေ ... ညည်းက မယုံဘူးလား ..."

"ဘာမှမပြောသ် မကြားဖူးဘူး ..."

"ဘယ်ယောကျာ်းက ကျွန်တော့်မှာ ရည်းစားရှိပါတယ်_ လို့ ကြော်ငြာစာကပ်ထားမှာလဲ ... ကိုကို့စကားကိုများ မယုံနိုင်ဘူးလား ညီမလေးရယ် ... ကိုယ့်ညီမလေးရဲ့ သက်တမ်းတစ်လျှောက်မှာ သူစိမ်းယောကျာ်းတစ်ယောက်ကြောင့် ... အစ်ကိုအပေါ် သံသယတွေနဲ့ ကြည့်တတ်တဲ့ ဒါပထမဆုံးပဲ ... ကိုကို တော်တော်ခံစားရတယ် သိလား"



"အိုး ... ကိုကို့ကို မယုံတာ မဟုတ်ပါဘူး ..."

ဘယ်လိုပဲပြောပြော ညီမလေးဝတ်ရည်ရဲ့ ရင်ထဲမှာ ဘုန်းနေစိုးဆိုသည့် ကောင်လေးအပေါ် သံယောဇဉ်အမြစ်တွယ်လျက်ရှိပြီဆိုတာ အငွေ့ကောင်းစွာ ရိပ်မိလိုက်ရတော့သည်။

❀❀❀

www.burmeseclassic.com



ငွေပိုးအိမ်တို့ရဲ့ အိမ်ဧည့်ခန်းသို့ အဂ္ဂရောက်ရှိသွားချိန်မှာ အန်တီရိုစီရဲ့ လိုက်လှဲပျူငှာသည့် အပြုံးအရယ်တွေကို ကြုံရသည်။ မေမေ့ သူငယ်ချင်းမ,ဆိုပေမဲ့ မေမေ့လိုပဲ ခေတ်မီ ဖော်ရွေပေမဲ့ မေမေ့လိုပဲ နူးညံ့သူဖြစ်ပေမဲ့ ဟိုအမျိုးသမီးကြီးမှာ မေမေ့ထက်ပိုပြီး ရှိုးစင်းသည့် စိုးရိမ်တတ်သည့် မျက်လုံးမျိုးတွေ ရှိသည်။ အစွထင်ကျော်နှင့်ငွေပိုးအိမ်ရဲ့ ရွှေလမ်းငွေလမ်းဖောက်ဖို့ကိစ္စတွေ ပျက်ပြားသွားချိန်မှာ မိသားစုနှစ်ခု ခပ်တန်းတန်းဖြစ်သွားပေမဲ့ မေမေနှင့်အန်တီရိုစီကတော့ တယ်လီဖုန်းလိုင်းထဲကဖြစ်စေ မကြာခဏတွေ့ဆုံကြပါသည်။

သို့ပေမဲ့ သားနှင့်သမီးအကြောင်းကိုတော့ အတတ်နိုင်ဆုံး ရှောင်လွှဲခဲ့ကြမည်ထင်ပါရဲ့။

"သား ... ရောက်မလာတာ ကြာပါပြီရော ..."





"ဟုတ်ကဲ့အန်တီ ... ကျွန်တော် ခုတလော အိမ်တောင်မှန်မှန် မကပ်နိုင်ဘူး ... အလုပ်တွေရှုပ်နေလို့ ..."

"အေး ... မျိုးကတော့ ပြောပါတယ် ... ဒီနေ့ မိပိုးတော့ မရှိဘူးသားရဲ့ ... ညနေစောင်းမှ ပြန်လာမယ်ထင်တယ် ..."

"ဟုတ်ကဲ့ ... ကိစ္စမရှိပါဘူး ... ကျွန်တော် မူပိုင်ထားတဲ့ စီးရီးစ်တစ်ခု ဖြန့်လို့လက်ဆောင်ပေးရင်းနဲ့ ခဏဝင်လာတာပါ ..."

"ဟုတ်လား ... သားက သီချင်းကိစ္စတွေ ဘာတွေလည်း လုပ်တယ်လား ... အခြေအနေကောင်းရဲ့လား ..."

ကြွေသားရောင်တောက်နေသည့် စက္ကူ အိတ်ကလေးထဲထည့်လာသည့် ကက်ဆက်ခွေနှင့် စီဒီချပ်တွေကို အန်တီရိုစီထံ လှမ်းပေးလိုက်သည်။ အန်တီရိုစီသည် ကက်ဆက်ခွေကို ခပ်လှမ်းလှမ်းယူကြည့်ပြီး စီဒီကာဗာဖုံးပေါ်က ဘုန်းနေစိုးရဲ့ ဓာတ်ပုံကိုတော့ မျက်လုံးတွေ ကျုံ့ပြီး သေချာစိုက်ကြည့်နေ၏။ ပြီးတော့ စိတ်လှုပ်ရှားမှုကို ကောင်းစွာ မထိန်းချုပ်နိုင်သည့် အနည်းငယ်လှုပ်ခတ်သည့် စကားသံဖြင့် ...

"ဒီကောင်လေးလား ..."

ဟု ခပ်တိုးတိုးမေးသည်။

"ဟုတ်ကဲ့ အန်တီ ... ညီမလေးရဲ့ မိတ်ဆွေပါ ... ညီမလေးက ပံ့ပိုးပေးချင်တာနဲ့ ကျွန်တော့်ကို အကူအညီတောင်းလာတာ ... ကျွန်တော်လည်း ဒီနယ်ပယ်ကိုတော့ ... သိပ်



www.burmeseclassic.com

မကျွမ်းကျင်ပါဘူး ။ ဒါပေမဲ့ ... ကိုယ့်ညီမလေးကလည်း စိတ်အားထက်သန်နေတာဆိုတော့ ... စမ်းသပ်ကြည့်တာပါ ... သူ အောင်မြင်သွားတယ်ဆိုရင် ... ညီမလေးအတွက်လည်း စိတ်အေးရတာပေါ့ ... ကောင်လေးက ကွန်ပျူတာနဲ့ ကျောင်းပြီးထားတာပါ ... အရည်အချင်းလေးကတော့ မဆိုးပါဘူး ... ဒါပေမဲ့ ... လူငယ်ဆိုတော့ ... ကိုယ်ကျင့်တရားကိုတော့ စောင့်ကြည့်ရဦးမယ် ...”

“အမယ်လေးသားရေ ... သိပ်တော့ စိတ်မချလိုက်နဲ့နော် ခုခေတ်ကလေးတွေက ... အို ... အန်တီ ပြောချင်တာက ဟို ... ဘာကိုမှ သိပ်အလေးအနက်ထားတာ မဟုတ်တော့ လေ ... ဝတ်ရည်လေးက ငယ်သေးတာမဟုတ်လား ...”

အန်တီရှိစီသည် ဘုန်းနေစိုးရဲ့ ဓာတ်ပုံကာဗာကို ကြည့်လိုက် အဂ္ဂဆီကကားလှမ်းပြောလိုက်ဖြင့် တုန်တုန်လှုပ်လှုပ်ဖြစ်နေ၏။ အန်တီရှိစီမျက်လုံးထဲက စိုးရိမ်ပူပန်မှုသည် ဘယ်သူမဆို အလွယ်တကူ အမိပ္ပာယ်ဖော်နိုင်လောက်အောင်ပင် ပေါ်လွင် ထင်ရှားလျက်ရှိသည်။ အဲသည့် စိုးရိမ်ပူပန်မှုသည် အလှမ်းဝေးလွန်းလှသည့် အဂ္ဂထင်ကျော်ရဲ့ ညီမလေးဝတ်ရည်အတွက်တော့ မဖြစ်နိုင်ပါ။ အဂ္ဂသည် အန်တီရှိစီရဲ့ မျက်နှာကိုကြည့်ရင်း ကရုဏာစိတ်နှင့် အားရကျေနပ်သည့် စိတ်သည် ရောထွေးလျက် ငုပ်လိုက် ပေါ်လိုက်ကလှည့်စီဖြစ်နေ၏။

ချစ်သူကို ရွေးချယ်မယ်ဆိုတဲ့ မိန်းကလေး ...





မှတ်ကျောက်တင်ခံမဲ့အချစ်နဲ့ သစ္စာတရားကို ရနိုင်ပါ့မလား။

“ငွေပိုးအိမ်ကတော့ ... သိချင်းဝါသနာပါပုံရတယ်နော် ...”

အဂ္ဂက တမင်စကားလမ်းကြောင်း[illegible]ပစ်လိုက်သည်။ အန်တီရှိစီမျက်နှာသည် လူမမာတစ်ယောက်လို ဖျော့လျော့လျော့ ဖြစ်သွား၏။

“ဒီလောက်ကြီးလည်း မဟုတ်ပါဘူးသားရယ် ... တစ်ခါတလေတော့လည်း သူ့မှာ သီချင်းနားထောင်ဖို့ အချိန်တောင်မရှိရှာပါဘူး ... ဘွဲ့ယူစာတမ်းကိစ္စတွေ ... သူ့ကျောင်းက အလုပ်တွေနဲ့ အမြဲရှုပ်နေတာ ...”

“သူက တော်တော်ရည်မှန်းချက်ကြီးတာပဲ ...”

“ဟုတ်တယ်သားရဲ့ ...”

“ပညာမှာ သိပ်လောဘကြီးတဲ့ အမျိုးသမီးတွေက အပျိုကြီး ဖြစ်တတ်ကြတယ်နော် အန်တီ ...”

“သမီးလား ... အပျိုကြီးတော့ မဖြစ်စေချင်ဘူးသားရယ် ... အန်တီတို့မှာက ဆွေမျိုးသားချင်းနည်းတယ် ... မှန်တာပြောရရင် အန်တီက သမီးနဲ့သားကို သိပ်ကိုမျှော်လင့်ထားခဲ့တာ ... ခုထိလည်း သားနဲ့မျက်နှာချင်းဆိုင်ရရင် စိတ်ထဲမှာ သမီးနဲ့တွဲပြီး ကိုယ့်သွေးသားရင်းတစ်ယောက်လို မြင်မိတုန်းပဲ ... အန်တီကတော့ စိတ်မလျှော့ချင်သေးဘူး တကယ်တော့လည်း သမီးက လှပညာရေးကို ထိခိုက်မှာစိုး

www.burmeseclassic.com



တာထင်ပါရဲ့ … သားအပေါ်မှာတော့ သံယောဇဉ်ရှိပုံပါဘဲ၊ သူမွေးနေ့မှာ သားဆီက ပို့လိုက်တဲ့ နှင်းဆီပန်းတွေကို ရတော့ … သူတော်တော် ပျော်သွားတယ် … သားက လည်း သမီးအပေါ် … ”

အမျိုးသမီးကြီးက စကားဆက်ဖို့ အနည်းငယ်တွန့်ဆုတ်သည်။ အငှ ချောင်းတစ်ချက်ဟန့်လိုက်မိ၏။ မျက်နှာတော့ နည်းနည်းပျက်ရာကောင်းသည်။

“ကျွန်တော့်စိတ်ထဲမှာ ဘယ်လိုမှမရှိပါဘူးအန်တီ … သူ စိတ်ချမ်းသာသလို ဆုံးဖြတ်ပါစေ … သူ့ဘက်က ကျွန်တော့် ကို လက်ခံနိုင်မယ်ဆိုရင်လည်း … ကျွန်တော်စောင့်ပါ့မယ်၊ သူ့စိတ်တိုင်းကျ ပညာရေးကို ဆုံးခန်းတိုင်တဲ့အထိပေါ့ … ”

“အို … တကယ်လား သားရယ် … ”

“ကျွန်တော့်ဘက်မှာလည်း အရေးတကြီးတောင်းဆိုစရာ အကြောင်းမှ မရှိပါဘူး … ”

“သားရဲ့ စကားကြားရတာ … အန်တီ ဝမ်းသာလိုက်တာ တကယ်ပဲ … စိတ်ချမ်းသာသွားတယ် … သမီးအတွက် လည်း စိတ်အေးသွားရတယ် … မိဘဆိုတာ … သားသမီး တွေ ဘယ်အရွယ်ရောက်ရောက် သူတို့နဲ့ပတ်သက်တဲ့ သောကဆိုတာ ရှိနေတာပါပဲ သားရယ် … မျိုးကလည်း အန်တီ့လိုပဲနေမှာပါ … မျိုးကိုလည်း အန်တီမှာလိုက်ပါ တယ်လို့ … ဝတ်ရည်လေးက ငယ်ပါသေးတယ် … သေ





သေချာချာ လေ့လာစုံစမ်းပြီးမှ ဆုံးဖြတ်ပါလို့နော် … ”

“ဟုတ်ကဲ့ပါ အန်တီ … ”

“အန်တီလည်း ဖုန်းဆက်လိုက်ပါဦးမယ် … ”

ငွေပိုးအိမ် ပြန်မရောက်ခင် အငှအဲသည့်အိမ်က ပြန် ထွက်မှ ဖြစ်မည်။ အိမ်ဖော် မိန်းကလေးလာချသည့် ကော်ဖီနှင့်မုန့် တို့ ခပ်သွက်သွက်စားသောက်ပြီး အန်တီရိုစီကို နှုတ်ဆက်လျက် ပြန်ခဲ့သည်။

ထကယ်တန်းကျတော့ အငှထင်ကျော်သည် မိန်းမ တစ်ယောက်ကို လက်ထပ်ဖို့ အချိန်တွေအကြာကြီး ကိုယ့်ဘက်က ပေးပြီး စောင့်ရမည့်အဖြစ်ကို ဘယ်လိုမှ သည်းခံနိုင်မည် မဟုတ်ပါ။ ငွေပိုးအိမ် မဟုတ်သည့် ဘယ်လောက်ထိကြီးကျယ်မြင့်မြတ်သည့် မိန်းမကိုပဲဖြစ်ပါစေ။

ဒါပေမဲ့ … အငှထင်ကျော်သည် ဘယ်မိန်းမအတွက် ကိုမှ ကိုယ့်ရဲ့အချိန်တွေထဲက ဖဲ့မပေးတတ်ဘူးဆိုတာ အန်တီရိုစီ မသိစေချင်ပါ။

ရုံးခန်းတံခါး ပွင့်လာသံက ညင်သာလွန်းတာမို့ အငှ ချက်ချင်း မော်မကြည့်မိပါ။ မော်နီတာထဲက ဒီဇိုင်းအသစ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခက်စမို့လည်း အခန်းတံခါးဆီ ချက်ချင်းမျက်လုံးမလွဲမိတာဖြစ်နိုင်သည်။ 'ညှို့သည် အမျိုးသမီး' ဆိုတော့ အလုပ်အပ်မည့်သူလားဟူ၍ပင် ရှည်ရှည်ဝေးဝေး မတွေးမိ။ အဋ္ဌထင်ကျော် ရုံးကိစ္စကိုယ်ရေးကိုယ်တာ အလုပ်အပ်ဖို့ ကိစ္စ၊ နိုင်ငံခြားကုမ္ပဏီတွေနဲ့အကျိုးတူ ပူးပေါင်းဆောင်ရွက်ဖို့ကိစ္စ စသည့်ကိစ္စအမျိုးမျိုးအတွက်ရောက်လာသည့်အထဲ အမျိုးသမီးတွေက အများစုပါဝင်သည်။

ရုံးစားပွဲရှေ့ အရိပ်ဖျတ်ခနဲ ရောက်လာတော့မှ အမှတ်တမဲ့ မော်ကြည့်မိသည်။

"ငွေပိုးအိမ် ..."

***

သည်လိုနေ့မျိုးရောက်လာလိမ့်မည်ဟု အိပ်မက်တောင် မမက်ခဲ့ဘူးထင်ပါရဲ့။ ပြီးတော့မလိုလို နှုတ်ခမ်းလေးခပ်ကော့ကော့နှင့် အဋ္ဌရှေ့မှာ ရပ်နေသည့် ငွေပိုးအိမ်သည် ဆရာမဆိုသည့် ဂုဏ်ပုဒ်တွေ၊ အဆောင်အယောင်တွေနှင့် ဝေးနေသည်မို့လားမသိ။ နုပျိုပြီး တည်ငြိမ်သောမျက်နှာ အဆင်အပြင်နှင့် ငွေပိုးအိမ်က အဋ္ဌရဲ့ နှမျောတမ်းတခြင်းတွေကို တစ်စစီချွေယူနေသလိုပါလားဆံပင်ရှည် စင်းစင်းတွေကို နှစ်လွှာခွဲပြီး အပေါ်လွှာကို သိမ်းလျှော်နောက်ဘက်မှာ စည်းနှောင်ထားသည်။ ချယ်ရီရောင် နှုတ်ခမ်းနှင့်





လွှာက တောက်ပရွှန်းစိုနေသည်။ ပန်းဖာဖောက်အနားတွေမှာကျောက်ပွင့်လေးတွေ စီချယ်ထားသည့် ချည်သားအင်္ကျီနှင့်အရောင်တူ အဆင်နုပ်နုပ် ထဘီကို ဝတ်ထားသည်။ လက်မှာအနက်ရောင် ပြောင်လက်နေသည့် အိတ်သေးသေးရှည်ရှည်ကိုချိတ်ယူကိုင်ထားသည်။

ငွေပိုးအိမ်ရဲ့ အမှတ်သညာတွေအားလုံးမှာ မမေ့စေနိုင်ဆုံးကတော့ ကြေကွဲရှိုပ်သမ်းနေသည့် မျက်ဝန်းတစ်စုံသာဖြစ်ပါသည်။ အဲသည့် မျက်ဝန်းတွေကို သတိထားမိသည့် အချိန်မှာတော့အဋ္ဌသည် ရုံးခန်းစားပွဲရှေ့သို့ ငွေပိုးအိမ်ရောက်လာခြင်းကို အံ့ဩစရာလို့ မထင်မှတ်တော့ပါ။

မိန်းမတွေဟာ အချစ်နဲ့ပတ်သက်လာရင်တော့အနည်းနှင့်အများ ဆင်ခြင်တုံတရား ကင်းမဲ့ကြတာပဲ။ ပြီးတော့ဘာကိုမဆို ရင်ဆိုင်ဖို့ ဝန်မလေးသည့် မိုက်ရူးရဲသတ္တိမျိုးလည်းရှိတတ်ကြသေးသည်။

သည်လိုတွေးမိသည့်အခါမှာတော့ ခပ်စောစောကပေါ်လာခဲ့သည့် နူးညံ့သည့်လွမ်းဆွတ်ရိပ်လေး ချက်ချင်းပျောက်ကွယ်သွားသည်။

ဘယ်လိုလူစားမျိုးပဲဖြစ်ဖြစ် ချစ်တဲ့သူကိုပဲ ရွေးချယ်ချင်သည့် မိန်းမတစ်ယောက်အတွက် ကရုဏာဆိုတာ သိပ်မထိုက်တန်လှဘူးထင်သည်။

"ထူးထူးဆန်းဆန်းပါလား ... ဒီနေ့ ကျွန်တော့်ရုံးခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေမိုး ငွေမိုးရွာမယ်ထင်တယ် ...”

“အနှောင့်အယှက်ဖြစ်သွားလား ...”

“မဟုတ်တာ ... အံ့ဩသွားတာပါ ... ထိုင်ပါလို့တောင် မပြောဖြစ်တာလေ ...”

“ရုံးခန်းလေးက သိပ်လှတာပဲ ... ရုံးခန်းလေးထဲ ဝင်လိုက်တာနဲ့ ... အားလုံးကို မေ့ပြီး ရင်သပ်ရှုမောဖြစ်သွားတဲ့ ခံစားမှုမျိုးကို ရလိုက်တယ် ...”

အဂ္ဂဂုဏ်ယူစွာ ပြုံးလိုက်သည်။

“အဲလိုမဲ ... အတော်များများက ပြောကြတယ် ... ကျေးဇူးတင်ပါတယ်ခင်ဗျာ ...”

ခါးကသေးညွှတ်ပြီး ခပ်ရွှတ်ရွှတ်ပြောလိုက်တော့ သူမ အသံထွက်အောင်ပင် ရယ်မောသည်။

“ငွေပိုးအိမ်ရောက်လာတာ အရေးတကြီးကိစ္စများရှိလို့လား”

မျက်ခုံးလေးပင့်လျက် ...

“ဘာဖြစ်လို့လဲ ...”

ဟု သူမက မေးသည်။

“ဩော် ... ကိစ္စမရှိဘဲနဲ့တော့ ရောက်လာမှာ မဟုတ်ဘူးလို့ ထင်မိလို့ပါ ... ကျွန်တော်ထင်တာ မှားများမှားသွားလား”

သူမက ချက်ချင်းပြန်မဖြေဘဲ နှုတ်ခမ်းလေးတွန့်ရုံ ပြုံးနေသည်။

“မှားသွားတယ်ဆိုရင်တော့ ဝမ်းသာရမှာပေါ့ ... ကျွန်တော့်





ရုံးခန်းလှလှလေးထဲမှာ တစ်ခုခုနဲ့ ညှော်ခံချင်တယ် ... ငွေပိုး အိမ်အချိန်ရမလား ...”

“ရပါတယ် ... ကျွန်မ အဂ္ဂဆီသက်ဆက်လာခဲ့တာပဲ ...”

“အိုကေ ...”

ကွန်ပျူတာခလုတ်တွေကို ပိတ်ပစ်လိုက်ပြီးအင်တာကွန်းခလုတ်ကို နှိပ်လိုက်သည်။

ရင်ထဲက ပျော်ရွှင်ဝမ်းမြောက်မှုကို သူမ မရိပ်မိစေရ

ဒါဟာ အောင်မြင်မှုရဲ့ အစိတ်အပိုင်းသေးသေးကလေးသာ ဖြစ်သည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် စက္ကန့်တိုင်းမှာ သတိပေးနေမိသည်။

“အိမ်မှာပေးခဲ့တဲ့ ... တိပ်နဲ့စီဒီတွေအတွက် ကျေးဇူးတင်ပါတယ် ... လုပ်ငန်းသစ်အောင်မြင်တဲ့အတွက်လည်း ... ကွန်ဂရက်ကျူလေးရှင်းနော် ...”

“အောင်မြင်တယ်လို့တော့ မဆိုနိုင်သေးပါဘူး ... ပရိတ်သတ်ရဲ့ တုံ့ပြန်မှုက မျှော်လင့်ထားသလောက်တော့ မဟုတ်သေးဘူး ...”

www.burmeseclassic.com



"မဂ္ဂဇင်းတွေ ဂျာနယ်တွေထဲမှာတော့ ... အတော်ဟုတ်နေ တာပဲ ... "

"ဒါက ကြော်ငြာရဲ့သဘောပေါ့ ပိုးရယ် ... ပိုးရော ဘယ်လို သဘောရလဲ ... နားထောင်ပြီးပြီလား ... ရှေ့ဆက်ပြီး အခြေအနေကောင်းနိုင်ပါ့မလား ... "

"နားထောင်ရတာတော့ မဆိုးပါဘူး ... နားစွဲလွယ်တဲ့ သီချင်းလေးတွေလည်းပါတယ် ... နားထောင်ရင်းနဲ့ တစိမ့် စိမ့်ရင်ထဲဝင်လာတဲ့ သီချင်းတွေလည်းပါတယ် ... စီးရီးစ်ရဲ့ မူပိုင်ခွင့်က ဝတ်ရည်နာမည်နဲ့နော် ... "

"ဟုတ်ပါတယ် ... ဗီစီဒီလည်း သူပဲလေ ... ခုတော့ အား ကြိုးမာန်တက်နဲ့ လုပ်နေတယ် ... "

"သူတို့ လက်ထပ်တော့မယ်လို့ သတင်းတွေထွက်နေတယ်

အဓိက အကြောင်းရင်းကတော့ ဒါပဲမဟုတ်လား

မျှော်လင့်ထားသည့်အတိုင်းပင် သူမရဲ့ ငုပ်လျှိုးနေ သည့် တုန်လှုပ်မှု၊ စိုးရိမ်ပူပန်မှုနှင့် ကြေကွဲစိတ်ကို လှစ်ခနဲမြင်ရ သည်။

"ဟုတ်လား ... ဒီလိုပါပဲ ... နာမည်ကျော်ကြားမှုရဲ့နောက် မှာ ဒီလိုသတင်းမျိုးဆိုတာတွဲပြီး ပါလာတတ်တာပဲလေ ... ဘာဖြစ်လို့လဲ ... ပိုးက အဲဒါအတွက် စိုးရိမ်လို့လား ... "

"အို ... ဟုတ်အင်း ... "

"တခြားဘာများ ကြားမိသေးလို့လဲ ... ဒီကောင်လေး





နောက်ကြောင်းနဲ့ပတ်သက်တဲ့ အရှုပ်အရှင်း သတင်းတွေ များကြားမိရင် ... ကျွန်တော့်ကို ပြောဦးနော် ... ယောက်ျား တစ်ယောက်မှာ ဘယ်လောက်ပဲ အရည်အချင်းရှိရှိ သစ္စာ မရှိရင် အလကားပဲ မဟုတ်လား ... ငွေပိုးအိမ်ကကျွန်တော့် ထက် သစ္စာတရားအကြောင်းတို့ ပိုသိမှာပါ ... "

"ရှင် ... "

အထိတ်တလန့်ဖြစ်သွားသည့် ငွေပိုးအိမ်ရဲ့ မျက်နှာ လေးက အတော်ချစ်စရာကောင်းပါသည်။

"ကျွန်တော်က ရည်စားတစ်ယောက်တောင် ဖြစ်ဖြစ် မြောက်မြောက် မထားဘူးတာလေ ... "

"ကျွန်မလည်း သိပ်တော့မသိပါဘူး ... ယောက်ျားတွေရဲ့ သစ္စာတရားကိုတော့ ... ပိုလို့တောင် မသိသေးတယ် ... သိလည်း မသိချင်တော့ပါဘူး ... ကျွန်မက သံသယနဲ့တောင် ကြည့်နေရတာကို မုန်းတယ် ... လိမ်ညာလှည့်စားတာကို လည်း မုန်းတယ် ... ကိုယ့်အပေါ် ကွယ်ဝှက်ထားတာကို လည်း မုန်းတယ် ... အဲဒါတွေအားလုံးကို သစ္စာဆိုတဲ့ ဘောင်ထဲကို ထည့်ကြည့်လို့ရမလား ... ကိုယ့်အပေါ် သစ္စာ ရှိမရှိဆိုတာ ဘယ်လိုပေတံနဲ့တိုင်းရမလဲ ... "

အခန်းက တိတ်ဆိတ်သွားတော့သည်။

အဂ္ဂရဲ့အခန်းသည် အေးစိမ့်နေပေမဲ့ လေအေးပေးစက် လည်သံကို မကြားရပါ။ ပြတင်းတွေပိတ်ထားသော်လည်း နှင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဖြတ်သန်းလျက် နေရဲ့အလင်းရောင်ကို ကောင်းစွာရနိုင်သည်။ မိန်းမောတွေဝေခြင်း၊ သတိလက်လွတ်ဖြစ်ခြင်းများဖြင့် အရုပ်တစ်ရုပ်လို အသက်မဲ့နေသည့် မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာကိုလည်း ကောင်းစွာ ထင်ထင်ရှားရှား မြင်ရပါသည်။

မျက်ရည်စတွေ ရှိမနေပေမဲ့ ရီဝေနွမ်းလျော့သော မျက်လုံးများသည် စိုလဲ့နေကြ၏။ တစ်နေရာရာမှာ စူးစိုက်လျက်ရှိသော်လည်း ဘာကိုမှ မြင်နေရသည်မထင်။ မိန်းကလေးတစ်ယောက် အသည်းကွဲနေသည့်မြင်ကွင်းက သက်ငြိမ်ပန်းချီကားတစ်ချပ်ဖြစ်ပြီး အဂ္ဂအတွက် တစ်သက်လုံး တစိမ့်စိမ့် ထိုင်ကြည့်နေချင်လောက်အောင် ဆွဲဆောင်နိုင်ပါသည်။ တကယ်သာ ပန်းချီကားတစ်ချပ်ဖြစ်ခဲ့လျှင်တော့ ဘယ်လောက်တန်ဖိုးကြီးကြီး ဝယ်ထား မှာပဲ ... ။

အဂ္ဂထင်ကျော်ရဲ့ အောင်နိုင်မှုကို တစိမ့်စိမ့်ခံစား လေ။

"တစ်ခုခု ဖြစ်နေတယ်ထင်တယ် ..."

အရုပ်တစ်ရုပ်က လှုပ်ရှားအသက်ဝင်လာခဲ့သည်။

"ငွေပိုးအိမ်ရဲ့စိတ်မှာ ... အနာတရဖြစ်နေတာရှိရင် ... ကျွန်တော့်ကို ဖွင့်ပြောကြည့်ပါလား ... ကျွန်တော်လုပ်ပေး နိုင်တာရှိရင်ပေါ့ ... ငွေပိုးအိမ်အတွက် ဖြေသိမ့်ပေးနိုင်တာ တစ်ခုခုပေါ့ ..."

သတိလက်လွတ်ဖြစ်သွားသည့် အခိုက်အတန့်





အတွက် သူမဘာသာ ရှက်သွားဟန်ရှိပြီး ခပ်ပြင်းပြင်း ခေါင်းယမ်းလျက် ...

"ဟင့်အင်း မရှိပါဘူး ..."

ဟု ငွေပိုးအိမ်က ဖြေသည်။ သူမ တစ်ခုခုပြောဖို့ အားယူဆဲမှာ အဂ္ဂရဲ့လက်ကိုင်ဖုန်းက တတူတူအသံမြည်လာခဲ့သည်။

❀❀❀

"ကျွန်တော့်ညီမလေးပါ ... အက်ဒစ်လုပ်တဲ့ နေရာကနေ လှမ်းဆက်တာ ... ညနေစာ စားကြဖို့ လှမ်းပြောတာလေ ကျွန်တော်က မဖိတ်ရသေးဘဲ ဧည့်သည်တစ်ယောက်ပါ မယ်လို့ ပြောလိုက်တယ် ... အခုမှ ဖိတ်ရင် သိပ်နောက်ကျ နေမလား ... ကျွန်တော်တို့နဲ့ ညနေစာလိုက်စားပါ ငွေပိုး အိမ် ... သူစိမ်းတွေ မပါပါဘူး ... ညီမလေးတို့နှစ်ယောက် နဲ့ ကျွန်တော်တို့နှစ်ယောက် ..."

"ဟင့်အင်း မဖြစ်ဘူး ..."

"ဗျာ ..."

သူမက ဖြုန်းခနဲ ထိုင်ရာကထရပ်လိုက်သည်။ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်တွေ့လိုက်ရသလို ဖြူလျော်သွားသည့် မျက်နှာကို ကြီးစားပြင်ဆင်ရင်း ...

"ကျွန်မ ဒီညနေစာတမ်းကိစ္စအတွက် ပရော်ဖက်ဆာတစ်ယောက်နဲ့ ချိန်းထားလို့ပါ ..."

ဟု ပြောလိုက်သည့် သူမစကားသံတွေ တုန်ခါနေ၏။ မသိဟန်ဆောင်နေလိုက်လျှင် သိပ်ညံ့ဖျင်းလွန်းရာ ကျမနေ မလား။

သိပ်ရိုးသားပြနေလျှင် သူမ အလွယ်တကူ ရိပ်မိသွားနိုင်သည်။

"နေမကောင်းဘူးလား ငွေပိုးအိမ် ..."

"ရှင် ..."

"ပိုးကိုကြည့်ရတာ သိပ်အားနည်းနေသလိုပဲ ..."

နှုတ်ခမ်းတစ်ဖက် ခပ်မဲ့မဲ့လေးပြုံးလျက် ...

"ကျွန်မ နေကောင်းပါတယ် ..."

ဟု သူမက ပြန်ဖြေသည်။

"အနှောင့်အယှက်ပေးမိရင် ခွင့်လွှတ်နော် ... ကျွန်မ သွားတော့မယ် ..."

"ဟာ ... နေပါဦးလေ ..."

အဌမတားမြစ်လိုက်နိုင်ခင်မှာပဲ ညည်သည်တော် အတွက် သီးခြားကန့်ထားသည့် စည့်ခန်းငယ်ထဲတနေ မြန်ဆန် သွက်လက်သော ခြေလှမ်းများဖြင့် ထွက်သွားသည့် မိန်းကလေး



ပင့်သက်ရှိုက်ရင်း ငေးကြည့်နေရုံသာ တတ်နိုင်ခဲ့သည်။

ဘယ်လိုလဲ ငွေပိုးအိမ် ...

သစ္စာတရားရဲ့ အရသာက အတော်ချိုမြိန်ရဲ့လား။

၁၆

မြစ်လေကြောင့် အေးစက်လာသည့် လက်ချောင်းတွေကို ဘောင်းဘီအိတ်တွေထဲ ထိုးထည့်ထားလိုက်ရင်း တံတားကြီးရဲ့ ဘောင်တွေ ဟိုးတစ်ဘက်မှာ၊ ပျပျမြင်ရသည့် ကမ်းဆီ ငေးမောမိသည်။ မီးရောင်တွေ တဖြည်းဖြည်းနှင့်များပြားလာပြီး ချုပ်ညသည်းဆာရဲ့ တိုးဝင်လာမည့်အမှောင်ကို ကြိုဆိုနေကြမည် ထင်၏။ ဆံပင်တွေ ကြမ်းတမ်းလွင့်မွှာလျက် နားရွက်ဖျားတွေ၊ ပါးပြင်တွေ အေးစက်နေကြသည်။ နှုတ်ခမ်းတွေ လည်ချောင်းတွေကတော့ ခြောက်သွေ့နေ၏။ အတွေးတွေထဲမှာမျောရင်း အနားမှာလူတစ်ယောက်ရှိနေသည်ဆိုတာကိုပင် မေ့လျော့နေမိသည်။

ဆံပင်ရှည်တွေက မျက်နှာပေါ် ခပ်ရိုင်းရိုင်းအုပ်ကွယ်နေသည့် ကောင်လေးသည် တံတားသံဘောင်တစ်ခုပေါ်မှာ ထိုင်နေ၏။ ခြေထောက်တွေက စွဲလွဲကျပြီး လှုပ်ဆော့နေသည်။ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးညည်းလိုက် လေချွန်လိုက် လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



အညို ပုံစံက အေးစက်အေးဆေးလှတာမို့ သိပ်ချစ်လှသည့် ရည်းစား ရဲ့ လမ်းခွဲစကားကို ကြားခဲ့ရသူဆိုတာ ဘယ်လိုမှ မယုံကြည်နိုင်ပါ သည်လိုပါပဲ ... ။

ယောက်ျားတွေအတွက် အသည်းကွဲတယ်ဆိုတာ သီချင်းစပ်လို့ ကောင်းရုံလောက်ပဲ။ အဂ္ဂကတော့ သည်လိုတွေး သည်။ ငယ်ငယ်ကတည်းကလည်း အနုပညာကို ဖော်ဖြေမှုသက် သက်လို သဘောထားတတ်ခဲ့သည့် အဂ္ဂထင်ကျော်သည် နှလုံးသား ရေးရာနှင့်ပတ်သက်လာလျှင် ဘယ်တုန်းကမှ မနူးညံ့မလေးနက်ခဲ့ တာ သေချာပါသည်။

"တကယ်တော့ ... သူ ကျွန်တော့်ကို မချစ်တာ မဟုတ်ဘူး နားမလည်နိုင်တာပါ ... ကျွန်တော်က ပေးချင်တာက တစ်မျိုး ... သူက လိုချင်တဲ့ ပုံစံကတစ်မျိုး ... ခုတော့ သူက ကျွန်တော့်ကို လုံးဝကို အထင်သေးသွားတော့တာ ... ကျွန်တော်က အောင်မြင်မှုနဲ့ နာမည်ကျော်ကြားမှုနောက် ကို လိုက်ပြီး ... သူ့အပေါ် သစ္စာမဲ့တယ်လို့ ... သူက စွပ်စွဲ တယ် ... ကျွန်တော် ဘယ်လိုမှ ဖြေရှင်းလို့မရဘူး ... ကျွန်တော့်ကို သူဒီလို စွပ်စွဲရလောက်အောင် သူ့မှာဘယ် လောက် ခိုင်မာတဲ့သက်သေအထောက်အထားရှိလို့လဲ ... ကျွန်တော် ငြင်းမရလောက်အောင် သူ သက်သေပြနိုင် သလား ... ဂျာနယ်တွေက ဟိုလူလိုလို ... ဒီလူလိုလို ဆွဲဖွ တဲ့ သတင်းတွေနဲ့ မဂ္ဂဇင်းက ဓာတ်ပုံတွေ ... ထင်ကြေး





စကားတွေနဲ့သူက ကျွန်တော့်သိက္ခာကို စော်ကားတယ်၊ ကျွန်တော့်ကိုယ်ကျင့်တရားကို အပုပ်ချတယ် ... ကျွန်တော် တကယ့်ကို မခံမရပ်နိုင်အောင် ဖြစ်ရတယ် ... ကျွန်တော် ပြောသမျှကို သူက ဘာတစ်ခုမှ မယုံဘူးတဲ့ ... ကျွန်တော် ဘာတတ်နိုင်မှာလဲ ... မိန်းမတစ်ယောက်ကို တကယ်မြတ် မြတ်နိုးနိုးချစ်မိတယ်ဆိုတာ ... ယောက်ျားတစ်ယောက် အတွက် စွန့်စားခန်းတစ်ခုပါ ... ဒါကို သူက တန်ဖိုးမထား ဘူး ... သူပြောတဲ့ စကားလုံးတွေက တကယ့်ရင့်သီးတယ်၊ ကိုအဂ္ဂ ... အဲလို ခံစားမှုမျိုးကို ခံစားဖူးမယ် မထင်ဘူး ... တော်တော့်ကို ခံပြင်းစရာကောင်းတဲ့ ဓီလင်မျိုးပဲ ..."

သူ့ရဲ့ အသက်ရှူသံတွေ တဖြည်းဖြည်း ပြင်းထန်မြန် ဆန်လာပါသည်။ ခပ်စောစောက သီချင်းလေးညည်းပြီး လေချွန်နေ သည့် ခပ်အေးအေး လူငယ်လေးသည် ခုတော့ ပါးပြင်ထောင်နေ သည့် မြွေဟောက်တစ်ကောင်လို တရှူးရှူးနှင့် ဒေါသတွေမာန်မာန တွေ ပြင်းထန်လာပြီး မျက်လုံးတွေက အရောင်တဖျတ်ဖျတ် တောက်လာသည်။

"ဒါပေမဲ့ကွာ ... မင်းတို့က ချစ်သူတွေပဲ ..."

"ချစ်သူတွေမို့ပေါ့ ... သိပ်ချစ်ခဲ့တဲ့မိန်းမ ဖြစ်နေလို့ပေါ့ ... ကျွန်တော် ဒီလို စော်ကားတာမျိုး တစ်ခါမှ မခံစားဖူးဘူး ကျွန်တော့်ဘက်က တကယ်ပဲ မှားနေတယ်ဆိုရင် ... သူက သတ်မယ်ဆိုရင်တောင် ကျွန်တော် ခေါင်းငုံ့လည်းပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ် ... သူက ကျွန်တော့်ကို အထင်သေးသလိုပဲ ... ကျွန်တော်လည်း သူ့ကို သိပ်စိတ်ပျက်တယ် ... ကျွန်တော့်လို လူမျိုးကို သူ မယုံကြည်နိုင်တဲ့အတွက် ... ကျွန်တော် သေချာပေါက် ပြောရဲတယ် ... သူတစ်သက်မှာ အချစ်စစ်ဆိုတာကို ဘယ်တော့မှ တွေ့မှာမဟုတ်ဘူး ... "

မှောင်ရိပ်ထဲမှာ အဂ္ဂအားပါးရ ပြုံးနေလိုက်မိပါသည်။

ဒီလိုဆိုရင်တော့ ဒီမိန်းကလေး အတော်သနားဖို့ ကောင်းနေပါပြီ။

"ဒီလိုနဲ့ ပြီးသွားရောလား ... "

သူ့ထံက တုံ့ပြန်စကားကို ချက်ချင်းမရပါ။ လည်တံ ရှည်ရှည် ကောက်ကောက်နှင့် မီးလုံးများသည် တံတားကြီးပေါ်မှာ တန်းစီရပ်နေကြ၏။ တံတားကြီးရဲ့ နံဘေးလူသွားလမ်းမှာ ရပ်နေသည့် လူနှစ်ယောက်ကို သူတို့က အသိအမှတ်ပြုချင်ပုံမရပါ။

"သူက တွေ့စရာမလိုတော့ဘူးတဲ့ ... "

သည်စကားသံကတော့ ဝမ်းနည်းကြေကွဲရိပ်တွေ ပြည့်သိပ်လျက် နွမ်းကြေနေခဲ့သည်။





မိသားစုဝင်တွေအားလုံးက အဂ္ဂကို နားမလည်နိုင်သည့် မျက်လုံးအကြည့်မျိုးဖြင့် မှင်သက်ပြီးကြည့်နေကြသည် ... ။ ညနေစာ ထမင်းဝိုင်းကနေ အမှတ်မထင် စ,ခဲ့သည့်စကားဝိုင်းသည် ထမင်းဝိုင်းသိမ်းပြီး စားပွဲပေါ်မှာ သစ်သီးတွေ မုန့်အချိုတွေ ရောက်လာသည်အထိ အဆုံးမသတ်နိုင်ခဲ့ ... ။ ထက်ယံတမ်းကျတော့ အားလုံးက ထမင်းဝိုင်းတွေ၊ အချိုပွဲတွေကို မေ့လျော့နေကြသည် ဟူ၍ပင်ထင်သည် ... ။ ဂေါ့ဖ်ကစားခြင်းနှင့် ဂြိုဟ်တု အစီအစဉ်တွေကိုသာ စိတ်ဝင်စားတတ်သည့် ဖေဖေသည်ပင် သည်ညနေမှာတော့ ဂေါက်သီးအကြောင်းလည်း မပြော ... ။ နိုင်ငံတကာရေးရာလည်း ဆွေးနွေးဖို့ စိတ်မဝင်စားဘဲ ... အဂ္ဂဆီက စကားတွေကိုသာ မျှော်လင့်တကြီး ဖြစ်နေခဲ့သည်။ မေမေသည် မယ်လ်မင်းမြို့တာန် ပြားထဲက လိမ္မော်ရောင်သခွားသီးစိတ်တွေကို နည်းနည်းမှ မတို့



www.burmeseclassic.com

www.burmeseclassic.com



မထိဘဲ အဂ္ဂရဲ့မျက်နှာကို မဂ္ဂဇင်းဖတ်သလို သေချာစေ့စေ့စပ်စပ် ဖတ်နေသည်။

"ဒါဆို … သား ကိုယ်တိုင်ကလည်း သဘောတူခဲ့တာပေါ့ နော် … ဟို … မေမေ ပြောချင်တာက သား … ဒီမိန်းကလေးနဲ့ အမြဲအဆက်အသွယ် ရှိနေခဲ့တယ်ပေါ့ … သား ကိုယ်တိုင်က သံယောဇဉ် ဖြစ်နေခဲ့တာပေါ့ ဟုတ်လား"

"သံယောဇဉ်တော့ မဖြစ်ပါဘူး မေမေ … ဒါပေမဲ့ ကျွန်တော် သူ့ကိုလက်ခံလို့ရတယ် … "

"အဂ္ဂ … မင်း ယောက်ျားဖြစ်ပြီး ငွေလည်ကြောင်ပတ်တွေ လုပ်မနေစမ်းနဲ့ … "

ဖေဖေ့စကားသံက စိတ်မရှည်နိုင်ဘဲ ရှုးရှုးရှားရှား ဖြစ်နေသည်။ အမြဲအေးဆေးတည်ငြိမ်နေသည့် မျက်နှာက နီမြန်းမြန်းပင် ဖြစ်နေသည်။

"မဟုတ်ဘူး ဖေဖေ … ကျွန်တော့်စကားက အတိအကျပဲ ဒီထက်တိကျလို့ မရတော့ဘူး … "

"ကိုကိုကလည်း … "

ဝတ်ရည်က ဖေဖေ့မျက်နှာရိပ်ကို လှမ်းကြည့်လိုက်ရင်း စိုးရိမ်တကြီးဖြင့် ဟန့်သည်။

"ကျွန်တော် သူ့ကို သံယောဇဉ်လည်း မရှိဘူး … ချစ်လည်း မချစ်ဘူး … "

"ဒါဆို မင်း ဘာဖြစ်လို့ သူနဲ့ တွေ့နေသေးလဲ … "





"ဒါတော့ … အစကတည်းက မေမေက ကျွန်တော်တို့ကို ရင်းနှီးအောင် လမ်းဖွင့်ပေးခဲ့တာပဲ … အဲဒီအချိန်ကတည်းက ကျွန်တော်တို့ မိတ်ဆွေသူငယ်ချင်းအဆင့်နဲ့ ဆက်ဆံနေကြတာပဲ … သူက ဖြင်းတယ်ဆိုတာကလည်း … ပညာရေး ကိုပဲ အကြောင်းပြခဲ့တာဆိုတော့ … ကျွန်တော်တို့ နှစ်ယောက်ကြားမှာ လုံးဝကြီး စိမ်းကားပြတ်တောက်သွားဖို့ အကြောင်းမှမရှိတာ … "

"ဒါဆို … အခု … လက်ထပ်ဖို့ကိစ္စက မင်းက မြန်တဲ့ ဓာတ်လမ်းလား … "

သည်ကိစ္စကို သည်လောက်ထိ အကျိတ်အနယ် ဖြေရှင်းရလိမ့်မည်ဟု အဂ္ဂ မထင်ခဲ့ပါ …။ ခုတော့ … အဂ္ဂထင်ကျော် နှင့် ငွေပိုးအိမ်ရဲ့ ဒုတိယအကြိမ် ရွှေလမ်းငွေလမ်းဖောက်ဖို့ကိစ္စက အဂ္ဂတို့မိသားစုအတွင်းမှာ သမရိုးကျ မဟုတ်ဘဲ အနည်းငယ် အုံ့ဩစရာဖြစ်နေခဲ့သည်။ တကယ်တော့ အဲသည်လို ဒုတိယအကြိမ် စီစဉ်ဖို့ဖြစ်လာတာကလည်း မေမေနှင့် အန်တီရိုစီ ကြောင့်သာ ဖြစ်သည် ပင် …။ ဒါကို အဂ္ဂက အလွယ်တကူလက်ခံခဲ့သည် ဆိုတာကိုပဲ သူတို့က မခံမရပ်နိုင်ဖြစ်ကြပြန်ရဲ့ …။

"မဟုတ်ဘူးလေ … ဒါ ဖေဖေလည်း အသိပဲ … မေမေနဲ့ အန်တီရိုစီ တွေ့ပြီး ဖြစ်လာတဲ့ ကိစ္စပဲ … ကျွန်တော်က လက်ခံနိုင်တယ်လို့ ခေါင်းညိတ်ရုံပဲ ညိတ်ခဲ့တာ … "



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ပြတ်ပြတ်သားသား ငြင်းခဲ့တဲ့မိန်းမကို မင်းက ... လက်ထပ်နိုင်တယ်ပေါ့ ..."

"ဟုတ်ပါတယ် ဖေဖေ ..."

"မင်း စိတ်ထဲမှာ နည်းနည်းမှ အနှောင့်အယှက် မရှိဘူး ဆိုတာ သေချာရဲ့လားကွာ ..."

ဖေဖေ့စကားကို အဂ္ဂ ခေါင်းမညိတ်ရဲပါ။ ဖေဖေက အတင်းအကျပ် ဆက်မမေးတော့သည်မို့သာ တော်တော့သည်။ ဆိတ်ဆိတ်နေခြင်းကိုပဲ အဖြေတစ်ခုလို့ သဘောပေါက်မည် ထင်ပါရဲ့ ...။ အဂ္ဂထင်ကျော်သည် ရင်ဘတ်တစ်ခုလုံး ရှန်းကြွပြည့်မောက်နေသည့် စကားလုံးတွေကို ပြန်ပြီးမျိုချနေရသည်။ မာနတရားတွေ ဗလောင်ဆူနေသည့် ရင်ထဲမှာ သွေးတွေ မြန်ဆန်စွာ လှည့်ပတ်ဆူပွက်နေ၏။

"ခုကျတော့ ဒီမိန်းကလေးက ကြည်ကြည်ဖြူဖြူနဲ့ ချက်ချင်း ခေါင်းညိတ်တယ် ဆိုတာကရော ... ဘယ်လိုသဘောလဲ ဒေါ်ခင်မျိုးမြင့်ရယ် ... ဟုတ်မှလည်း လုပ်ပါနော် ... ငါ့မှာ မျက်နှာနှစ်ခု မရှိဘူး ..."

"အဖေကြီးကလည်း ... မျိုးကိုပဲ အပြစ်တင်နေတော့တာ ပဲ ... ရိုစီက ပြောတာကတော့ သူ့တို့အချင်းချင်းလည်း ခု ပြေလည်နေကြပြီ တဲ့ ... ကို့သားကလည်း သဘောထား မပြောင်းပါဘူးလို့ ပြောခဲ့သတဲ့လေ ... ကိုယ့်သားလည်း





ကိုယ် ပြန်မေးကြည့်ပါဦး ... မျိုးကတော့ ဖယ့်ရဲ့ဖို့ ခု သေချာအောင် မေးရတာ ..."

"ဒီလိုဆိုရင်တော့ ... မင်းရဲ့သားတော်မောင်က အချစ်စစ် စစ်ကို တွေ့နေပြီလို့ပြောရတော့မှာပေါ့၊ ဟုတ်လား သား"

ဖေဖေက မျက်တောင်တွေ စိုက်လျက် မျက်လုံး မှေးစင်းလျက် ကြည့်ရင်း အဂ္ဂကို မေးသည်။

"တော်ပါတော့ ... တော်ကြာ ... ရှက်ရမ်း ရမ်းနေဦးမယ်"

"မေမေကလည်း သားကို ကလေးကျနေတာပဲ ..."

စိတ်လှုပ်ရှားမှု အနည်းဆုံးဖြစ်အောင် ကိုယ့်ကိုယ် ကိုယ် ထိန်းချုပ်ပြီး ဖြေလိုက်သည်။ ဖေဖေကတော့ သားဖြစ်သူရဲ့ မျက်လုံးတွေထဲက တစ်စုံတစ်ရာကို ရှာမတွေ့မချင်း စိတ်ကျေနပ် သိမ့်မည်မထင် ...။

ထမင်းစားပွဲမှာ မိသားစုမျက်နှာစုံညီ ထိုင်ဖြစ်သည်မှာ အချိန်အကြာဆုံး ညတစ်ည ဟူ၍ပင် ပြောနိုင်ပါသည်။ ထမင်း စားခန်းမှာ လက်စသိမ်းဖို့ စောင့်နေသည့် ဒေါ်အေးပိုသည်ပင် ငိုက်မြည်းစ ပြုနေပြီ။ ပြီးတော့ ... ညဦးပိုင်းမှာ လာတတ်သည့် တရုတ်ဇာတ်လမ်းကိုမကြည့်ရသည်မို့တမင်ဆန္ဒပြတာလည်းဖြစ်မည်။

"ဒါပေမဲ့ အဂ္ဂ ရေ ... မင်း ဖေဖေ မေမေ တို့ကို ပွင့်ပွင့် လင်းလင်း ပြောတာ မပြောတာထက် မင်းကိုယ်မင်းတော့ ပွင့်လင်းဖို့ လိုလိမ့်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

ဆိုခဲ့သည့် စကားမို့ ဖေဖေ့စကားကို အဂ္ဂ နားမလည်နိုင် ဖြစ်နေမိသည်။

"မင်း ကိုယ် မင်း ပွင့်ပွင့်လင်းလင်း နားလည်ဖို့ လိုလိမ့်မယ် ... ကိုယ့်စိတ်ကို မသေချာ မရေရာဘဲ အိမ်ထောင်ရေးကို ပျက်ချော်ချော်မတွေးနဲ့ ... ဘဝတစ်ခု မစ,ခင်မှာ သေချာစဉ်းစားစေချင်တယ် ... တို့ကတော့ ... အိုတ်မြစ် မခိုင်ဘဲ အိမ်ဆောက်တာမျိုးကို သဘောမကျဘူးနော် ...

"ဒီမိန်းကလေးကို မင်း တကယ်လက်ခံနိုင်ရဲ့လား ... သဘောကျရဲ့လား ... ချစ်ခင်မြတ်နိုးရဲ့လား ... အဲဒါတွေကိုတော့ သေချာစဉ်းစားပါ ... တစ်ယောက် အပေါ် တစ်ယောက် သစ္စာမဲ့လို့ အိမ်ထောင်ရေး ပြိုကွဲရတာမျိုးကို တို့ရဲ့ မျိုးရိုးစဉ်ဆက်က လက်မခံခဲ့ဘူးနော် ..."

ဖေဖေ့မျက်လုံးတွေကို အဂ္ဂ ရင်ဆိုင်မကြည့်ရဲပါ။

မျက်လွှာချရင်း ငြိမ်သက်တိတ်ဆိတ်နေသည့် အဂ္ဂကို သူတို့အားလုံးက စောင့်ကြည့်နေကြသည်။ အဂ္ဂမှာ သည့်ထက် ပို၍ ပြောစရာစကား မရှိပါ ...။

အဂ္ဂရဲ့အမုန်းအတွက် အဂ္ဂရဲ့နာကျင်မှုအတွက် ပြန်လည်ရယူဖို့ကိစ္စမှာ အဂ္ဂရဲ့မိသားစုဝင်တွေကို နည်းနည်းမှ ထိခိုက်နာကျင်မှု မရှိစေချင်ပါ ...။ ထို့ကြောင့်လည်း သည်ကိစ္စမှာ ဖေဖေ





မေမေတို့ဘက်က တာဝန်ယူမှု အနည်းဆုံးသာ ဖြစ်စေရမည်။

သည့်နောက်မှာတော့ ဖေဖေက ထမင်းဝိုင်းကနေ အလျင်ဆုံး ထွက်သွားသည်။ မေမေက သဘောသီးနှင့် သရက်မလိုင်လုံး ပန်းကန်ကိုယူပြီး ဖေဖေ့နောက်က လိုက်သွားသည်။ ထမင်းစားပွဲရှေ့မှာ အဂ္ဂနှင့် ဝတ်ရည် နှစ်ယောက်သာ ကျန်ရစ်ခဲ့၏။

ဝတ်ရည်ရဲ့ မျက်ဝန်းရူးရူးတွေက အဂ္ဂရဲ့ဟိုးအနက်ရှိုင်းဆုံး နှလုံးအိမ်အတွင်းပိုင်းအထိ ထွင်းဖောက်ကြည့်နေသလိုပင်။

သည်တော့မှ သည်ညနေစာ ထမင်းဝိုင်းမှာအတိတ်ဆိတ်ဆုံးက ဝတ်ရည်သာဖြစ်ကြောင်း အဂ္ဂ သေချာသတိထားလိုက်မိတော့သည်။

"ကိုကို ... သူ့ကို မချစ်ဘူး ..."

"ဟာ ..."

"ညီမလေး သေချာသိပါတယ် ... ကိုကို သူ့ကိုမချစ်ပါဘူး"

"ညီမလေး ... ငါကရော ချစ်တယ်လို့ ပြောလို့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ဘဲနဲ့ သူနဲ့လက်ထပ်ဖို့ လက်ခံတယ် ဆိုတာ ဘယ်လိုလဲ ... အဲဒီကိစ္စဟာ သိပ်တော့ ပုံမှန် မဟုတ်ဘူးလို့ ညီမလေး ထင်တယ် ... သူ့ကို လက်ထပ်ဖို့ အချစ်မဟုတ်တဲ့အကြောင်း တစ်ခုခုရှိနေပြီ ... အဲဒါ ဘာအကြောင်းလဲ ... ကိုကို့လို လူစားမျိုးက ကိုယ့်ကိုငြင်းထားတဲ့ မိန်းမ တစ်ယောက်ကို တွေးပြီးသားတဲ့တွေးလို့ သဘောထားမှာ မဟုတ်လား ... အဲဒါကို ... ညီမလေး သိတယ် ... ဒီမှာ ... "

ဝတ်ရည်က အဌရဲ့လက်မောင်းနှစ်ဖက်ကို ခပ်တင်းတင်း ဆွဲကိုင်လှုပ်ယမ်းလျက် ...

"ပြောပြစမ်းပါ ... "

ဟု အထပ်ထပ် အခါခါ တတွတ်တွတ် ပြောနေသည်။

"ဘာကို ပြောရမှာလဲ ... "

"ကိုကို သူ့ကို ဘာဖြစ်လို့ လက်ထပ်တယ် ဆိုတဲ့အကြောင်းပေါ့ ... "

"လက်မထပ်ရသေးပါဘူး ... လက်ထပ်နိုင်တယ် လို့သာ ပြောခဲ့တာလေ ... မေမေ ရွေးခဲ့သမျှတွေထဲမှာတော့ ကိုကို သူ့ကိုသဘောအကျဆုံးပဲ ... "

"ဒါပေမဲ့ အဲဒီကိစ္စက ချက်ချင်းကြီး ဖြစ်လာဦးမှာလည်း





မဟုတ်သေးပါဘူးကွာ ... ညီမလေးကလည်း အသည်းအသန်ပဲ ... ဘယ်လိုဖြစ်ပြီး ကိုယ့်ကို တရားခံစစ်ကြောနေရတာလဲ ... "

ဝတ်ရည်က သက္ကလတ်ကျာကင်ရဲ့ အိတ်နှစ်ဖက်ထဲ လက်တွေထိုးထည့်ပြီး ခါးထောက်ရပ်လျက် စုံထောက်လိုလို အတ်ရှင်ဇာတ်လိုက်မင်းသမီးလိုလို စတိုင်လ်မျိုးဖြင့် အဌကို စိုက်ကြည့်နေသည်။

"အေးလေ ... ကိုကို မပြောချင်လည်း နေပေါ့ ... ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ အဲဒီလျှို့ဝှက်ချက်ကို သိမှာပါပဲ ... "

"ဘာမှ အတွေးတွေ ချော်မနေနဲ့ ... ကိုယ့်ကိစ္စသာ ကိုယ်လုံးပန်းစမ်းပါ ... "

"ဘာကိစ္စလဲ ... "

"ဘုန်းနေစိုးရဲ့ ဗီဇီဒီကိစ္စလေ ... "

အဌ အာရုံလွှဲလိုက်သည့် ကိစ္စက ဝတ်ရည်အတွက် ချက်တိမှန်ကန်သွားသည်။

"အားလုံးပြီးနေပါပြီ ... ဒါပေမဲ့ ကာယကံရှင်ကတော့ ခုတစ်လော ဘယ်ပျောက်နေမှန်း မသိဘူး ... အကျိုးအကြောင်းလည်း မပြောဘူး ... "

"ရှာမနေနဲ့ ... သူ အသည်းကွဲနေတယ် ... အချိန်တန်ရင် သူ့ဘာသာ ပြန်ရောက်လာပါလိမ့်မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ ဝတ်ရည်က အငွကို အတိုက်အခံ မငြင်းဆန်တော့ပါ။ အစ်ကိုဖြစ်သူကို ကျောခိုင်းလျက် ပင့်သက်မှုန်းမှုန်းသာ ရှိုက်သည်။

"ယောကျ်ားဖြစ်ပြီး ... အဲလောက် ပျော့ညံ့တော့လည်း ဘယ်ကောင်းမှာလဲ ..."

တဲ့ ... ။

သူ့ဘာသာတစ်ယောက်တည်း ညည်းညူနေသည့် ပြောလေသည် ... ။



# အ မု န် း မြ စ် က မ် း ပါ း





www.burmeseclassic.com

www.burmeseclassic.com



"ဒါက ထိုင်ဝမ်က ပို့လိုက်တဲ့ ဖိတ်စာနမူနာပုံစံတွေပါ … ပိုး ကြိုက်တဲ့ တစ်ခုကို ရွေးပေးလေ … ပြီးတော့ … အဝတ်အစား ကက်တလောက်တွေလည်း ပါတယ် … ကိုယ်အတိုင်း လှမ်းပို့ပြီး မှာလို့ရတယ် … ဖိတ်စာအမျိုးအစားကအစ ကိုယ်ကြိုက်တာ မှာလို့ရတယ် … ဘယ်လိုလုပ်ချင်လဲ၊ ဒီမှာပဲ ချုပ်မလား … ဟိုကို လှမ်းမှာ မလား …"

သတို့သမီးလောင်းရဲ့ မျက်နှာမှာ အကြည်ဓာတ်ရှိမနေတာက ဘာကြောင့်ဆိုတာ သိနေရတော့ ယောကျ်ားတစ်ယောက်အနေဖြင့် အတော်ခံပြင်းစရာ ကောင်းသည်။

ဒါပေမဲ့ ကိစ္စမရှိပါ။

သည်းခံမှုသိပ်လက်စဖြင့် ဆက်ပြီး မျိုသိပ်နေလိုက်ရတော့မှာပေါ့ … ။

မင်္ဂလာဆည်ခံပွဲနေ့မှာ … အဌရဲ့ အရုပ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ရှုပ်လို့ ချစ်စရာကောင်းလှသည့် သတို့သမီးလေးသည် အဝါဖျော့ဖျော့ ဂါဝန်လေးဖြင့် လှပနေလိမ့်မည်။ ဘယ်လိုမှ ကြည့်မဝနိုင်အောင် လှပနေမှာ အသေအချာပါပဲ ... ။

ဒါပေမဲ့ တကယ့်အရုပ်ကလေးသာ ဆိုရင်တော့ ... မျက်ရည်ကျလိမ့်မည် မဟုတ်ပါ။ ဇာပန်းဖောက် အနားများဖြင့် လှပသည့် ဂါဝန်လေးကိုဝတ်ပြီး ... ရောက်မလာနိုင်မည့် သတို့သားကို မျှော်ရင်း ပုံပြင်ထဲကလို လည်တံရှည်ရှည် ဗျိုင်းငှက်ကလေး ဖြစ်သွားမလား ...

ဒါတော့ မဖြစ်နိုင်ဘူး ထင်သည် ...

ဒေါသတွေ မာနတရားတွေနဲ့ တစ်သက်လုံး ရှင်သန်ရတော့မှာပေါ့ ...

"ငွေပိုးအိမ် ... "

"ရှင် ... "

မော်ကြည့်လိုက်သည့် မျက်ဝန်းတွေက မျက်ရည်တွေကြောင့် စိုလက်နေသည် ထင်ရပေမဲ့ သေချာစိုက်ကြည့်မိတော့ သူမမျက်ရည် ဝဲမနေပါ ... ။

"ဝတ်စုံကတော့ ကက်တလောက်တွေပြပြီး ဒီမှာပဲ အပ်လိုက်ပါတော့မယ် ... ဒီမှာလည်း ကောင်းကောင်းချုပ်နိုင်တဲ့သူတွေ ရှိနေတာပဲ ... ဒါမှမဟုတ် ... ဟိုကလာတဲ့ အတိုင်း ရွှယ်ဒီမိတ် ရောင်းတဲ့ဆိုင်တွေလည်း ရှိနေပြီပဲ ...





ဝတ်ကြည့်ပြီး စိတ်တိုင်းကျရင် ချုပ်ပြီးသား ဝယ်လိုက်တာ ကောင်းမယ်ထင်တယ် ... ဖိတ်စာကတော့ အဂ္ဂ စိတ်ကြိုက်ပဲလုပ်ပါ ... ပိုးက သိပ်မကြည့်တတ်ဘူး ... "

စားပွဲပေါ်မှာ လက်ထပ်ဖိတ်စာပုံစံတွေ၊ အင်္ကျီဂါဝန် ကတ်တလောက်တွေ တစ်ထပ်ကြီး အစီအရီရှိနေသည်။ တကယ်တော့ အဂ္ဂလည်း ဒါတွေကို စိတ်ဝင်စားသည် မဟုတ်ပါ။ အဂ္ဂထင်ကျော်အတွက် တန်ဖိုးကြီးမားလှသည့် သတို့သားဝတ်စုံလည်း ဝယ်ထားဖို့ မလိုပါ ... ။\

သည်တစ်သက်တာမှာ အဂ္ဂထင်ကျော်အတွက် သတို့သားဝတ်စုံချုပ်ဖို့ မလိုအပ်သလို လှပသည့်သတို့သမီး တစ်ယောက်လည်း ဘယ်တော့မှ ရှိလာနိုင်မည် မဟုတ်ပါ ... ။

"ကိုယ်တို့ လမ်းထိပ်ဘက် လျှောက်ကြရအောင်လား ... အညောင်းပြေ ပေါ့ ... "

"ပိုး ... နောင်တများ ရနေပြီလား ... "

"ဘာကိုလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ရမှာကိုလေ ..."

"ဟင်အင်း ..."

ချက်ချင်း တုံ့ပြန်လိုက်ပေမဲ့ အဂ္ဂကတော့ မယုံကြည်နိုင်အောင် ရှိဆဲပင် ...။

"ကျွန်မ နောင်တ မရတတ်ပါဘူး ... ပြီးတော့ ကျွန်မ လုပ်သင့်တာကို လုပ်လိုက်တာပဲ ... ဘာကြောင့်လဲ လို့ ကျွန်မကို မမေးနဲ့နော် ..."

"တစ်သက်လုံးလား ..."

သူမက ညင်ညင်သာသာ ခေါင်းညိတ်သည်။

"တစ်သက်လုံး မမေးပါနဲ့ ... ကျွန်မ ပြောပြသင့်တဲ့အချိန်ရောက်ရင် ပြောပြပါ့မယ် ... မေးစရာမလိုဘဲ ပြောပြမှာပါ ... ခုတော့ ကျွန်မ အဂ္ဂနဲ့ လက်ထပ်ပါ့မယ်လို့ လူကြီးတွေရှေ့မှာ ကတိပေးထားပြီးပြီ ... ကျွန်မရဲ့ကတိကို စောင့်ထိန်းနိုင်မယ်လို့ သေချာလို့ ကျွန်မ ကတိပေးတာပါ ... "ပြီးတော့ တစ်သက်လုံး သစ္စာမဖောက်ဘဲ အဂ္ဂရဲ့ဇနီးကောင်း ဖြစ်စေရမယ် ... ကျွန်မ သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာပါ ..."

တော်ပါ ... ။ တော်စမ်းပါ ...

အဲဒီ သစ္စာတွေ ကတိတွေက ဘာများ အသုံးကျမှာမို့လဲ ...





မင်းဟာ ... အမျိုးစင်လေးတစ်ယောက် ဘဝနဲ့ တစ်သက်လုံးနေရမှာပါ ... ။ ဘယ်ယောကျ်ားကမှ လက်ထပ်ဖို့ မရတဲ့ အမျိုးစင်လေးတစ်ယောက်ပေါ့ ...

ဒါမှမဟုတ်လည်း လူသိမခံရဲတဲ့ အတိတ်ဆိုးတစ်ခုအတွက် အမြဲတထိတ်ထိတ် တလန့်လန့် နေရမဲ့ အိမ်ထောင်ရှင်မိန်းမတစ်ယောက်ပေါ့ ...

"ကျေးဇူးတင်ပါတယ် ... ငွေပိုးအိမ် ..."

"ဘာအတွက်လဲ ..."

"စောစောက ပြောခဲ့တဲ့ စကားတွေအတွက် ..."

"တကယ်တော့ အဂ္ဂဟာ ဘယ်လိုလူလဲဆိုတာ ကျွန်မ သေချာမသိသေးဘူး ... ဒါပေမဲ့ မေမေက ပြောတယ် ... အဂ္ဂတို့ရဲ့ မျိုးရိုးစဉ်ဆက်တစ်လျှောက် အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး တစ်ယောက်မှ နာမည်ပျက် မရှိခဲ့ဖူးဘူးတဲ့ ... ဇနီးတွေအပေါ်မှာ သစ္စာရှိတဲ့ ခင်ပွန်းတွေကိုပဲ ရခဲ့ပြီး ... သား ယောကျ်ားလေးတွေကလည်း ကိုယ့်အိမ်သူတွေအပေါ် အလေးအနက်ထားကြတယ်တဲ့ ... ကျွန်မ အနေနဲ့လည်း အိမ်ထောင်ပြုမယ်ဆိုရင် အဲဒီအချက်က အရေးကြီးတယ်လို့ ထင်တယ် ... ကျွန်မတို့ မိန်းကလေးတွေ အတွက်ပေါ့လေ ... အဂ္ဂရော ဘယ်လိုထင်လဲ ..."

"ကျွန်တော်ကတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်



www.burmeseclassic.com

www.burmeseclassic.com



မှုက အရေးကြီးတယ်လို့ ထင်တယ် ... သစ္စာ ဆိုတာကို အချုပ်အနှောင် တစ်ခုလို မထင်မိစေချင်ရင် နားလည်တတ်ဖို့ ခွင့်လွှတ်နိုင်ဖို့ လိုကို လိုတယ် ... ပြီးတော့ အချစ်ဆိုတာလည်း အရေးကြီးတာပဲ ... "

"ဟင်အင်း ... ခုချိန်မှာတော့ အချစ်အကြောင်း မဆွေးနွေးချင်သေးဘူး ... "

သူမရဲ့မျက်နှာပေါ်မှာ ကျီစယ်လိုသည့် အပြုံးအရယ်ကို မြင်ရသည်။ သွေးရောင်လွှမ်းနေသည့် နှုတ်ခမ်းလေးတွေရဲ့ အပြုံးက လှပသော်လည်း အသက်မဝင်လှပါ။ မိန်းကလေးတစ်ယောက်နှင့် ယှဉ်တွဲလျှောက်ရသည့် ညနေဆည်းဆာတစ်ခုက အမှတ်တရ ဖြစ်စရာကောင်းလှသည် ... ။

သည် အမှတ်တရလေးကိုသာ တစ်သက်လုံး သိမ်းဆည်းထားရတော့မည် ... ။

"ဝက်ခြံတွေက သိပ်များတော့ ဖိုတယ်ကြီးတွေတောင် ရက်ချိတ်ရတာ သိပ်ကျပ်တယ် ... စိတ်ပျက်စရာကောင်း





လိုက်တာ ... မင်္ဂလာဆောင်မှာ သူ့ မဟုတ်တဲ့အတိုင်းပဲ ခုထိ ဝတ်စုံလည်း မမှာသေးဘူး ... "

"မလိုပါဘူး ဟာ ... ဂျမှာ ဆု(တ်)တွေ အများကြီးပဲဟာ"

"အများကြီးဆိုပေမဲ့ ... မင်္ဂလာပွဲအတွက်ကတော့ သီးသန့်ဖြစ်မှ ကောင်းမှာပေါ့ ... ဒါလေးကျမှ လာပြီး ကပ်စေးနည်းနေတယ် ... "

"ကပ်စေးနည်းတာ မဟုတ်ပါဘူး ... လိုကို မလိုလို့ပါ"

စကားသံ ခဏရပ်သွားသည်။ ပို့လိုက်သည့် အထဲက အကြောင်းအရာကို စိတ်ဝင်စားနေမိတာမို့ ဝတ်ရည်ရဲ့မျက်နှာကိုလည်း မော်မကြည့်ဖြစ် ... ။ ရုတ်တရက်ကြီး ဇိတ်ဆိတ်သွားသည်ကိုလည်း သတိမထားမိလိုက် ... ၊ ဝတ်ရည် အနားမှာ ရပ်နေသည်ကိုပင် မေ့လျော့သွားသည် ထင်မိ၏။

"ကိုကို ... သိပ် အေးစက်နေပါလား ... "

"ဟင် ... "

"ညည့်ခံပွဲက တစ်လပဲ လိုတော့တာနော် ... မြကန်သာတကွန်ဒိုအခန်းကိုလည်း ဘာမှ ပြင်ဆင်မထားသေးဘူး — ပရိဘောဂတွေလည်း မဝယ်သေးဘူး ... "

"အဲဒါက ငါကိစ္စပါဟာ ... "

ဘီးတပ်ဆုံလည်ကုလားထိုင်လေးကို နောက်သို့ တွန်းရင်း လက်မောင်းရင်းနှစ်ဖက်ကနေ အပေါ်သို့ ဆန့်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



အညောင်းဖြေလိုက်သည်။ ဝတ်ရည်က အဂ္ဂကို ကမ္ဘာဦးလူသားတစ်ယောက် မြင်ရသလို အံ့ဩသည့် နားမလည်နိုင်သည့် မျက်နှာဖြင့် ကြည့်နေ၏။ သည်တော့မှ အဂ္ဂသည် တစ်သက်တာမှာ တစ်ကြိမ်တစ်ခါမို့ အရေးကြီးလှသည့် မင်္ဂလာပွဲဆိုတာကို သတိရသည်။

"အနားမှာ လာပြီး ဘာတွေ ပူညံပူညံလုပ်နေတာလဲ ... ငါ လုပ်ရမဲ့ကိစ္စတွေ ငါသိတာပေါ့ ... အားလုံး စီစဉ်ပြီးနေပါပြီ ... ဘာမှ စိတ်ပူမနေနဲ့ ..."

ဝတ်ရည်က တစ်ခုခုပြောဖို့ နှုတ်ခမ်းပြင်ပြီးမှ မပြောတော့ဘဲ အဂ္ဂကို ခပ်စူးစူးကြည့်နေသည်။ အတော်ကြီး ကြာတော့မှ

"ကိုကိုက တစ်မျိုးပဲ ..."

ဟု ခပ်တိုးတိုး ရေရွတ်လျက် ကျောခိုင်းထွက်သွားတော့သည်။

အခန်း၀,မှာ ဖိုင်ကလေးတစ်ခု ရင်ဘတ်မှာအပ်ပြီး ရပ်လာသည့် နှစ်ဆယ်ကျော် ကောင်မလေးကို အဂ္ဂ မျက်လွှာပင့်ကြည့်လိုက်သည်။

"ဆရာ မှာထားတဲ့ silk air က လေယာဉ်လက်မှတ် ရပါလိမ့်မယ်တဲ့ ဆရာ ..."

"ရပါလိမ့်မယ်မဟုတ်ဘူးလေအဲဒီရက်အတိအကျရချင်တာ"

ကောင်မလေးက ဆတ်ခနဲ ခေါင်းညိတ်သည်။

"ဟုတ်ကဲ့ ... အဲဒီရက် အတိအကျ ရပါလိမ့်မယ် ဆရာ"

"ရမယ် သေချာရင် ငွေသွင်းဖို့ ကိုယ့်ဆီက ချက်ခ် လာထုတ်ပါလို့ အောင်စိုးသိန်းကို ပြောလိုက်ပါ ..."

"ဟုတ် ..."

ကောင်မလေးက မရှိ့မရဲပုံစံဖြင့် ခေါင်းကလေးငုံ့ပြီး ပြန်ထွက်သွားသည်။

ဒီဇင်ဘာ တစ်ရက်နေ့မှာ ... အဂ္ဂ မြန်မာနိုင်ငံမှ ဩစတြေးလျ သို့ ထွက်ခွာရမည် ...။ အဲသည် ဒီဇင်ဘာတစ်ရက်နေ့သည် ... အဂ္ဂထင်ကျော် နှင့် ငွေပိုးအိမ်ရဲ့ မင်္ဂလာပွဲနေ့ ဖြစ်သည်။

သတို့သမီးလေးကို အလွှမ်းမုံပြင်တစ်ပုဒ် ရေးခိုင်းဖို့အတွက် အချိန်တွေ ငွေတွေ အများကြီးရင်းနှီးပေးဆပ်ခဲ့ရသည်။ အဂ္ဂထင်ကျော်ရဲ့ အနိုင်ရလိုမှုအတွက် အဂ္ဂထင်ကျော်ရဲ့ ဘာနဲ့သိက္ခာ အတွက် ...

သိပ်အန္တရာယ် ကြီးမားသည့် မြွေဟောက်တစ်ကောင်နှင့် သူမ ကစားခဲ့မိသည်ဆိုတာ အဲဒီသည်နေ့မှာပင် ငွေပိုးအိမ်သဘောပေါက်စေရမည် ...။







www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဆိုးတွေထဲမှာ ခန္ဓာကိုယ်ရော ခြေတွေလက်တွေ အားလုံးကြိုးဖြင့် ချုပ်နှောင်ခံထားရသည်။ အနီးအပါးမှာ ဘာဆိုဘာမျှ မရှိသည့် ဟင်းလင်းပြင် အမှောင်သာရှိနေပြီး အဲသည် အမှောင်ထုက ချောက်ချားဖွယ်ကောင်းလှသည် ဟူ၍တော့ သိနေရ၏။ အသက်ရှူရန် လေထုမရှိသည့် စကြဝဠာတွင်းကြီးတစ်ခုထဲ အစမရှိ အဆုံးမရှိ ပြုတ်ကျနေရသူတစ်ယောက်၏ ခံစားချက်မျိုးဖြင့် ပြင်ပက အေးစက်နေသော်လည်း အတွင်းရဲ့တစ်ကိုယ်လုံး ချွေးစေးများဖြင့် စိုနင့်နေသည်။

နိုးစမ်း ...

အဲဒီ အိပ်မက်က နိုးလိုက်စမ်းပါ ... ။

ဒါ ... အိပ်မက် မက်နေတာ ... ။ တကယ်မဟုတ်ဘူး ... ။





လေးလံလှသည့် မျက်ခွံတွေကို ကြိုးစားအားတင်းပြီး ဖွင့်ကြည့်သည်။ လည်ချောင်းတွေထဲ ပူလောင်ခြောက်သွေ့မှုက ပြင်းထန်လှချည်လား ... ။ နှုတ်ခမ်းအရေပြားတွေ အလွန်ကြောင့် ခြောက်သွေ့ ကွဲထွက်ကုန်ပြီ ထင်ရသည် ... ။ တစ်ကိုယ်လုံး မမြင်နိုင်သည့် ဘက်တီးရီးယားတွေ တွယ်တက်လမ်းလျှောက်နေသလို ကိုက်ခဲ လေးလံနေ၏။ မျက်ခွံကို တဖြည်းဖြည်း ဝင့်မကြည့်သည်။ အိပ်မက်က ထွက်ပြေးလိုက် ... ။

အိပ်မက်ထဲက နေ လုံးဝ နိုး ... ထ ...

အနားမှာ စကားသံတွေ မသဲမကွဲကြားလာရသည်။ တချို့ စကားအသုံးအနှုန်းတွေကို နားမလည်နိုင်ဘူး ထင်မိ၏။

ကမ္ဘာကြီးရဲ့အပြင်ကို တကယ်ရောက်နေတာလား။ မဖြစ်နိုင်တာ ...

ဒါဆို ... ဝိညာဉ် ... ဝိညာဉ်က လွင့်မျောနေတာများလား ရှ...

မြတ်စွာဘုရား ...

ငါ ... သေများ သေသွားခဲ့ပြီလား ...

မဟုတ်ဘူး ... မဟုတ်နိုင်ဘူး ... ဒါ ... အင်္ဂလိပ်စကားသံပါ ... ။

"မေမေ ..."

မေမေ ... မေမေ ...



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ပေါင်းများစွာ အော်ဟစ်ခေါ်မိသည်။ လ
ချောင်းထဲမှ အသံက ထွက်မလား ... ။ လည်ချောင်းတွေ
ကြောတွေကို ညှစ်ပြီး ဆက်တိုက်အော်ခေါ်သည်။

"မေမေ ... ဖေဖေ ... ဝတ်ရည် ညီမလေး ... ဘယ်
မရှိကြဘူးလား ..."

"ဒေါက်တာ ... ပေးရှင့် ... သတိရလာပြီ ..."

မီးပျက်နေသည့် ညက မှောင်နေတာလား ...
ဒါဆို ကြယ်ရောင် လရောင်လောက်ကိုတော့ မြင်ရမှာပေါ့ ...
အလင်းရောင်လေး တစ်စွန်းတစ်စက်မှ မမြင်ရတော့ အလို
နေရင်း ... အသက်ရှူကျပ်ပြီး မောလာသည်။ အငွေ့ မရင်းနှီးသ
အနံ့အသက် တစ်ခုသည် အနီးအပါးမှာ ဇွတ်ဝိုက်လွင့်ပါးလျက် ရှိ

"ကိုအငွေ့ ... ခင်ဗျား သတိရပြီနော် ... ကောင်းသေ
သတိရလာပြီနော် ... ခင်ဗျား မိသားစုတွေ အပြင်မှာ စော
နေကြတယ် ..."

"ဒါ ... ဘယ်နေရာလဲ ... ကျွန်တော် ဘယ်ရောက်နေ



"ဒါ ... ရန်ကုန်ဆေးရုံကြီးရဲ့ အရေးပေါ်ခွဲစိတ်ကုသဆောင်
ပါ ... ခင်ဗျား ဘာတွေ ဖြစ်ခဲ့တယ်ဆိုတာ ..."

"ဆေးရုံ ..."

"ဟုတ်ပါတယ် ... ဟော ... ဆရာကြီး ရောက်လာပြီ"

ဆေးရုံပေါ်မှာပေါ့ ... ။

ည မဟုတ်ဘူးလား ... မီးတွေ ပျက်နေတာမဟုတ်
ဘူးလား ...

"ဆရာ ... ဆရာ ..."

"သား ... ဘာဖြစ်လဲ ... ဘာဖြစ်လဲ ..."

အေးချမ်းနူးညံ့လှသည့် အသံစိမ်းစိမ်းတစ်ခုကို ကြား
လိုက်ရတော့ အငွေ့ရဲ့လက်ချောင်းတွေက အမှောင်ထဲမှာ ယောင်
လမ်းပြီး ရှာဖွေနေမိသည်။

"ကျွန်တော် ... ကျွန်တော့်မျက်လုံးတွေ ... ကျွန်တော်
ဘာမှ မမြင်ရတော့ဘူး ဆရာ ... ကျွန်တော့်မျက်စိတွေ
ပေါက်ထွက်ကုန်ပြီလား ... ကျွန်တော် မမြင်ရတော့ဘူး ...
ဘာကိုမှ မမြင်ရတော့ဘူး"

www.burmeseclassic.com

အိပ်မက်ဆိုး တစ်ခုထက်ပိုပြီး ဆိုးရွားသည့် အဖြစ်ပါလား ... ။

သည်အဖြစ်ကို ဘယ်လိုများ လက်ခံရပါ့မလဲ ...

အဂ္ဂထင်ကျော်ရဲ့ တစ်ဘက်တာမှာ သည်လောက်ဆိုးရွားတဲ့ ကံကြမ္မာမျိုး ကြုံလာရလိမ့်မည်ဆိုတာ သိကြားမင်း ကိုယ်တိုင် ဆင်းပြောလျှင်တောင် လက်ခံနိုင်မည် မဟုတ်ပါ။

"အရိုးတွေ ကျိုးတဲ့ဒဏ်ရာတွေက အာရုံကြောကို ထိခိုက်မိတာထက် စာရင် ဘာမှ မပြောပလောက်ပါဘူး ... အခု မျက်စိအာရုံကြောတွေကို ထိခိုက်သွားတာဟာ ခဏတဖြုတ်လည်း ဖြစ်နိုင်တယ် ... ကြာချင်လည်း ကြာမယ် ... ဘယ်လိုမှ အတိအကျ တွက်ချက်ပြီး ပြောလို့မရတဲ့ဝေဒနာပဲ ... ငွေကြေးအကုန်အကျ ခံနိုင်တယ်ဆိုရင်တော့ နိုင်ငံခြားဆေးရုံကြီးတွေက ပါရဂူကြီးတွေနဲ့ ဆက်သွယ်ပြီး ဘယ်လိုကုသလို့ရနိုင်မလဲဆိုတာကို အရင်စုမ်းသပ် ဆွေးနွေးကြည့်တာ ကောင်းပါတယ် ...

ကုသရင် အချိန် ဘယ်လောက်ကြာမယ် ဆိုတာလည်း ကျွန်တော်တို့ မှန်းဆလို့ မရနိုင်ပါဘူး ... ကံတရားကလည်း တစ်စိတ်တစ်ပိုင်းတော့ ပါတာပေါ့ ... ဒီအတိုင်း လက်လျှော့ထားမဲ့အစား ကျွန်တော်တို့ တစ်ခုခုလုပ်နိုင်အောင် နည်းလမ်းရှာကြတာပေါ့ ..."

သည်လိုစကားတွေ ပြောရလောက်အောင် အဂ္ဂထင်ကျော်ရဲ့ အခြေအနေက ဆိုးရွားခဲ့သည်လား။





အနားမှာ ငိုရှိုက်သံ သဲ့သဲ့လိုလို ကြားသည်။ ခုတော့ အနီးအပါးက အသံတွေသာ အဂ္ဂရဲ့ အဖော် ဖြစ်သည်။ ယောက်ျားတစ်ယောက်ဖြစ်လည်း ဘဝတစ်သက်တာလုံး အဖုအထစ်မရှိ ချောမွေ့ခဲ့သည့် လမ်းပေါ်မှာသာ လျှောက်ခဲ့ရသူမို့ သည်လောက် ဆိုးရွားသည့် အဖြစ်က အဂ္ဂရဲ့ ခပ်ပါးပါးသာရှိသည့် ခံနိုင်ရည်ကို ရိုက်ချိုးပစ်လိုက်သလိုပါပဲ ... ။

• ညဉ့်သည်တွေ တစ်ယောက်ပြီးတစ်ယောက်ရောက်လာကြပြီး မေမေတို့နှင့် စကားပြောကြသည်။ စကားသံတွေထဲမှာဝင် ဆိုးရွားအကျည်းတန်သည့် ကံကြမ္မာသည် အဂ္ဂထံ ရုပ်ရှင်ကားချပ်တွေလို မကြာခဏ ပြန်ပြန်ရောက်လာ၏။

သစ်လုံးအကြီးကြီးတွေ တင်ထားသည့် ကားကြီးတွေ လမ်းနံဘေးမှာ ရပ်ထားသည့် လမ်းမကြီး အလင်းရောင်ပြယ်စအချိန်မှာ ရူးရှလာသည့် ကားမီးရောင်တွေ ...

ကုန်းအတက်မှာ ဂီယာ ညည်းသံနှင့် တရွေ့ရွေ့သွားနေသည့် အုတ်ခဲတွေ သယ်ဆောင်လာသည့် ကားကြီးရဲ့နောက်ဘက်မှာ ... ကျော်တက်ဖို့ ဟွန်းသံပေးရင်း ...

နောက်တော့ ...

နောက်တော့ ... ဆိုးရွားပြင်းထန်လှသည့် ... အဂ္ဂထင်ကျော်ရဲ့အနာဂတ် ...

ဘာကိုမှ မမြင်နိုင်တော့သည့် အနာဂတ် ...



www.burmeseclassic.com

www.burmeseclassic.com



"သားလေးက နောက်တစ်ပတ်ဆို လက်ထပ်ရတော့မှာ ဒေါက်တာ ..." ဘယ်လိုလုပ်ရမလဲ ... ကံဆိုးလိုက်တဲ့ ကလေး ...

မေမေ့ငိုသံ တိုးတိုးကို ကြားရမှ သတိရသည်။

လက်ထပ်ရတော့မှာ ...

ဟုတ်သားပဲ ...

နောက်ထပ် ခုနစ်ရက် ပြည့်မြောက်သည့် နေ့မှာ အဂ္ဂထင်ကျော်နှင့် ငွေပိုးအိမ်ရဲ့မင်္ဂလာပွဲ ...

ဩစတြေးလျ သွားဖို့ လေယာဉ်လက်မှတ် ...

ကိုယ်စောင့်နတ်တွေက ကျွန်တော့်ကို ဒဏ်ခတ်လိုက်တာလား ငွေပိုးအိမ်ရယ် ... ။

✿

နူးညံ့သည့် လက်ဖဝါးလေးတစ်ခုက အဂ္ဂရဲ့မျက်နှာပေါ်အနှံ့ အေးမြသောနူးညံ့သော မျက်နှာသုတ်ပဝါစလေးဖြင့် ညင်သာစွာ သုတ်ပေးနေသည်။ နဖူးစပ် ဆံစတွေကြား ... လည်တိုင်အနှံ့ နားရွက်တွေအားလုံး အေးမြခြင်း သန့်စင်ခြင်းတွေကို ခံစားရနိုင်သည်။ သူမရဲ့လက်ချောင်းတွေ ညင်သာစွာ ရွေ့လျားနေသည်





အကွဲရှလွယ်သည့် ကြွေပန်းအိုးတစ်လုံးကို ဖုန်သုတ်သန့်စင်ပေးနေသလိုပင် ...

"အဂ္ဂ ထမင်းဆာပြီလား ... အဂ္ဂ ငါးရဲ့အချိုကြိုက်တယ်ဆိုလို့ ဒီနေ့ ကျွန်မ ငါးရဲ့အချိုချက်လာတယ် ... လက်ရာကတော့ သိပ်စွံမယ် မထင်ဘူး ... ကျွန်မက မီးဖိုချောင် ဝင်နေကျ မဟုတ်တော့လေ ... ဒါပေမဲ့ ဟင်းတော့ ကောင်းကောင်း ချက်တတ်ပါတယ် ... မုန်လာဥချဉ်ရည်ဟင်းလေးလည်း ပါတယ် ... စားတော့မလား ..."

"အင်း ... ခဏနေတော့ စားတာပေါ့ ..."

"သန့်ဖက်ခါလောက်ဆို ဆေးရုံက ဆင်းလို့ရပါပြီတဲ့ ... ဆရာဝန်ကြီးက ပြောတယ် ..."

အနားမှာ တတွတ်တွတ် ကြားနေရသည့် စကားသံလေးသည် မှ... ဘယ်လောက်ပဲ ချိုသာပါစေတော့ အဂ္ဂကို လှောင်ရယ်နေသည့် ရယ်သံတစ်ခုလို ထင်မိသည်။

ကြည့်စမ်း ...

နောက်ဆုံးတော့ အဂ္ဂထင်ကျော်က အလုံးစုံ ရှုံးနိမ့်ခဲ့တာပါလား ... ။

"မေမေတို့ ရောက်မလာသေးဘူးနော် ..."

"လာမှာပါ ... ဘန်ကောက်ဆေးရုံကြီးနဲ့ ဆက်သွယ်ဖို့ ဆရာဝန်ကြီးနဲ့ သွားတွေ့နေကြတယ် အဂ္ဂရဲ့ ... အဂ္ဂဘာလုပ်ချင်လဲ ကျွန်မကို ပြောလေ ... ထမင်းဆာရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ခွံ့ပေးမှာပေါ့ … အလေးအပေါ့သွားချင်ရင် … ”

အသံ့လာရာကို မှန်းပြီး သူမရဲ့လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားလိုက်မိသည်။ ပြီးတော့ အသက်ကို မျှဉ်းမျှဉ်းရှူလျက် ငြိမ်သက်နေမိ၏။

အရာအားလုံးဟာ စက္ကန့်ပိုင်း မိနစ်ပိုင်း အတွင်းမှာ အလွယ်တကူ ပြောင်းလဲသွားနိုင်တာပဲနော် … ။

“ကျွန်တော့်အနားမှာ ငွေပိုးအိမ် ရှိနေတယ်ဆိုတာ အိပ်မက် တစ်ခုလိုပဲ … ”

အငှရဲ့ခုတင်ဘေး အနီးဆုံးနေရာကနေ … မွှေးရနံ့ ဖျော့ဖျော့လေး ရနေသည်။ အာရုံထဲမှာ နှင်းဆီဖူးရောင် နှုတ်ခမ်းလေးနှစ်လွှာသည် လျော့တွဲစွာပြုံးနေ၏။ မျက်ဝန်းအိမ်တွေမှာ မျက်ရည်တွေကြောင့် စိုလဲ့နေမည်လား … ။

မဖြစ်နိုင်ပါ …

အငှထင်ကျော်ဟာ ဘုံနှံးနေစိုးမှ မဟုတ်ဘဲ … ။

“အိပ်မက် မဟုတ်ပါဘူး အငှရယ် … ကျွန်မ တကယ်ရှိနေတာပါ … ဒီလိုအချိန်မှာ အငှအနား ကျွန်မ ရှိနေရမှာပေါ့ ဘဝရဲ့အဖော်ဆိုတာ အကောင်းအဆိုး အားလုံးကို စိတ်တူကိုယ်မျှ ယူကြရတာ မဟုတ်လား … အငှ အနားမှာ ကျွန်မ ရှိနေမှ ကျွန်မတို့နှစ်ယောက် ဘဝတစ်ခုလုံးအတွက် အဖော်ကောင်းတွေ ဖြစ်နိုင်မှာပေါ့ … ကျွန်မကို အားမနာပါနဲ့ … ကျွန်မ ရှိနေလို့ စိတ်ကျဉ်းကျပ်ပါနဲ့ …





ဟုတ်ပြီလား … ကျွန်မ အားတဲ့အချိန်တိုင်း အငှအနားမှာ လာနေမယ် … နောက်တစ်ပတ် မတိုင်ခင်အထိပေါ့”

နောက်တစ်ပတ် …

ဒီခေါင်ဘာ တစ်ရက်နေ့ …

မဟုတ်ဘူး … ငွေပိုးအိမ် … ။ ကျွန်တော် ဘယ်တုန်းကမှ ခင်ဗျားရဲ့ဘဝအဖော်ဖြစ်ဖို့ စိတ်မကူးခဲ့ဘူး … ။ ခင်ဗျားရဲ့ သတို့သားလုပ်ဖို့ မရည်ရွယ်ခဲ့ဘူး … ကျွန်တော့်အတွက် လေယာဉ် လက်မှတ်က ကျွန်တော့်ရုံးခန်းစားပွဲထဲမှာ အဆင်သင့်ရောက်နေ ခဲ့ပြီ … ။

“မဖြစ်ဘူး … ငွေပိုးအိမ် … ”

“ရှင် …

“ကျွန်တော်နဲ့ ခင်ဗျား လက်ထပ်ဖို့ မဖြစ်နိုင်တော့ဘူး … ကျွန်တော် ဒီမနက်ဘဲ ရုံးခန်းက ကောင်လေးကို လက်ထပ်ပွဲ ဖျက်သိမ်းကြောင်း သတင်းစာကြော်ငြာ ထည့်ခိုင်းလိုက်ပြီ … ”

“ဘာဖြစ်လို့လဲ … ”

မေးလိုက်သည့် စကားသံက တိုးတိမ်ပေမဲ့ နည်းနည်းမှ မတွန့်ဆုတ်ပါ … ။

“ကျွန်တော့်အတွက်ကြောင့် ခင်ဗျားရဲ့တန်ဖိုးရှိတဲ့ အနာဂတ်ကို မဆုံးရှုံးစေသင့်ပါဘူး ငွေပိုးအိမ် … ကျွန်တော် ခင်ဗျားရဲ့အိမ်ထောင်ဦးစီး မဖြစ်နိုင်တော့ဘူး … ခင်ဗျားရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖော် မဖြစ်နိုင်တော့ဘူး ... ကျွန်တော် ဒုက္ခိတဖြစ်သွားပြီ ... မိန်းမတစ်ယောက်အတွက် တာဝန်ကျေတဲ့ ခင်ပွန်းတစ်ယောက် ဖြစ်နိုင်တော့မှာ မဟုတ်ဘူး ...

အဲဒီတော့ ကျွန်တော်တို့နှစ်ယောက်ရဲ့ လက်ထပ်ပွဲကို ဖျက်သိမ်းလိုက်ကြတာပေါ့ဗျာ ... အဲဒီအတွက် ငွေပိုးအိမ်ကို ကျွန်တော့်ဘက်က လုံးဝအပြစ်မတင်ပါဘူး ... ကျွန်တော့်ဘဝက မရေရာတော့ဘူးလေ ... တစ်သက်လုံး မျက်မမြင်တစ်ယောက်ဘဝ ဖြစ်ချင်ဖြစ်သွားမယ် ...”

ပြောရင်းပင် စကားတွေက လည်ချောင်းထဲမှာ တိမ်ဝင်နစ်မြုပ်သွားသည်။ ဝမ်းနည်းကြေကွဲရခြင်းထက် ပိုပြီး စိတ်ထိခိုက်နာကျင်ရခြင်း၊ မျှော်လင့်ချက်တွေ တစ်စစီပြိုကွဲရခြင်းနှင့် အနာဂတ်ဘဝကိုပါ ဆုံးရှုံးရခြင်းတွေရဲ့ ဒဏ်ရာဒဏ်ချက်တွေက အဂ္ဂရဲ့ စိတ်နှလုံးကို နာလန်ထူစေနိုင်မည် မဟုတ်တော့ပါ။

မိန်းမတစ်ယောက်ကို ဆုံးရှုံးရသည်က ... ဘယ်လောက်များ ထိခိုက်စေနိုင်မှာမို့လဲ ...။

အမှန်တကယ်တော့ ငွေပိုးအိမ် အနားမှာ ရှိခြင်း မရှိခြင်းက အဂ္ဂကို နည်းနည်းမှ ပြောင်းလဲစေနိုင်သည် မဟုတ်ပါ။

ဒါပေမဲ့ ... သည်မိန်းမအပေါ် အဂ္ဂရဲ့ဆုံးရှုံးရခြင်းတွေက များလှသည်။

“ကျွန်မ ဘက်ကတော့ မဖျက်သိမ်းပါဘူး ... ကျွန်မ အဂ္ဂကို လက်ထပ်မယ် ...”





“ဗျာ ...”

“အဂ္ဂကို လက်ထပ်ဖို့ ကျွန်မရဲ့စိတ်ဆန္ဒနဲ့ ဆုံးဖြတ်ခဲ့တာလေ ... ကျွန်မ လူကြီးတွေကို ကတိပေးခဲ့ပြီးပြီ ... အဂ္ဂအပေါ်မှာ သစ္စာမြဲရမယ်လို့ ကျွန်မ ဆုံးဖြတ်ခဲ့ပြီးပြီ ... အဂ္ဂဟာ ခုချိန်မှာ ဒုက္ခိတပဲ ဖြစ်ဖြစ် ... နာတာရှည်ရောဂါသည်ပဲဖြစ်ဖြစ် ... ရာဇဝတ်သားပဲဖြစ်ဖြစ် ... ကျွန်မ ဘက်ကစောင့်ထိန်းရမဲ့ကတိနဲ့ သစ္စာတရားကို ကျွန်မ မဖျက်နိုင်ဘူး ...

ဘဝမှာ ကျွန်မ တန်ဖိုးအထားဆုံးက သစ္စာတရားပါ အဂ္ဂရယ် ... ချစ်သူအပေါ် သစ္စာမြဲချင်တဲ့ စိတ်ကြောင့် အရင်က ကျွန်မ အဂ္ဂကို ငြင်းခဲ့ရတယ် ... ဒါပေမဲ့ ကျွန်မ တန်ဖိုးထားတဲ့ သစ္စာတရားကို ကျွန်မရဲ့ချစ်သူ နင်းချေပစ်ခဲ့တယ် ... ကျွန်မကတော့ ကျွန်မဘက်ကစပြီး ဘယ်တော့မှ ကတိမပျက်စေရဘူး ... သစ္စာမပျက်စေရဘူးလို့ခံယူထားတယ် ... ကျွန်မတို့ မင်္ဂလာပွဲ အကြီးအကျယ်မလုပ်ဘဲ စာချုပ်မှာလက်မှတ်ထိုးပြီး သံဃာတွေကို ဆွမ်းကပ်ကြတာပေါ့ ... ပြီးတော့ ... တကယ်ဆင်းရဲတဲ့ ဘုန်းကြီးကျောင်းတွေ ...



www.burmeseclassic.com

www.burmeseclassic.com



လူမှုရေးအဖွဲ့အစည်းတွေကို လှူမယ်လေ ... ကျွန်မတို့ လက်ထက်ပြီးသွားတဲ့အခါ အင္ဂရဲ့မျက်လုံးကို စစ်ဆေးဖို့ နိုင်ငံခြားကိုသွားကြတာပေါ့ ထိခိုက်မိတဲ့အရှိန်နဲ့ အာရုံကြောဆဲလ်တွေ ခဏသေသွားတာဖြစ်မှာပါ အင္ဂရဲ့ ...။တစ်သက်လုံးကြီး ဒီလိုဖြစ်သွားမှာ မဟုတ်ပါဘူး ... ဘာဖြစ်လို့ စိတ်ဓာတ်ကျ နေမှာလဲ ... ”

လောလောလတ်လတ် ခံစားနေရသည့် ဝေဒနာနှင့် စိတ်အားငယ်မှုကို အင္ဂ မေ့ပျောက်သွားသည် ...။ နောင်တ တရားလား၊ နာကြည်းခြင်းလား၊ ဘယ်လိုမှ အမျိုးအမည်ခွဲခြားမရနိုင်သည့် ဝေဒနာဆိုးသည် နှလုံးအိမ်ထဲ ဟိုးအနက်ရှိုင်းဆုံး အပိုင်းအထိ ဝင်ရောက်ပြီး တစစ်စစ် ကိုက်ခဲစေ၏။

[ အင္ဂ ဟာ ခုချိန်မှာ ဒုက္ခိတပဲဖြစ်ဖြစ် ... နာတာရှည် ရောဂါသည်ပဲဖြစ်ဖြစ် ... ... ... ]

ငွေပိုးအိမ် ...

ဒါ ... ကျွန်တော့်ကို အပြင်းထန်ဆုံး ထိခိုက်စေခြင်းပဲ

ဘယ်လို ဝေဒနာမျိုးကမှ ကျွန်တော့်ကို ဒီထက်ဆိုးရွား နာကျင်စေနိုင်မှာ မဟုတ်ပါဘူး ...၊ ဘယ်လိုထိခိုက်မှုမျိုးကမှ ကျွန်တော့်စိတ်ကို ခုလောက် ... ရိုက်ပုတ်နိုင်မှာ မဟုတ်ပါဘူး ...

သစ္စာတရား တဲ့လား ...

ကျွန်တော့်ဘက်ကခင်ဗျားကိုပေးနိုင်ခဲ့တာကတော့





နာကြည်းခြင်းတွေပါပဲ ...

ရင်ဘတ်ထဲက စူးစူးရှရှနာကျင်လာပြီး မျက်လုံးအိမ်တွေ ပူနွေးလာနေသည်။ ခြောက်သွေ့နေသော နှုတ်ခမ်းတွေကို လျှာဖြင့် သပ်လိုက်တော့ ရေစက်အေးအေးက နှုတ်ခမ်းဖျားမှာ ရောက်လာခဲ့၏။

“ခင်ဗျား ကျွန်တော့်ကို မချစ်ဘူး မဟုတ်လား ... ”

ရယ်သံတိုးတိုးလေး ကြားလိုက်ရသည်ထင်၏။

“အင္ဂက အချစ်ဆိုတာကို ယုံကြည်နေသေးတာလား”

“ပိုးက ယုံကြည်ခဲ့တာ မဟုတ်လား ... ”

ပင့်သက်ရှိုက်သံက တကယ့်ကို မှုန်းမှုန်းကလေးထွက်သက်လေ နွေးနွေးသည် ဆံစတွေ အဖျားကိုပင် ဝင်တိုး မြတ်သန်းသွားသည် ထင်မိ၏။

“အချစ်ဆိုတာက အလိုဆန္ဒတွေချည်းပဲမို့ ပူလောင်ပါတယ်လေ ... ကိုယ်က ပိုင်ချင်တယ် ... ကိုယ်ပေးသလောက်ပြန်ရချင်တယ် ... ကိုယ် မျှော်လင့်သလို ဖြစ်မလာဘဲ ဆိုးရွံ့ရတော့ နှမြောစိတ်နဲ့ ပူလောင်ရပြန်ရော ... မေတ္တာတရားကတော့ အရာအားလုံးကို ခွင့်လွှတ်နိုင်တယ် ... ကိုယ့်ဘက်ကချည်းပဲ ဖြည့်ဆည်းပေးချင်တယ် ... အကောင်းဘက်ကိုချည်း တွေးတတ် မြင်တတ်တယ် ...

ကျွန်မတို့နှစ်ယောက်အတွက် မေတ္တာတရားနဲ့တည်ဆောက်မဲ့ အိမ်ထောင်တစ်ခုလည်း ရနိုင်တာပါပဲ ... အင္ဂ ထိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုယ် မယုံကြည်နိုင်တော့ဘူးလား ... ကျွန်မကိုရော မယုံနိုင်တော့ဘူးလား ... ”

“ပိုး ... ”

တစ္ဆေခြောက်ခံရသူလို လည်ချောင်းထဲက ထွက်ပေါ်လာသည့် အသံက အထိတ်တလန့် နိုင်လှသည်။

“ကျွန်တော့်လို မျက်ကန်းတစ်ယောက်ကို တကယ် လက်ထပ်မယ်လား ... ”

အဂ္ဂရဲ့ နှုတ်ခမ်းသွေ့ခြောက်တွေဆီ လျှက်ဖဝါးနုနုက ထိသည်ဆိုရုံလာထိသည်။

“ဒီလို မပြောပါနဲ့ ... အဂ္ဂက ... ကျွန်မ ချစ်ချယ်ထားတဲ့ ခင်ပွန်းလောင်းပဲ ... ”

ပိုး ...

ငွေပိုးအိမ် ...

တကယ်တော့ ... ကျွန်တော်က ခင်ဗျားအတွက် ဒီလောကကြီးထဲက ထွက်သွားသင့်တဲ့လူပါ ... ။

ကျွန်တော့်ရဲ့ နာကြည်း မုတ်တေးထားတဲ့ ကလေးစားကိုသာ ခင်ဗျားသိရင် မေတ္တာတရားနဲ့ ခွင့်လွှတ်နိုင်မယ် မထင်ဘူး ... ။

နှုတ်ခမ်းပေါ်က လက်ဖဝါးလေးကို ညင်သာစွာ ဆွဲယူလိုက်ပြီး ခပ်တင်းတင်းဆုပ်ကိုင် ဖျစ်ညှစ်ထားရင်းပင် နှလုံးသားထဲမှာ လှိုက်လှဲလာခဲ့သည်။ ဝမ်းနည်းခြင်းတွေ ပြည့်သိပ်လာ



ခဲ့သည်။ မျက်ရည်ပူနွေးတွေ မျက်ဝန်းအိမ်မှာ အိုင်ထွန်းလာပြီး မျက်ဝန်းထောင့်ကနေ ခေါင်းအုံးပေါ် စီးကျသွားသည်ကိုတော့ သိနေခဲ့သည်။

ရင်တစ်ခုလုံး နာကျင်ပြီး အစိတ်စိတ် အမွှာမွှာ ကွဲကြေခဲ့ပြီထင်၏။ ဟိုး လေဟာနယ်ဟင်းလင်းပြင် အမှောင်ထဲ တစ်စစီပြန့်ကျဲ လွင့်ထွက်သွားသည့် နှလုံးသား အမှုန်အစတွေ ... နှလုံးသွေးစက်တွေ ...

အား ...

အမှောင်ထုကြီးက နက်ရှိုင်းလှပါလား ... ။

အဲသည် အမှောင်ထုထဲကနေ ဘယ်တော့မှ ရုန်းကန်ပြန်ထနိုင်မည် မထင်မိတော့လောက်အောင်ပင် အဂ္ဂရဲ့ စိတ်နှလုံးတွေ ... ကြေမွခဲ့ရပြီ ... ။

နောင်တ,တွေနဲ့သာ တစ်သက်တာ ရှင်သန်ရမည့်သူက တကယ်တမ်းမှာ အဂ္ဂထင်ကျော်သာ ဖြစ်နေခဲ့ပါရောလား။


ကိုယ့်ကို ခွင့်မလွှတ်ပါနဲ့ ... ငွေပိုးအိမ် ...

ခုချိန်မှာ ကိုယ့်ကို နှစ်သိမ့်နိုင်မဲ့အရာက မင်းရဲ့ ဒေါသနဲ့ နာကြည်းခြင်းတွေပါပဲ ... ။

ကံကြမ္မာက ပြန်လည်ပြင်ဆင်လို့မရလောက်အောင် ကိုယ့်ကို အပြစ်ဒဏ်ခတ်ခဲ့တယ်လို့ပဲ ကိုယ် ယုံမှတ်လိုက်ပါသည်။

www.burmeseclassic.com

အမုန်းတွေက မြစ်တစ်စင်းလို အရှိန်ပြင်းပြင်း စီးဆင်းနေခဲ့တယ် ... ။ ဒါပေမဲ့ အဲဒီ အမုန်းမြစ်ရဲ့ရေစီးက မေတ္တာတရားရဲ့ ကမ်းပါးနှစ်ဘက်ဆီ ကျော်ဖြတ် လျှံတက်ပြီး မသွားနိုင်ခဲ့ပါလား ... ။



ထာဝရ
ရှား

အမုန်းမြစ်ကမ်းပါး
13th, December, 2004
Monday
4 : 15 : PM